www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို




စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

လောကကြီးက မတရားဘူး။

ဘဝဆိုတာ အနိမ့်အမြင့်၊ အတက်အကျ၊ အဆိုးအကောင်း၊ အနိုင်အရှုံး၊ အပြုံးအမဲ့ အားလုံး ရောစပ်ထုံမွှန်းထားတဲ့ ပြိုင်ပွဲတလင်းပြင်တစ်ခု ဖြစ်ခဲ့တယ်ဆိုရင် ကျွန်မနဲ့ပတ်သက် ထိစပ်နေတဲ့ အစိတ်အပိုင်း အခန်းကဏ္ဍအားလုံးက အနိမ့်, အကျ, အဆုံး, အရှုံး, အမဲ့ ... ဆိုတာတွေဘက်ကချည်း ဘာကြောင့်ဖြစ်ခဲ့ရတာလဲ။

ကျွန်မက ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းကောင်းအောင်တော်အောင် ကြိုးစားတည်ဆောက်နေခဲ့တဲ့သူပါ။ တစ်နေရာမှာမြင်နေရတဲ့ပန်းတိုင်ကို မရောက်သေးခင် အနှောင့်အယှက် အဟန့်အတားတွေက ကျွန်မအတွက်မှ ဘာကြောင့် များပြားလွန်းတာလဲ။ ဆုံးညှောင့်ခလုတ်တွေကကော ဘာကြောင့် ဒင်းကြမ်းပြည့်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကပဲ မျှော်လင့်ချက်လောဘတွေ ကြီးနေတာလား။

လှပသာယာတဲ့ လောကကမ္ဘာကပဲ ကျွန်မနဲ့မထိုက်တန်လို့လား။





၁

အရက်မူးပြီး ပြန်လာရင် စရိုက်ကြမ်းကြမ်းနဲ့ မိသားစုကို ရိုက်မောင်းပုတ်မောင်း ဆဲဆိုရိုက်နှက် နှိပ်စက်တတ်တဲ့အဖေ။ အိမ်ကိုပိုက်ဆံပေးချင်တဲ့အခါပေး မပေးချင်တဲ့အခါ ကိုယ့်ဟာကိုယ် ကြည့်ကျက်ဖြေရှင်းကြလို့ သဘောထားတတ်တဲ့အဖေ။ သားဖို့ရယ် သမီးဖို့ရယ်လို့ ငွဲညှာတဲ့ ကြင်နာတဲ့ ဦးစားပေးတဲ့ သဒ္ဒါတရားမရှိဘဲ အိမ်မှာချက်ထားတဲ့ဟင်း နည်းနေရင်တောင် သူ့တော့ကောင်းကောင်းဝဝလင်လင် စားသောက်သွားပြီး ကျန်တဲ့လူတွေ အရိုးအရင်း အကြွင်းအကျန် အိုးလူးခွက်လူးဖြစ်သလို စားကြ၊ "ငါက ရှာကျွေးနေရတဲ့အဖေ"ဆိုတဲ့ ပလ္လင်ပေါ်ကမဆင်းချင်တဲ့အဖေ။ သူရှာတဲ့ပိုက်ဆံမို့ သူသုံးစွဲဖို့နဲ့ အရက်သောက်ဖို့ကသာ ဦးစားပေး အဓိက၊ ဒီကပိုမှ သူပေးသမျှ ကမ်းသမျှ အိမ်စရိတ်သုံးကြဆိုတဲ့ တစ်ကိုယ်ကောင်းဆန်လွန်းတဲ့ အဖေ။



www.burmeseclassic.com

www.burmeseclassic.com



အဖေ ရိုက်နှက်နှိပ်စက်တဲ့အခါ ခုခံတွန်းလှန်မှု မပြုနိုင်သော်လည်း နှုတ်ကတော့ အယုတ္တ အနတ္တ ဆဲဆိုတိုင်းထွာ အော်ဟစ်ငိုယိုဖို့ မရှက်ကြောက်တဲ့ အမေ။ အဖေပေးတဲ့ငွေနဲ့ မလုံလောက်တဲ့အတွက် ငွေပိုငွေလျှံလေး ဘယ်လောက်ပဲရရရယ်လို့ ပွဲစားယောင်ယောင် ဘယ်နေရာကများ အလုပ်ကလေးဖြစ်မလဲဆိုပြီး ရပ်ကွက်ထဲ တစ်အိမ်တက်ဆင်း စပ်စုမေးမြန်းရင်း ငွေတိုငွေစလေး ရတဲ့အခါလည်းရ၊ မရတဲ့အခါလည်း အတင်းအဖျင်းထိုင်ပြောပြီး ပြန်တတ်တဲ့ အမေ။ သားနဲ့သမီးအပေါ်တော့ စေတနာကြီးလှပြီး စားခါနီး ဟင်းလေးကျွေးလေး မကျန်တဲ့အခါမျိုးမှာ ငွေလေး တစ်ရာမျိုး နှစ်ရာမျိုး ကြက်ဥလေးတစ်လုံးစ နှစ်လုံးစ အာလူးလေးတစ်လုံးစ နှစ်လုံးစကအစ အိမ်နားနီးချင်းဇွတ္တဆီ ပတ်ချေးရင်း ဘယ်တော့မှ အကြွေးမကင်းတဲ့ အမေ။ ဘယ်လောက်ပဲ အဆင်မပြေ မပြေ ဆံပင်ကိုတော့ အချိန်တန်အမြဲကောက်လေ့ရှိပြီး နှုတ်ခမ်းနီရဲရဲဆိုး၊ ခေါက်အမျိုးမျိုးပေါင်းများစွာပါတဲ့ ထဘီကိုဝတ်ပြီး ရင်မော့မော့ တင်ကော့ကော့နဲ့ လမ်းထွက်တတ်တဲ့ အမေ။

ဒီအဖေနဲ့ အမေကို အမြဲတမ်း မကျေမချမ်း ဖြစ်နေပြီး ခေါင်းပဲနစ်ဆူ ဆက်ဆံတတ်တဲ့ တစ်ခွန်းမခံ ခံပြောတတ်တဲ့ အစ်ကို။ ရပ်ကွက်ထဲမှာ ထိခနဲပေါ့ဆိုရင် ဘာမှမသိခင်ကတည်းက ရပ်ကွက်လူကြီးက "ချမ်းအေး ... ဘယ်မလဲ" လို့ လာမေးတာခံရတဲ့၊ သူမပါလည်း မရှိလိုက်တတ်တဲ့အထိ ကျော်စေသတင်းကြီးတဲ့ အစ်ကို။ ငယ်ငယ်ကလေးနဲ့ ဆေးလိပ်လေးဖွာကာဖွာကာ ဒီထက်နည်းနည်း အရွယ်ရတော့ အချိန်မတန်မီ အဖေ့ခြေရာနင်း အရက်ကလေးတမြမြလုပ် အိမ်အပြန် ကွမ်းယာဝါးပြီး သိုင်းကွက်နင်းလာတတ်တဲ့ အစ်ကို။ သူ့မှာ သုံးစရာမရှိရင် ညီမဖြစ်သူရဲ့ စုဘူးဖောက်ခိုး၊ စုဘူးထဲ ဘာမှမရှိရင် အိမ်က အိုးခွက်အစလုံချည်အဆုံး ခိုးပေါင်သုံးတဲ့ အစ်ကို။ အဖေ့ကြောင့် အမေ့ကြောင့်နဲ့ အကြောင်းပြပြီး အိမ်ကထွက်ပြေးသွားလိုက်တာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း သတင်းတောင်မကြားရဘဲ ပျောက်ကွယ်သွားတဲ့ အစ်ကို။

ဒီအဖေ ဒီအမေရဲ့သမီး၊ ဒီအစ်ကိုရဲ့ညီမအဖြစ် ဘဝကြီးကို မကျေမနပ် မရောင့်မရဲ ကြီးပြင်းလာခဲ့သော "မိုးရေစက်" ဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိခဲ့ပါသည်။

ပျော်ရွှင်စရာဆိုတာကို အမိပ္ပာယ်နားလည် ဖွင့်ဆိုနိုင်လောက်အောင်ကို တူတူတန်တန် မခံစားဖူးခဲ့သော မိုးရေစက်သည် နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ မပြည့်စုံခြင်း စတဲ့ ခံစားချက်များကိုတော့ ဆရာဖြစ် တစ်ဖက်ကမ်းခတ် ခံစားတတ်ခဲ့ရလေသည်။

အလကားနေရင်း ဘာကိုမဲ့၍ ရိုက်မှန်းမသိတဲ့ အဖေ့ရဲ့ ရိုက်နှက်ခြင်းတို့ကို ခံစားနာကျင်ခဲ့ရလွန်း၍ထင်သည်။ အဖေသေတော့ မိုးရေစက် မငိုမိပေ။ အဖွားကားကို အုံနာထံကယူမောင်းတဲ့ တက္ကစီဒရိုင်ဘာအဖေသည် မှန်းလွဲနေပုံပုပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ကားမောင်းရင်း ဦးနှောက်သွေးကြောပြတ်၍ ကွယ်လွန်ရခြင်း ဖြစ်လေသည်။

ကားပေါ်မှာ ပါဆင်ဂျာမပါ၊ အဖေတစ်ဦးတည်းသာပါချိန် ကားက ပလက်ဖောင်းပေါ် ထိုးတက်သွားကာ လမ်းသွားလမ်းလာတို့ကိုတော့ အထိအခိုက်မရှိလိုက်ဘဲ ဓာတ်တိုင်နှင့်ထိုးတိုက် စက်သေကာ အဖေက စတီယာရင်နောက် ထိုင်ရက်နှင့်ပဲ သေဆုံးခဲ့လေသည်။

"မသူဇာ ... ခင်ဗျားယောက်ျား ကားမောင်းရင်း ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးပြီဗျို့၊ ဆေးရုံကြီး ရေခဲတိုက်ရောက်နေပြီဗျ"

တစ်ယောက်သောသူက အပြေးအလွှား သတင်းလာပေးတဲ့အခါ မိုးရေစက်သည် အံ့အားတသင့်တော့ ဖြစ်သွားပြီး ဝမ်းပန်းတနည်း စိတ်ထိခိုက်သွားခြင်းတော့ မရှိလှ။

"အမေရေ ... အဖေ ဆုံးပြီတဲ့"

အိမ်ဝကနေ အိမ်ထဲဘက်လှည့်၍ အမေ့ကို လှမ်းအော်ပြောလိုက်ချိန်မှာ မိုးရေစက်ရဲ့အသက်ဟာ ဆယ်နှစ်ကျော်ငါးတန်းတက်တဲ့နှစ်။ ဒီအရွယ်ကလေးမှာ သူ့အသည်း ဘာကြောင့် ဒီလောက်မာနေသလဲ မစဉ်းစားတတ်ပါ။ အမေကတော့ သူမအပေါ် တတောတော နှိပ်စက်ကလူပြုလွန်းတဲ့အဖေ ဆုံးသွားပြီဆိုတဲ့သတင်းကြားလိုက်တဲ့အခါ လှမ်းနေဆဲ ခြေလှမ်းပင် ယိုင်နဲ့ခွေကျပြီး အရုပ်ကြိုးပြတ် ဖြစ်သွားတာပင်။





"ဘုရား ... ဘုရား၊ ဟုတ်ရဲ့လား ... ဟုတ်မှဟုတ်ရဲ့လား၊ သေချာရဲ့လားရှင်"

"ချက်ချင်း မျက်ဝန်းအိမ်မှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာခဲ့တဲ့ အမေ့ကို မိုးရေစက်က ငိုင်ငေးကြည့်နေမိပေမယ့် အားပေးစကား နှစ်သိမ့်စကား ဝမ်းနည်းစကား ဘယ်စကားမျိုးကိုမှ မပြောဖြစ်ခဲ့ပါ။ အဲဒီအရွယ်ကတည်းက မိုးရေစက် ခေါင်းထဲအရေးတကြီးဝင်လာတဲ့ အတွေးကတော့ အဖေမရှိတော့ပြီဖြစ်၍ အဖေ့ထံကရတဲ့ အိမ်စရိတ် (ဘယ်လောက်ပဲ နည်းနည်းများများ) ဟာ နောင်ကို သူတို့လက်ထဲ ရောက်မလာနိုင်တော့သည်ဖြစ်၍ သူတို့သားအမိ ဘယ်လိုများ ရပ်တည်မလဲဆိုတဲ့ အတွေးပင်။

အစ်ကို အဲဒီအချိန်မှာ အိမ်မှာမရှိတော့ပါ။ မိုးရေစက်ထက် အသက်ခြောက်နှစ်ကြီးတဲ့ အစ်ကိုဟာ အဖေမဆုံးခင်တစ်နှစ် သူ့အသက် ဆယ့်ငါးနှစ်အရွယ်ကတည်းက အိမ်ကိုစွန့်ခွာထွက်ပြေးသွားခဲ့တာ။ မိုးရေစက်တို့ အခြေအနေ အဆင့်အတန်းနှင့် နာရေးကြော်ငြာလည်း သတင်းစာမှာ မထည့်ဖြစ်ခဲ့သည်ဖြစ်၍ အဖေ ဆုံးသွားတာကိုလည်း အစ်ကို သိမှာမဟုတ်ပေ။

အဖေ့အသုဘရက်လည်ပြီးတဲ့အခါ မိုးရေစက်သည် သူ့ကို အမေ ကျောင်းမှဆက်ထားနိုင်ပါတော့မည်လားလို့ ရင်တဖိုဖိုနှင့် ပူပန်စိုးရိမ်မိခဲ့သည်။ သူ အင်မတန်မှ ကျောင်းတက်ချင်ပေမယ့် အမေကများ "အမေမတတ်နိုင်ဘူး သမီးရယ်" လို့ ပြောလာခဲ့ရင်တော့ အမေ့ကို ဆန့်ကျင်မှုမပြုဘဲ အသာတကြည် ကျောင်းနားလိုက်ဖို့လည်း အားမွေးထားပြီး ဖြစ်လေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အမေ ... မိုးရေ နက်ဖြန် ကျောင်းသွားရမှာလား"

"အင်းလေ ... ရက်လည်ပြီးပြီဆိုတော့ သမီး ကျောင်းပြန်တက်ရတော့မှာပေါ့"

"မဟုတ်ဘူး အမေ၊ အမေ မိုးရေကို ကျောင်းဆက်ထားနိုင်ရဲ့လားလို့၊ ကျောင်းကို ဆက်တက်ရမှာလားလို့ မေးတာပါ"

"ဘာဖြစ်လို့ ကျောင်းဆက်မတက်ရမှာလဲ၊ တက်ရမှာပေါ့"

"ကျောင်းမထွက်ရဘူးပေါ့နော်"

"ကြံကြံဖန်ဖန် မထွက်ရပါဘူး"

"အမေ ... မိုးရေကို ကျောင်းထားဖို့ ပိုက်ဆံရှိရဲ့လားဟင်"

"အဲဒါ သမီးအလုပ် မဟုတ်ဘူး၊ ကျောင်းမှန်မှန်တက်၊ ကိုယ့်စာကိုယ်ကျက်ဖို့ပဲ သမီးအလုပ်၊ ကျန်တာတွေ အမေ့အလုပ်"

အမေဟာ သူ့စကားအတိုင်း သူ့အလုပ် သူ့တာဝန် သူကျေပွန်အောင် လုပ်ကိုင်သည်။ အမေ ဘာအလုပ် လုပ်နေတယ်ကို တစ်ခါတစ်ရံ မိုးရေစက်ကိုယ်တိုင်ပင် သဲသဲကွဲကွဲမသိ။ အစုံလုပ်သည်လို့ပဲ ရမ်းသမ်းမှတ်ထားလိုက်ရသည်။ ပွဲစားလုပ်တဲ့အခါလုပ်။ ဒီလူထံကငွေယူ ဟိုဘက်လူကို ပြန်ချေး၊ ငွေတိုးကိုကြားထဲက အမေက တစ်ကျပ်စားလုပ်တဲ့အခါလုပ်။ ဈေးထဲမှာ ဗလာစာအုပ်တစ်အုပ် ဘောလ်ပင်တစ်ချောင်းနှင့် လမ်းဘေးဈေးသည်လေးတွေထံ နေ့ပြန်တိုးလိုက်ပေး၊ ညနေကျ နေ့ပြန်တိုးတွေ လိုက်သိမ်းတာမျိုးလည်း အမေလုပ်သည်။





ပင်စင်စာအုပ် အပေါင်ခံတာမျိုး၊ တိုလီမိုလီပစ္စည်းငှားရမ်းတဲ့အလုပ်မျိုးလည်း အမေလုပ်တာပင်။ ဘာအလုပ်လုပ်လုပ် အမေ့မျက်နှာပေါ်က ပေါင်ဒါ နှုတ်ခမ်းနီတို့ကတော့ ဘယ်တော့မှ မပျက်ပြယ်။ အမေက လှတော့လှသည်။ ဒါပေမဲ့ ဘယ်လိုပြောရမည်မသိ။ အမေ့ကိုမြင်လိုက်လျှင် "အင်း ... လှတော့လှတယ်"ဆိုပြီး နောက်ဆက်တွဲ ဘာဖြည့်စွက်ရမည်မသိဘဲ တောင်မကျ ဖြစ်သွားရမည့်ပုံစံမျိုး။

ဒါပေမဲ့ မိုးရေစက် မျက်စိထဲ အင်မတန်ကြည့်ကောင်းပြီး လေးစားနှစ်သက်ကာ တိတ်တိတ်ကျိတ် အတုခိုးမိတဲ့ သူမရဲ့ အတန်းပိုင်ဆရာမလို ပုံစံမျိုးနှင့်တော့ အမေက မတူပေ။ ဆရာမရဲ့မျက်နှာဟာ ဘယ်အချိန်ကြည့်ကြည့် လမင်းကြီးလို ဝင်းပထွန်းလင်း အေးချမ်းကာ ကျက်သရေရှိနေသည်။ ပြုံးပုံ ရယ်ပုံ ကြည့်ရှုပုံ စကားပြောတဲ့ လေသံတို့က ငြိမ်သက်တည်ကြည်လှသည်။ အဲသလို ကျက်သရေရှိပုံမျိုးတော့ အမေ့မှာမရှိတာ အမှန်ပင်။

သို့ပေမယ့် အမေဟာ မိုးရေစက် အတွက်တော့ ဖန်ဆင်းရှင် တန်ခိုးရှင်တစ်ပါးပင်။ ကြီးမားသော အလိုဆန္ဒမဟုတ်ပေမယ့် ကလေးတစ်ယောက်ရဲ့ တောင့်တချက်ဖြစ်သည့် "ဟိုမုန့်လေးစားချင်လိုက်တာ" "ကွန်ပါဘူးအသစ်လေး လိုချင်လိုက်တာ" စသဖြင့်သော ဆန္ဒငယ်ငယ်လေးများကို အမြဲပင် မရမကဖြည့်ဆည်းပေးတတ်တဲ့ အမေပါ။

မိုးရေစက်အတွက် အမေ ချိုးခြံချွေတာသမျှတွေကို



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ငယ်ပေမယ့် မိုးရေစက် နားလည်ပါသည်။ တစ်ခုပဲရှိလျှင် ဘယ်တော့မှ အမေ မစားတာ မျက်မြင်ပဲ မဟုတ်လား။ အမေ့ကို မြင့်မြတ်လှတဲ့ မိန်းမသားတစ်ယောက်အဖြစ်တော့ အလွန် အကျူး မဖွဲ့ဆိုလို။

အမေဟာ ပုထုဇဉ်မိန်းမတွေထဲက မိန်းမတစ်ယောက်သာ။ အမေ့မှာ ကောင်းတဲ့အမူအကျင့်တွေရှိသလို မကောင်းတဲ့ အမူအကျင့်တွေလည်းရှိသည်။ မိန်းမသဘာဝ အတင်းအဖျင်းပြောတတ်တာ၊ ရန်စွာတတ်တာ၊ အခန့်မသင့်တဲ့အခါ မနာလိုတတ်တာ၊ အကြောင်းပြချက်ကောင်းရင် စိတ်လေးပုပ်တတ်တာ၊ ဈေးထဲမှာ နေ့ပြန်တိုးကောက်ရင်း ဈေးလူကြီးနဲ့လည်း ရံဖန်ရံခါ ရိုက်ပုတ်တွန်းထိုး ဆက်ဆံတတ်တာ၊ လိုအပ်ရင် ယောကျ်ားသားတွေနဲ့ အရောတဝင် တရင်းတနှီး နေတတ်ပြီး မလိုအပ်တော့ဘူးဆိုရင် ပြောင်းပြန်လှန်လိုက်သလို ခပ်တင်းတင်း ခပ်ထန်ထန် ဗလောင်းဗလဲ ဆန်တတ်တာ။

တကယ်တော့ အမေဟာ ပုထုဇဉ်မိန်းမသားတစ်ယောက်သာ။

"မိုးရေစက် ... နင့်အမေနော် လူတစ်ယောက်နဲ့ တွဲနေတယ်၊ နင် စစ်ဦး၊ ကြားလား ကောင်မလေး"

ဟိုဘက်အိမ်က ဒေါ်လေးမြကပြောတော့ မိုးရေစက်က ဒေါ်လေးမြကို မျက်စောင်းပက်ခနဲ ချက်ချင်းထိုးလိုက်ကာ ...

"တွဲတော့ ဘာဖြစ်လဲ မစစ်ပါဘူး"





"အမယ်လေးတော်, စွာလိုက်တာ မအေတူသမီး"

"အင်းလေ ... ဒေါ်လေးမြကလည်း၊ အမေက မုဆိုးမ၊ မုဆိုးမဆိုတာ လူလွတ်ပဲ၊ ယောကျ်ားမှ မရှိတာ။ ကိုယ့်မှာယောကျ်ားမရှိလို့ တခြားယောကျ်ားတစ်ယောက်နဲ့တွဲတာဟာ အပြစ်မှမရှိတာ၊ တချို့ဆို ယောကျ်ားရှိရက်နဲ့ မိန်းမရှိရက်နဲ့ ကွယ်ရာမှာ နောက်တစ်ယောက် ထပ်တွဲနေတာကမှ အပြစ်ရှိတာ"

ဒေါ်လေးမြယောကျ်ား လက်ထောက်မန်နေဂျာကြီးဟာ အပြင်မှာ ကျိတ်ပုန်းခုတ် ခြေရှုပ် စမောဆွဲနေတာ ရပ်ကွက်ထဲ သူသူကိုယ်ကိုယ် လူသိများနေတာမို့ ဒေါ်လေးမြ မျက်နှာကြီး ညိုးသည်းကာ ...

"ငါးစင်ရိုင်းမလေး၊ ငါက ညည်းကို ပထွေးရနေမှာစိုးလို့ စေတနာနဲ့ ပြောနေရတာအေ့ ... သိရဲ့လား"

"ပထွေးရလာလည်း အဖေ့ထက်တော့ ဆိုးတော့မယ်မထင်ပါဘူး"

"မှားပါတယ် မယ်မင်းကြီးမရယ်၊ တကယ် ပထွေးရလာမှ ညည်း ဒူးနဲ့မျက်ရည် သုတ်နေရမယ်"

"အမေက မိုးရေအတွက် ပထွေးဆိုတာ ရှိလာရင်တောင် ဒူးနဲ့မျက်ရည်သုတ်ရမယ့် ပထွေးမျိုးတော့ ဘယ်တော့မှ ရှာလာမှာ မဟုတ်ပါဘူး ဒေါ်လေးမြရယ်၊ မိုးရေကိုတိုက်နဲ့ ကားနဲ့ ထားနိုင်မယ့် ပထွေးမျိုးသာ ရှာချင်ရှာလာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော် ... ညည်းအမေ မိသူဓာကို တိုက်နဲ့ ကားနဲ့ သူဌေးက လက်ထပ်ယူရဦးမယ်ပေါ့၊ စိတ်ကူးများ နှယ် ယဉ်ပါ့အေ၊ စိတ်ကူးယဉ်တာလည်း ပိုက်ဆံမပေးရ ဘူး ဆိုပေမယ့် ကြည့်ကျက်ယဉ်ရတယ်အေ့၊ တန်ရာတန်ရာ ယဉ်ပေါ့၊ ဘယ့်နှယ်တော်၊ သွေးလေချောက်ချားလို့ မတန် မရာ ယဉ်မိလည်း ထုတ်မပြောနဲ့ပေါ့၊ ရှက်စရာကြီး"

"မရှက်ပါဘူး၊ မိုးရေကို တိုက်နဲ့ကားနဲ့ ထားနိုင်မယ့် ပထွေးမျိုး အမေမရနိုင်ရင်၊ အမေ့ကို တိုက်နဲ့ကားနဲ့ထား နိုင်မယ့် သမက်မျိုး မိုးရေက ရအောင်လုပ်မှာပေါ့"

"ဘုရား ... ဘုရား ... ဘုရား၊ ညည်းဟာလေ ဘုရားစူး ခုနစ်တန်းကျောင်းသူပါလားတော်။ ညည်းပါးစပ်ပဲ ရဲရဲ တင်းတင်း ပြောထွက်ပလေ၊ ကွမ်းစားပြီးများ ပြောသလား မှတ်ရတယ် ရဲပါ့၊ တော်ပါတော့ မယ်မင်းကြီးမ၊ ဘာမှ မပြောလိုတော့ဘူး ... ကွ"

အပြင်မှာ ဆတ်ဆတ်ထိမခံ အမေ့ဘက်က ရပ်တည် ကာကွယ်ပြောခဲ့ပေမယ့် အိမ်ကျတော့ ညနေ အမေပြန်ရောက်တဲ့ အခါ မိုးရေစက်က ဆိုင်းမဆင့် ဗုံမဆင့် တန်းမေးလိုက်မိပါသည်။

"အမေ ... လူတစ်ယောက်နဲ့ တွဲနေတယ်ဆို"

မေးသာ မေးလိုက်ပေမယ့် မိုးရေစက်သည် ထုံးစံ အတိုင်း အမေက ဟုတ်တယ်လို့ ဝန်ခံလိုက်ရင်တောင် ဆန့်ကျင် ကန့်ကွက်စကား မပြောဘူးလို့ အလိုလို ဆုံးဖြတ်ပြီးသားပင်။





...မျက်နှာ ကွက်ခနဲပျက်ကာ မလုံမလဲ ဖြစ်သွားလိမ့်မည်လို့ ...ခဲ့သမယ့် အမေက မျက်နှာမပျက်။ အပြုံးများနှင့် ကျေကျေ ...ပ်တောင် ဝင်းပသွားခဲ့ပြီး ...

"အင်း ... ဟုတ်တယ် သမီး၊ မသေချာသေးလို့ သမီးကို ဘာမှပြောမပြသေးတာပါ၊ တကယ်လို့များ သူကအမေ့ကို လက်ထပ်ယူဖို့ သေချာပြီဆိုရင်တော့ ငါ့သမီးလေးဘဝ ကောင်းစားပြီ သိလား"

ဒါမှ ငါ့အမေ။

အမေ့လက်ထပ်ခြင်းအတွက် ရှေ့ဦးဆုံး မျှော်လင့် ချက်မှာ ငါ့သမီးလေး ကောင်းစားဖို့ဆိုတာ စေတနာမျိုးဖြစ်နေခဲ့ ဘာပဲ။ ဒါကို မိုးရေစက်ကိုယ်တိုင်လည်း အကြောင်းပြချက်မရှိ ...င်းချက်မရှိ ကြိုတင်သိရှိ ယုံကြည်နေခဲ့တာပင်။

"သူက သူဌေးလား"

"အင်းပေါ့၊ အမေတို့ ဒီအခြေအနေမျိုးနဲ့ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပြီး နောက်ထပ်ယောကျ်ားတစ်ယောက် အဖတ်တင် ခံစရာလား သမီး၊ သမီးအဖေတစ်ယောက်နဲ့တင် လူးလိမ့် နေအောင် စိတ်ဆင်းရဲခံခဲ့ရပြီးပြီ၊ ဒီတစ်ကြိမ်များ အိမ်ထောင် ထပ်ပြုဖြစ်ရင် အချစ်အတွက်တို့ ခံစားချက်အတွက်တို့ လုံးဝမဖြစ်နိုင်တော့ဘူး၊ ကိုယ့်ဘဝ ကိုယ့်သမီးလေးဘဝ တိုးတက်မြင့်မား ကောင်းစားဖို့ သေချာရင် အမေ အိမ် ထောင်ထပ်ပြုမယ်၊ မသေချာဘူးဆိုရင် မပြုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခြံနဲ့ တိုက်နဲ့ ကားနဲ့ လူမျိုးပေါ့နော်"

"ခြံနဲ့ တိုက်နဲ့ ကားနဲ့ မဟုတ်ဘူး သမီး၊ ခြံတွေတိုက်တွေ ကားတွေနဲ့"

"ဟင် ... အဲဒီလိုလူမျိုးနဲ့ အမေ ဘယ်နားမှာ သွားတွေ့တာလဲဟင်"

"ဟင်း ဟင်း ... သူ့ကားနဲ့ အမေ့ကို ဝင်တိုက်မိတာသမီးရဲ့"

"ဟင် ... ဟိုတလောက အမေ့ခြေထောက်ကြီးရောင်ပြီး ပြန်လာတုန်းကပေါ့နော်"

"ဟုတ်တယ် သမီး"

"အမေ ... အဲဒီလူကြီးက လူပျိုလား"

"အဲဒီလူကြီးက လူပျိုတော့မဟုတ်ဘူး လူလွတ်ပါ သမီး၊ သူလည်း အမေ့လိုပဲ၊ မုဆိုးဖိုပဲ သမီး"

"ဪ ... သူ... သူက အမေ့ကို ကြိုက်တယ်ပေါ့ နော်"

"အမေ့ကို သနားတယ်ပေါ့ သမီးရယ်"

တကယ့်ဓာတ်စုံမှာ ကားနဲ့တိုးမိပြီး ခြေခုံ ဒူးခေါင်းတို့ ရောင်ရမ်းသွားတဲ့ အမေ့ကို အဲဒီလူကြီးက ဓာတ်မှန်သွားရိုက်ခိုင်းပြီး ဘာဆက်လုပ်ရမယ်၊ ငွေဘယ်လောက်ကုန်ကျမယ်ဆိုတာကို ဓာတ်မှန်အဖြေနှင့်အတူ အိမ်ကိုလာတောင်းဖို့ ခေါ်ယူထားခဲ့တာ။ အမေက ဓာတ်မှန်စာရွက်ကိုင်ကာ ခြေထောက်ထော့နင်းနှင့် အဲဒီအိမ်ကို ရောက်အသွား၊ အဲဒီသူဌေးရဲ့အစ်မဖြစ်သူက အမေ့ကို ရှုံ့ရှုံ့ယှက်ယှက် ငွေလာညှစ်တယ်ဆိုပြီး နှိမ်နှိမ်ချချ ပုတ်ပုတ်ခတ်ခတ် ပြောဆိုနှင်ထုတ်ခဲ့ပါသည်။





အမေ အဲသလို ပိုးစိုးပက်စက် ဖိနှိပ်ပြောဆိုခံလိုက်ရတာကို အဲဒီသူဌေးမင်းက အားနာကရုဏာသက်သွားရာက တောပင်။ အစက ပုံမှန်။ သူ့အစ်မ ပြောစကားကို ခွန်းမတုံ့ဘဲ ခေါင်းငုံ့ပြီး မျက်ရည်ကျကာ အရှုံးပေး လှည့်ပြန်သွားခဲ့တဲ့ အမေ့ကို သနားကြင်နာသွားရာက စ,ခဲ့တာ။

အမှန်ကတော့ မိုးနဲ့မြေ၊ ကန်ရေနှင့်လမင်း။ နီးစပ်ဖို့အကြောင်းမရှိလှတဲ့ အနေအထားနှစ်ရပ်မှာ ကျင်လည်နေကြတဲ့ လူနှစ်ယောက်။

မူးစာအကြောင်းကံပါတော့လည်း ကောင်းကင်က မိုးရေစက်တစ်ပေါက်ဟာ မြေပြင်က မြက်ပင်ငယ်ထိပ်ဖျားတည့်တည့်ပေါ် တည့်တည့်မက်မတ်ကြီး ကျရသေးတာပဲ မဟုတ်လား။ တမင်တကာ ဖန်တီးစီစဉ်လျှင်ပင် ဖြစ်နိုင်ဖွယ်မရှိဘူး ထင်ရတဲ့ အချို့သောကိစ္စရပ်တွေဟာ မတော်တဆ အမှတ်မထင် ဖြစ်ထွန်းသွားရတတ်တာပင်။

အမေဟာ ခြေသုတ်ပုဆိုး မြေစွယ်ကျိုးနေရမည်ဆိုရင်လည်း ခြေနင်းဖတ်က "ဆရာမ"ခေါ်ရအောင် ပြားပြားဝပ်ကိုကျိုးနွံတတ်တာ။ ဤသူဌေးမင်းကို မြူဆွယ်နိုင်လောက်စရာ အမေ့မှာ အလှအပလည်း ဒီလောက်ကြီးမရှိ၊ ပညာလည်းမရှိ။ ကျွန်နှင့်တူသော ရိုကျိုးအောက်သက်ကြေမှုသာရှိမှာ။



www.burmeseclassic.com

www.burmeseclassic.com



အမေ ကံကောင်းတာက ဤသူဌေးမင်းဟာ ကျောရှိုးကြံ့တတ်တဲ့ ယောကျ်ားမျိုးမဟုတ်၍ အမေ့ကို အတည်လက်ထပ် ယူခဲ့ခြင်းပင်။ နောင်မှ ပြန်စဉ်းစားကြည့်တော့ မုဆိုးဖိုဆိုပေမယ့် သူ့အနေအထားမှာ ဂုဏ်နဲ့ဒြပ်နဲ့ ပညာတတ်အပျိုကိုပင် လိုချင် လျှင်ရနိုင်တဲ့ အနေအထားမျိုးပါ။ ဒီကြားထဲက ဘာကြောင့် အမေ့လို အဆင့်နိမ့်နိမ့်ထဲက မုဆိုးမတစ်ယောက်ကို လက်ထပ်ယူပါသနည်း။

တကယ်တော့ အဖြေမှာ တစ်ခုတည်း။ သူ့သမီးကြောင့်ပေါ့။ သူ့သမီးကြောင့်ကလွဲလျှင် တခြားမရှိ။ သူ့အနေနှင့် အိမ်ထောင်သစ်လည်းပြုရန် ရည်ရွယ်ချက်ရှိကာ သူထူထောင်လိုက်တဲ့ နောက်အိမ်ထောင်သစ်ဟာ သူ့ရဲ့တစ်ဦးတည်းသောသမီးလေးကို ယှဉ်မယ့် ပြိုင်မယ့် တိုက်ခိုက်မယ့် စိတ်အနှောင့်အယှက်ပေးမယ့်သူမျိုး မဖြစ်စေရ။ သူ့သမီးအပေါ် သူ့အပေါ်ကဲ့သို့ အလိုက်သိ ရိုကျိုးမယ့်သူ အောက်ခြေသိမ်း ပြုစုဖြည့်ဆည်းမည့်သူ၊ ကျွန်နှင့်တူသော မိထွေးမျိုးကိုသာ သူ လိုလားခဲ့တာကြောင့်ဆိုတာ အသက်အရွယ်ရလာလေ မိုးရေစက် နားလည်လာလေ။

အဲဒီတုန်းကတော့ သူ့အသက် ဆယ့်သုံး ဆယ့်လေးနှစ်တန်းနှစ်မှာ အမေနှင့် ဦးရဲလွင် အကျဉ်းရုံး လက်မှတ်ထိုး လက်ထပ်ကြတော့မည့်အခါ အမေက သူ့ကို စကားတစ်ခွန်းသာ ပြောခဲ့ပါသည်။

"သမီး … သူ့မှာ သမီးနဲ့ရွယ်တူ သမီးတစ်ယောက်ရှိတယ်"





"မိုး … မိုးရေ … သူ့ကို အောက်ကျို့ပြီး အလျှော့ပေးပေါင်းရမှာပေါ့နော် အမေ"

"မဟုတ်ဘူး၊ သမီးဟာ သူ့သမီးနဲ့တန်းတူ အခွင့်အရေးပဲ၊ သမီး သူ့ကို အောက်ကျို့ဝပ်တွားဖို့ မလိုဘူး၊ အမေပဲ အားလုံး အောက်ခြေသိမ်း ကြည့်လုပ်သွားမယ်၊ အမေက အောက်သက်ကြေတတ်ပါတယ် သမီးရယ်၊ အောက်ကျို့စရာရှိ အမေပဲ ကျို့မှာပေါ့၊ ငါ့သမီး ကျို့စရာမလိုဘူး၊ မှတ်ထားနော်"

✧ ✺ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၂

သူမနာမည်က "ဝိုင်းတုန်သည်း"။

ဒီနာမည်ကလေးကို မာမီနှင့် အန်တီချိုတို့ပေးခဲ့တာလို့ ဝိုင်း သိထားပါသည်။ မာမီနှင့် အန်တီချိုဟာ ဟိုးငယ်ငယ်ကလေးတည်းက ညီအစ်မရင်းချာလို ချစ်သော ငယ်သူငယ်ချင်းတွေပင်။ အန်တီချိုက ရှေးဦးမွှာ အိမ်ထောင်ကျတော့ အန်တီချို မွေးတဲ့သား ကိုကို "သောင်းသက္က"က ဝိုင်းထက် ငါးနှစ်ကြီးနေရတာပါ။

ကိုကိုနှင့် ဝိုင်းဟာ ငယ်ငယ်ကတည်းက မောင်နှမရင်းချာတွေလို ကြီးပြင်းခဲ့ကြသည်။ ဝိုင်းရဲ့နှုတ်က "ကိုကို" "ကိုကို"ဆိုတဲ့အသံ နှုတ်ဖျားက မချခဲ့သလို ကိုကိုကလည်း ဝိုင်းကို ချစ်စနိုးနှင့် "မိဝိုင်း" "ငဝိုင်း"လို့ခေါ်ကာ အလိုလိုက် ဂရုစိုက်ခဲ့တာပါ။ ဒက်ဒီနှင့် မာမီကလည်း ကိုကို့ကို သိပ်ချစ်ကြသလို အန်ကယ်သောင်းထွဋ်နှင့် အန်တီချိုကလည်း ဝိုင်းကို သမီးရင်းလေးကဲ့သို့ ချစ်ပါသည်။





နှစ်အိမ်တစ်အိမ် ကူးလူးဆက်ဆံပုံက ဆွေမျိုးရင်းချာတွေလိုနယ်။ ဘယ်သူနှင့်မှ မျက်နှာကြောသိပ်မတည့်လှတဲ့ ကြီးကြီးပင်လျှင် ကိုကို့ကိုတော့ "သက္က" "သက္က"နှင့် ချစ်ချစ်ခင်ခင်ရှိခဲ့တာပါ။

အစစအရာရာ ပြည့်စုံအောင်မြင်ကာ ပျော်ရွှင်ဖွယ်ကောင်းတဲ့ ဝိုင်းတို့မိသားစုကလေးအပေါ် ကံတရားက ပူဆွေးကြေကွဲဖွယ်ရာ ရက်စက်ခဲ့တာကတော့ ဝိုင်း ကိုးနှစ်သမီးအရွယ်မှာ မာမီနှလုံးရောဂါနှင့် ကွယ်လွန်ခဲ့ခြင်းပင်။ မာမီက မွေးရာပါနှလုံးသွေးကြောကျဉ်းနေတာလို့ ဆိုသည်။ ပြင်းပြင်းထန်ထန်ရှုလူးလဲလဲ ရောဂါခံစားမနေလိုက်ရဘဲ လူကောင်းပကတိကဲ့သို့သွားနေလာနေရင်းကပင် ရုတ်တရက် Heart attack ရကာ ဖျတ်ခနဲ ကောက်ကာငင်ကာ ဆုံးပါးသွားခဲ့တာဖြစ်သည်။

အဲဒီကတည်းက ကိုကိုသောင်းသက္ကဟာ ဝိုင်းအပေါ်အရင်ကထက်ပင် ချစ်ခင်အရေးပေး ဂရုစိုက် အလိုလိုက်ခဲ့တာ။ ဝိုင်းကလည်း ကိုကို့ကို အလွန်ချစ်ပါသည်။ ကိုကိုက သည်းခံစိတ်ရှည် စိတ်ကောင်းရှိလှကာ လူတစ်ဖက်သားကိုလည်း သနားကြင်နာတတ်သည်။

"ကိုကို ... ကိုကို"

ဝိုင်းတို့အိမ်နှင့် ကိုကိုတို့အိမ်ဟာ ခြံချင်းကျောချင်းကပ် ဖင်ချင်းပေါက်။ လှမ်းအော်ခေါ်လိုက်လျှင် ကြားနေရပေမယ့်တကယ်တမ်း လာမယ်ဆိုရင်တော့ ကိုယ်လမ်းသွယ်ထဲဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ရောက်အောင် နှစ်ခြံ သုံးခြံ ဖြတ်ထွက်ကာ ဟိုဘက်လမ်းသွယ်ထဲ နှစ်ခြံ သုံးခြံစာ ပြန်ဝင်ခဲ့။ နည်းနည်းခရီးဖင့်သည်။

"ကိုကိုရေ"

"ဗျိုး"

တစ်ဖက်ခြံထဲမှာ သောင်းသက္ကရဲ့အရိပ်က ပေါ်လာသည်။

"ကိုကို ခဏလာခဲ့ပါ"

"ဘာလဲ ... ညီမလေးရဲ့"

"ပြောစရာရှိလို့ ခဏလာပါလို့"

သောင်းသက္ကက ခြံနောက်ဖက်စည်းရိုးဆီ လျှောက်လာကာ ...

"ကဲ ... ဘာလဲ ... ပြော"

ဝိုင်းက တိုက်ရဲ့ဘေးဘက်မှာ အပေါ်ထပ်ကနေ ခြံထဲကို တိုက်ရိုက်ဆင်းတဲ့ လှေကားလေးထိပ် ရပ်နေတာမို့ သောင်းသက္ကက လှမ်းမော့ကြည့်ကာဆိုသည်။

"အာ ... ကိုကိုကလည်း၊ ခြံထဲကို လာခိုင်းတာ"

"ဘာလုပ်ဖို့လဲ မိဝိုင်းရဲ့၊ ကိုကို စာလုပ်နေတယ်။ စာမေးပွဲရှိတယ်"

"ပြောစရာရှိလို့ပါဆို၊ ပြီးမှ စာလုပ်ပါ"

"အခု ဒီကလှမ်းပြောလိုက်ပေါ့"

"အာ ... မရပါဘူး"





ဝိုင်းက ခြေနှစ်ဖက်ကို တစ်ချက်ချင်းဆောင့်သည်။

"လာပါဆို ... ကိုကိုကလည်း"

"ဝိုင်းကလည်းကွာ၊ အခုပြောလိုက်လည်း ရနေတဲ့ဟာ"

"အော်မပြောချင်လို့ပေါ့ ကိုကိုရဲ့၊ တိုးတိုးတိတ်တိတ်ပြောရမယ့်စကားမျိုးမို့လို့ပေါ့"

"အောင်မာ ... ဟား ဟား ဟား ... တိုးတိုးတိတ်တိတ်ပြောရမယ့်စကားတဲ့"

"ဟုတ်ပါတယ်ဆို"

သောင်းသက္ကက ရယ်မောနေရာက ...

"အေးပါကွာ၊ ကောင်းပါပြီ၊ ရှေ့ကပတ်ပြီး ခြံထဲလာခဲ့ပါ့မယ်၊ ဒါပေမဲ့ ခဏပဲရမယ် ကျောင်းအစ်မ၊ ဆက်ပြီးချောမဆွဲနဲ့၊ ကျုပ် စာမေးပွဲရှိတယ်၊ စာကျက်ရဦးမှာ"

ခဏနေလျှင်တော့ သောင်းသက္ကဟာ ဝိုင်းတို့ခြံထဲကို ရှေ့ဘက်မှ ပတ်လျှောက်ဝင်လာပါသည်။ ဝိုင်းက သောင်းသက္ကကို ခြံထဲက ဘဲဥပုံရေကန်ကလေးနံဘေး ခုံတန်းမှာထိုင်စောင့်နေသည်။ သောင်းသက္ကက ရောက်ရောက်ချင်းပင် ဆံပင်ရှည်လေးနှစ်ဖက်ခွဲချည်ထားတဲ့ ဝိုင်းရဲ့ဆံပင်စည်းတစ်ဖက်ကို ဆွဲလိုက်ရင်း ...

"ပြော ... ငဝိုင်းမ"

"........."

"ဘာဖြစ်နေတာလဲ ရုပ်ကြီးက"



www.burmeseclassic.com

www.burmeseclassic.com



သောင်းသက္ကက ခုံတန်းလေးမှာ ဝင်ထိုင်လိုက်ပါသည်။

"ကိုကို"

"အင်း"

"ကိုကိုက အချိန်မရှိဘူးဆိုတော့ လိုရင်းပဲ ပြောတော့မယ်"

"ပြော"

"ဒက်ဒီလေ ... ဒက်ဒီ ..."

"ဘာဖြစ်လို့လဲ ဝိုင်းရဲ့၊ အန်ကယ်က ဘာတဲ့လဲ"

"ဒက်ဒီက မိန်းမယူတော့မယ်တဲ့"

သောင်းသက္ကက အံ့အားသင့်သွားသလိုရှိသော်လည်း သူက "ဟင်" "ဟာ"နှင့် တုန်လှုပ်ပုံပြမိလျှင် ဝိုင်း ပိုပြီးစိတ်လှုပ်ရှားစရာဖြစ်မှာစိုး၍ ...

"ဟုတ်လား"

"ဟင် ... ကိုကိုလည်း အေးစက်စက်နဲ့"

"ခြော် ... ဝိုင်းကလည်း၊ အန်ကယ်က ငယ်ငယ်ပဲရှိသေးတာလေ၊ ခုမှ အသက်က လေးဆယ်ပဲ ရှိသေးတဲ့ဟာ၊ ဝိုင်းရဲ့မာမီကလည်း ဆုံးသွားတာ လေးငါးနှစ်လောက်ရှိပြီဆိုတော့ ..."

"လေးနှစ်ပဲ ရှိသေးတာပါ ကိုကိုရယ်"

"အင်းလေ ... လေးနှစ်ဆိုတော့လည်း လေးနှစ်ပေါ့၊ ဒီကြားထဲ အန်ကယ်က မိန်းမတွေ ဘာတွေ စိတ်မဝင်စား





ဘဲ နေခဲ့တာပဲဟာ၊ တချို့ယောကျ်ားတွေဆိုရင် သူတို့လည်း အသက်ငယ်ရင် မိန်းမသေပြီး အလွန်ဆုံး တစ်နှစ် နှစ်နှစ်ပဲ"

"ဒါတော့ လွန်လွန်းပါတယ် ကိုကိုကလည်း"

"ရှိတာပဲ ဝိုင်းရဲ့၊ ပြီးတော့ အန်ကယ်က မိန်းမတွေဘာတွေ သိပ်စိတ်ဝင်စားတဲ့ သူမျိုးလည်း မဟုတ်တော့"

"အဲဒါကြောင့် ကြီးကြီးကပြောတယ်၊ ဒက်ဒီက မိန်းမစိတ်ဝင်စားတာ မဟုတ်ဘူးတဲ့၊ အခုမိန်းမဟာ ဒက်ဒီ့ကို မြှူဆွယ်ဖြားယောင်းလိုက်တာပဲ ဖြစ်လိမ့်မယ်တဲ့၊ အဲဒါပိုင်လုပ်ပြီး ဖမ်းယူလိုက်လို့ ဒက်ဒီ ကွိစနဲ့ မိသွားတာဖြစ်မယ်တဲ့"

သောင်းသက္ကက ဝိုင်းကို ချစ်ခင်ကြင်နာစွာကြည့်ရင်း သက်ပြင်းတစ်ချက် ချမိသည်။ ဝိုင်းတို့ကြီးကြီးဟာ အမှန်တိုင်း မြင်ကြည့်ရလျှင် ပစ်ပစပ်ခပ်များများ၊ အပြစ်ရှာတတ်တတ် ကောင်းမြင်ဝါဒရှိတဲ့သူပါ။

"ဒီလိုကြီးလည်း ကြိုပြောလို့မရပါဘူး ဝိုင်းရယ်၊ အန်ကယ်ကကော မိန်းမတစ်ယောက်က မြှူဆွယ်ဖြားယောင်းတဲ့ ကျော့ကွင်းထဲ အကျခံမယ့်သူလား ဝိုင်းရဲ့၊ သူ့ပညာနဲ့၊ သူ့အသိဉာဏ်နဲ့ပဲဟာ၊ ကြီးကြီးကတော့ မောင်ကိုနမြော ပြီး ဒီလိုပဲ ပြောမှာပေါ့၊ ဝိုင်းက ဒီလိုကြီး ယုံကြည်မထားလိုက်ပါနဲ့၊ သူ့အကြောင်း ကိုယ်က ဘာမှမသိခင် ကြိုပြီး မကောင်းမြင်ထားမိရင် နောင်အရည်ဆက်ဆံရေးမှာ အထစ်အငေါ့ အဖုအထုံး ဖြစ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းက သောင်းသက္ကကို ငိုင်ငိုင်လေး ကြည့်နေသည်။

"ဒက်ဒီက အဲဒီမိန်းမကို မာမီ့နေရာမှာ အစားထိုးချစ်လိုက်တာပေါ့နော်"

"ဒါကတော့ ဝိုင်းရယ်၊ ဝိုင်းက ကိုယ့်အဖေကို ကိုယ်နားလည်မှုရှိပေးရလိမ့်မယ်၊ အန်တီ့နေရာမှာ အစားထိုးတာတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဖြစ်နိုင်တာကတော့ ဝိုင်းက သမီးမိန်းကလေး မဟုတ်လား၊ မိခင်အုပ်ထိန်းမှုရှိဖို့ သင့်တယ်လေ၊ ဝိုင်းအတွက် ပြောဖော်ဆိုဖော် တိုင်ပင်ဖော်ရအောင် စောင့်ရှောက်ဖို့ မိခင်နေရာ အစားထိုးတာမျိုးပဲ ဖြစ်ပါလိမ့်မယ်"

"ကြီးကြီးတစ်ယောက်လုံး ရှိတာပဲဟာ၊ ကြီးကြီးက အဲလိုပဲပြောတယ်၊ ငါတစ်ယောက်လုံးရှိတာ ညည်းအတွက် အုပ်ထိန်းသူ အမျိုးသမီးမလိုဘူးတဲ့၊ ကိလေသာစိတ်သက်သက်နဲ့ ယူတာတဲ့"

"အဲလိုကြီးတော့ မပြောပါနဲ့ ဝိုင်းရယ်၊ အဲဒီအတွက်တော့ မိန်းမတစ်ယောက် ကောက်ယူမနေပါဘူး၊ အကြောင်းကြောင်းကြောင့် ရှိမှာပေါ့၊ အန်ကယ်ကိုယ်တိုင် မေတ္တာရှိတာလည်း ဖြစ်နိုင်တာပဲလေ"

"ပြီးတော့ သူက ဆင်းရဲတယ်တဲ့"

"ဆင်းရဲလည်း ဘာဖြစ်လဲ၊ အန်ကယ်က ချမ်းသာတာပဲဟာ၊ သူဌေးမကိုယူဖို့မှ မလိုတာ"





"ဒက်ဒီ့ငွေကြေးဥစ္စာကို မက်လို့ယူတာ ဖြစ်နေရင်ကော"

"ဘယ်လောက်ပဲမက်မက် လူဆိုတာ ခံစားသင့်မှ ခံစားရတာ၊ ကိုယ့်ကံပါသလောက်ပဲရတာ၊ အန်ကယ့်မှာလည်း ဖနီးမယားကမှ ပြုစုလုပ်ကိုင်ပေးလို့ကောင်းတဲ့ ဝေယျာဝစ္စတို့ ဘာတို့ ရှိသေးတာပေါ့၊ ဒီလိုဝေယျာဝစ္စမျိုး ကြီးကြီးလည်း လုပ်မပေးနိုင် ဝိုင်းလည်း လုပ်မပေးနိုင်ဘူးလေ"

"ကိုကို ...၊ ပြီးတော့ ရှိသေးတယ်"

"ဘာလဲ"

"သူက အပျိုမဖာုတ်ဘူး"

"အမျိုးမဟုတ်ဘူး ဆိုတာက ! ! "

"သူကလည်း ဒက်ဒီ့လိုပဲ မုဆိုးမ"

"ဟုတ်လား၊ မုဆိုးမဆိုတော့ သူနဲ့အန်ကယ်ဟာ တစ်ယောက်ဘဝကို တစ်ယောက် ပိုပြီးကိုယ်ချင်းစာ နားလည်ပေးနိုင်တာပေါ့ ဝိုင်းရဲ့"

ဝိုင်းတုန်သည်းက သောင်းသက္ကကို မျက်စောင်းနန့်ကလေးတစ်ခု ပစ်လွှတ်လိုက်ရင်း ...

"ကိုကိုကလည်း အကောင်းဘက်ကချည်း ပြောနေတာပဲ"

"မကောင်းတဲ့ဘက်က ပြောနေတွေးနေရင် ဘယ်စိတ်ချမ်းသာစရာ ကောင်းပါ့မလဲ ဝိုင်းရယ်၊ အပြုသဘောပဲ တွေးရမှာပေါ့၊ နက်ဂတစ်ဖ်တွေချည်း တွေးနေရင် လူ့ဘဝကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပျော်အောင်နေလို့ ရတော့မလဲ၊ စိတ်ဆင်းရဲလို့ သေရချည်ရဲ့၊ ဝိုင်းလေးလည်း အကောင်းဘက်ကပဲတွေးပါ။ ဒါမှ ဝိုင်းလည်း စိတ်သက်သာရာရမှာပေါ့ ဝိုင်းရဲ့"

"ကိုကို ... ပြီးတော့ အဲဒီမိန်းမမှာ သမီးတစ်ယောက်လည်း ပါလာဦးမယ်"

"ဟင် ... သမီးတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်အရွယ်လဲ"

"ဝိုင်းနဲ့ အသက်တူတူပဲ၊ အတန်းလည်း တူတူပဲတဲ့"

"ဟုတ်လား ... ဒါဖြင့် ဝိုင်း အဖော်ရပြီပေါ့ကွ"

ဝိုင်းက သောင်းသက္ကကို နှစ်လိုအားကျစွာ ငေးစိုက်ကြည့်ရင်း ...

"ကိုကို့အတွက်ကျတော့လည်း အရာရာက စိတ်ချမ်းသာစရာကြီးပဲနော်"

"ကိုကို ပြောတာ မဟုတ်လို့လား ဝိုင်းရဲ့၊ ရွယ်တူအဖော် တစ်ယောက်ရတာ ဘယ်လောက်ကောင်းလဲ၊ ဝိုင်းမှာတစ်နေ့ တစ်နေ့ ကြီးကြီးနဲ့ပဲ စကားပြောနေရတာ၊ ကီးကိုက်လို့လား၊ ဝိုင်းပြောတာတွေ သူက စိတ်မဝင်စား၊ ကြီးကြီးပြောတာတွေ ကျ ဝိုင်းကပျင်းပြီး နားငြီး"

"ဟုတ်တော့ ဟုတ်တယ်"





"ရွယ်တူချင်းဆိုတော့ ဘယ်လောက်စကားပြောလို့ကောင်းလဲ၊ ဝိုင်းရဲ့အတန်းထဲက သူငယ်ချင်းတွေလိုပဲပေါ့"

"ကိုကို့လိုစိတ်မျိုး ထားတတ်ရင် စိတ်ညစ်ရာ စိတ်ဆင်းရဲစရာ မရှိဘူးနော် ကိုကို၊ ဝိုင်းတောင် ကိုကိုနဲ့စကားပြောရုံ ပြောရသေးတယ်၊ ခုနက စိတ်တွေညစ်ရှုပ်နေသလောက် မညစ်ရှုပ်တော့ဘူး၊ နည်းနည်းစိတ်ပေါ့ပြီး စိတ်သက်သာရာ ရသွားသလိုပဲ၊ ကိုကိုနဲ့ စကားပြောလိုက်တော့လည်း ဒီကိစ္စကြီးက စိတ်ညစ်ရာ မဟုတ်တော့ပြန်သလိုပဲ ကိုကိုရယ်"

"ဘာမှလဲ စိတ်ညစ်စရာ မဖြစ်သေးဘဲနဲ့ ဘာကိုစိတ်ညစ် ရမှာလဲ ဝိုင်းလေးရဲ့၊ အခု ဝိုင်း တွေးထားရမှာက အမေ နေရာမှာ အစားထိုးမယ့်သူတစ်ယောက် ရမယ်၊ သူ့ကို ကိုယ့်အမေလို မချစ်နိုင်ရင်တောင် အဒေါ်လို အနည်းဆုံး အထိန်းတော် အသစ်တစ်ယောက်လို စသဖြင့်လောက် သဘောထားနိုင်ရင် ဝိုင်း ပူဆာချင်တာတွေပူဆာ၊ ခိုင်းချင်တာတွေ ခိုင်းလို့ရမယ် ...

ရွယ်တူမိန်းကလေးတစ်ယောက် ပါလာမယ့်အတွက် ကျောင်းသွားဖော်၊ တိုင်ပင်ဖော်၊ စာကျက်ဖော်ရမယ်၊ စကားပြောဖော်လည်းရမယ်၊ ဝိုင်း မပျင်းရတော့ဘူး၊ ကြို စဉ်းစားကြည့်ရင် စိတ်ဝင်စားဖို့ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းက သက်ပြင်းလေးတစ်ချက် ချလိုက်လေသည်။

"ကိုကိုပြောသလို အကောင်းလေးတွေချည်းပဲ ရွေးပြီးဖြစ်လာပါမလားဟင်"

"မဖြစ်လာဘူးဆိုရင် အဲဒီကျမှ ဝိုင်း ဦးနှောက်ခြောက်ပေါ့၊ ဒါပေမဲ့ ဝိုင်းနားလည်ထားဖို့က ဒါ ဝိုင်းရဲ့အိမ်၊ ဒီအိမ်ပေါ်ကို ဒီအသိုင်းအဝိုင်းထဲကို သူတို့သားအမိက တက်လာရမှာ တိုးဝင်လာရမှာ၊ အဆင်မပြေစရာရှိ သူတို့ပိုပြီးမပြေမှာ၊ တစ်ခုခုပြဿနာဆိုတာ ရှိလာခဲ့ရင်လည်း ဝိုင်းဘက်က ဝိုင်းရဲ့ဒက်ဒီ၊ ကြီးကြီး၊ ပြီးတော့ ဒီအိမ်ကအလုပ်သမားတွေ၊ ပြီးတော့ ကိုကိုတို့မိသားစု၊ အမယ်လေးဗျာ ... အင်အားတွေကိုတောင့်လို့ ..."

အားလုံးက ဝိုင်းနဲ့ချစ်ခင်ရင်းနှီးပြီးသား၊ ဝိုင်းဘက်က ရှိနေမယ့်သူချည်းပဲလေ၊ သူတို့မှာက ဒီသားအမိနှစ်ယောက်တည်း၊ သူတို့ဘက်လည်း တော်ရုံတန်ရုံ ဘယ်သူမှပါနေမှာ မဟုတ်ဘူးလေ ဝိုင်းရဲ့၊ ဝိုင်း စဉ်းစားကြည့်ပါလား၊ အားငယ်ရမှာ စိတ်ပူရမှာက သူတို့"

"ဒက်ဒီ နောက်မိန်းမ ထပ်ယူတာကို လူတွေက ကဲ့ရဲ့ကြမလားဟင်"

"ဘာဖြစ်လို့ ကဲ့ရဲ့ရမှာလဲ၊ ဘယ်သူမှ မကဲ့ရဲ့ဘူး၊ ကဲ့ရဲ့ခွင့်လည်း မရှိဘူး၊ လူလွတ်ချင်း အိမ်ထောင်ပြုကြမှာလေ၊





ဘယ်သူ့ကိုမှလဲ ဒုက္ခပေး တာဝန်ပေးတာ မဟုတ်ဘူး၊ ကဲ့ရဲ့တဲ့သူ ရူးလို့ပေါ့"

"အန်တီနဲ့ အန်ကယ်ကကော"

"ဖေဖေတို့ မေမေတို့က သဘောကျကြမှာပေါ့၊ ပွဲလမ်းရှိလို့ တစ်နေရာအတူသွားစရာပေါ်လာရင် အန်ကယ်က အဖော်ပဲ့နေတာကို ဖေဖေက သိပ်စိတ်မကောင်းဘူး၊ ခုဆို ဘက်မပဲ့တော့ဘူး၊ ဒီကိစ္စက မင်္ဂလာကိစ္စပဲ ဝိုင်းရဲ့၊ အ,မင်္ဂလာကိစ္စမှ မဟုတ်တာကို၊ လူတွေက သဘောပဲကျကြမှာပေါ့၊ ပုံမှန်စိတ်နဲ့ဆိုရင်လေ၊ ကြီးကြီးကတော့ စိုးရိမ်စိတ်နဲ့ တွေးနေတာ ဖြစ်ပါလိမ့်မယ် ဝိုင်းရယ်"

ဝိုင်းက ငြိမ်ငြိမ်လေး ငိုင်နေသည်။ ဝိုင်းကို စိတ်ဆက်သာရာရအောင် အသက်ရှူချောင်အောင် ပြောနေပေမယ့် ဟောင်းသက္ကသည်လည်း ဤကိစ္စကို စိတ်ဝင်တစား အလေးအနက် စဉ်းစားနေမိပါသည်။ အခုက အကောင်းဘက်က တွက်ထားတာလေ။ အဆိုးဘက်က လှည့်တွက်ကြည့်ရင် ဝိုင်းလေးခမျာ မိထွေးနှင့် မိထွေးပါသမီးတို့နှစ်ယောက်အကြား အင်အားများ ငယ်နေလား။

"ကိုကို ... ဝိုင်းက ကိုကို့ကို အဲဒီအကြောင်း ခေါ်တိုင်ပင်ကြည့်တာပါ၊ ကိုကို စာကျက်ဖို့ရှိတယ်ဆိုတော့ ပြန်ရင်ပြန်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ချက်ချင်းမပြန်သေးပါဘူး ဗိုင်းရဲ့၊ နေလို့ရပါသေးတယ်"

သောင်းသက္ကက ဗိုင်းကို ကရုဏာနှင့် ခဏဆက်ပြီး အဖော်ပြုပေးဖို့ ဆုံးဖြတ်ကာ မပြန်သေးဘဲ ပေထိုင်နေခဲ့ရပါသည်။

✧ ✿ ✧



## ၃

စာမေးပွဲအပြီး နွေရာသီကျောင်းပိတ်ရက် ဖြစ်ပါသည်။

အညိုနုရောင်ဆိုဖာအိအိကြီးတွေပေါ် ငြိမ်ငြိမ်ကလေးထိုင်နေသော မိုးရေစက်သည် မျက်စိကိုတော့ မရပ်မနား ဟိုဘက်ရွှေ့လိုက် ဒီဘက်ရွှေ့လိုက်နှင့် နေရာစုံလင်အောင် အကဲခတ်လို့ဆဲ့ပေ။ ဤအိမ်ရဲ့ခမ်းနားမှုကြီးကြောင့် အားပဲငယ်ရမလား၊ ဒီလိုနေရာမျိုးမှာ နေခွင့်ရပြီဖြစ်တဲ့အတွက် ဂုဏ်ပဲယူရမလား ဆုံးဖြတ်ချက်မကျသေးပေ။

"ကဲ … ကဲ … အားလုံးလာ"

အလုပ်သမားတွေမှန်း သိသာတဲ့ လူလေးယောက် တန်းစီရောက်လာတာကို မျက်လုံးလေးစွေကြည့်ရာမှ မိုးရေစက်က သူမနှင့်တည့်တည့်ရှိ အန်တီကြီးကို ကြည့်လိုက်ပါသည်။ မှပ်လိုက်တဲ့မျက်နှာ။ လက်ပိုက်ထိုင်ကာ ဒူးတစ်ဖက်ချိတ်လျက် ချက်နှာက မော့မော့တင်းတင်း။

www.burmeseclassic.com

www.burmeseclassic.com



မုန်းစရာကြီး။ အမေနဲ့ မိုးရေစက်ကို မလိုလားမနှစ်မြို့ဘူးဆိုတာ စကားလုပ်ပြောနေရင်တောင် ဝေါဟာရမကြွယ်ဝပါက လိုရင်းမရောက်ဘဲ ရှိပါဦးမည်။ သူ့မျက်နှာထားကြီးကတော့ အလုံးစုံကို ဒိုင်းခနဲ အဓိပ္ပာယ်တစ်ပြုံကြီး ရှင်းပြလိုက်သလို သူ့သဘောထားကို ခရေစေ့တွင်းကျ နိုက်နိုက်ချွတ်ချွတ် သိခွင့်ရစေတဲ့ မျက်နှာကြီးပင်။

မိုးရေစက်ကိုတစ်လှည့် အမေ့ကိုတစ်လှည့် ကြည့်နေတဲ့ မျက်ဝန်းများက အထင်တသေး ဆန်လှသည်။ ခက်တာက မိုးရေစက်သည် သူ့ကိုမလိုလားဘူး ထင်သူကို အဆတစ်ရာမလိုလားတတ်ကာ သူ့ကိုမုန်းတဲ့သူကိုလည်း အဆတစ်ရာမုန်းရမှ ကျေနပ်နိုင်တာပင်။ ဇာတ်လမ်းကစ,နေပြီ။

"ကဲ ... အားလုံး နားထောင်ပါ"

"ဟုတ်ကဲ့ ဆရာ"

"ဒါက ဒေါ်သူဇာတဲ့၊ ဒီအိမ်မှာ မမတင်လိုပဲ အိမ်ရဲ့အကြီးအကဲ အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်လာပြီ၊ ငါ လက်ထပ်လိုက်တဲ့ ဇနီးပဲ"

"ဟုတ်ကဲ့ ဆရာ"

အသံတွေ ပြိုင်တူထွက်လာချိန်မှာ မမတင် ဆိုတဲ့ မိန်းမကြီးက ဒူးကို ဘက်ပြောင်းပြီး ချိတ်လိုက်ကာ နေရာပြင်ထိုင်သည်။ သဘောမကျ အထာမကျတဲ့ပုံနှင့် ဇက်ချိုးသလိုလို လှုပ်လှုပ်ရွရွ လုပ်နေပါသည်။ ဖြစ်နိုင်ရင် ဘေးနားရှိတဲ့ပစ္စည်းတွေ





ဆောင့်အောင့်ချ ပစ်ပေါက်ပစ်ချင်သလို စိတ်ထိန်းနေရသလို နှာမငြိမ် ဖြစ်နေပါသည်။

"သူဇာ ... ဒါက ဦးဘိုစိန်၊ ဒီအိမ်က ဒရိုင်ဘာ၊ ကိုယ်ကတော့ ကိုယ်ကား ကိုယ့်ဘာသာမောင်းတော့ မမတို့ သမီးတို့ သွားစရာရှိရင် နောက်တစ်စီးမောင်းပေးတဲ့ ဒရိုင်ဘာပေါ့၊ သူဇာတို့ သမီးတို့ လိုအပ်ရင်လည်း ဦးဘိုစိန်နဲ့သွားပေါ့၊ ဦးဘိုစိန် ... မသူဇာနဲ့ သမီးကို သွားချင်တဲ့ဆီ လိုက်ပို့ရမယ်"

"စိတ်ချပါ ဆရာ"

"ဒါက ပေါလုတဲ့၊ ခြံအလုပ် လုပ်တယ်၊ ပေါလု ... မင်း မမတို့သားအမိ လိုချင်တဲ့အပင်လည်း မင်း စိုက်ပေးပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

"အို ... မောင်ရဲကတော့နော် အပိုတွေ ပြောနေပြန်ပြီ၊ သူတို့က ဘာပင်လိုချင်တယ် ဘာညာရှိနေချင်စရာလား၊ ဘာပင်ညာပင်နဲ့ နေခဲ့တာမို့လားကွယ်၊ အိမ်မှာ ရှိနေပြီးသား ပန်းခြံလေးက လှနေပြီပဲဥစ္စာ၊ ဘာမှထပ်လုပ်နိုင်းနေစရာမှ မလိုတာပဲဥစ္စာ"

မိုးရေစက်က ကြီးကြီးဒေါ်တင်တင်ကို ကြည့်လိုက်ပါသည်။ အင်း ... ဘာအပင်ဘာပန်းမှ မကြိုက်သော်လည်းပဲ ကြောမတင်ကာလမှာဖြင့် မိုးရေစက်ရဲ့အကြိုက် ဘာပင်လေးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ ဆိုတဲ့ တောင်းဆိုမှု လုပ်ကိုလုပ်ရပေတော့မည်။ ဘာပန်းပင်မျိုး တောင်းဆိုရကောင်းမှန်း မသိ၍ ကြို၍တောင် လေ့လာထားရဦးမှာ။

"ဩော် ... မမကာလည်း၊ အပင်တွေနဲ့ နေဖူးဖူး မနေဖူးဖူး မိန်းမသားဆိုတာ ပန်းကြိုက်တဲ့အမျိုးပဲ မမရဲ့၊ သူတို့ကြိုက်တယ်ဆိုတဲ့ ပန်းပင်လေး ဘာလေး ရှိဦးမှာပေါ့ဗျာ"

"အို ... လှနေပြီးသားဟာပဲကွယ်၊ သူတို့ဘာနားလည်မှာလဲ"

မိုးရေစက်က ကြီးကြီးဒေါ်တင်တင်ဘက် မသိမသာ မျက်စောင်းတစ်ချက် ချိတ်လိုက်ပြီး ဦးရဲလွင်ဘက်လှည့်ကာ ...

"ကြီးကြီးပြောတာလည်း ဟုတ်ပါတယ် ဒက်ဒီ၊ သမီးတို့က ခြံနဲ့ဝင်းနဲ့ ပန်းပင်နဲ့ နေဖူးခဲ့တဲ့ အဆင့်အတန်းမဟုတ်ပါဘူး၊ ကြီးကြီး မစိုက်စေချင်ရင် သမီးတို့ မစိုက်ပါဘူး ဒက်ဒီ၊ အခုတိုင်းပဲ လှပါတယ်"

"မဟုတ်တာ သမီးရယ်၊ သမီးတို့လည်း ဒီအိမ်သားဖြစ်လာပြီပဲ၊ သမီးက ပန်းကြိုက်တတ်တယ်ဆိုရင် သမီးစိုက်ချင်တဲ့အပင် ကိုပေါလုကိုမေးပြီး သင့်တော်သလိုသာစိုက်၊ ဒီအိမ်မှာ ဘယ်သူမှ ဘာပင်မှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ပေါလုပဲ စိတ်ကြိုက်လုပ်နေတာ၊ ပေါလုလက်ရာပဲ၊ သမီးက ပန်းပင် ပန်းပွင့် စိတ်ဝင်စားရင် ညွှန်ကြားနိုင်တာပေါ့"

"ဟုတ်ကဲ့ ဒက်ဒီ"





"နေပါဦး ... ညည်းက မောင်ရဲကို ဘယ်လိုခေါ်လိုက်တယ်"

"ရှင်"

"မမ"

"ပြောပါ ... ညည်းက ဘယ်လိုခေါ်လိုက်တာလဲ"

"ဒက်ဒီလို့ပါ"

"ညည်းဒက်ဒီမှ မဟုတ်တာ၊ ညည်းကဘာကြောင့် ဒက်ဒီခေါ်ရတာလဲ"

"ဟို ... မိုးရေရဲ့အမေက ဒက်ဒီကို ကိုယ့်အဖေရင်းလို သဘောထားရမယ်လို့ မှာထားလို့ပါ၊ ဝိုင်းတုန်သည်းခေါ်သလို ဒက်ဒီလို့ပဲခေါ် ဆိုလို့ပါ"

"ဝိုင်း ခေါ်တဲ့အတိုင်း လိုက်ခေါ်စရာ မလိုပါဘူး"

"မမ ...၊ ကျွတ် ... မမကလည်းဗျာ"

"မောင်ရဲ ... မင်း နေစမ်းပါ၊ အားလုံးကို စေ့စေ့စီးစီး ခပ်ရှင်းရှင်း သိထားတာ ကောင်းတယ်၊ ဒီမှာ ကလေးမ၊ မင်း ဝိုင်းလေးကို ဝိုင်းတုန်သည်း ဆိုပြီး သံပြတ်နဲ့နာမည်ရင်း ခေါ်စရာမလိုဘူး၊ မမဝိုင်းလို့ခေါ်"

မိုးရေစက်က ဒေါ်တင်တင်ကို ရှုးရှုးလေးကြည့်ကာ စိတ်ထဲ ချဉ်သည်ထက် ချဉ်လာပါသည်။ ဒီမိန်းမကြီးက အတော်ခွဲခြားတဲ့ မိန်းမကြီးပဲ။ ဒီမိန်းမကြီးလက်အောက်ကို ခေါင်းလျှိုလိုက်ဖို့မဖြစ်နိုင်။ စိတ်သဘောကောင်းလှတဲ့ ဦးရဲလွင်ကို တကား



www.burmeseclassic.com

www.burmeseclassic.com



ကို အဖေရင်းတစ်ယောက်လို သဘောထားကာ ရိုကျိုးပျပ်ဝပ်စွာ ပြုစုလုပ်ကိုင်ပေးဖို့ အမေကလည်းသင်ထား၊ မိုးရေစက်ကလည်း ဆုံးဖြတ်ထားပြီး ဖြစ်ပေမယ့် ဒေါ်တင်တင်လို မိန်းမကြီးမျိုးကျ တော့ ဤသို့ ဆက်ဆံဖို့မတန်။

"ကြီးကြီး … သမီးက ဝိုင်းထက် လေးလကြီးပါတယ်"

"ဘာ"

"မမ … သူက အသက်ပိုကြီးနေတာလေ၊ မမဝိုင်း ခေါ်ခိုင်းစရာလား၊ ဝိုင်းပဲ ခေါ်ပါစေ၊ သူငယ်ချင်း ညီအစ်မတွေလို ရင်းရင်းနှီးနှီး ရှိပစေပါ၊ ဝိုင်းက တကယ်ဆိုပိုငယ်တယ်"

"မင်းက ဝိုင်းကိုတောင် သူ့ကို မမမိုးခေါ်ဖို့ သင်နေဦးမှာလား"

"မလိုပါဘူး မမ၊ လေးလကွာတယ်ဆိုတာ ရွယ်တူပဲပေါ့၊ သုံးနေကျ အသုံးအနှုန်းတွေအတိုင်း 'မိုးရေ'တို့ 'ဝိုင်း'တို့ပဲ ခေါ်ကြပါစေပေါ့"

မိုးရေက ဦးရဲလွင်ဘက် ငဲ့ကြည့်ကာ …

"ဒက်ဒီ့ကိုရော သမီး ဘယ်လိုခေါ်ရမလဲ ဒက်ဒီ"

"ခေါ်ပေါ့၊ သမီးအဆင်ပြေသလို ခေါ်ပါ၊ ဒက်ဒီခေါ်တော့ ကောင်းတာပေါ့၊ ဒက်ဒီ သဘောကျပါတယ်"

ဒေါ်တင်တင့် မျက်နှာကြီးက နီမြန်းရင့်ရော်လာ၍ အညိုရောင်တောင် သမ်းလာပါသည်။ အမေ့ကိုထက်ပင် မိုးရေကို





နုစုးရဲရဲကြည့်ကာ ဖြစ်နိုင်ရင် ဖွဲဝါးစားပစ်ချင်သလို အံကိုကြိတ်နေသည်။ ဪ … သူ ဒီလောက်ခါးခါးသီးသီး မနှစ်မြို့တာပါလား။ တမြတ်တနိုး ဆီးကြိုဖော်ရွေကြလိမ့်မယ်လို့တော့ မျှော်လင့်ထားတာ အမှန်ပါ။ ဒါပေမဲ့ သိပ်မလိုလားဘူး ဆိုရင်တောင် အပေါ်ယံမှာတော့ ဟန်ဆောင်ပြုံးကာ အမုန်းကို မျိုချထားမယ် ထင်တာ။

"ကဲ … မမရယ်၊ ကျွန်တော့်စကား ရှေ့ဆက်ပါရစေဦး၊ ကဲ … သူဇာနဲ့ သမီး၊ ဒါက ဒေါ်နု၊ ဒါက ကြည်ကြည်တဲ့၊ အိမ်ရဲ့ဝေယျာဝစ္စ လုပ်ကြတယ်၊ ဒေါ်နုနဲ့ ကြည်ကြည်၊ သူဇာတို့သားအမိကို ခုချိန်ကစပြီး အိမ်ရှင်အိမ်သားစာရင်း သွင်းပြီး ရိုရိုသေသေ ဆက်ဆံပါ၊ သူဇာတို့က တစ်ခုခုခိုင်းရင် ကျွန်တော်က ခိုင်းသလိုပဲ သဘောထားကြပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချပါ"

"သူဇာ … စားချင်တာ ချက်ခိုင်း၊ လိုတာအားလုံးပြောပေါ့၊ သမီးရော ကြားလား"

"အမယ်လေး မောင်ရဲရယ်၊ ထူးမှာနေစရာလား၊ တကယ်ဆို သူကတောင် ပိုချက်တတ် ပြုတ်တတ် ရှိနေဦးမှာ၊ ဒီအိမ်မှာ ဘယ်သူမှလဲ ဘာစားချင်ပါတယ်နဲ့ ကြေးများနေတာ မဟုတ်ဘူး၊ ဒေါ်နုက အကုန်စီစဉ်တတ် ချက်တတ်တယ်၊ ပြောနေစရာ မလိုဘူး"

ဦးရဲလွင် သက်ပြင်းတစ်ချက်ချရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခင်ဗျားတို့အားလုံးက သူဇာ့ကို မမသူဇာပဲ ခေါ်ကြပေါ့၊ သမီးလေးနာမည်က မိုးရေစက်တဲ့၊ မှတ်ထား"

"ဟုတ်ကဲ့ပါ ဆရာ"

"ခုလောလောဆယ် အခန်းတွေက ရှင်းလင်းပြင်ဆင်ပြီးသားဆိုတော့ ထူးလုပ်စရာ မရှိပါဘူး၊ ကျွန်တော့်အခန်းထဲက ဗီရိုအပိုမှာ သူဇာ့အဝတ်အစား အသုံးအဆောင်တွေ ထည့်သိမ်းပေး၊ မိုးရေကိုလည်း သူ့ပစ္စည်းတွေ သူ့အခန်းထဲ ထည့်ပေးပေါ့"

"အစ်ကိုကြီး ... ဒေါ်နုတို့ နေပါစေ၊ သူဇာ့ဘာသာလုပ်ပါ့မယ်၊ ဘာမှလဲ သိမ်းစရာ သိပ်ပါတာ မဟုတ်ပါဘူး"

အမေ့အမူအရာက ဦးရဲလွင်နှင့်ယှဉ်တော့ သိမ်နုပ်နေတာ အမှန်ပင်။ ကြီးကြီး ဒေါ်တင်တင်ပင် မဲ့ကာရွဲ့ကာ ဖောင်းပဲနရွဲ့ဖြစ်နေတဲ့ကြားက အမေ့ထက်တော့ အရှိန်အဝါ လင်းထောက်အဆင့်မြင့်နေတာပင်။ ကြမ်းတမ်းနုံချာနိမ့်ကျတဲ့ ဘဝပတ်ဝန်းကျင်မှာ ကျင်လည်နေထိုင်လာခဲ့မှန်း သိသာနေတဲ့ ကိုယ်တို့သားအမိပုံစံကို ကိုယ့်ဘာသာ သတိပြုမိနေကာ မိုးရေစက်က ဒါကိုပြုပြင်ဖို့ ဆုံးဖြတ်သည်။

ကောင်းသောပြုပြင်မှုပဲလေ။ လူဆိုတာ ကိုယ့်အဆင့်အတန်းကို ကိုယ်ပဲမြှင့်တင်ရမှာ မဟုတ်လား။ မိုးရေစက်က ကြီးကြီးကို အရင်ဆုံး အတုခိုးဖို့ပြင်ကာ ခါးကိုမတ်၍ ပြင်ထိုင်လိုက်ပြီး လက်နှစ်ဖက်ကို ပိုက်ထားလိုက်ပါသည်။ ခါးလေးကုပ်ချိုးပြီး ပေါင်ပေါ်လက်တင်ထိုင်နေပုံက စမတ်မကျ။





မိုးရေစက်ပုံစံကို အကဲခတ်ကြည့်ရှုနေတဲ့ ဒေါ်တင်တင်ကတော့ ပြုပြင်လိုက်တဲ့ မိုးရေစက် ပုံစံကြောင့် တွန့်တက်စောင်း အသည်းတယားယား ဖြစ်သွားပုံနှင့် သူ့ရင်ဘတ်သူဖိရင်း ...

"မောင်ရဲ ...၊ ဒီကလေးမကို ဝိုင်းလေးရဲ့ဘေးအခန်း တကယ်ထားမလို့လား"

"ဟုတ်တယ်လေ မမ၊ အားနေတဲ့အိပ်ခန်းပဲဟာ"

"သူ့ဟာသူ လွတ်လွတ်ကျွတ်ကျွတ် အောက်ထပ်နေပါစေလား၊ အပေါ်ထပ်ဆိုတော့ သူ ဆင်းချည်တက်ချည် ဝင်ချည်ထွက်ချည်နဲ့ လူကြီးတွေ အနှောင့်အယှက် ဖြစ်မှာစိုးပြီး သူ ငြိမ်ငြိမ်ကုပ်ကုပ် နေနေရဦးမယ်"

ဦးရဲလွင်က မိုးရေစက်ကို ကြည့်လိုက်၍ မိုးရေစက်က ချက်ချင်းပင် ...

"ဝိုင်း အခန်းဘေးပဲ နေချင်ပါတယ် ဒက်ဒီ၊ နောက်ဆို သမီးနဲ့ဝိုင်း စာတွေဘာတွေ ဆွေးနွေးတိုင်ပင်တာမျိုးလည်း လိုရင်လိုအပ်မှာလေ"

"အေး ... ဟုတ်သားပဲ၊ ဟုတ်တယ်၊ အပေါ်ပဲနေ၊ နောင်ဆိုအတူကျောင်းသွားရ ကျူရှင်သင်ရ၊ စာကျက်ရ လုပ်နေရမှာပဲဟာ"

"ကြီးကြီးစေတနာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သမီး နေတတ်ပါတယ် ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



မိုးရေစက် လှည့်ပြောလိုက်တဲ့ စကားကြောင့် ဒေါ်တင့်တင့် မျက်နှာမှာ မည်းသွားရပြန်ပါသည်။

"ဒါနဲ့ သူက ကျောင်းတွေ ကျူရှင်တွေပါ ဝိုင်းနဲ့တူတူ !!"

"ဒါပေါ့ မမ၊ အတန်းတူပဲဟာ၊ သူနေခဲ့တဲ့ကျောင်းကလည်း သူ သွားတက်ဖို့ ဝေးသွားပြီ၊ ကျောင်းထွက်ပြီး ဒီဘက်မှာပဲ ပြောင်းအပ်ရမှာပေါ့၊ ဒါမှ ကျောင်းကြိုကျောင်းပို့လည်း တစ်ကြိမ်တည်း ပြီးသွားမယ်"

အရင်က ကားနဲ့ပို့တဲ့ကျောင်းသွားတက်ခဲ့ရလို့လား၊ ခြေကျင်နဲ့ ဘတ်စ်ကားနဲ့ သွားခဲ့တက်ခဲ့ရမှာ မဟုတ်လား၊ဆိုတဲ့ မလိုတမာအကြည့်နှင့် ကြီးကြီးခများ လည်ချောင်းတွေတောင်နင် လာပုံရသည်။

"ကဲပါလေ ... ကျောင်းကထားပါတော့၊ ကျူရှင်က ဝိုင်းကိုထားမယ့် အိမ်ကကျူရှင်ဝိုင်းမှာ ဖြစ်ပါ့မလား၊ စာလိုက်နိုင်တာချင်း မတူရင် ဉာဏ်ပိုကောင်းတဲ့ ရှေ့ပြေးနေတဲ့လူမှာ နစ်နာတာပေါ့၊ နှေးတဲ့လူကို စောင့်နေရရင် နှစ်ယောက်လုံး သူ့အကျိုးမရှိ ကိုယ့်အကျိုးမရှိ ဖြစ်မှာလေ မောင်ရဲ၊ ဉာဏ်ရည်ချင်း တူ,မတူဆိုတာ မသိနိုင်ဘူး မဟုတ်လား"

"ကြီးကြီး ... သမီးက အတန်းထဲမှာ အမြဲပထမရတယ်၊ နှစ်တိုင်း ဆုပေးပွဲမှာ ဆုတက်ယူရပါတယ်၊ ဆုမရတဲ့နှစ်ခုထိ တစ်နှစ်မှ မရှိပါဘူး၊ သမီးကတော့ ဉာဏ်ကောင်းတယ်ဆိုတာ ကိုယ့်ဘာသာ သိပါတယ်၊ ဝိုင်းကလည်း





ဉာဏ်ကောင်းမယ် ထင်ပါတယ်၊ တကယ်လို့ ဝိုင်းကို သမီး စောင့်ပေးရမယ်ဆိုရင်တော့ သမီးအတွက် ကိစ္စမရှိပါဘူး"

ကဲ ... မှတ်ရော။

မျက်နှာငယ်လေးနဲ့ ရိုရိုကျိုးကျိုးလေးနဲ့ သာသာနာနာ နက်လိုက်တာပဲလေ။ လူကို ဆင်းရဲတဲ့ဘဝက လာတယ်ဆိုပြီး သူညံ့မ ထင်လို့လား။ နှစ်စဉ်တိုင်း ပထမဆုသာရယူခဲ့တာအမှန် ဖြစ်သလို ရှေ့ကိုဆို ဒီထက်ဒီတောင် ကြိုးစားသွားဦးမှာဆိုတာ ဆုံးဖြတ်လိုက်ပါပြီ။

"ဘာ"

ဒေါ်တင်တင့် အသံကြီးက ကြောက်မက်ဖွယ်ရာ။

"ညည်း ... ညည်း ... ဘာစကားပြောလိုက်တာလဲ"

"သမီး ... သမီးက စောင့် ... စောင့်ပေးပါ့မယ်လို့"

"တိတ်စမ်း၊ ညည်းမို့ ဒီစကားမျိုးပြောရဲတယ်အေ၊ ကြားသားမိုးကြိုးတော်၊ သူက စောင့်ပေးပါ့မယ်ဆိုပဲ အရပ်ကတို့ရဲ့"

"မမ"

"မင်းနေပါ မောင်ရဲ၊ ဒီကလေးမက နှုတ်ရဲလွန်းအားကြီးတယ်"

"ကြီးကြီး ... သမီး သဘောရိုးနဲ့ ပြောတာပါရှင့်၊ ကြီးကြီးက ဟိုလိုပြောတော့ ဝိုင်း ... ဝိုင်းကများ စာမတော်လို့လားလို့၊ သမီးကို အားနာတာလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း၊ ညည်းကို ငါက ဘာအားနာရမှာလဲ၊ ဝိုင်းက များ မတော်လို့လားတဲ့၊ ဟဲ့ ... ငါ့တူမက အတန်းထဲမှာ အမြဲအဆင့်တစ်ဟဲ့"

"သမီးလည်းတစ်ပဲ ကြီးကြီး"

"နင် ဘာပြောပြော ဘယ်လောက်တစ်ရရ ကျောင်းသေး ကျောင်းမွှားနဲ့ ကျောင်းကောင်း တူသလား၊ အနူတောမှာ လူချောဖြစ်နေတာကို အဟုတ်ထင်မနေနဲ့၊ အဆင့်မြင့်တဲ့ ကျောင်းကြီးကြီးမှာ ဝင်တက်ကြည့်စမ်းပါဦး၊ စာလိုက် တောင် လိုက်နိုင်ပါ့မလားဆိုတာ"

"မမ ...၊ တော်လောက်ပါပြီ၊ ကဲ ... ကဲ ... ဒီစကားဝိုင်း ရပ်ကြစို့၊ တစ်ယောက်နဲ့တစ်ယောက် စကားပြောဆင်ခြင် ရမှာပေါ့ မမရယ်"

"ဟင် ... ဒီဟာမလေး ငါ့ကိုနှက်တာ၊ မင်း မကြားဘူး လား"

"သ ... သမီးက ရိုးရိုးပြော ..."

"သူ အပြောမတတ်လို့ပါ၊ ရိုးရိုးပြောတာပါ မမရယ်၊ သူ အဆင့်တစ်ရတာ သူ့ဝမ်းသာအားရ ပြောပြရှာတာပါ၊ မမ ကို ဘယ်လိုမှ ရည်ရွယ်ပြောတာ မဟုတ်ပါဘူး"

"မောင်ရဲ့ရယ် ... မင်း ဘာမှမသိပါဘူးကွယ်"

"ကြီးကြီး ... သမီးပြောတာ မှားသွားရင် သမီးတောင်းပန် ပါတယ်"



မိုးရေစက်က ကြီးကြီး ဒေါ်တင်တင်ဘက်လှည့်၍ လက်အုပ်လေး ချီလိုက်ပါသည်။

"သမီး စာရပါတယ်၊ ကျောင်းမှာ စာလည်းတော်ပါတယ်၊ သမီးအတွက် ဆိတ်ပူတာဆိုရင် ကိစ္စမရှိပါဘူး ကြီးကြီး၊ သမီး ဝိုင်းနဲ့ပဲအတူတူ တစ်ဝိုင်းတည်း ကျူရှင်တက်ချင် ပါတယ်၊ သမီးစာလည်း ကြိုးစားမှာပါ ဒက်ဒီ"

"အေး ... အေး၊ တက်ရမှာပေါ့ သမီး၊ အခုက ကိုးတန်း ဆယ်တန်း ရောက်လာပြီဆိုတော့ မိုးရေ စာသေချာကြိုးစား ရမယ်နော်"

"ဟုတ်ကဲ့ ဒက်ဒီ"

"ဒါနဲ့ သမီး ဝိုင်းလေး ဘယ်ရောက်နေလဲ မမ၊ မတွေ့ပါ လား"

"သူ့သူငယ်ချင်းတစ်ယောက်အိမ်က လာကြိုလို့ ပါသွား တယ်"

"ဘာကိစ္စရှိလို့လဲ မမ"

"သူငယ်ချင်းတွေစုပြီး စားကြသောက်ကြ ဆော့ကစားကြ မလို့ နေမှာပေါ့"

တကယ်တော့ ဒေါ်တင်တင်က ဒီသားအမိ ဒီနေ့ပါ လာမည်ဆိုကတည်းက ခုလိုခေါ်ပြီး စုရုံးမိတ်ဆက်စကားပြောကြရ တော့မှာ ကြိုတွက်မိပြီးသား။ ကိုယ်တိုင်ကတော့ ရှိစေတော့။ ဝိုင်းကို ဒီသားအမိကိုစောင့်ကာ ကြိုဆိုနှုတ်ဆက်ရတဲ့ အနေအထား အရောက် မခံချင်တာမို့ လွှတ်ရာကျွတ်ရာ တမင်လွှတ်ထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... သမီးကလည်း၊ သူဇာတို့သားအမိ ပါလာမှာ ပြောထားသားနဲ့"!

"ဘာဖြစ်သလဲ မောင်ရဲ့ရယ်၊ နောင်လည်း မတွေ့ကြမယ့် သူတွေမှ မဟုတ်ဘဲနဲ့၊ နေ့စဉ်နဲ့အမျှ ဒီမျက်နှာတွေကို မြင်နေရတော့မှာပဲဟာ"

ကြီးကြီးအသံက အငေါ်တူးနေပါသည်။





၄

ဝိုင်းက သူ့နောက်ဖက်ကနေ သူ့ကိုကျော်ဖြတ် ...ပြေးကလေး လျှောက်သွားကာ အိမ်တံခါးဝ ဖိနပ်စင်ဗီရိုလေး ...ဘ ဒက်ဒီ့ကတ္တီပါဖိနပ်ကိုထုတ်ကာ ဘရပ်ရှ်အနုလေးနှင့် ပွတ် ...ပ်မှန်သုတ်လိုက်ပြီး နံဘေးက ဆိုဖာငယ်ရှေ့ချထားပေးလိုက် ... မိုးရေစက်ကို ငေးကြည့်နေမိသည်။

ဒီနေ့အထိ ဒက်ဒီ့ဖိနပ်ကို ဝိုင်း ထုတ်မပေးခဲ့ဖူးတာ ...နိုပါ။ မာမီရှိတုန်းက မာမီ၊ မာမီမရှိတော့လည်း ကြီးကြီး၊ ...နဲ့၊ မမကြည် စသဖြင့် ဒက်ဒီ့ဝေယျာဝစ္စလုပ်ကိုင်မယ့်သူတွေက ...ားတော့ ဝိုင်း တကူးတကလုပ်ဖို့ရာ အသိစိတ်ကိုလည်း မဝင် ...တာပါ။

မိုးရေစက်ကတော့ ရောက်လာတည်းက တောက် ...ျောက် ဒက်ဒီ့ဝေယျာဝစ္စတွေကို အောက်သက်ကျေကျေလုပ်လေ ...ည်။ သူ့ကို ဘယ်သူမှ ခိုင်းမနေရ။ သူ့အမေ ကျိတ်မှာရင်


www.burmeseclassic.com

www.burmeseclassic.com

တော့မသိ။ ခြံဝပြေးပြီး ဒက်ဒီဖတ်ဖို့ လပေးမှာထားတဲ့ ဂျာနယ်ကို နေ့စဉ်အလိုက် ယူဆောင်ကာ ဒက်ဒီဘရိတ်ဖတ်စားဆင်းလာချိန်နှင့်အံကိုက် အသင့်ချပေးတတ်သည်။

အရင်ကဆို "ကြည်ကြည်ရေ ... ဂျာနယ်ယူပါဦးဟေ့"၊ "ပေါလုရေ ဂျာနယ်ဟေ့"နှင့် ဒက်ဒီ တကြော်ကြော်အော်ရသည်။ ခုတော့ အလိုက်သိလှတဲ့ အချိန်မှန်လှတဲ့ မိုးရေစက်ကြောင့် ဒက်ဒီ မအော်ရတော့ပါ။ ဒက်ဒီ ညစာထမင်းစားအပြီး ဆေးထုတ်တိုက်ဖို့၊ ညမအိပ်ခင် နွားနို့တိုက်ဖို့၊ ဒက်ဒီဂေါ့ဖ်ရိုက်သွားခါနီးဆို ဂေါ့ဖ်အိတ်ကြီးထမ်းကာ အိမ်ရှေ့ကကားပေါ် အဆင်သင့်ကြိုးထ, အပြေးတင်ပေးဖို့၊ ဒက်ဒီက ဘယ်သူ့ကို တစ်ခုခုခိုင်း သူလုပ်လို့ရတာဆိုလျှင် မတွက်မကပ် သူပဲ ကောက်ကာလုပ်လိုက်ဖို့ မပျင်းရိတဲ့ မိုးရေစက်ပင်။

တစ်အိမ်လုံးမှာ သူဟာ တတောက်တောက်နှင့် ပြေး ဒီပြေး ပြေးနေသည်။ ဝိုင်းက နေးတိနေးတုံ့နှင့် ဘယ်သူတွေ ဘာဖြစ်နေတယ်၊ ဘာတွေလုပ်ရမယ် ဘာမှနားမလည်ဘဲ ဝေးနေချိန်မှာ မိုးရေစက်ကတော့ တစ်အိမ်လုံးမှာ နေရာအနှံ့ လိုအပ်တာလေးတွေ တဒက်ဒက် လုပ်ကိုင်ပြီးနေပြီ။

"ဟော ... သမီး မိုးရေ၊ ဖိနပ်ထုတ်နေပြန်ပြီ၊ ကြည်ကြည် လုပ်ပါလိမ့်မယ် သမီးရဲ့၊ သမီးတို့ ကျောင်းသွားရဦးမှာ မဟုတ်လား"

"အချိန်ရပါသေးတယ် ဒက်ဒီ"





"ကဲ ... သွား ... သွား၊ ကျောရှူးတင်တယ် သမီး"

"ဒက်ဒီ ... ဒီမနက်ကျရင် ဦးဝင်းမော် ဆိုတဲ့ လူတစ်ယောက်ဆီ ဖုန်းဆက်ဖို့ သတိပေးပါဦးဆိုပြီး မနေ့က ကြီးကြီးကို မှာနေပါတယ်၊ ဒက်ဒီ မေ့နေမှာစိုးလို့၊ ဆက်ပြီးပါပြီလား ဒက်ဒီ"

"ဟော ... ကြည့်စမ်း၊ ဟုတ်ပါရဲ့၊ မမလည်း သတိပေးဖို့ မေ့နေပြီ၊ ဟုတ်တယ် ... ဟုတ်တယ်၊ ခုပဲ ဒက်ဒီဆက်လိုက်မယ်"

မိုးရေစက် ဒီဘက်လှည့်ထွက်လိုက်လျှင် သူ့ကိုရပ်ကြည့်နေတဲ့ ဝိုင်းတုန်သည်းနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားကာ အကြည့်ချင်း ဆုံသွားကြပါသည်။ ဝိုင်းက ယောင်ယမ်း၍မျက်လွှာချ မျက်လုံးလွှဲလိုက်မိသည်။ မိုးရေစက်ရဲ့မျက်ဝန်းများဟာ ပါဝါအားကောင်းလှတယ်ပဲ ပြောရမလား၊ စူးစူးရဲရဲ တောက်တောက်ပြောင်ပြောင် ဝင်းလက်လှပါသည်။

မိုးရေစက်ဟာ သူ့အမေနှင့် ဒက်ဒီကလွဲ၍ အိမ်ကလူအားလုံးကို သူ့ကိုပြုံးလျှင် ပြန်ပြုံးပြီး သူ့ကို ခပ်တည်တည်နေလိုက်လျှင် သူလည်း ခပ်တည်တည် နေလိုက်မြဲပင်။ အထူးသဖြင့်ကတော့ ကြီးကြီးနှင့် သူနှင့်ဟာ တစ်ယောက်ကိုတစ်ယောက် ခပ်တည်တည် ခပ်တန်းတန်း။

"သမီးဝိုင်း ... သမီးမိုးရေ၊ ထမင်းဘူးခြင်းတွေ အသင့်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းဘက်မှ ဒေါ်သူဇာ့အသံ ထွက်ပေါ်လာပါသည်။

"ဟုတ် ... အမေ"

မိုးရေစက်က ထမင်းစားခန်းဘက် ပြေးဝင်ကာ ခြင်းနှစ်ခြင်းလုံး ဆွဲယူလာပြီး အိမ်ရှေ့ပေါ်တီကိုအောက် ဒက်ဒီ့ကားနောက်က ဆင့်ရပ်ထားသည့် သူတို့ကျောင်းသွားဖို့ကားပေါ် ခြင်းတွေပြေးတင်သည်။ ဒက်ဒီ ဒီနားမှာ ဖုန်းပြောနေတာမို့ ဒက်ဒီ့ရှေ့ကဖြတ်ကာ ဒက်ဒီမြင်အောင် တမင်လုပ်ပေးတာဟု ဝိုင်းထင်သည်။ ဘာလို့လဲဆိုတော့ ဒီလိုနေ့တိုင်းတော့ မလုပ်ပေး၍ပင်။

မိုးရေစက်စိတ်က ခန့်မှန်းရခက်သည်။ သူလုပ်ချင် လုပ်၍ သူ မလုပ်ချင် မလုပ်မှတဲ့စိတ်ဓာတ်။ သူက ဝိုင်းနှင့်အလိုက်အထိုက် နေနေတာလား၊ ဝိုင်းက သူနှင့်အလိုက်အထိုက် နေနေရတာလား ဝိုင်း မတွေးတတ်တော့ပါ။

"မိုးရေ"

"အင်း"

"နင် မနေ့က သင်္ချာအမှတ် ဘယ်လောက်ရလဲ"

မိုးရေက ဝိုင်းအမေးကြောင့် ဝိုင်းမျက်နှာကိုစေ့စေ့လေးကြည့်ရင်း ...

"တစ်ရာ"

"တစ်ရာ !! "





"အင်း"

ဟွန့် ... တော်လိုက်တာ။ သင်္ချာတစ်ရာတဲ့။ ဒီနေ့အဖို့ မြန်မာစာအမှတ်တစ်ခုပဲ သိရဖို့ ကျန်တော့သည်။ ရှေ့နေ့တွေက ဖစ်စစ်စ် ကယ်မစ္စတြီတွေ အင်္ဂလိပ်စာအမှတ်တွေ သိရတုန်းက ဝိုင်းကချည်းသာ နှစ်မှတ် သုံးမှတ် စသဖြင့် မိုးရေထက်သာနေခဲ့တာပါ။ ဒီသင်္ချာတစ်ခုတည်းနှင့် ဝိုင်းတို့နှစ်ယောက် အမှတ်ဟာ အတူတူနီးပါး ဖြစ်သွားလောက်ပြီ။

ဒီနေ့သိရမယ့် မြန်မာစာအမှတ်က အဖြေထွက်သွားလိမ့်မည်။ မိုးရေစက်ဟာ ကြီးကြီး ထင်ထားသလို အထူးအထိုင်း မဟုတ်ဘူးဆိုတာ ဝိုင်း သိနေပါပြီ။ မိုးရေစက်ဟာ စာကြည့်စားပွဲမှာ ငြိမ်သက်ပြီး တစ်နာရီလောက် အာရုံဝင်စားစွာ ထိုင်လိုက်လျှင် ဝိုင်းနှစ်နာရီလောက် အော်ကျယ်ဟစ်ကျယ် စာကျက်ရတာနှင့်တန်းတူ စာရပါသည်။

ဒက်ဒီကား ခြံထဲကထွက်သွားလျှင် ဒက်ဒီကားနောက်က ကားထဲမှ ဦးဘိုစိန် ပေါ်တီကိုအောက်ရှေ့ တိုးလာဖို့ စက်နှိုးရာ ကားကစက်နိုးမလာ။ စက်နိုးသံ တဂီးဂီးသာထွက်နေလျက် စက်မနိုးတဲ့ ကားထဲက ဦးဘိုစိန် ထွက်လာကာ ဘောနက်ဖုံးဖွင့်ပြီး ဟိုကြည့်ဒီကြည့် ခေါင်းကုတ်ကျောကုတ် ဖြစ်နေလေသည်။

"ဦးဘိုစိန် ကားပျက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘက်ထရီများ ချွတ်ယွင်းလား မသိဘူး ဝိုင်းလေး၊ တွန်းနိုးကြည့်မယ်၊ ပေါလုရေ ... ကြည်ကြည်ရေ"

ကိုပေါလုနှင့် ကြည်ကြည်တို့ ပြေးလာကာ ကားကို ရှေ့တိုးနောက်ဆုတ် တွန်းကြပါသည်။ ပထမတော့ တစ်ကြိမ် စက်နိုးလာလိုက်ပြီး စက်ကပြန်သေသွားပြန်၍ ပြန်တွန်းကြရပြန်သည်။

"ဦးဘိုစိန် ကားကြီးကလည်း"

"အေး ... သမီးရယ်၊ ဒုက္ခပါပဲ ဘာဖြစ်တယ် မသိဘူး၊ သမီးတို့ တက်ထိုင်ပါလား၊ နိုးတာနဲ့ တစ်ခါတည်းမောင်းထွက်သွားမယ်"

"အို ... အဲဒါဆို လမ်းကျတစ်ခါ စက်ပြန်သေနေရင် ဝိုင်းတို့က တွန်းနေရဦးမယ်၊ မဖြစ်ပါဘူး၊ ကိုကို့ကို လှမ်းပြောမယ်၊ ကိုကို ကျောင်းမသွားသေးရင် ကိုကို့ကို ပတ်ပို့ခိုင်းရမယ်"

ဝိုင်းက သူ့လွယ်အိတ်ထဲက ဂျီအက်စ်အမ်ဖုန်းလေးကို ထုတ်လိုက်သည်။ ကိုးတန်းပဲ ရှိသေးပေမယ့် ဝိုင်းကို ဟဲန်းဒ်ဖုန်းပေးကိုင်ထားပါသည်။ မနှစ်ကတည်းက ကိုင်ခဲ့တာ။ ကျောင်းကြို ကျူရှင်ကြိုတွေ အကြောင်းတစ်ခုခုကြောင့် လာကြိုတဲ့ကားနဲ့ လွဲနေရင် အိမ်ကိုအလွယ်တကူ ဆက်သွယ်နိုင်အောင်ပါ။ တစ်ခါတစ်ရံ ကျူရှင်အိမ်မှာချခဲ့ပြီးမှ ကျူရှင်မှာ ဆရာမ မလာ၍ ကျူရှင်ဖျက်လိုက်တာမျိုးလည်း ဖြစ်တတ်၍ပင်။





"ဟယ်လို"

"ကိုကိုလား"

မျက်ခုံးလေးရှုံ့ပြီး ပိုင်ပိုင်နိုင်နိုင် လေသံလေးနှင့် ...သော ဝိုင်းကို မိုးရေက လှမ်းစိုက်ကြည့်နေမိသည်။

"အင်း ... မိဝိုင်း ... ပြော"

"ကိုကို ကျောင်းမသွားသေးဘူး မဟုတ်လား"

"အင်း ... အခုပဲ သွားတော့မှာ"

"ဝိုင်းတို့ကို လာဝင်ခေါ်ပြီး ကျောင်းမှာချပေးပါ ကိုကို"

"ဘာလဲ ... ကားပျက်လို့လား"

"ဟုတ်တယ်"

ဝိုင်းအသံက ချွဲနွဲ့နွဲ့။

"အော် ... လာခဲ့မယ်လေ၊ ဝင်ခေါ်မယ်၊ တော်သေးတာပေါ့၊ ကိုကိုက ခုပဲထွက်တော့မလို့၊ ခြံထဲမဝင်တော့ဘူး၊ ခြံဝထွက်စောင့်"

"ဟုတ်"

ဖုန်းကိုပိတ်လိုက်ပြီး ဝိုင်းက ခြံဝကိုပြေးနှင့်သည်။ ...က ဝိုင်းကိုကြည့်ကာ သူလည်း ခြံဝထွက်ရနိုး မထွက်ရနိုး ...ရ ဖြစ်နေသည်။ ကိုသောင်းသက္ကက ဘာပြောလို့ပါလိမ့်။ ...စောင့်ခိုင်းတာဆိုရင် မိုးရေလည်း ထွက်ရမှာ၊ ဒါမှမဟုတ် ...က ခြံဝမှာ တမင်ထွက်ကြိုတာဆိုလျှင် မိုးရေလိုက်သွားပါက ...င်က ဘာလိုက်လုပ်တာလဲ"လို့ မေးခံရရင် ရှက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဟာ စိတ်ကောင်းရှိပေမယ့် ဒီအိမ်မှာ အစစအရာရာ သူ့ပဲအနိုင်ရမြဲ အရေးပေးခံရမြဲ ထုံးစံရှိခဲ့၍ အောက်သက်တော့ မကြေ။ ခုလည်း ဦးဘိုစိန် ကားထဲက ဆွဲခြင်းတောင်းတွေ ယူမသွားတာဟာ ယူရကောင်းမှန်း ခေါင်းထဲမရောက်တာလည်း ဖြစ်နိုင်ကာ သူက ထွက်ကြိုရုံလေး ကြိုတာမို့ ယူမသွားသေးတာလည်း ဖြစ်နိုင်တာကြောင့် မိုးရေမှာ ဝေခွဲမရတာပါ။

ဝိုင်းဟာ ကိုသောင်းသန္တာ ရှီးရှီးတန်းတန်း ခြံထဲလာလည်မှာကိုတောင်မှ ခြံဝထွက်ကြိုတတ်တာ မဟုတ်လား။

"ဟဲ့ ... ဟိုကောင်မလေး"

နောက်က ဟိန်းခနဲအသံကြောင့် မိုးရေက လှည့်ကြည့်လိုက်ပါသည်။

"ဘာရုပ်လုပ်နေတာလဲ၊ ဝိုင်းတောင် ခြံဝထွက်စောင့်နေပြီး ညည်းကျမှ ခြံထဲထိ ဝင်ခေါ်လိမ့်မယ် ထင်နေတာလား"

မိုးရေက ဒေါ်တင်တင်ကို ခပ်စူးစူးလေး ကြည့်နေမိရင်း ...

"ကားထွက်စောင့်တာလား ခြံဝက ထွက်ကြိုတာလား မိုးရေ မသိလို့ပါ"

"အမယ်လေးဟဲ့ ... ရွှေဉာဏ်တော်စူးရောက်နေပြန်ပြီ၊ ကျောင်းချိန်ကပ်နေတဲ့ဟာ၊ ခြံဝကို တကူးတက ထွက်ကြိုပြီးမှ ပြန်ဝင်လာပါဦးမလား၊ ခြံဝကနေပဲ ကားပေါ်တက်ကြပေါ့၊ အောက်လမ်းက ပတ်ထွက်မှာပေါ့၊ ခြင်းတွေ ဟိုကားပေါ်ကယူ၊ လိုက်သွား"

မိုးရေက စူးစူးလေးကြည့်နေပြီးမှ ဦးဘိုစိန်ကားနားလျှောက်သွားလိုက်ပါသည်။ ကားဆက်မတွန်းဖြစ်တော့တဲ့ ကြည်ကြည်က ကားနောက်ခန်းထဲက ခြင်းနှစ်ခုကို ထုတ်ယူလာပါသည်။

"ကြည်ကြည် ... သူ့ကို ခြင်းတွေပေးလိုက်"

"ဟုတ်ကဲ့"

မိုးရေက မမကြည် လက်ထဲမှ ကိုယ့်ခြင်းတစ်လုံးထဲကိုပဲ လှမ်း၍လက်ပြောင်းယူကာ ခြံဝကိုထွက်လာခဲ့ပါသည်။ မကြည်တို့ဆိုတာ အိမ်ရဲ့ဝေယျာဝစ္စကူဖို့ ခေါ်ယူထားတဲ့လူတွေပဲ မဟုတ်လား။ သူ့ကိုမလုပ်စေဘဲ မိုးရေကိုပဲ တမင်တကာတကူးတက လုပ်ကိုလုပ်စေချင်နေတာကို သိ၍လည်း မိုးရေစိတ်က နာခံလို့မရ။

"တောက် ... တွေ့လား အချိုးကိုက၊ မောင်ရဲရှေ့ကျအချိုးကတစ်မျိုး၊ လုပ်ပေးရတာ ပျာယာကိုခတ်နေတာ"

ဒက်ဒီက ဘယ်တုန်းက မိုးရေကို အိမ်ဖော်တစ်ယောက်လို ခိုင်းတာမို့လို့လဲ။ စေတနာထားမှန်းသိလို့ ဒီကလည်း ကြည်ညိုလေးစားပြီး မဖြစ်မနေ လုပ်ပေးချင်တာပေါ့၊ ဒက်ဒီ့ကိုတစ်မျိုး၊ ကြီးကြီးကိုတစ်မျိုး အချိုးပြောင်း မဆက်ဆံချင်ပေမယ့် ဒီလိုပဲ ဖြစ်လာတာကိုး။ မားသွားချွန်ချွန်စူးစူး ထက်ထက်မြမြတွေဟာ မှန်တစ်ချပ်ထဲမှာ ဝါဝင်မ်းဖတ်ကလေးတွေလို အရိပ်ထင်နေရိုးထုံးစံရှိလို့လား။ ဆင်တူအရိပ်ထင်မှာပဲလေ။







www.burmeseclassic.com

မိုးရေလည်း ခြံဝရောက် ကိုသောင်းသက္ကရဲ့ကားလည်း ခြံဝကိုလျှောခနဲအရောက် ကွက်တိပင်။ ကြည်ကြည်က ခြင်းဆွဲကာ ကပ်ပါလာသည်။

"ကိုကို"

"လာ ... တက်"

ဝိုင်းက ရှေ့ခန်းက သောင်းသက္ကနံဘေးနေရာမှ တံခါးဖွင့်ဝင်ထိုင်လိုက်ပါသည်။ ကားထဲက သောင်းသက္ကနှင့် ကားနားကပ်လာတဲ့ မိုးရေ အကြည့်ချင်း ဖျတ်ခနဲဆုံသည်။ သဘောကောင်း နူးညံ့တဲ့အပြုံးကြည်ကြည်ကို ကိုယ်လေးညွတ် ခေါင်းလေးညွတ် တုံ့ပြန်လိုက်ရပါသည်။

"ဝိုင်း ... ခေါ်လိုက်ဦးလေ"

"ဟဲ့ ... လာလေ၊ နင် နောက်ကတက်"

မိုးရေက နောက်ခန်းတံခါးဖွင့်ကာ တက်ထိုင်လိုက်ပါသည်။ ကြည်ကြည်က ဝိုင်းထံ ထမင်းချိုင့်ခြင်း လှမ်းပေးရင်း ...

"ရရဲ့လား ဝိုင်းလေး"

ဘာကြောင့် မရရမှာလဲ။ ကိုယ်စားမယ့်ထမင်းဘူးနဲ့ ရေဘူးထည့်ထားတဲ့ ခြင်းတစ်လုံးကို ကိုးတန်းအရွယ်ကျောင်းသူ တစ်ယောက် သူ့ဟာသူကိုင်မယ့်ကိစ္စကို ဘာကြောင့်များ "ရရဲ့လား" "နိုင်ရဲ့လား" "ဖြစ်ရဲ့လား"တွေ ရှိရတာလဲ။ အင်းလေ ... နာမည်ကိုကလည်း "ဝိုင်းတုန်သည်း"တဲ့လေ။ သူ့ကိုမွေးကတည်းက လူတကာက ဝိုင်းတုန်ပြီး သည်းသည်းလှုပ်ကြလို့ ဒီနာမည် ရခဲ့တာပဲ မဟုတ်လား။





"မိုးရေစက်"

"ရှင်"

ရှေ့ခန်းမှ ငဲ့ကြည့်ကာ နူးနူးညံ့ညံ့ခေါ်လိုက်တဲ့ သောင်းသက္က အသံကြောင့် မိုးရေက အလန့်တကြားလေးထူးကြိတ်မိပါသည်။

"တံခါးပြန်ဖွင့်လိုက် ညီမလေး၊ တံခါးမကျဘူး၊ ခပ်ကြမ်းကြမ်းသာ ဆွဲပိတ်လိုက် ညီမ"

ညီမ ...။ ညီမလေး။

"ဟုတ် ... ဟုတ်ကဲ့"

ဤလေသံ ကြင်ကြင်နာနာကလေးမျိုးနဲ့ အစ်ကိုရင်း[illegible]ာ်သူပင် ခေါ်တာမခံခဲ့ရဖူး၍ နားထဲ ချိုမြနွေးထွေးနေပါသည်။ တံခါးကို ကြမ်းကြမ်းဆွဲပိတ်လိုက်ကာ လှည့်ကြည့်နေဆဲ သောင်းသက္ကကို မရဲတရဲ ပြုံးပြလိုက်သည်။

ကိုကို ...။

စိတ်ထဲမှာ အကြိမ်ကြိမ်ခေါ်မိပြီးသား သညာလေး ဖြစ်ပေမယ့် တစ်ခါမှတော့ နှုတ်ကထုတ်မခေါ်ဖူးမိသေး။ ဝိုင်းခေါ်သလိုပဲလေ ကိုကိုလို့ပဲ ခေါ်မယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ။ ခေါ်နှင့်မသာသေးတာသာ။ ကိုကိုနှင့် အကြိမ်ကြိမ်ဆုံတွေ့ပြီးပြီ ဖြစ်ဆိုမယ့် ဟက်ဟက်ပက်ပက် စကားလက်ဆုံ မကျဖူးသေးပါ။

"မိုးရေစက် စာလိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ကိုကိုလို့ ပြောရင်ရတာယ်လေ မိုးရေရယ် ကိုယ့်ကိုယ်ကိုယ် အားတင်းသတ္တိမွေးနေမိပါသည်။

"အမယ်လေး ... ကိုကိုကလည်း၊ မိုးရေကို သိပ်အထင်မသေးနဲ့၊ စာလိုက်နိုင်လားဆိုတာ မေးစရာမလိုဘူး၊ အဆင့် ဘယ်လောက်ရမလဲ စောင့်ကြည့်ဦး"

"ဟုတ်လား"

"မနေ့က သင်္ချာအမှတ်တွေ သိရတယ်။ မိုးရေက တစ်ရာလေ"

"ဟား ... တယ်တော်ပါလား၊ ဝိုင်းကရော"

"ဝိုင်းက ရှစ်ဆယ့်ရှစ်ပဲ ရတယ်"

"ရှမ်းပြန်ပြီပေါ့၊ ဟုတ်လား ကြီးတော်ဝိုင်း"

ကိုကို့ရဲ့ ချစ်စနိုးခေါ်ပုံလေးကို နောက်ခန်းကနေ မိုးရေ ကျိတ်ပြုံးနေမိသည်။

"ကျန်တဲ့ဘာသာတွေရော အကုန်ရလား မိုးရေ"

"ရ ... တော့ ရပါတယ်၊ ဖစ်စစ်စ် ကယ်မစ္စတြီက မိုးရေ နည်းနည်းအားနည်းတယ်၊ ကျန်တာတွေတော့ ရပါတယ်"

"ဖစ်စစ်စ် ကယ်မစ္စတြီဆိုတာ ဆယ်တန်းမှာ ဂုဏ်ထူးယူရမယ့် ဘာသာတွေလေ၊ အားနည်းလို့ မဖြစ်ဘူးနော် မိုးရေ"

"ဟုတ် ... ဟုတ်ကဲ့ ကိုကို၊ အဲဒါကြောင့် မိုးရေ ပိုကြိုးစားပါတယ် ကိုကို"





မိုးရေရဲ့ "ကိုကို"ခေါ်သံသည် တုန်တိုးတိမ်ဝင်သွားပါသည်။ ခေါ်ပြီးတာနှင့် ကိုယ့်ဟာကိုယ်ရှက်ကာ ပါးပြင်တွေ မှိန်းနီမြန်းတက်လာသည်။

"ကိုကို"

"ပြော ... ဘာတုန်း"

"ညနေကျောင်းကပြန်လာရင် လမ်းမတော်က မငယ်ဝက်သားလိပ် ဝယ်ခဲ့ပေး၊ ဝိုင်းစားချင်တယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"အချဉ်များများ တောင်းခဲ့နော်"

"အင်းပါ"

ကိုကိုနဲ့ဝိုင်းရဲ့ တရင်းတနှီးလေသံတွေကို နောက်ခန်းကနေ ကုပ်ကုပ်လေးကျိတ်၍ နားထောင်အားကျနေဆဲ ကိုကိုက မိုးရေကို နောက်ကြည့်မှန်မှ ကြည့်လိုက်ကာ ...

"မိုးရေကော ဝက်သားလိပ်ကြိုက်လား၊ ဝက်သားစားလား"

"ကြိုက် ... ကြိုက်ပါတယ်၊ စားပါတယ် ကိုကို"

"ဒါဖြင့် မိုးရေဖို့ပါ ဝယ်ခဲ့မယ် ... သိလား"

မိုးရေက နှုတ်ခမ်းလေး တင်းတင်းစေ့ကာ ခေါင်းကို အားရပါးရ ညိတ်ပြလိုက်ပါသည်။

✧ ❁ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၅

"မိုးရေ ... မိုးရေ"

ဒေါ်တင်တင်ရဲ့အသံက တစ်အိမ်လုံးကို ဖုံးလွှမ်း
သွားပါသည်။

"မိုးရေစက်"

ဒေါ်သူဇာက မီးဖိုချောင်ဘက် အပြေးရောက်လာ
ကာ ...

"မမကြီး ... မိုးရေတို့ ကျူရှင်ဆရာမ ရောက်နေတယ်လေ
ဘာခိုင်းမလို့လဲ၊ ကျွန်မ လုပ်ပေးမယ်"

"အမယ်လေး ... ကျူရှင်ဆရာမက ခုနပဲ ပြန်သွားပါပြ
မမသူဇာရယ်၊ ကျုပ်တောင် နှုတ်ဆက်လိုက်ပါသေးတယ်
ခိုင်းစရာရှိလို့ ခေါ်နေတဲ့သူက လည်ချောင်းကွဲတော့မယ်
ညည်းသမီးဟာ ခေါ်မကြား အော်မကြား တကယ်နားလေး
တာလား၊ ခိုင်းမှာကြောက်လို့ပဲ မကြားချင်ယောင်ဆောင်
နေလား မသိဘူး"





"မမကြီး ခိုင်းစရာရှိရင် ကျွန်မ လုပ်ပေးပါ့မယ်၊ မိုးရေတို့က စာမေးပွဲကြီး တစ်လပဲလိုတော့တာမို့လို့ သူ စာလုပ်စရာရှိ လုပ်ပါစေ"

"အမယ်လေး ... မသည်းစမ်းပါနဲ့ဟယ်၊ ခုပဲ ကျူရှင်ဆရာမ ပြန်တာ၊ သူလည်း တန်းပြီးစာမကျက်နိုင်သေးပါဘူး၊ ခေါင်းရှင်းရင်း အောက်မှာကူစရာရှိတာ လာကူပေါ့၊ ဒေါ်နု က တုပ်ကွေးကွေးနေလို့ ကြည်ကြည် တစ်ယောက်နဲ့ လိပ်ပတ်မလည်လွန်းလို့ ခေါ်ခိုင်းတာပါအေ့"

"ကျွန်မလုပ်ပါ့မယ်ဆို မမကြီးရယ်"

"ညည်းမလုပ်ပါနဲ့၊ ညည်းကိုမခိုင်းရဲပါဘူး၊ ဟိုတစ်ခါ အစာအိမ်ရောင် အူရောင်ပြီးကတည်းက ညည်းယောက်ျား က ညည်းကိုပင်ပင်ပန်းပန်း ဘာမှမခိုင်းပါနဲ့လို့ မျက်နှာထိ မျက်နှာထားနဲ့ ပြောထားတာ။ မခိုင်းရဲပါဘူးတော်၊ တော် ကြာ ညည်းဟာညည်း မဆင်မခြင် ပေါက်ပန်းဈေးလျှောက် စားပြီး ဖြစ်ချင်ရာဖြစ်ရင် ငါ အခိုင်းထူလို့ ဖြစ်နေပါဦး မယ်"

"အခု ကျွန်မ ကောင်းနေပါပြီ မမကြီးရယ်၊ မိုးရေကို ထားလိုက်ပါ၊ သူ့ဟာသူ စာပဲကျက်ကျက် အနားပဲယူယူ နေပါစေ"

"ညည်းတို့ကို အဲဒါတွေ အမြင်ကတ်တာ၊ အလကားနေ သည်းသည်းလှုပ်နေတယ်၊ ညည်းသမီးက ခုချက်ချင်းလက်

www.burmeseclassic.com



ငင်း ဆရာဝန်ဖြစ်တော့မယ့်သူမို့လား၊ နှစ်အစက ဝိုင်းလေးကို မရမက သဲသဲမဲမဲ လိုက်ပြိုင်ပြီး အမှတ်လေးကောင်းချင်သလိုလိုရှိတာနဲ့ ညည်းတို့ကိုယ်ညည်းတို့ သွေးနားထင်ရောက်နေတယ်၊ အခုပြီးခဲ့တဲ့ သိတင်းကျွတ်စာမေးပွဲလည်း ကျရော အမှတ်လေးတွေက အောင်မှတ်တောင် သိုးကာ သီကာနဲ့ ဘာသာစုံ ငါးဆယ်မပြည့်ချင်ပြည့်ချင် အောင်လာတာ မဟုတ်လား၊ အလကားနေ သူ့သမီးသူ ရမ်းသမ်း အထင်ကြီးနေတာပဲ"

ဒေါ်သူဇာ့ မျက်နှာက တည်သွားပါသည်။

ဤအိမ်မှာ သူကိုယ်တိုင် ဘယ်သူ့အောက်ကျို့ရ ကျို့ရ ကျို့ရန်အသင့်ရှိပေမယ့် သမီးဖြစ်သူ မိုးရေစက်ကိုတော့ ကိုယ့်လို မျက်နှာငယ်အောင် အောက်ကျရတာမျိုး မဖြစ်စေလိုပေ။

သမီးကို အထင်ကြီးတယ် ဆိုချင်လည်း ဆိုပါစေ။ ဒေါ်သူဇာက သူ့သမီးလေး မိုးရေစက်ကို ဘယ်လိုပဲကြည့်ကြည့် တောက်မည့်မီးခဲ တရဲရဲလို့ပဲ ထင်တာပင်။ သူ့အဖေနဲ့လည်းမတူ ကိုယ်တိုင်နဲ့လည်းမတူ သားကြီးနဲ့လည်းမတူ သူ့ဘဝလေးသူ တန်ဖိုးထားတတ်တဲ့ သမီးလေး မိုးရေစက်ကို ဘယ်သူကဲ့ရဲ့ပါစေ ဒေါ်သူဇာကတော့ မိုးလောက်ကြီး မှန်းမျှော်ထားတာပင်။

မိဘဆိုတာ ကိုယ့်သား သမီးအပေါ်မှာပဲ မျှော်လင့်ချက်တစ်ဆုံးထားနိုင်တာ မဟုတ်လား။ ဒါကို အပြစ်ဆိုလျှင်ဆိုသူရဲ့ အလွန်သာ။





"သိတင်းကျွတ်လမတိုင်ခင်တုန်းက ကျွန်မ အရမ်းနေမကောင်းဖြစ်လိုက်လို့ မိုးရေက ကျောင်းလည်းပျက် စာလည်း မကျက်နိုင်၊ ကျူရှင်ချိန်လေးပဲ လိုက်တက်ပြီး အခုံများသွားရှာလို့ အမှတ်မကောင်းတာပါ မမကြီး၊ အခုကတော့ ဇန်နဝါရီလထဲ ရောက်နေပြီ၊ စာမေးပွဲကြီးကပ်နေပြီမို့ မိုးရေကို စာပဲကျက်စေချင်ပြီမို့ပါ"

"ပြောနေရင်းနဲ့ကို ညည်းက လျှာရှည်ပြီး စောဒကတက်နေတုန်းပါလား သူဇာ၊ တော်ရုံပဲသည်းပါ၊ မျက်စိနောက်အောင် မလုပ်နဲ့"

"အခု မမကြီး ဘာခိုင်းချင်လို့လဲ"

"ဒီနေ့ ပွဲရုံက တစ်လစာကုန်ခြောက်တွေ ပို့ထားတာလေ၊ စတိုခန်းမှာ ရှုပ်ပွနေတာပဲ၊ အိတ်တွေပြန်နေရာချ ရှင်းလင်းရမယ်"

အိမ်မှာ တစ်လစာ ဆန် ဆီ ဆား ငရုတ်ကြက်သွန် မန်ကျည်းသီး အာလူး ပဲ ကြာဆံ စသဖြင့်တို့ကို ပွဲရုံက မှာနေကျဖြစ်၍ ယူနေကျအတိုင်း အိမ်ကိုလာချပေးသွားတာဖြစ်ပါ။ ဒါတွေကို ကိုယ်တိုင် ထွက်မဝယ်ရ။

အဲဒီနေ့ဆို အခြောက်အခြမ်းသိမ်းတဲ့ စတိုခန်းထဲ ရှုပ်ပွနေတာတော့ အမှန်ပင်။ အခန်းလယ်မှာ အိတ်တွေအထုပ်တွေ ပုံချသွားတာမို့ ဒါတွေကို အထုပ်အပိုးဖြေကာ ကြောင်အိမ်ထဲထည့်တန်ထည့် ဖြန့်ခင်းပြီး ကျင်းတန်တာကျင်းထား။ ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဘူးထဲ ခွက်ထဲ ထားနေကျ နေရာတကျ ရှင်းလင်းသိမ်းဆည်းရသည်။ ကြက်သွန်နီဆို နဂိုကျန်တဲ့အနည်းငယ်ကို အရင်ဖယ်၊ ရောက်လာတဲ့အသစ်ကို အောက်ကထား၊ အဟောင်းကိုအပေါ်ယံပြန်တင်၊ အပေါ်နှင့်အောက် ပြောင်းပြန်ဖလှယ်ကာ တစ်ခုချင်း နေရာချရတာဖြစ်၍ မပင်ပန်းပေမယ့် အချိန်ကုန်လေသည်။

"ကျွန်မလုပ်ပါ့မယ် မမကြီး"

"ကျွတ် … စိတ်တိုနေပါတယ်ဆိုမှ ငါ့ဒေါသကိုဆွနေပြန်ပြီ၊ ညည်း မြှောက်စားနေပုံနဲ့ ညည်းသမီးဟာ ဘဝမေ့ပြီး အပိုးကိုကျိုးမှာ မဟုတ်တော့ဘူး"

ဒါတွေမလုပ်ရလို့သာ အပိုးမကျိုးဘူးဆိုရင် မိုးရေစက်ထက် ဝိုင်းတုန်သည်းက ပိုပြီး အပိုးမကျိုးဘဲ မရှိပေဘူးလားလို့ ပြန်ပြောလိုက်ချင်သည်။ ဒေါ်တင်တင်က အိမ်ရှေ့ဧည့်ခန်းဘက် ထွက်လာကာ လှေကားရင်းမှနေ၍ …

"မိုးရေစက် … အခု ဆင်းခဲ့ဦး"

အကျယ်ကြီးအော်ပြီး ဒီဘက်ပြန်အလှည့် အိမ်ရှေ့တံခါးဝ ခြင်ဆန်ခါအပြင်ဘက်နား ရပ်နေတဲ့လူရိပ် မြင်လိုက်ရတာမို့ သဲကွဲအောင် ကြည့်လိုက်လျှင် …

"ဟင် … သား၊ မောင်သက္ကာ၊ ဘယ်တုန်းက ရောက်နေတုန်း"

"ဗျာ် … အဟင်း … ကျွန်တော် ခုနကပဲ …"

"အထဲဝင်လေ … အပြင်ကြီးမှာရပ်ပြီးတော့၊ လာ … လာ"

"ဟုတ်"





သောင်းသက္ကာက ခြင်ဆန်ခါတံခါးကို ဆွဲဟပြီး အိမ်ထဲလှမ်းဝင်လိုက်ပါသည်။ သူရောက်နေတာ မိနစ်အနည်းငယ်သာ ရှိပြီမို့ ကြီးကြီးနှင့် ဒေါ်သူဇာ ပြောနေတဲ့စကားတွေကို ကြားနေရ၍ အားနာပြီး အထဲထိ လှမ်းမဝင်မိသေးတာပါ။

"လာ … သား၊ ဝိုင်းလေး ခေါ်ပေးရမလား"

"သူ စာလုပ်နေရင် နေပါစေ ကြီးကြီး၊ ဝိုင်းဆီလာတာ မဟုတ်ပါဘူး၊ ဖေဖေက အန်ကယ့်ကို ဒီဘောလုံးခွေတွေ ပေးခိုင်းလိုက်ပြီးတော့ အန်ကယ့်ဆီက ပြီးခဲ့တဲ့အပတ်က တိုင်းမ်မဂ္ဂဇင်း တောင်းခိုင်းလိုက်လို့ပါ"

"ဪ"

"ဖေဖေက တစ်ခါတစ်ရံပဲ အပြင်ကဝယ်တာဆိုတော့ ပြီးခဲ့တဲ့အပတ်က စာအုပ်ဝယ်မရတော့လို့တဲ့၊ အန်ကယ်က တော့ လပေးယူတာဆိုတော့ ရမှာသေချာတယ်ဆိုပြီး ငှားခိုင်းလိုက်လို့ပါ"

ဒေါ်တင်တင်က သူတို့စကားပြောနေတုန်း လှေကားက ဘျပ်ဖျပ် အပြေးဆင်းလာတဲ့ မိုးရေစက်ကို ခပ်တင်းတင်းတစ်ချက် လှည့်ကြည့်လိုက်ရင်း သောင်းသက္ကာဘက် လှည့်တော့ မျက်နှာထားက ပြောင်းလဲချိုသာသွားလျက် …

"မင်းအန်ကယ်က ပြန်မရောက်သေးဘူး မောင်သက္ကာရဲ့၊ အခွေတော့ ပေးခဲ့လေ၊ စာအုပ်တော့ မင်းအန်ကယ်ပြန်လာမှမေးပြီး ပေါလုနဲ့ ပို့ခိုင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီတိုင်းမ်မဂ္ဂဇင်းက အောက်ထပ်က စာအုပ်ခန်းထဲမှာပါ၊ ကြီးကြီး အဲဒါမေးဖို့ မိုးရေကို ခေါ်တာလား၊ မိုးရေ သွားရှာပေးလိုက်မယ် ကြီးကြီး"

"ညည်းကို တခြားခိုင်းဖို့ ခေါ်တာပါ၊ မဂ္ဂဇင်းစာအုပ်က ယူရင်လည်း သွားယူလိုက်၊ ပြီးရင် လုပ်စရာရှိသေးတယ်"

သောင်းသက္ကက မိုးရေစက်ရဲ့မျက်နှာလေးကို ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။ ဒီအိမ်မှာ ပေါင်းရသင်းရ ဆက်ဆံရခက်လှတဲ့ ကြီးကြီး အကြောင်းကို သောင်းသက္ကတို့ မိသားစုပင် သိပါသည်။ ကြီးကြီးဟာ တစ်ခါတစ်ရံမှာ သောင်းသက္ကရဲ့အမေ ဒေါ်ချိုချိုကိုပင် သူစိတ်အခန့်မသင့်ရင် မသင့်သလို ခွပ်တတ်ရစ်တတ်ပြီး တစ်ခါတစ်ရံ စကားရှိုးရှိုးကို အဓိပ္ပာယ်တစ်မျိုးကောက်ပြီး ဇွဲယူစိတ်ကောက်သွားချင် ကောက်သွားတတ်သေးတာ။

ကိုယ့်ဘက်ကမသိတော့ ပြေရာပြေကြောင်း မရှင်းမိမပြောမိ။ တစ်လကိုးသီတင်းလောက် အချိုးအချိတ်ပြောင်းလဲ တိတ်ဆိတ် ငြိမ်သက်နေလျှင် မေမေ့မှာ ...

"မမတင် တစ်ယောက် ဘာကောက်နေပြန်လဲ မသိဘူးကွယ်၊ စဉ်းစားလို့လည်းမရဘူး၊ တစ်ခုခုကို ကောက်နေပြန်ပြီ ဒုက္ခပါပဲ"





ဒီလိုနှင့် မေမေ့မှာ အကြောင်းမရှိ အကြောင်းရှာနှုန်းဟင်းခါးလေးချက်ရ နန်းကြီးသုပ်လေးလုပ်ရနှင့် ကိုယ်ကသယ်သူပီပီ မျက်နှာမပျက်လိုတာကြောင့် ကြီးကြီးကို တကူးတကန့်ချော့ရမော့ရ လှည့်ပတ်စကားပြောရ လုပ်ရတတ်ပါသေးသည်။ ကြီးကြီးက တဖြည်းဖြည်းနှင့်မှ မပြောချင်သလို ပြောချင်သလိုနှင့်ပြန်ပြီးခေါ်ကာပြောကာ ဖြစ်လာတတ်တာ။

အဲသလို အမူအကျင့်ရှိတဲ့ ကြီးကြီးဟာ သောင်းသက္ကတို့ မျက်စိရှေ့မှောက်မှာပင်လျှင် မိုးရေစက်ကို ငေါက်တာငမ်းတာ ချိုးတာ နှိမ်တာတွေကို မကြာမကြာ ကြုံကြိုက်တွေ့မြင်နေရတယ်ဆိုတော့ ကွယ်ရာမှာလည်း ဒီတိုင်းပဲရှိမှာပင်။

မိုးရေစက်ဟာ ကြီးကြီးရဲ့မျက်နှာပုပ်ပုပ်ကြီးအတွက် ရိုးနေပြီဖြစ်ပုံရသည်။ ဒုပေဒါပေခံနိုင်နေသလို မျက်နှာသေလေးနှင့်ပင် ...

"ကိုကို ... ခဏလေးနော်"

စာကြည့်ခန်းဆီ ခပ်သုတ်သုတ်လေး လှမ်းသွားပါသည်။

ကြီးကြီးဟာ စတိုခန်းဆီ ထွက်သွားတဲ့ ဒေါ်သူဇာထံ အာရုံတစ်ဝက်၊ စာကြည့်ခန်းဆီ ထွက်သွားတဲ့ မိုးရေစက်ထံ အာရုံတစ်ဝက်၊ ဟိုကြည့် ဒီကြည့်နှင့် စိတ်မပြတ်ဖြစ်နေပြီးသော် စတိုခန်းဘက်လှည့်ကာ လှမ်းသွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မသူဇာ ... ညည်း မလုပ်နဲ့၊ ညည်းဖယ်နေ၊ ငါ့မောင်နဲ့ ငါ့ကို ရန်မတိုက်စမ်းပါနဲ့အေ"

သောင်းသက္ကက သက်ပြင်းတစ်ချက်ရှိုက်ကာ စာကြည့်ခန်းအဝကို လျှောက်လာခဲ့လိုက်ပါသည်။ စားပွဲပေါ်နှင့် အံဆွဲထဲတွေ ရှာနေတဲ့ မိုးရေစက်ကိုကြည့်ကာ

"အလွယ်တကူမတွေ့ရင် ကိစ္စမရှိဘူး ညီမလေး၊ အန်ကယ် ပြန်လာမှ ကိုယ်နောက်တစ်ခေါက်ပြန်လာ တောင်းရင်လည်း ရပါတယ်"

"ရပါတယ် ကိုကို၊ မနေ့ညကပဲ ဒက်ဒီ ဒီနားထားသွားတာ မိုးရေတွေ့တာ၊ ဒီနားမှာ ရှိပါတယ်၊ ဩော် ... တွေ့ပြီ ကိုကို ဒီမှာ"

စားပွဲပေါ်က စာအုပ်ထပ်ထဲက ဆွဲထုတ်ကာ ဝမ်းသာအားရလေး ထောင်ပြရင်း ပြောလိုက်တဲ့ မိုးရေရဲ့မျက်ဝန်းလေးတွေက ကြည်စင်နေသည်။ သောင်းသက္ကက ရေ့တိုးကာစာအုပ်ကို လှမ်းယူလိုက်ရင်း ...

"ကျေးဇူးပဲ မိုးရေ၊ စာမေးပွဲနီးပြီနော်၊ စာတွေရရဲ့လား"

"ဟုတ်ကဲ့ ... ရပါတယ် ကိုကို"

"သီတင်းကျွတ်စာမေးပွဲတုန်းက အမှတ်တွေမကောင်းဘူးဆို၊ အန်တီဒေါ်သူဇာ နေမကောင်းဖြစ်လိုက်လို့ ဟုတ်လား"

"ဟုတ် ... ကိုကို ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲ ကြားတာပေါ့"





"စာဖတ်ရုံလောက်ပဲ အချိန်ရလိုက်လို့ပါ၊ အခုတော့ မိုးရေ တော်တော်ကျက်ပြီးပါပြီ ကိုကို"

မိုးရေ အခန်းဝကိုကျော်ကာ ထမင်းစားခန်းဘက် ခိုးမဖြောင့်သလို မျှော်ကြည့်လိုက်ရင်း ...

"ဒီညတောင် စာကျက်စရာရှိသေးတယ်၊ နက်ဖြန်မနက် ကျောင်းမှာ အတန်းထဲမှာ ဖြေစရာလေးရှိတယ်၊ ကြီးကြီး က ဘာခိုင်းမလို့လဲ မသိဘူး၊ မိုးရေ မြန်မြန်သွားလုပ်ပေးလိုက်ဦးမယ် ကိုကို"

သောင်းသက္ကက ဒီကောင်မလေးကို ကရုဏာသက်သွားရပါသည်။ မျက်လုံးလေးတွေက အရောင်တဖျပ်ဖျပ် ရှင်သန်တောက်ပနေသလောက် အဝတ်အစားလေးတွေကကျတော့ ခပ်နွမ်းနွမ်းလေးတွေ။ အဝတ်အစားလေးတွေဟာ သူ့ရုပ်သန့်သန့်လေးနှင့် မလိုက်ဖက်ပါ။

"စာမေးပွဲကပ်နေတော့ စာကိုတော့ ဦးစားပေးလုပ်နော် မိုးရေ"

"ဟုတ်ကဲ့ ... အမေကလည်း အဲလိုပဲ ပြောထားပါတယ် ကိုကို၊ ဒါပေမဲ့ ခုတလောက အမေက သိပ်နေမကောင်းလို့ မိုးရေ အိမ်အလုပ်ပါ ကူနေတာပါ၊ ကိုကို မိုးရေကို စိတ်မပူနဲ့နော်၊ မိုးရေက ကိုကို့လိုပဲ ဆေးတက္ကသိုလ်ဝင်အောင်လုပ်ပြီး ကြီးလာရင် ဆရာဝန်မကြီးလုပ်မှာ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



သောင်းသက္ကက မိုးရေ မျက်နှာလေးကိုကြည့်ရင်း နှုတ်ခမ်းများ ကြည်ကြည်နူးနူး ပြုံးနေမိပါသည်။ ဒီကောင်မလေး စိတ်ဓာတ်လေးကို ကြိုက်သည်။

"မိုးရေ စိတ်ထဲမှာ ကိုကို ကူညီပေးနိုင်မှာပဲလို့ ထင်လိုက်မိတဲ့ကိစ္စမှန်သမျှ ကိုကို့ကိုပြောနော်၊ ကိုယ် ကူညီမယ်"

"ဟုတ်ကဲ့ ကိုကို"

မိုးရေက သောင်းသက္ကကို ရွှန်းလက်တောက်ပစွာ ကြည့်ရင်း အလေးအနက် ခေါင်းညိတ်ပြလိုက်ပါသည်။

"မိုးရေ ... ညည်းစာအုပ်ရှာတဲ့အလုပ်က ဘယ်တော့ပြီးမလဲ၊ သိတာရော ဟုတ်ရဲ့လား၊ နောက်ဖေးလာမကူချင်တာနဲ့ပဲ အိမ်ရှေ့အချိန်ဖြုန်းဖို့ အကြောင်းပြချက်ရအောင် ဖြီးနေတာ လား"

သောင်းသက္ကသည် လူကြီးတစ်ယောက် ဖြစ်သော်လည်း စိတ်ရင်းသဘောမပြည့်ဝတဲ့ ကြီးကြီးကိုယ်စား ကိုယ်နှင့် မဆီမဆိုင် မိုးရေကို မျက်နှာပူ အားနာမိသည်။ မိုးရေက ထို အသံကြောင့် ခေါင်းကိုလှန်၍ ရယ်လိုက်ရင်း ...

"အဟားဟား ... ကိုကို ... မိုးရေ နောက်ဖေးပြေးလိုက်ဦး မယ်၊ အမေလုပ်နေရမှာစိုးလို့"

"သွား ... သွား၊ မိုးရေ သွား"

တဖျပ်ဖျပ် ပြေးထွက်သွားတဲ့ နွမ်းစုတ်စုတ်ကောင် မလေးကို ငေးမောရင်း သူ့ပါး ညှော်ခန်းပြန်ထွက်လာခဲ့ပါသည်။





"သွား ... စတိုခန်းမှာ ပွဲရုံကအထုပ်တွေ ရှင်းချည်ဦး၊ စာစာနဲ့အကြောင်းပြပြီး အိမ်အလုပ်ကို ကူမလုပ်ချင်ဘူး၊ ဟို အရင်က ညည်းအမေ တစ်နေကုန် ပွဲစားယောင်ယောင် ငွေတိုးကောက်ယောင်ယောင် အပြင်ထွက်နေရင် ညည်းပဲ ထမင်းဟင်း ကောက်ချက်ရတာပဲ မဟုတ်လား။ အိမ် ဝေယျာဝစ္စ လုပ်ရတာပဲ မဟုတ်လား၊ ခုမှ ဘာမှပိုပိုသာသာ အရေးသယ်မနေကြနဲ့ ...

မလုပ်ဖူးတဲ့အလုပ်တွေ ငါခိုင်းနေတာ မဟုတ်ဘူး၊ ညည်းတို့ လုပ်နေကိုင်နေကျတွေပဲ လုပ်ခိုင်းနေတာ၊ မသူဇာ လာစမ်း၊ ငါ ဝိုင်းလေးဖို့ လုပ်ထားတဲ့ သီးစုံပူတင်းလေး တစ်ပန်းကန် လာထည့်စမ်း၊ မောင်သက္ကကို ကျွေးစမ်း၊ ညည်းသမီးနား ကပ်မနေနဲ့"

ကြီးကြီးရဲ့သဘောဟာ မိုးရေစက် အိမ်မှုကိစ္စဗာဟီရ လုပ်ကိုလုပ်မှ ကျေနပ်မှာဆိုတဲ့ သဘောထားဆိုတာ ဘွင်းဘွင်း ကြီး ပေါ်နေသည်။

"သား ... မောင်သက္က၊ ဒီမှာ လာထိုင်၊ ကြီးကြီးရဲ့သီးစုံ ပူတင်းက မင်းတို့မောင်နှမ သိပ်ကြိုက်ကြတာ မဟုတ်လား၊ လာစားသွားဦး သား၊ ထမင်းစားနည်းနည်း နောက်ဆုတ် လိုက်ပေါ့၊ စာမေးပွဲနီးလို့ ဝိုင်းကို အားရှိအောင်လေး လုပ် ကျွေးတာ၊ ဝိုင်းလေးက သိတဲ့အတိုင်း စိတ်ဖိစီးလာရင် မစားနိုင် မအိပ်နိုင်တော့ဘူး၊ အားနည်းမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



သောင်းသက္ကသည် မျက်စိရှေ့ ပြတ်ပြတ်သားသား ကွာခြားနေသော အခွင့်အရေး အနေအထားတို့အတွက် မိုးရေကို အားနာကာ ကြီးကြီးကိုယ်စား ရှက်ရွံ့မျက်နှာပူသည်။ တိုးတိုး တိတ်တိတ်လေး ဝိုင်းတစ်ယောက်ကိုပဲ မသိမသာ ခေါ်ကျွေးရင် တော်ပါဦးမည်။ ကြီးကြီးရဲ့သဘောမှာ "မိုးရေတို့ သားအမိကို တန်းတူရည်တူ အားနာကိုယ်ချင်းစာတဲ့စိတ်ထားဖို့မလို"ဟု မျက်နှာ ပြောင်ပြောင်နှင့်ကို မျက်နှာလွှဲဖယ်ထားတာပါ။

ထမင်းစားခန်းထဲ သူရောက်လာလျှင် တည့်တည့်က စတိုခန်းထဲ ကြမ်းပေါ် အားရပါးရထိုင်လျက် အထုပ်တွေဖြေ ခြင်းတွေ ဆန်ခါတွေ ဘူးခွက်တွေနှင့် ခပ်သွက်သွက်ထည့်သို ရှင်းလင်းသိမ်းဆည်းနေတဲ့ မိုးရေကို လှမ်းမြင်နေရသည်။

"နေပစေတော့ အန်တီသူဇာ၊ ကျွန်တော် မစားတော့ဘူး ခင်ဗျ"

"စားပါလား သားရယ်၊ မမကြီးက သားကို စားစေချင် တာ"

"ကျွန်တော် ရင်ပြည့်သွားမှာစိုးလို့ပါ၊ ကြီးကြီး ကျွန်တော် မစားတော့ဘူး၊ ဖေဖေက စာအုပ်စောင့်နေမှာ၊ သွားတော့ မယ်"

"အမယ်လေး စာအုပ်များ မသူဇာနဲ့ လွှတ်ပို့ခိုင်းလိုက် ရတာပဲဟာကို"





"အာ ... လူကြီးက သွားပို့ပေးရတော့ ဘယ်ကောင်းပါ့ မလဲ၊ ရပါတယ်၊ ကျွန်တော် သွားတော့မယ်"

အထုပ်တွေ အပုံတွေကြား ဇယ်စက်သလို ခပ်သွက် သွက် လှုပ်ရှားအလုပ်များနေတဲ့ မိုးရေစက်က သူ့ကိုမော့ကြည့် နေဘဲဆက်အားပေးမယ့် သူကတော့ နှုတ်ဆက်ကြည့် လှမ်းကြည့် နေခဲ့သည်။ သူကသာ သနားကရုဏာသက်နေပေမယ့် မိုးရေရဲ့ မျက်နှာလေးကတော့ ဒီလောကကို လောကဓံ မထင်သလို ဘာမထီတဲ့ရုပ်လေးက ကြည်လင်လျက်သား ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

မာတုဗေဒစာအုပ် ဘေးချဖွင့်ကာ ဇက်ကိုလိမ်၍ ငေးကြည့်ဖတ်နေရင်း လက်နှစ်ဖက်က အမေ့ခြေသလုံးများကို နှိပ်နယ်ပေးနေသည့် မိုးရေစက်ကို ဒက်ဒီကကြည့်ရင်းက မျက်စိထဲ စပါးမွှေးစူးလာပုံ ပေါ်ပါသည်။

"သမီး ... မိုးရေ၊ စာကို ကိုယ့်ဘာသာ အေးအေးလူလူ သွားကျက်စမ်းပါ သမီးရယ်၊ သွား ... သွား ... ညည်း အမေကိုနှိပ်ဖို့ ကြည်ကြည် လွှတ်လိုက်"

"အို ... အစ်ကိုကြီးကလည်း ကြည်ကြည့် မခေါ်ပါနဲ့ အားနာစရာကြီး၊ ခေါ်အနှိပ်မခိုင်းချင်ပါဘူး"

"ဘာအားနာရမှာလဲ သူဇာရယ်၊ ကိုယ် နေမကောင်းလို့ပဲဟာ၊ နိုင့်ထက်စီးနင်း တမင်တကာ ခိုင်းတာမှ မဟုတ်တာ"

"အသက်ချင်းကလည်း မတိမ်းမယိမ်း အစ်ကိုကြီးရယ်၊ နေပါစေ၊ ကဲ ... သမီးလည်း တော်တော့၊ စာသေချာသွားကျက်"



ဒီနှစ်က ဆယ်တန်းနှစ် ဖြစ်နေပါပြီ။ စာမေးပွဲလည်း နီးနေပြီမို့ အသေကုန်းရုန်းစာကျက်နေကြရပါပြီ။ အမေ့တစ်ကိုယ်လုံး တကယ်ကိုက်ခဲနေတာကို မိုးရေက အမေ့မျက်နှာကြည့်ရုံနှင့် သိကာ ...

"အခု ဒီလိုကျက်တာလည်း မိုးရေ စာရပါတယ် အမေရဲ့၊ ကျက်တတ်ပါတယ်၊ ဘာမှမဖြစ်ဘူး၊ ညောင်းလည်း မညောင်းသေးဘူး ... ရတယ်"

"ကျွတ် ... ကျွတ် ... လူကလည်း ဘယ်လိုဖြစ်နေပါလိမ့်နော်၊ ငါ့သမီးလေး စာမေးပွဲနီးတိုင်း အမေကထပြီး နေမကောင်း ဖြစ်ဖြစ်နေတယ်၊ ကိုယ့်သမီးကိုယ်ပဲ ပြန်အနှောင့်အယှက်ပေးနေရတယ်၊ နေမကောင်း ဖြစ်ဖြစ်နေရတော့ အစ်ကိုကြီးကိုလည်း အားနာတယ်"

"အို ... မင်းကလည်း ပေါက်ပေါက်ရှာရှာ သူဇာရယ်"

"ဟုတ်တယ် ... အစ်ကိုကြီးကို ဒုက္ခပေးရသလိုပဲ၊ ယူပြီးကတည်းက မကြာ မကြာ တစ်ခုမဟုတ်တစ်ခု ဖြစ်နေတာပဲ၊ အရင်က ဒီလိုမဖြစ်ပါဘူး၊ မိုးထဲလေထဲ နေပူထဲ ဒူပေဒါပေ သွားလာလှုပ်ရှား ရုန်းကန်နေရတာပါပဲ၊ အရိပ်ထဲ သက်သောင့်သက်သာနဲ့ ကောင်းကောင်းနေရမှ ဘယ်ချောင်က ဘာရောဂါတွေ ထွက်လာတယ် မသိဘူး၊ ဒီလိုနေဖို့ မတန်လို့ ထင်တယ်၊ ဆေးပဲကုနေရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … မင်းကတော့ကွာ ပြောတော့မယ်၊ ရောဂါပဲကွာ ဖြစ်လာရင်တော့ ကုရတော့မှာပေါ့၊ ဘယ်အချိန်ဖြစ်ပါမယ်၊ ဘယ်အချိန်မဖြစ်ပါဘူး စာချုပ်ထားလို့မှ မရတာ မိန်းမရယ်"

"အစ်ကိုကြီးမှာ မိန်းမတစ်ယောက် ကောက်ယူမိပါတယ်၊ ဇိမ်နဲ့ပြုစုခံရမလား မစဉ်းစားအားဘူး၊ ဆေးပဲကုပေးနေရတယ်ဆိုသလို ဖြစ်နေပါပြီ၊ သူဇာ့အဖို့က အစ်ကိုကြီးကို ရတာ နတ်ကောင်းနတ်မြတ် စောင့်ရှောက်ခံရတာလို ကံဇာတာတွေတက်ဖို့ ဖြစ်လာပေမယ့် အစ်ကိုကြီးကျတော့ သူဇာ့ကို ယူရတာ လူဘဝနဲ့ ငရဲကြီးစရာရှိလို့ ငရဲသေးသေးလေး ခံနေရသလိုပါပဲ၊ ကျွေးရေမွေးရ ဆင်ရစောင့်ရှောက်ရ ဆေးကုရနဲ့ ကောင်းကျိုးတစ်ကွက်မှ မရှိဘူး"

ဒေါ်သူဇာကပြောရင်း တကယ်စိတ်မကောင်းဖြစ်လာကာ မျက်ရည်လည်လာပါသည်။ ချစ်လို့ယူခဲ့တဲ့ အရင်လူထံက ဒုက္ခသုက္ခတွေကိုသာ ခါးစီးခံခဲ့ရပြီး အားကိုးရာရှာတဲ့အနေနဲ့ လက်ထပ်ခဲ့တဲ့ နောက်လူကကျတော့ ကိုယ့်ဘဝရဲ့ကယ်တင်ရှင် ကျေးဇူးရှင်ပါ။ ဒီကျေးဇူးရှင်ကြီးမှာသာ ကိုယ့်ကိုယူမိလို့ သူက တပြန် ပြုစုရ ဆေးကုဒုက္ခခံနေရရှာသည်။

"ဒီလိုမပြောပါနဲ့ သူဇာရယ်၊ ဒီလို ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ်တို့နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဆိုသလို အပြန်အလှန် ပေးဆပ်ဖို့ အဖော်ပြုဖို့ ယူခဲ့ကြတာပါကွာ"





"ကိုင်းက ကျွန်းကိုမှီရတာပါ အစ်ကိုကြီးရယ်၊ ကျွန်းကတော့ ယဲ့ယဲ့ပဲရှိတဲ့ကိုင်းကို မမှီရရှာပါဘူး"

"ဟား ဟား … မင်းကိုယ်မင်းသာ ကျန်းမာအောင်ဂရုစိုက်ပါ သူဇာရယ်၊ ကိုယ်မြင်တာတော့ မင်းက ရောဂါရယ်လို့ မဟုတ်သေးခင် နည်းနည်းပါးပါး နေထိုင်မကောင်းဘူးဆိုရင် ဆရာဝန်ကိုမပြချင် ဆေးကိုမကုချင်ဘူး၊ မင်းက ရောဂါကြီးတစ်ခုရှိမှ ဆေးကုမယ်ဆိုသလို ဖြစ်နေတယ် …

နည်းနည်းပါးပါး မကျန်းမာတုန်း မကုတော့ ရောဂါအဆင့်ရောက်ရော၊ အဲဒီတော့ ကုရခက်ပြီ၊ ဝေဒနာခံစားရတာလည်း ကြာတာပေါ့၊ မင်း နည်းနည်းဗိုက်အောင့်လိုက် သွေးတိုးလိုက်ဖြစ်လို့ ဆေးခန်းသွားပါ သွားပါ ပြောရင် မင်းက တယ်မသွားချင်ဘူး၊ ကိုယ့်ဟာနဲ့ကိုယ် ဒိုင်ဂျင်းသောက် ဘာသောက်နဲ့ ရမ်းကုလိုက်သေးတယ်"

"အဲဒါ ပျောက်သွားတာပဲလေ အစ်ကိုကြီးရဲ့၊ ဒီတော့ ဝယ်သောက်တဲ့ဆေးဖိုးပဲ ကုန်တာပေါ့၊ ဆေးခန်းသွားပြနေရင် စမ်းသပ်ခက အများကြီး မကုန်ပေဘူးလား"

"နေမကောင်းရင် ဆရာဝန်ပြရမှာပေါ့ သူဇာ၊ လူတိုင်းကိုယ့်ဟာကိုယ် ကုနိုင်တယ်သာဆိုရင် ဒီဆရာဝန်အတတ်ကို ဘယ်သူက သင်နေစရာ လိုသေးလဲ၊ လူတွေ ငွေရှာကြတယ်ဆိုတာလည်း ဒီလို လိုအပ်တဲ့နေရာတွေ ငွေသုံး



www.burmeseclassic.com

www.burmeseclassic.com

ဖို့ပဲလေ၊ ရှေ့ကနေ ငွေတွေရှာ၊ နောက်ကနေ သုံးရမှာနဲ့မြောပြီး နေမကောင်းတာတောင် ကြိတ်မှိတ်ခံ၊ ဒါ့အဓိပ္ပာယ်ရှိသလား၊ မဟုတ်သေးပါဘူး သူဇာရယ်"

"အင်းပါ၊ သူဇာ ဆေးခန်းပြပါ့မယ် အစ်ကိုကြီးရယ်၊ ကျွန်မ ကျန်းမာမှုဖြစ်မှာပါလေ၊ ဒီသမီးလေး မိုးရေကရှိသေးတယ်"

"မင်း ဒီစကားမျိုး ပြောစရာမလိုပါဘူး သူဇာရယ်၊ မိုးရေက ကိုယ်နဲ့လည်း သမီးပါပဲ၊ မိုးရေအတွက် မင်းရှိမှဖြစ်မယ်ရယ်လို့ မဟုတ်ဘူး၊ မင်းအတွက်ကို ပြောနေတာ၊ ဘယ်သူ့အတွက်မှ မဟုတ်ဘူး"

အဆင့်အတန်း အသိုင်းအဝိုင်းချင်း ကွာခြားတဲ့ ဒီမိန်းမကို လက်ထပ်ယူဖြစ်တဲ့အထိ မေတ္တာရှိ သံယောဇဉ်တွယ်ခဲ့ရတာကတော့ သူကိုယ်တိုင် ခြိုးခြံချွေကုပ်ကာ ဒီသမီးတစ်ယောက်အတွက် ဖွဲ့နဲ့မာန်နဲ့ ရုန်းကန်ရှာဖွေနေတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာတရားကို ကိုယ်တိုင် မရည်ရွယ်ဘဲ တွေ့မြင်နေမိခဲ့ရာက သနားကြင်နာ ကရုဏာသက်ခြင်းမှာ လေးစားခြင်းတစ်မျိုး ထပ်တိုးပေါင်းစပ်ရင်းက ချစ်ခင်သံယောဇဉ်တွယ်မိရတာပင်။

ဒါကြောင့်လည်း သူဇာ့ရဲ့ ဒီသမီးလေးကို ကိုယ့်သမီးရင်းသဖွယ် လိုလေသေးမရှိ စောင့်ရှောက်ရန် စေတနာအပြည့်အဝ ဖြစ်ထွန်းသည်။ အစစအရာရာ ကိုယ့်တာဝန်ဟု ဝိုင်းအပေါ်ထားတဲ့ မေတ္တာစေတနာမျိုးပဲ ထားပေးခဲ့ပါသည်။



"အမေရာ၊ အခု နေပါဦး၊ နေကောင်းအောင် နေပါဦး၊ နေမကောင်းဖြစ်ချင်ရင် နောက်ခုနစ်နှစ်မှပေါ့ ... နော်၊ အဲဒီကျ မိုးရေက ဆရာဝန်မကြီးဖြစ်ပြီ၊ အမေ့ကိုရော ဒက်ဒီ့ကိုရော ကုလို့ရပြီ၊ ခုတော့ နှိပ်ပဲပေးနိုင်သေးတာ ... အဟီး ဟီး"

"သမီးက တကယ်ဆရာဝန်ဖြစ်ချင်တာလား"

"ဟုတ်ကဲ့ ဒက်ဒီ၊ အမြန်ဆုံး ဆရာဝန်ဖြစ်အောင် ကြိုးစားမှာပါ၊ ခုဆိုရင် အိမ်မှာ ဝိုင်းနဲ့တူတူ နှစ်ယောက်တည်းကျူရှင်တက်ရတာလည်း ဒက်ဒီ ပိုက်ဆံတွေ အများကြီးကုန်ရတာ သမီး တွေ့နေတာပဲ၊ သမီး ဘယ်တော့မှမမေ့ပါဘူး ဒက်ဒီ၊ ဒက်ဒီက သမီး အမြဲဦးထိပ်မှာထားတဲ့ ကျေးဇူးရှင်ပါ၊ အမေနဲ့စပ်မှ သမီးအဖြစ် အဆွယ်အပွားပါလာရပေမယ့် ဒက်ဒီ့စေတနာမေတ္တာ အရှိန်အဝါနဲ့ သမီး ပြည့်ပြည့်စုံစုံ နေရတယ်၊ စာကောင်းကောင်းသင်ရတယ်၊ ဒက်ဒီ ဒီ့တစ်ဝက်တောင် မကောင်းရင်တောင် ဝတ္တရားကျေတာထက် ပိုနေပါပြီ၊ အမှန်အတိုင်းပြောရရင် သမီးအားငယ်ရတာ မျက်နှာငယ်ရတာတွေတော့ ရှိပေမယ့် ဒက်ဒီ့ကျေးဇူးကို တစ်နေ့ဆပ်မယ် ဆိုတာကို အမြဲတွေးထားတယ်၊ စာမေးပွဲကျရမှာ မပြောနဲ့ အမှတ်နည်းရမှာ စာညံ့ရမှာတောင် မိုးရေ ကြောက်တယ်၊ မတော်တဆ ခြေချော်လက်ချော် ဆိုတာမျိုးသာရှိတတ်ရင် နောက်တစ်နှစ်စာ

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ သမီးကို ဆက်ထောက်ပံ့ရမှာ စာသင်ရမှာကို စဉ်းစားကြည့်လို့တောင် မရဘူး”

ဦးရဲလွင်က မိုးရေရဲ့စကားကို နားစွင့်ရင်း ခပ်ပြုံးပြုံး ရှိနေရပါသည်။

မိုးရေဟာ ဝိုင်းနှင့်သက်တူရွယ်တူ ဆိုပေမယ့် သူ့မှာ ဘဝပေးအသိတွေ အများကြီးရှိသည်။ ဝိုင်းက စာကို စာကြိုးစားတဲ့ လိမ္မာတဲ့ ကျောင်းသူတစ်ယောက်အဖြစ် ကျက်မှတ်တာဖြစ်ပေမယ့် မိုးရေကတော့ ရည်မှန်းချက်ကြီး တနင့်တပိုးနှင့် စာကျက်တာမျိုး ဖြစ်၍ မတူညီနိုင်ပါ။

ကိုယ့်အိမ်တွင်းထဲက အဖြစ်အပျက်တွေကို ဦးရဲလွင် ကိုယ်တိုင်လည်း သိသင့်သလောက်တော့ သိပါသည်။ မသူဇာ နှင့် မိုးရေတို့သားအမိရဲ့ အနေအထားကိုလည်း ရိပ်စားမိနေရပါ သည်။ စောစောပိုင်းကတော့ ဦးရဲလွင် စကားကြောင့် မသူဇာတို့ သားအမိကို အလေးထား ဆက်ဆံကြပေမယ့် အချိန်ကြာလာတာ နှင့်အမျှ အိမ်မှာဩဇာညောင်းတဲ့ ဒေါ်တင်တင် ကိုယ်တိုင်က ခပ် နိမ့်နိမ့် ဆက်ဆံတာကိုကြည့်ပြီး တစစလျော့ရဲလာခဲ့တာ။

နောက်ပိုင်းမှာ ဒေါ်န ဆိုရင် လုပ်ပေးချင်သလို မလုပ်ပေးချင်သလို မနာခံချင်တဲ့သဘော ရှိလာတာ။ ကြည်ကြည် ကတော့ မသူဇာထက် ပိုငယ်၍ သိပ်ပညာမပြရဲသော်လည်း ဒေါ်တင်တင်တို့ ဝိုင်းတို့ကို မလုပ်ရဲတဲ့ မကြားချင်ယောင်ဆောင် ခြင်းမျိုး၊ အမေ့ခံခြင်းမျိုးနဲ့ တာဝန်ရှောင်တာ။





ဒါတွေကို ဦးရဲလွင်က အသေးစိတ် မဟုတ်တောင် အပေါ်ယံ ရိပ်မိသည်။ မသူဇာက တကူးတကတော့ မတိုင်တန်း ပါ။ ဒါပေမဲ့ ကိုယ်တိုင်ထင်မြင်ရိပ်မိနေတဲ့အပေါ် မသူဇာရဲ့ညည်း ညူးမှုတချို့က ပံ့ပိုး၍ ပိုသိခွင့်ရတာ အမှန်ပင်။

အရေးယူပြန်ရင်လည်း မိန်းမကတိုင်လို့ဖြစ်ကာ ပို ဆိုးမည်။ အစ်မဖြစ်သူဟာ သူ အင်မတန်ချစ်၍ သဘောတူပေးစား ခဲ့တဲ့ ယောက်မပေါင်းနေရာမှာ ဘယ်သူမှ အစားမထိုးနိုင်ရတဲ့ ကြားထဲ အသစ်ရောက်လာတဲ့ ယောက်မအသစ်က ယောက်မ ဟောင်းနှင့် မယှဉ်သာအောင် အဆင့်ကနိမ့်ပါးနေသည်။

ဒါကိုဆင်း၍ ကိုယ်နှင့်တန်းတူ နေရာပေး မဆက်ဆံ ချင်တဲ့အပြင် လူကြားသူကြား ပွဲထုတ်မိတ်ဆက်ဖို့ပင် ဒေါ်တင်တင် က ရှက်သည်။ မသူဇာကလည်း တကယ်ပင် အဆင့်အတန်းမမြင့် ပါ။ သူကျင်လည်ခဲ့ရတဲ့ ဝန်းကျင်က နိမ့်ပါးခဲ့တာကိုး။ ဒေါ်န ဆိုပင်လျှင် အိမ်ဖော်သာဆိုတယ် သူ ဆက်ဆံရတဲ့အိမ်ရှင်တို့ ဆွေမျိုးညှိသည်တို့က အဆင့်အတန်းမြင့်မြင့်တွေဖြစ်တော့ အဟာ ရကာ ပုံစံက ထည်နေပါသေးသည်။

မသူဇာတို့ သားအမိမှာလည်း ညည်သည်လာလို့မှ သူတို့ကို အလုပ်သမားလောက် နယ်ကတောက အမျိုးလောက် ဆင်မြင်လျှင် ရှင်းပြပွဲထုတ်ခြင်းမခံရတဲ့အဖြစ်ကို အဖုအထစ်အနေ အခဲ ခံစားရမှန်း ဦးရဲလွင် နားလည်သည်။

အဖြစ်က မှန့်လုံးစက္ကူကပ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကစ ပြုပြင်ဖြေရှင်းရမယ် မသိအောင် ဒါကြောင့် ဒီလိုဖြစ်လာတာတွေချည်းဖြစ်၍ အလွယ်တကူဖြေရှင်း လိုက်နိုင်တဲ့ကိစ္စမဟုတ်။ တစ်ဖက်က ဇွတ်ရပ်တည်လိုက်လည်း ကျန်တစ်ဖက်အတွက် နှလုံးဆို့စရာ။ ရပ်တည်ရခက်သည်။ ဒီ နှင့်ပဲ အိမ်တွင်းအခြေအနေက လိပ်ခဲတည်းလည်း။

မသူဇာသည် သူ ဘယ်လိုအောက်ကျို့ရကျို့ရ သူ့ သမီးကိုတော့ အထိမခံချင်။ ဒါလည်းသဘာဝပေ။ ဆိုးချင်ဆိုး သူ့အစ်မဖြစ်တဲ့ ဒေါ်တင်တင်ကပဲ ပေါင်းရသင်းရခက်ကာ စိတ် ခပ်ကောက်ကောက်ရှိတတ်တာ သိနေ၍ ဦးရဲလွင်မှာ အစစအရာရာ ဘယ်လိုမှ ဝင်မပါသာပဲ ရှောင်ရှောင်လေး နေရသလိုရှိသည်။

"ညည်းက ဒီရောက်နေပြန်ပြီလား"

ပိတ်မထားဘဲ ဟဟစိစိလေးသာ ရှိနေသည့် တံခါး ကိုတွန်းပြီး ဝင်လာသူမှာ ဒေါ်တင်တင်။

"ဝိုင်းလေး ဆေးတိုက်ရင်းနဲ့ ညည်းအခန်းထဲ လူမရှိတာ တွေ့လို့ လိုက်ကြည့်တာ၊ တစ်ဆိတ်ရှိ ညည်းက ဒီအခန်း ထဲဝင်ဝင်ပြီး မအေနား တကပ်ကပ်၊ မောင်ရဲနား တကပ် ကပ် ဘာလုပ်နေတာလဲ"

မိုးရေက ဒေါ်တင်တင်ကို လှည့်ကြည့်လိုက်သည်။ နှိပ်နေတာ တွေ့ပါလျက်နဲ့ ဘာလုပ်နေတာလဲ ဆိုတာကို တ တက ဖြေနေရဦးမည့် အရေးအတွက် မကြည်သာတဲ့ အရိပ်ယောင် က မိုးရေ မျက်နှာပေါ် ရှိနေသည်။





အရင်ကတော့ ကြီးကြီးကို ရိုရိုသေသေ ဆက်ဆံပါ သည်။ သူက လူကြီးပဲ။ ကိုယ်ကသာ ငုံ့ခံရတော့မှာပေါ့။ သို့ပေမဲ့ တရားသဖြင့် လူကိုချောင်ပိတ်ကာ စေတနာတစ်စက်မှမရှိတာ ကို ဆါတင်ပြထားလွန်းတော့ ကိုယ့်ဘက်ကလည်း မေတ္တာမရှိ။ သည်းခံသာခယနိုင်ဖို့ ဖိလင်လည်းမရှိ။

"မိုးရေ ... အမေ့ကို နှိပ်ပေးနေတာပါ"

စကားလုံးက ပြေပြစ်ပေမယ့် လေသံက တောင့် တတ်သည်။ နောက်ကနေ "မမြင်ဘူးလား" လို့ ထပ်ထည့်ဖြည့်ပြော ချင်တာကို မျိုချလိုက်ရတာဖြစ်သည်။

"တွေ့လား ... သူ့မေးရင် ဘာမှမကြိုက်ချင်ဘူး"

"မမ ... သူဇာ နေမကောင်းဖြစ်နေလို့ ကိုယ်လက်တွေ ကိုက်ခဲနေလို့ မိုးရေကို ခေါ်နှိပ်ခိုင်းနေတာပါ"

ဦးရဲလွင်က ဝင်ဖြေပါသည်။

"မောင်ရဲတစ်ယောက်လည်း မိန်းမယူတာ သူများပြုစုယုယ ခံရမလားမှတ်တယ်၊ ဂီလာနကိုယူမိလျက်သား ဖြစ်နေတော့ သူက ပြန်မပြုစုရရင်ကံကောင်း၊ ငါဆို ညည်းထက်စာရင် ဆယ်နှစ်လောက်ကြီးပါတယ် မသူဇာရယ်၊ ဘာမှမဖြစ်ပါ ဘူး၊ ညည်းကျမှ ရောဂါတွေက စုံ,စုံပါပေ့၊ ဗိုက်အောင့်ရ ခေါင်းကိုက်ရ ကိုယ်ကိုက်ရ သွေးတိုးရ သွေးကျရ စုံနေ တာပဲ၊ ရောဂါပေါင်းစုံကို ကန်ထရိုက်ဆွဲထားသလိုပဲ"

ဦးရဲလွင်က စိတ်ရှုပ်လာသလို ...



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာလိုချင်လို့လဲ"

"ဘာမှ မလိုချင်ပါဘူး၊ ခုတလော ကြည့်လိုက်ရင် ဝိုင်းလေးတောင် သူ့အဖေနား သူသိပ်မကပ်ရဘူး၊ မင်းရယ် မသူဇာရယ် သူ့သမီးရယ်ပဲ တပူးပူးတကပ်ကပ် ရှိနေကြတာ သတိထားမိနေလို့ ဘာရယ်မဟုတ်ဘူး လာကြည့်တာ ဒီသုံးယောက်တည်းပဲ မိသားစုအစစ်ကျနေတာပဲ"

"ဝိုင်းက အရင်ကတည်းက အဖေနား တကပ်ကပ်မှမနေတာ၊ ခုလည်းပဲ သူ ရောက်မလာလို့ အနားမှာ သူမရှိတာလေ မမရဲ့၊ မောင်းထုတ်ထားတာမှ မဟုတ်ပဲဗျာ၊ မမစကားတွေက တစ်ခါတလေကျ ဘေးလူ နေရထိုင်ရ သိပ်ခက်တာပဲ၊ စိတ်ကျဉ်းကျပ်စရာတွေဗျာ"

"မသူဇာ … ညည်းကလည်းအေ၊ အနှိပ်ခံချင်ရင် နောက်ဆို ညည်းသမီးအခန်းထဲ သွားအိပ်ပြီးအနှိပ်ခံချည်၊ ဒါ လင်ကိုယ်မယားခန်းအေ့၊ သမီးပျိုကို ခေါ်ထည့်ထားရတယ်လို့၊ ဒီထဲ လာမနှိပ်ခိုင်းနဲ့၊ အနေအထိုင် ဆင်ခြင်မှပေါ့"

ပြောလေ ဆိုးလေဖြစ်တဲ့ ဒေါ်တင်တင့် စကားများက မြုပ်ကွယ်တဲ့ အဓိပ္ပာယ်တွေနှင့် စိတ်ရောလူပါ နေရထိုင်ရခက်စေသည်ဖြစ်ရာ ဦးရဲလွင်မှာ သူ့ဟာနှင့်သူ စာဖတ်နေရာက မျက်နှာမသာမယာနှင့် "ကျွတ်"ခနဲ စုတ်သတ်ကာ စာအုပ်ဆွဲယူ၍ အပြင်ဘက်ထွက်ဖို့ပြင်သည်။

"ဟဲ့ … သွားရမှာက ညည်းဟဲ့ … ညည်း"





မိုးရေက ဒေါ်တင်တင့်ကို ခပ်စိမ်းစိမ်း တစ်ချက်ကြည့်လိုက်ပါသည်။

"ဟဲ့ … ညည်း၊ ငါ့ကို ဘယ်လိုကြည့်နေတာလဲ၊ အမယ်လေး … ဘုရား … ဘုရား … လူကြည့်တော့ လက်တောက်လောက်၊ အသံတိတ်လှမ်းကြည့်တဲ့ မျက်စောင်းက နဂါးမမျက်စောင်းဆိုတာမျိုး၊ ဘယ်သူမှလဲ ဘာသံမှ မကြားလိုက်မသိလိုက်ရအောင် ပညာကတော့ တတ်ပါပေ့"

"ကဲ … သမီး၊ သွား … သွား … အမေသက်သာပါပြီ"

"ခုမှနှိပ်တာ ခဏပဲရှိသေးတာလေ အမေ၊ အမေ့အဆစ်တွေ အရမ်းကိုက်နေတာ မိုးရေ သိပါတယ်၊ ဒါဖြင့်ရင်လည်း သမီးအခန်းထဲ လိုက်ခဲ့ပါလားဟင် အမေ"

"တော်ပါပြီ သမီးရဲ့၊ အမေ တကယ်သက်သာသွားပါပြီ၊ တော်တော်ပေါ့သွားတယ်၊ သမီး စာအေးအေးသွားကျက်တော့ ရပြီ"

"မိုးရေ"

အခန်းဝက အသံတစ်သံ ထွက်ပေါ်လာပြန်၍ မိုးရေက စိတ်မရှည်တဲ့ မျက်ဝန်းစူးစူးများနှင့် လှမ်းကြည့်လိုက်မိပါသည်။ ဝိုင်းတုန်သည်းက အခန်းဝမှ အခန်းထဲကို လှမ်းကြည့်ကာ …

"ဟင် … ဒီအခန်းထဲ တစ်အိမ်လုံး ရောက်နေပါလား၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး သမီးလေးရယ်၊ ကိုယ့်စာသာ ကိုယ်သွားလုပ်၊ ကြီးကြီးလည်း ဒီအခန်းထဲ ဘာလို့ ဒီလောက်လူစုနေလဲ လာကြည့်တာပါ"

"အန်တီသူဇာ နေမကောင်းဖြစ်နေလို့လား ... ဟုတ်လား"

"ဘာမှမဟုတ်ပါဘူး၊ အလကားပါကွယ် ... လာ ... လာ"

"နေဦး ကြီးကြီးရဲ့၊ မိုးရေကို လာရှာတာ၊ ဟဲ့ ... မိုးရေ၊ နင် ညနေက ဆရာမသင်သွားတဲ့ ဖစ်ဆစ်စ် အခန်းသစ်ကို နားလည်လား၊ ကျက်လို့ရလား"

"အင်း ... ငါ အခုပဲထိုင်ကျက်နေတာလေ ရပြီလေ၊ ဘာဖြစ်လို့လဲ"

ဝိုင်းမျက်နှာလေးက ရှုံ့မဲ့နေပြီး ...

"ငါ သိပ်နားမလည်လို့၊ နင် နားလည်တယ်ဆိုရင် ငါ့ကို တစ်ခေါက်လောက် လာရှင်းပြပေးစမ်းပါ"

"ဟဲ့ ... ဝိုင်းလေး၊ ဖြစ်ပါ့မလား သမီးရယ်၊ နောက်နေ့ ဆရာမလာတော့ ပြန်မေးလည်း ဖြစ်တာပဲဟာ"

"အို ... ဝိုင်း ဒီညကျက်မလို့ ကြီးကြီးရဲ့၊ မိုးရေ ရတယ်ဆိုရင် မိုးရေကိုပဲ ရှင်းပြခိုင်းလိုက်မှာပေါ့၊ နက်ဖြန်ထိလည်း စောင့်စရာမလိုဘူး၊ သမီး နားလည်သွားရင် ဒီညကျက်လိုက်လို့လည်း ရမယ်"

ဒေါ်တင်တင့် မျက်နှာဟာ သိပ်ကြီးတော့ မကြည်သာ။ သူ့တူမက မိုးရေထံ စာမေးရတယ်ဆိုတာကိုလည်း လက်ခံ





ရှင်ပုံမရတဲ့အပြင် မိုးရေက မဟုတ်တရုတ် တလွဲတွေရှင်းပြမယ် တောင် စိုးရိမ်သေးသလား မသိပါ။

"ဒါဆို လာလေ မိုးရေ၊ အန်တီ့ကို နှိပ်နေတာပြီးရဲ့လား"

"ပြီးပြီ သမီး၊ အန်တီလည်း ခုပဲ မိုးရေကို သွားတော့လို့ ပြောနေတာ၊ သမီး သွားတော့၊ ဝိုင်း သိချင်တာ ရှင်းပြလိုက်လေ၊ သွား ... သွား"

မိုးရေက ဝိုင်းနောက်မှ လိုက်လာလိုက်ပါသည်။

✧ ❁ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၇

"မေမေ ... သား အပြင်ခဏ သွားဦးမယ်"

ဘုရားပန်းအိုးတွေ ရေလဲနေသော ဒေါ်ချိုချိုက သောင်းသက္ကကို လှည့်ကြည့်ကာ ...

"ဘယ်လဲ သား"

"ဒေါ်ခင်အုန်းရီ ဆိုတာ ... သားတို့ ဆရာမကြီးတစ်ယောက် ဆိုပါ"

"မှောင်စတောင်ပျိုးနေပြီ၊ သားကို ခေါ်ထားတာလား"

"ဟင့်အင်း ... သားက လာတွေ့ချင်လို့ ဖုန်းဆက်ခွင့် တောင်းထားတာပါ"

"ဘာကိစ္စများ ရှိလို့လဲ သားရဲ့"

"ဆရာမကြီးက ရင်ခေါင်းနဲ့ဝမ်းဗိုက်ပိုင်းသမားတော်ကြီး လေ မေမေ၊ ဒေါ်သူဇာ့ကိစ္စ နည်းနည်းမေးချင်လို့ပါ"

"ဒေါ်သူဇာ !! "





"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲ သား၊ ဒေါ်သူဇာက ..."

"အန်ကယ်ဦးရဲလွင်က သားကို ဒေါ်သူဇာ့ ဟစ်စထရီပါတဲ့ ဆေးစာအုပ်ရယ်၊ ဟိုတလောကရိုက်ထားတဲ့ အာလ်ထရာ ဆောင်းအဖြေရယ်ပေးပြီး ဘယ်ဆရာဝန်နဲ့ ဆက်ပြရင် ကောင်းမလဲဆိုတာ ဟိုတစ်နေ့က အကူအညီတောင်းတယ် မေမေ"

"ဟုတ်လား၊ ဒေါ်သူဇာက ဘာဖြစ်လို့လဲ"

"ဖေဖေတို့ မေမေတို့ကိုတောင် ဟိုတစ်နေ့က ထမင်းပွဲမှာ သူ သိပ်နေမကောင်းဘူးဆိုတာ ပြောမိသေးတယ်"

"အေး ... ဒါပေမဲ့ မေမေက သာမန်ဘာပရိုက် တစ်ခုခုဖြစ်တယ် ထင်နေတာ သားရဲ့၊ တော်တော်နေမကောင်းဖြစ်နေလို့လား"

"သူ့ကြည့်ရတာ တရိုရိုနဲ့ မပျောက်နိုင် ဖြစ်နေတာမျိုး၊ ဝမ်းဗိုက်ပိုင်းမှာ Problem တစ်ခုခု ရှိလိမ့်မယ်လို့ ထင်တယ် မေမေ"

"ဟုတ်လား သား"

"ခုဆို သိပ်သေချာမစားနိုင်ဘူးလို့ အန်ကယ်ကပြောတယ်၊ အန်တယ်၊ ဝမ်းပျက်တယ်၊ ဟိုးအရင်ကတော့ အစား အသောက် မှားလို့ အထက်လှန်အောက်လျှောဖြစ်တာလား



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်၊ ဒေါ်သူဇာကလည်း ဆေးခန်းမပြဘူးတဲ့၊ ပြရမှာကြောက်လို့ တော်ရုံတန်ရုံဖြစ်ရင် မှုံထားတာတဲ့ မေမေရဲ့”

“ဩော်”

“ခုတလောတောင် အန်ကယ်က သူ တရှောင်ရှောင်လိုဖြစ်နေပုံကို မကြိုက်တော့လို့ ဖွတ်သွားပြကြည့်တာ၊ အထွေထွေသမားတော်က အာထရာဲဆောင်း ရိုက်ခိုင်းလို့ ရိုက်ဖြစ်သွားတာ၊ အာလ်ထရာဆောင်း ရိုက်ပေးတဲ့ ဆရာဝန်ကြီးကဝမ်းဗိုက်ပိုင်းဆိုင်ရာ သမားတော်နဲ့ ပြောင်းပြပါလို့ပြောလိုက်တယ်၊ အဲဒါကြောင့် အန်ကယ်က ဘယ်သူ့ပြရင်ကောင်းမလဲ သားကို အကြံတောင်းတာပါ ...

ဆရာမကြီးနဲ့ကကျတော့ သားနဲ့လည်း ရင်းလည်းရင်းနှီးတော့ ဒီစာရွက်တွေပြပြီး အရင်မေးမြန်းဆွေးနွေးကြည့်လိုက်ဦးမယ်၊ ဆရာမကြီးက သူ့ဆီ လူနာခေါ်ခဲ့ဆိုရင်လည်း သူ့ကိုပြကြည့်လိုက်မလို့ မေမေ၊ သားအရင်သွားလိုက်ဦးမယ်၊ ဆရာမကြီးက ဒီအချိန်ချိန်းထားလို့၊ ဒီနေ့တစ်ရက်ပဲ သူက ဆေးခန်းနားတာ”

“ဩော် ... အဲဒီတော့လည်း သွားရမှာပေါ့ သားရယ်၊ ဘယ်နားလဲ”

“ကျောက်ကုန်းဘက် မေမေ”





“ဟုတ်လား၊ ကျောက်ကုန်းဘက်ဆိုရင် မေမေ လိုက်ခဲ့လို့ရမလား”

“မေမေ ဘယ်ဝင်ချင်လို့လဲ”

“ကျောက်ကုန်းမှာ မေမေ့သူငယ်ချင်း မေဘယ်လ်လေ၊ ဘရက်စ်ကင်ဆာလို့ သတင်းကြားတာ သားရယ်၊ သွားမကြည့်ဖြစ်သေးတာ၊ တစ်ခါတည်း လိုက်ကြည့်လို့ ရမလား”

“ရတယ်လေ မေမေ၊ မေမေ့ကို အန်တီမေဘယ့်လ်အိမ်မှာ ချထားခဲ့မယ်လေ၊ သားကဆရာမကြီးအိမ် ဆက်သွားပြီး ဆရာမကြီးနဲ့စကားပြောပြီးရင် မေမေ့ကိုပြန်လာကြိုလိုက်မယ်”

“အေး ... အေး”

ဒေါ်ချိုချိုက ဘုရားပန်းအိုးတွေ လက်စသတ်ကာ ဘုရားစင်မှာနေရာတကျ ပြန်ကပ်ခဲ့ပြီးတဲ့နောက် ကမန်းကတန်း အဝတ်အစား ဝင်လဲသည်။

“သားရေ ... မေမေ ပြီးပြီ”

သားအမိနှစ်ဦးသား သောင်းသက္ကက ကားမောင်း၍ ထွက်လာပါသည်။ ဖေဖေက ကုမ္ပဏီရုံးမှ ပြန်မရောက်သေးပါ။

“ဦးရဲလွင်လည်း ကံဆိုးရှာတယ်၊ ဘယ်လိုကုသိုလ်ပါလိမ့်၊ ပထမဇနီးတုန်းကလည်း ရုတ်တရက် ကျန်းမာရေးချူချာပြီး မမျှော်လင့်ဘဲ စောစောစီးစီး ဆုံးသွားတယ်၊ ဟော ... နောက်တစ်ခါ အိမ်ထောင်သစ် ထူပြန်တော့လည်း ကျန်းမာရေးမကောင်းတဲ့သူနဲ့ လာတွေ့နေပြန်ပြီ၊ သနားပါတယ်”



www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်လ်လည်း သနားစရာတော့ သနားစရာပေါ့လေ၊ ဒါပေမဲ့ ကာယကံရှင် ဒေါ်သူဇာကတော့ ပိုသနားစရာကောင်းပါတယ် မမေရာ"

"အင်းပေါ့လေ၊ ကာယကံရှင်ကတော့ သနားစရာကောင်းတာ အမှန်ပေါ့ သားရယ်"

"သားက ဟိုဘက်အိမ်ကို ပိုရောက်ဖြစ်တော့ တွေ့နေမြင်နေရတဲ့ အနေအထားတွေက ... အဟင်း ဟင်း"

သောင်းသက္ကက သဲ့သဲ့လေး ရယ်မိကာ ခေါင်းသာအသာယမ်းရင်း စကားစရပ်ထားမိသည်။

"ဘယ်လိုဖြစ်လို့လဲ သားရဲ့"

"ကြီးကြီးကလည်း မေမေ သိတဲ့အတိုင်းပဲလေ"

"အင်း ... သူ့စိတ်တစ်ယူသန်ကြီးလေ"

"ဒေါ်သူဇာကို ဘယ်လိုမှ တန်းတူရည်တူ မဆက်ဆံနိုင်တာမျိုးကတော့ ထားပါတော့လေ၊ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း ဆိုးလွန်းတယ်"

"ဘယ်လိုတွေဖြစ်လို့လဲ"

"အဲဒီသားအမိအပေါ် အငြိုးတကြီးကို ဆက်ဆံနေတာမျိုးပါပဲ မမေရာ"

"ဟို ... မိုးရေဆိုတဲ့ ကောင်မလေးကိုရောလား"

"ဟုတ်ကဲ့ ... တူတူပဲ၊ သားအမိနှစ်ယောက်လုံးကိုပဲ၊ ဒေါ်သူဇာကတော့ တတ်နိုင်သမျှ သူ့သမီးကို ကာတာပါပဲ၊ သူပဲ ပိုအပင်ပန်း အဆင်းရဲခံရတာပေါ့"





"ဝိုင်းနဲ့ရော"

"ဝိုင်းကတော့ ကလေးစိတ်ရင်းလေးပါ၊ မေမေ သိတာပဲဟာ"

"အေးပါ ... ဝိုင်းက စိတ်ကောင်းရှိပါတယ်"

"ဒါပေမဲ့ အန်ကယ်က အခရာဆိုပေမယ့် အိမ်မှာမိုးလင်းက မိုးချုပ်ရှိတာ မဟုတ်တော့ တစ်နေကုန်က ကြီးကြီးပဲမင်းမူနေတာလေ၊ ဝိုင်းအဖို့က ဒီကြီးကြီးကိုပဲ သူ့ရဲ့အားထားစရာ စံပြနမူနာကြီးလို ကြီးကြီးလုပ်သမျှ အဟုတ်ထင်တဲ့သဘောထားမျိုးနဲ့ နေရတာ မဟုတ်လား မေမေ ...

ဒီလိုလုပ်တာ မကောင်းပါလား၊ ဒါ မတရားပါလားဆိုတာ တွေးနေပုံမပေါ်ပါဘူး၊ သူ့ဟာသူ ကျူရှင်တက်၊ စာကျက်၊ သီချင်းနားထောင်နဲ့ တခြားကိစ္စတွေအပေါ်လည်း အာရုံရှိပုံတောင် မရပါဘူး၊ ဘာမှမသိနားမလည် တကယ့်ကို ကလေးလိုဖြစ်နေတာ"

"ဟုတ်တယ် ... ဝိုင်းလေးကတော့ အင်နိုးဆဲန့်လေးပဲ"

သောင်းသက္ကက ကားမီးထိုးထားတဲ့ ရှေ့ဘက်မြင်ကွင်းကို လှမ်းကြည့်မောင်းနေရင်းက လမ်းဘေးကပ်လျှောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို သတိပြုမိကာ ...

"ဟင် ... ဟိုကောင်မလေးပါလား"

"ဘယ်ကောင်မလေးလဲ"

"မိုးရေလေ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဒီအချိန်ကြီး ဘာလုပ်နေတာလဲ"

"မသိဘူး၊ လမ်းထိပ်ဘက် လျှောက်နေတာပဲ"

"တစ်ယောက်တည်းလား"

"ဟုတ်တယ် မေမေ"

သောင်းသက္ကသည် ကားမီးစူးစူးထိုးထားတဲ့ မြင်ကွင်းထဲ ခေါင်းလေးငုံ့ကာ ခပ်သုတ်သုတ် လျှောက်သွားနေတဲ့ မိုးရေရဲ့ ပုံရိပ်လေးကို ပူပန်တကြီး ဖြစ်သွားမိကာ ကားကို မိုးရေရဲ့နံဘေး လျှောထိုးဘီးလိမ့်ရပ်ရင်း မှန်ကိုချလိုက်ပြီး ...

"မိုးရေ"

ကောင်မလေးက အလန့်တကြား မော်ကြည့်လိုက်ကာ ...

"ဟင် ... ကိုကို"

"မိုးရေ ... ဘယ်လဲ ညကြီးမင်းကြီး"

"ဟို ... ဟိုဘက်နှစ်လမ်းက ဘုန်းကြီးကျောင်းကိုပါ ကိုကို"

"ဘုန်းကြီးကျောင်းကို ဒီအချိန်ကြီး ဘာကိစ္စလဲ"

"ဟို ... အိုးအကြီးကြီး သွားငှားဖို့ပါ"

"ဟင်"

မိုးရေသည် ခါးလေးကိုင်း၍ သောင်းသက္ကကို ငုံ့ကြည့်ပြောနေရာမှ တစ်ဖက်ခုံမှာထိုင်နေသော အန်တီချိုကိုလည်း ခေါင်းလေးညွတ်၍ နှုတ်ဆက်လိုက်ပါသည်။





"ဩော် ... နက်ဖြန် ခင်မာ့နှစ်ပတ်လည် သားရဲ့၊ မမတင်က မေမေတို့ကိုလည်း ဖိတ်ထားသေးတယ်လေ၊ နက်ဖြန်အတွက် ချက်ဖို့လား သမီး"

"ဟုတ်ကဲ့ပါ အန်တီ၊ ဟို ... ဝိုင်းတို့မာမိ နှစ်လည်အတွက် အုန်းနို့ခေါက်ဆွဲချက်ဖို့ပါ"

သောင်းသက္က မျက်မှောင်ကုတ်သွားရင်း ...

"မိုးရေ တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ကိုပေါလုတို့ ဘာတို့ မအားကြဘူးလား"

"ဟို ... ဟို ... ကြီးကြီးက ဦးပေါလုက အရက်စော်နံနေလို့ ဘုန်းကြီးဆီ မလွှတ်ဘူးတဲ့"

"အိုးအကြီးကြီးနဲ့ ဘယ်လိုပြန်မှာလဲ၊ အဖော်လည်းမပါဘူး၊ ဘုန်းဘုန်းကိုရော လျှောက်ပြီးသားလား"

"ဟုတ်ကဲ့ ... ဘုန်းဘုန်းကိုတော့ ခဏငှားဖို့ ကြီးကြီး လျှောက်ပြီးပါပြီ၊ အိုးကြီးသွားယူရုံပါပဲ၊ အိုးကြီးယူပြီးရင် ဆိုက်ကားနဲ့ တင်လာခဲ့လို့ ရပါတယ်၊ အဲဒီလမ်းဘက်ထိပ်မှာ ကုန်တင်ဆိုက်ကားမျိုးတွေ ရှိပါတယ်"

သောင်းသက္ကက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

"ကဲ ... လာ ... မိုးရေ၊ ကိုကို ပတ်ပို့ခဲ့မယ်"

"ဟာ ... ရပါတယ် ကိုကို၊ အနီးလေးပါ၊ မိုးရေ ခပ်သုတ်သုတ် သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ ... တက်၊ ဒီနားလေးလည်းပဲ ပို့ခဲ့မယ်၊ ပြီးရင် တော့ ကိုတို့က သွားစရာရှိတော့ ဆိုက်ကားနဲ့ပဲ ပြန်လို ပေါ့"

"ဟုတ်"

မိုးရေက သောင်းသက္က အတွင်းမှ ဖွင့်ပေးသော တံခါးမှ ခပ်ယို့ယို့ ဝင်လိုက်ပါသည်။ အန်တီချိုကို မရဲတရဲ ကြည့်ကာ တိတ်တိတ်ဆိတ်ဆိတ် ပါလာခဲ့ပါသည်။ ဒီလော စာမေးပွဲရက်ကြီး ကပ်နေချိန်မှာ အိမ်မှာလည်း ကူညီလိုးချက် သေး၊ ခုလို ညကြီးမင်းကြီး အိုးအငှားလည်းလွှတ်သေး။

အိုးငှားလွှတ်တာဟာတော့ တမင်တကာ အမြင်က လို့ကို "လုပ်စမ်းဟာ"ဆိုပြီး ညစ်ပြီးခိုင်းတာလို့ပဲ ထင်မိသည်

"သွား ... သွား ... မိုးရေပဲ သွားငှားလိုက်တော့၊ ဒီမှ ကြည်ကြည်ကလည်း လုပ်စရာကိုင်စရာတွေနဲ့လေ၊ ပေါ ကလည်း ဒီအချိန်ဆို အနံ့လေးက ထွက်နေပြီ၊ ဘုန်းကြီး သွားလို့ မကောင်းတော့ဘူး၊ အပြန်ကျ အိုးကိုဂါလီဆိုက်ကား ငှားတင်ခဲ့ပေါ့"

တကယ်တော့ ဒီအလုပ်မျိုးဟာ အိမ်မှာပဲညအိပ်တဲ့ ဦးပေါလု လုပ်ရသင့်တာလေ။ ညမို့အနံ့ထွက်နေပြီဆိုရင် နေ့လည် ညနေလောက်မှာကတည်းက ခိုင်းထားပေါ့။ တမင်ကို ဇာပင်တင် ကသိကအောက် လုပ်စေချင်နေတာဆိုတာ ရိပ်မိပါသည်။





ခိုင်းလိုက်တာကို သူကခိုင်းရင် ငါကလည်းလုပ် ...ကွာ၊ ဘာခက်တာမို့လဲလို့ စိတ်တင်းပြီး ခပ်စိမ်းစိမ်းသာ ...ချက်ကြည့်လျက်. ပေးလိုက်တဲ့ဆိုက်ကားခ ငါးရာယူပြီး ...က်လာခဲ့တာပါ။ စိတ်ကို ခပ်ပေါ့ပေါ့လေးထားပြီး ဘာမှစံစား ...သဲ့ မြန်မြန်တာဝန်ပြီးဆုံးဖို့သာ လိုရင်းထားခဲ့ပါလျက် သောင်း ...က အခုလို ကားပေါ်တင်ခေါ်လာတော့ ဘာကြောင့်များ ...နည်းစိတ်က ရုတ်တရက် ကြီးစိုးလာခဲ့ပါလိမ့်။

"အန်တီဒေါ်သူဇာ နေကောင်းလား"

"ဟို ... သိပ်တော့မကောင်းဘူး ကိုကို"

ကိုကို့မျက်နှာပေါ်မှာ သူ့ကို သနားကရုဏာသက် ... အရိပ်အရောင်ကို တွေ့မြင်ရသည်။ အဲဒါက ဆည်မတ်ထား ...တ်တို့ကို ပျော့ညံ့စေလေသည်။

"စာတွေကျက်နေပြီလား သမီး"

ဒေါ်ချိုချိုက မေးလိုက်ပါသည်။

"ဟုတ်ကဲ့ အန်တီ၊ အားလုံးလိုလို ကျက်ပြီးနေပါပြီ"

"သမီးအမေ ဒေါ်သူဇာလည်း သိပ်နေမကောင်းဘူးဆို"

"ဟုတ်ကဲ့ ... အန်တီ"

"အန်တီက သတင်းမေးတယ်လို့ ပြောပြပါဦး"

"ရှင် ... ဟုတ်ကဲ့ပါ အန်တီ၊ သတင်းမေးတာ ကျေးဇူး တင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးရေက မျှော်လင့်မထား၍ တအံ့တဩလေးဖြစ်သွားပြီးမှ ဝမ်းသာအားရ ပြောလိုက်ရပါသည်။ တစ်အိမ်တည်းနေပြီး ဆန္ဒပါပါ မပါပါ ယောက်မတော့ တော်စပ်ထားရတာပဲဖြစ်သည့် ကြီးကြီးပင် အမေ့ကို နေကောင်းလား ပြုလား သတင်းမေးလေ့ရှိတာမှ မဟုတ်ဘဲ။

"အမေနေမကောင်းတော့ မိုးရေ စာရေးကောင်းကောင်းကျက်နိုင်ရဲ့လား"

"ဒီဇင်ဘာလကတည်းက ကျောင်းမတက်ရတော့ဘူးဆိုတော့ အမေ့နားမှာပဲ အမေ့ကိုပြုစုရင်း စာအုပ်ဘေးချပြီး ကျက်လိုက်တာပါပဲ ကိုကို၊ ကျက်နိုင်ပါတယ်"

"မိုးရေက စာလည်းတော်တယ် မေမေ"

"ဟုတ်လား၊ အင်း ... ကြားရတာ ချီးကျူးပါတယ်ကွယ်၊ အမေလည်း သင့်တော်တဲ့ဆရာဝန်နဲ့ သေချာပြုကုလိုက်ရင် နေကောင်းသွားမှာပါ၊ အသက်လည်း သိပ်ကြီးသေးတာမဟုတ်တာ၊ သိပ်တော့ စိတ်မပူပါနဲ့ သမီးရယ် ဟုတ်လား ဒီရက်ပိုင်းတော့ စာလေးပိုဖိကျက်ပြီး စာမေးပွဲပြီးတော့ အမေ့ကို သေချာပြုစုပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

"သက္ကတို့လည်း ရှိနေတာပဲ၊ သင့်တော်တဲ့ ဆရာဝန်ကြီးနဲ့ အပ်ပေးမှာပေါ့"





"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်တီ"

သောင်းသက္ကက ကားကို ဘုန်းကြီးကျောင်းအဝင်ဝ နားဝင် ရပ်လိုက်ရင်း ...

"ကဲ ... မိုးရေ ဝင်တော့၊ ဖြစ်တယ်နော်"

"ဖြစ်ပါတယ် ကိုကို"

"ဘုန်းကြီးကို လျှောက်ရဲ ပြောရဲတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ဖွားဖို့က ကြီးကြီး ပြောပြီးသားဆိုတော့ လာယူပြီဆိုတာပဲ ထပ်လျှောက်ရမှာပါ"

"ဆိုက်ကားဂိတ်ကလည်း ဒီမှာပဲ ရပ်ထားတာပဲ၊ ဖြစ်တယ်နော်"

"ဖြစ်ပါတယ် ကိုကို၊ စိတ်ချပါ"

"ကဲ ... သွားပြီ"

"ဟုတ်ကဲ့၊ အန်တီ ကျေးဇူးတင်ပါတယ်ရှင့်"

"အေး ... သမီး၊ ရပါတယ်"

သောင်းသက္ကက ကားကို မောင်းထွက်လာသည်။

"မှောင်တောင်နေပြီ မေမေရာ၊ ညနေလောက် ကိုပေါ်လုကြီး မယောက်ခင်လောက် လွှတ်ယူခိုင်းရမှာပေါ့၊ ဒီအချိန် ဆိုက်ကားသမားနဲ့ အိုးကြီးသွားသယ်ဖို့ ဒီဆယ့်ခြောက်နှစ်သမီးလေးကို တစ်ယောက်တည်း လွှတ်တာတော့ နည်းနည်းကရုဏာကင်းမဲ့တယ် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ သားရယ်၊ သူတို့မိသားစုအိမ်တွင်းရေး လေ၊ မမတင်ကလည်း ဦးရဲလွင်ကို မတန်တရာ အဆ အတန်းယူရသလားလို့ ဆတ်ဆတ်ခါနေတာကိုး"

"မရခင် မယူခင် ဖျက်ပေါ့၊ ယူပြီး နောက်တော့ပြေလည် ကို ရှေ့ရှုရမှာမဟုတ်လား မေမေရာ၊ အမိက,က ဒီကော မလေးကသနားပါတယ်၊ ဆယ်တန်းစာမေးပွဲကြီးက တ လပဲ လိုတော့တာလေ မေမေ၊ ဝိုင်း စာကျက်ခွင့် ရနေ မှာ သူကတော့ ပြေးလွှားနေရတယ်၊ ဝိုင်းက ကိုယ့်ညီ လေးပါ၊ ဝိုင်းကျတော့ စာကျက်ခွင့်ရနေတာကို သဘော မကျတာ မဟုတ်ပါဘူး၊ ကြီးကြီးကို သဘောမကျတာပါ"

ဒေါ်ချိုချိုသည် ထောက်စရာစကား မရှိသလို ငြိ နေမိသည်။

"ပြီးတော့ ... ဒါ အန်တီဇင်မာ နှစ်ပတ်လည်လေ၊ တကယ် ဆိုရင် သူနဲ့ဘာဆိုင်လို့လဲ၊ အမိကဆိုင်တာက အန်ကယ် ရယ်၊ ကြီးကြီးရယ်၊ ဝိုင်းရယ်ပဲလေ"

"ဩော် ... ဒါပေမဲ့ သားရယ်၊ သူလည်း လိုတာဝိုင်းကူ လုပ်ပေးရတာတော့ ရှိဦးမှာပေါ့"

"ဝိုင်းကျတော့ သူ့အမေနှစ်ပတ်လည်ကို ကူလုပ်စရာမလို တာကို ပြောပြတာပါ၊ ဒီလိုပြောတော့ သားက ဝိုင်းကိုပဲ လုပ်စေချင်သလို ဖြစ်နေတယ်၊ မဟုတ်ဘူး၊ ဝိုင်း စာကျက် ရသလို မိုးရေလည်း ကျက်ရစေချင်တာပါပဲ"





သားဖြစ်သူရဲ့ အကြင်နာ ကရုဏာတရားတွေ ဒီ ရောက်ဆိုတဲ့ ကောင်မလေးအံပေါ် အတော်ကြီး လွှမ်းခြုံလျှံကျ တာကို ဒေါ်ချိုချိုက ရိပ်မိလေသည်။ မိုးရေကို သူကိုယ်တိုင် ည်း သနားပေမယ့် သားဖြစ်သူက လိုတာထက် ပိုသနားမှာကို တော့ မလိုလား။

"ဘာပဲဖြစ်ဖြစ် သား၊ မေမေက ဇင်မာ့ ငယ်သူငယ်ချင်း နော်၊ တကယ်တမ်းက သားနဲ့ ဝိုင်းလေးက ငယ်ကတည်း က သံယောဇဉ်နဲ့ ကြီးပြင်းခဲ့ကြရတာ"

"အင်းလေ၊ အဲဒါ ဘာဖြစ်လို့လဲ၊ ဝိုင်းလေးက သားရဲ့ညီမ ရင်းလိုပဲဟာ"

"ရှင်းရှင်းပြောရရင် မိုးရေ ဘယ်လောက်ပဲ သနားဖို့ကောင်း နေနေ သားကတော့ ဝိုင်းထက်ပိုတဲ့ မေတ္တာ စေတနာ သူ့ အပေါ်ထားဖို့ မလိုဘူးလို့ မေမေ ပြောချင်တာ၊ လောကကြီး မှာ မတရားမှု၊ ဘဝနာမှု၊ သနားစရာကောင်းမှုတွေ ရှိကြ တာပဲလေ၊ အားလုံးဟာ ကိုယ်နဲ့ဆိုင်တာတွေ မဟုတ်ဘူး လို့ စိတ်ဖြတ်ထားနိုင်ရမယ်၊ သားလည်း မိုးရေတို့သားအမိ ရဲ့အဖြစ်အပျက်တွေထဲ သိပ်မနစ်မြုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



၈

"ဝိုင်းလေး"

ဝိုင်းက နောက်ဘက်မှ ကြီးကြီးခေါ်သံကြောင့် စာအုပ်ကို ဖျတ်ခနဲ ပိတ်လိုက်ပါသည်။ စာကျက်နေရင်းက စိတ်ကလွင့်ကာ စာအုပ်နောက်ကျောမှာ "ကိုကို"ဆိုတဲ့ စကားလုံးတွေ လက်ရေးမျိုးစုံနှင့် ရေးခြစ်နေမိတာ ကြီးကြီးတွေ့သွားမှာစိုးလို့ပါ။

စာမေးပွဲနှစ်ရက်သုံးရက်ပဲ လိုတဲ့အချိန်မှာ စိတ်တွေ တွေပြားလေလွင့်နေတယ်ဆိုတာ ကြီးကြီးသိရင် ခေါင်းခေါက်ခံရမှာ အမှန်ပင်။

"ဟုတ် ... ကြီးကြီး"

"ညည်း ဟိုဟာမထက် ဂုဏ်ထူးလျှော့လို့ မဖြစ်ဘူးနော်"

"ကြီးကြီးကလည်း"

"ကြီးကြီးကမလည်းနဲ့၊ သမီးလေးလုံးထွက်တာ ငါးလုံးထွက်တာ ခြောက်လုံးထွက်တာ ကြီးကြီး စိတ်မဝင်စားဘူး၊





ကြီးကြီး စိတ်ဝင်စားတာက ဟိုဟာမထက် ဂုဏ်ထူးပိုဖို့ ပါပဲ၊ ညည်း နှစ်လုံးတည်းထွက်ပေမယ့် ဟိုဟာမတစ်လုံး ဆိုရင် ငါကျေနပ်တယ်"

ဝိုင်းက မျက်ခုံးလေးတွန့်ကာ ကြီးကြီးကို ချစ်စနိုးစိတ်ပျက်ခြင်းမျိုးနှင့် ခါးကိုဖက်ပြီး ရယ်မိသည်။

"ဟုတ်တယ်လေ၊ မွေးကတည်းက မူကြိုဆိုလည်း ကောင်းကောင်း၊ ကျောင်းစထားတော့လည်း ကျောင်းကောင်း၊ Weekend English Class တွေဆိုလည်း ကောင်းကောင်းတွေ တက်ခဲ့ရတဲ့ ငါ့သမီးက တဲကြိုအုံကြားနေပြီး အနုပ်စုပ်ကျောင်းတက်ခဲ့တဲ့၊ စိုင်ကော်လို့ ချေပေါ်ရောက်ပြီး ကျောင်းကောင်းကောင်းနေဖူးတာ နှစ်နှစ်ရှိသေးတဲ့ဟာမနဲ့ ယှဉ်ပြီး တန်းတူလေးကျတာလောက် လုံးဝလက်မခံနိုင်ဘူး"

"တိုးတိုးပြောပါ ကြီးကြီးကလည်း။ အခန်းတံခါးကြီးလည်း မပိတ်ဘဲနဲ့"

"မပြောနိုင်ပါဘူး၊ ကိုယ့်အိမ်ထဲ ကိုယ့်ပါးစပ်နဲ့ တိုးတိုးပြောပြော ကျယ်ကျယ်ပြောပြောပေါ့၊ ဘယ်သူ့ဂရုစိုက်ရမှာလဲအေ့"

"ကြီးကြီး ပြောတာက ဘာမှလဲ မဆိုင်ဘူး၊ စာတော်တာ မတော်တာက ကိုယ်ပိုင် ပင်ကိုအရည်အချင်းနဲ့ပဲ ဆိုင်တယ်၊ ချောင်ကြိုချောင်ကြားမှာ နေတာတို့၊ ကျောင်းအစုတ်မှာနေ စာသင်ခဲ့တာတို့နဲ့ မဆိုင်ဘူးလေ ကြီးကြီးရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးရေက ပင်ကိုဉာဏ်လည်းကောင်း၊ စာလည်းတော်တဲ့ဟာကို၊ ဘယ်ကျောင်းနေနေ ဂုဏ်ထူးတွေ ထွက်မှာပဲ။ သမီးက သူ့ထက်တော်တာ English တစ်ခုပဲရှိတယ် ကြီးကြီးရဲ့၊ ကျန်တာ သူ အားလုံးတော်တယ်"

"အို ... ငါ့သမီးလေးက ပိုတော်တာပါအေ၊ ညည်းက စိတ်အေးပြီး သဘောကောင်းလွန်းတယ်၊ ပြိုင်ချင်စိတ်ကို မရှိဘူး၊ ဟိုဟာမများဖြင့် ပြိုင်လိုက်၊ ဆိုင်လိုက်မဟုဲဆိုတဲ့ စိတ်တွေက လျှမ်းလျှမ်းကိုထနေတာ၊ ညည်းလည်း အဲသလို စိတ်ထားစမ်းပါ ဝိုင်းရယ်"

"ဝိုင်းလည်း ကြိုးစားတာပဲဟာကို၊ ကြီးကြီးကလည်း"

"သူ့ထက်သာဖို့ ပြောနေတာ၊ ခုတော့ ညည်းတို့ဟာတွေက ကိုယ်တစ်လှည့်သာ သူတစ်လှည့်သာ ပိန်မသာလိန်မသာ ဖြစ်နေတာ"

"ကြီးကြီးရယ် ... စိတ်လျှော့စမ်းပါ၊ သမီးက ကိုယ်တော်ဖို့ ကိုယ်ဂုဏ်ထူးများဖို့တော့ ကြိုးစားနိုင်ပါတယ်၊ သူဂုဏ်ထူးနည်းဖို့တော့ ဘယ်လိုလုပ် ကြိုးစားနိုင်မှာလဲလို့၊ တကယ်ပဲ ကြီးကြီးက"

"ကျွတ် ... ညည်းဖအေကလည်းနော်၊ ဘုရားဖြစ်မယ့် အုတ်နီခဲလား မသိပါဘူး တကတဲ၊ မယားပါသမီးကို ကိုယ့်သမီးရင်းနဲ့ အရာရာတန်းတူရည်တူ၊ အိမ်ခေါ်သင်တဲ့ ဝိုင်းထဲ ထည့်လိုထည့်"





"အို ... ကြီးကြီးကလည်း၊ အိမ်မှာ ကျူရှင်ဝိုင်းလုပ်နေမှတော့ မယားပါသမီးမပြောနဲ့ တူ,တူမ အဆွယ်အပွား ဘယ်သူပဲဖြစ်ဖြစ် အတန်းတူရှိနေရင် တူတူစာသင်ရတော့မှာပေါ့လို့၊ ငြင်းထုတ်လို့ ကောင်းပါ့မလား"

"အို ... ဒါပေမဲ့အေ၊ ငါ့တူမလေးက တစ်ဦးတည်းသော တူမ အဖူးအညွန့် အထွင့်အမြတ်လေး၊ ဘယ်သူမှ ပခုံးချင်း ဘုန်းချင်း လာယှဉ်တာ မကြိုက်ပါဘူး၊ ရာရာစစ မယားပါသမီးက လာယှဉ်နေတော့ ပိုပြီးအသည်းနာသေးတယ်၊ သူ့ဟာသူ သွေးနားထင်ရောက် အထင်ကြီးနေတာကရှိ သေး၊ အို ... ဒီဟာမလေးကို ဟောဒီရင်ဘတ်ထဲကကို မကျေမချမ်းနိုင်ဘူး ...

ဘယ်ဘဝရေစက်မှန်းကို မသိတာ၊ သူ့အမေကို မကြည်ပေမယ့် ကြိုးစားလက်ခံလို့ ရသေးတယ်၊ သူ့အမေ က ပျပ်ပျပ်ဝပ်ဝပ်လည်း နေတယ်၊ သူက ဆောင့်ကြွားကြွား မာတောက်တောက်နဲ့၊ မျက်စိထဲကို စပ်နေတာပဲ၊ ညည်း ထက်သူ စပါးလုံးတစ်ထောက်သာတာကိုတောင် မမြင်နိုင် ဘူးအေ၊ ရှင်းရှင်းပဲ"

မိုးရေသည် အမေ့ကို ပခုံးကိုင်ကာ တွဲလာရင်းက ခြလှမ်းတွေနှေးရာမှ တုံ့သွားပြီး အမေ့ကို လှည့်ကြည့်မိပါသည်။ သူ့ကိုပြန်ကြည့်နေတဲ့ အမေ့မျက်ဝန်းတွေမှာ နှစ်သိမ့်မှုတစ်မျိုးနှင့် တိုးလျှိုးခြင်းဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတလောလည်း ဗိုက်အောင့်နေပြန်တဲ့ အမေ့ကို အောက်ဆင်းဖို့ ဖြည်းဖြည်းချင်း တွဲခေါ်လာတာပါ။ အခန်းထဲက ထွက်လာကတည်းက ဒီစကားသံတွေကို ခပ်ဖျဖျ ကြားလာရတာ။ အမေကိုက ဖြည်းဖြည်းပဲ လျှောက်နိုင်တဲ့အတွက် သူတို့အခန်းရှေ့ ကပါ ဖြတ်နေတဲ့တစ်လျှောက် အသံတွေကို မကြားချင်လည်းကြား ကြားချင်လည်းကြား။

အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတဲ့ ကလေးသာသာ မိန်းမငယ်လေးတစ်ယောက် အနေနှင့် မိုးရေသည် ကိုယ့်ကို လူကြီးတစ်ယောက်က တူးတူးခါးခါး အသည်းနာ မုန်းတီးနေတာကို နားနဲ့ဆတ်ဆတ်ပါ ကြားရတော့ ရင်ထဲမှာ နာကျင်ဝမ်းနည်းမိပါ သည်။ သူလည်း ထူးထူးကဲကဲ ဘာမှမလုပ်မိပါပဲနှင့် ဒီလောက် တောင် မုန်းနေတဲ့သူက ရှိနေသည်ဆိုတာကို နားမလည်ချင်တာ မယုံချင်တာတွေထက်ကို မခံချင်မှုနှင့် ဂရုမစိုက်မှုတို့ကို ဆထက် ထမ်းပိုးသာအောင် မွေးယူပစ်လိုက်ပါသည်။

"ခစ် ... ခစ်"

မထိတထိ ရယ်မောလိုက်တဲ့ မိုးရေကို အမေက စိတ်မကောင်းသလိုကြည့်သည်။

"အဲဒီမိန်းမကြီးက ရူးနေတယ် အမေ"

မိုးရေက လေသံဖျဖျလေးနှင့် ပြောလိုက်သည်။

"လောဘ၊ ဒေါသ၊ မောဟတွေနဲ့ အဝီစိကျမယ့်မိန်းမကြီး"





"သမီး ... ဘာပဲဖြစ်ဖြစ် သူကလူကြီးမို့ အဲလိုမပြောနဲ့ သမီး"

မိုးရေက နှုတ်ခမ်းလေးကို မဲ့လိုက်ပါသည်။

"ပြီးတော့နော် ညည်းလေးလည်း ကျပ်ကျပ်သတိပြုဦး မိဝိုင်းလေး၊ ဒီဟာမက မောင်သက္ကကိုလည်း တကပ်ကပ် ရယ်၊ အဲဒီမောင်သက္ကကလည်း ပြန်ပြီးအရေးအရာလုပ် အရောဝင်နေသေးတယ်၊ သူနဲ့ ဘာရင်းနှီးစရာအကြောင်း ရှိလို့လဲ"

"ကြီးကြီးကလည်း သူလည်း ဒီအိမ်ရောက်တာ ဒီနှစ်ဆိုရင် နှစ်နှစ်ပြည့်ပြီပဲလို့၊ ကိုကိုက ဟိုဘက်အိမ် ဒီဘက်အိမ် တစ်ချိန်လုံး ကူးနေတာ၊ သူနဲ့လည်း အမြဲတွေ့နေတာ အထိုက်အလျှောက်တော့ ရင်းနှီးမှာပဲပေါ့"

"ရင်းနှီးစရာ မလိုပါဘူး၊ ရူးနေရာဒူး တော်နေရာတော်ပေါ့၊ သူက ဘာမို့ သက္ကနဲ့အရောဝင်ရမှာလဲ၊ သက္ကဆိုတာ ညည်းအဖေရှိတုန်းကတည်းက ချိုချိုနဲ့ နှစ်ယောက်သား စကားအပေးအယူလုပ်ပြီးသား၊ ညည်းရဲ့အိမ်ထောင်ဖက် လောင်းပဲ ဝိုင်းလေးရဲ့"

"အို ... ကြီးကြီးကလည်း"

"ကြီးကြီးကလည်း လုပ်မနေနဲ့၊ လူကြီးချင်းတွေ ပြောဆိုပြီးသား၊ သဘောတူမျှပြီးသား၊ မောင်သက္ကလည်း သိထားပြီးသား၊ ဒါကို သူက တက်ပြီး ပရောပရီလုပ်နေစရာ



www.burmeseclassic.com

www.burmeseclassic.com

ဘာအကြောင်းမှကို မရှိတာ၊ ကြည့်လို့ကိုမရဘူး၊ မျက်စိစပ်တယ်၊ ခေါ်တော့လည်း ညည်းခေါ်သလို 'ကိုကို' 'ကိုကို'လိုက်ခေါ်တယ်၊ ငါနား ငရဲကျသလိုပဲ၊ ကြားရတာ ပူလောင်တယ်၊ ဘယ်အရာမဆို ညည်းကိုယှဉ်ယှဉ်ပြီး လိုက်တုပြိုင်နေတော့တာပဲ ဝိုင်းရဲ့၊ ညည်းအဖေကိုလည်း ချက်ချင်း ဒက်ဒီလိုက်ခေါ်ပစ်တယ်၊ ပါးစပ်ရဲမှု၊ ဘာမဆို ပြိုင်ရမှ"

မိုးရေသည် မဲ့မဲ့လေးပြုံးကာ အံကိုတင်းတင်းကြိတ်ရင်း ဤအခန်းရှေ့က ဖြတ်ကျော်ခဲ့လေသည်။ အမေလည်း နေမကောင်း၍ စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့သာ။ တကယ်ဆို အခန်းတံခါးကို ဝုန်းကနဲတွန်းဖွင့်လိုက်ပြီး ခွန်းတုံ့ပြန်စကားတစ်ခွန်းခွန်းတော့ ပြောကို ပြောပစ်လိုက်ချင်တာပါ။

မြဲထဲကိုရောက်လျှင် အရိပ်ရတဲ့ သစ်သားထိုင်ခုံတန်းလေးမှာ သားအမိနှစ်ယောက်သား ထိုင်မိကြပါသည်။

"သမီး"

အမေ့အသံက နွမ်းဟိုက်နေသည်။

"အမေ"

"အမေလည်း သူ့လိုပဲ လိုက်ပြောမှဖြစ်မယ်၊ သမီး ဝိုင်းထက် ဂုဏ်ထူးလျော့လို့ မဖြစ်ဘူးနော်"

"အို ... အမေရာ၊ ဘာလို့လျော့ရမှာလဲ၊ မိုးရေက အနည်းဆုံး ငါးလုံးထွက်မှာ အမေ၊ မြန်မာစာတစ်ခုသာ ဂုဏ်ထူးရဖို့ခက်လို့၊ ကံကောင်းရင် မြန်မာစာပါထွက်မှာ၊ ကျန်တဲ့ ငါးဘာသာကတော့ ခုနေ မျက်စိမှိတ်ဖြေတောင် ဂုဏ်ထူးပဲ"

"အားရှိလိုက်တာ ငါ့သမီးရယ်"

အားရှိတယ်ဆိုသူရဲ့အသံက အားပျော့လှပါသည်။

အားပျော့ဆို ဤအချိန်တွင် ဒေါ်သူဇာသည် သူ့မှာ ရောဂါအဆောက်အဆုံတစ်ခု ရှိနေတယ်ဆိုတာကို သိနေပါပြီ။ ဆေးခန်းသွား ဆရာဝန်ပြ ဆိုတာတွေ လုပ်နေတာကို သူသူကိုယ်ကိုယ် ဖြစ်သလို ယေဘုယျအာရုံရောဂါလောက်ပဲ ကျန်တဲ့လူတွေအားလုံး သိထားကြကာ တကယ်တမ်း ရောဂါအကြောင်းသိထားသူက ဦးရဲလွင်၊ ဒေါ်သူဇာနှင့် သောင်းသက္ကသာ။ ဒါတောင် ဒေါ်သူဇာကို သူတို့က ဖုံးထားဖို့ ရည်ရွယ်ပါသေးသည်။ အတင်းမေးမက သိခွင့်တောင်း၍သာ ဆရာဝန်ခွင့်ပြုချက်နှင့် သိခွင့်ရတာပါ။

ကိုယ့်အခြေအနေကိုယ်သာသိ၍ ဒေါ်သူဇာဟာ စိတ်ခံတတ်ဗုန်းဗုန်းကျစပြုနေပါပြီ။ သမီးလေး မိုးရေစက်ကို ပြောမထွက်ခပြောရတ်။ စာမေးပွဲပြီးရင်တောင် ပြောဖို့စိတ်ကူးမထား။ သနားခြင်းကြီးလှစွာသော ကရုဏာနှင့်သာ သနားကြင်နာနေမိသည်။

သူ့ခမျာ လောကအလယ် မျက်စိသူငယ် နားသူငယ်နှင့် ကျန်ရစ်ရှာတော့မည့် သမီးလေးပါလား။ ကုသိုလ်ကံဆိုးလှတဲ့ သမီးလေး။ သူ့အားသူကိုးနိုင်မှသာလျှင် သူ့ဘဝလေးပြည့်စုံလှပမှာ။ ဒါကြောင့် သမီးလေး မိုးရေစက် ဆယ်တန်းကို ထူးထူးချွန်ချွန်အောင်ဖို့လိုသည်။







www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူနှင့်ပြိုင်ပြိုင် မပြိုင်ပြိုင် သူ့အတွက်ကိုသူ ဂုဏ်ထူးတွေနှင့် မြင့်မြင့်မားမား အောင်မြင်မှ ဆေးကျောင်းလေး တက်ခွင့်ရ၊ ဆရာဝန်မလေးအဖြစ်နဲ့ လူတစ်လုံး သူတစ်လုံး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှာ မဟုတ်လား။

"ဆရာဝန်လိုင်းဝင်အောင်လုပ်နော် သမီး"

"ဒါပေါ့ အမေရ၊ မိုးရေ ဆရာဝန်ဖြစ်မှ အမေနေမကောင်း ဖြစ်ရဲဖြစ်ကြည့်လိုက်စမ်းပါ၊ တစ်ခါတည်း ကုပစ်လိုက်မှာ ... ဟား ဟား"

ဒေါ်သူဇာက မိုးရေကို ဝမ်းနည်းဝမ်းသာလေး ပြုံးငေးကြည့်နေရင်းက ...

"သမီးက ဝိုင်းနဲ့မတူဘူးနော် သမီး၊ ဝိုင်းဘဝမှာ ခြေချော် လက်ချော်ဆိုတာမျိုး ဖြစ်ခဲ့လည်း ဝိုင်းက ဘာမှမဖြစ်နိုင်ဘူး၊ ခေါင်းမော်ပျက်မှာ မဟုတ်ဘူး၊ သမီးလေးအဖို့ကတော့ ခြေချော်လက်ချော် တစ်ခုခုများ ဖြစ်ခဲ့ရင် ပြန်အဖတ်ဆယ်နိုင်ဖို့ ပြန်ထူထနိုင်ဖို့ လွယ်တာမဟုတ်ဘူးနော် သမီး"

"သမီး သိပါတယ် အမေ"

"ဒီစာမေးပွဲမှာလည်း လုံးဝအမှားအယွင်း အဖြစ်မခံနိုင်ဘူး"

ဘာကြောင့်လဲဆိုတော့ ကိုယ်ဟာ ဒီစာမေးပွဲအလွန် ကာလတချို့အထိသာ မိုးရေ့ နံဘေး မတ်မတ်ရပ်တည်နိုင်တော့မှာ မဟုတ်လား။ ဘယ်အဖြစ်အပျက်မှာပဲဖြစ်ဖြစ် ဒုတိအကြိမ်တာမျိုး မိုးရေထပ်မံရှန်းကန်ရင်ဆိုင်ရဦးမယ်ဆိုရင် အဲဒီဒုတိယအကြိမ်တွေမှာ ဒေါ်သူဇာက မိုးရေအနား ရှိနိုင်မှာမဟုတ်တော့ပါ၊

"စိတ်ချပါ အမေရယ်"

"သမီးဘဝမှာ ဒက်ဒီဦးရဲလွင်ဟာ ကျေးဇူးရှင်ပဲဆိုတာ မှတ်ထားနော်၊ အမှန်တိုင်း ပြောရရင် ညည်းဖအေရင်းထက်တောင် ညည်းဘဝကို အထောက်အကူပြုမှာ၊ ညည်းအဖေတောင် လုပ်မပေးနိုင်ခဲ့တဲ့ အရာတွေ သမီးကို သူ လုပ်ပေးတယ်၊ ဒက်ဒီအပေါ် စိတ်ရင်းကောင်းနဲ့ ဆက်ဆံပြီး ကျေးဇူးလည်း မမေ့ပါနဲ့ သမီး"

"အင်းပါ မေမေကလည်း၊ ဒါတွေ မိုးရေနားလည်ပြီးသားပဲ၊ ဘာလို့ ခုတလော ထပ်ခါ ထပ်ခါ ပြောနေရတာလဲ"

"ကျန်တဲ့လူတွေအပေါ်တော့ သူတို့ကောင်း ကောင်းချင်း၊ ဆိုး ဆိုးချင်းသာ တုံ့ပြန်ဆက်ဆံပေတော့"

မိုးရေက နဖူးလေးရှုံ့ရင်း ...

"ဟွန် ... အမေကလည်း၊ နောက်နေ့ ခရီးထွက်တော့မှာမို့ စုပြုံပြီး မှာနေတာ ကျနေတာပဲ"

ဟုတ်သည်။ ခရီးရှည်ကြီးတစ်ခုကို နောက်နေ့ မဟုတ်တောင် မကြာခင်တစ်နေ့ ဒေါ်သူဇာ ထွက်ခွာရတော့မည် မဟုတ်လား။ ပြန်လမ်းမရှိတဲ့ခရီး။ ဒီသမီးလေးကို ဘယ်သော အခါမှ ပြန်မတွေ့နိုင်တော့မယ့်ခရီး။



www.burmeseclassic.com

www.burmeseclassic.com



"စကားကြုံကြိုက်တုန်း ခေါင်းထဲရှိတာလေးတွေ မှာရတာပါ သမီးရယ်၊ ညည်းဘဝမှာ လိုချင်တယ်ဆိုတဲ့ဆန္ဒ ဖြစ်ပေါ်လာသမျှ အရာအားလုံးကို ရအောင် မဖြစ်မနေကြိုးစားယူ၊ ဘယ်တော့မှ စိတ်အားမလျှော့နဲ့"

မလျှော့ပါဘူး အမေရယ်။ ဘယ်တော့မှ မလျှော့ပါဘူး။ ဒီလောက်နှိမ်ချင် နှိပ်ကွပ်ချင်တဲ့သူ ရှိနေတဲ့ အနေအထားမှာ ကိုယ့်စိတ်ကိုလျှော့ချလိုက်ရင် ခွေးလုံးလုံးဖြစ်သွားမှာပေါ့။

"သမီးဖြစ်ချင်တာကို ဒက်ဒီ့ကို အကျိုးသင့်အကြောင်းသင့် ရှင်းပြအကူအညီတောင်းပြီး ပူဆာပေါ့၊ ဒက်ဒီက ညည်းအပေါ် စေတနာရှိရှာပါတယ်"

"မိုးရေ သိပါတယ် အမေ"

"ဝိုင်းလေးကလည်း စိတ်ထားမဆိုးပါဘူး၊ ဒီအိမ်မှာ စိတ်ထားဆိုးတာဆိုလို့ ဒေါ်တင်တင်ပဲ ရှိတာ၊ သူ့ကိုတော့ သမီး သတိထား၊ သူကတော့ ညည်းအကျနာဖို့ အတိနာဖို့ဆိုရင် ဟုတ်တာရော မဟုတ်တာရော ကောင်းတဲ့နည်းရော မကောင်းတဲ့နည်းရော သုံးပြီး တရားရား မတရားရား လုပ်မှာပဲ သမီး၊ ငါ့သမီးလေး သတိမလစ်ဘဲ ကြံ့ကြံ့ခံနိုင်ဖို့လိုတယ်"

"အမေ"

မိုးရေက ဝမ်းနည်းလာသလို အသံတုန်လေးနှင့်ခေါ်ကာ ဒေါ်သူဇာရေ့ဘက် မြေပြင်ကို ဒူးထောက်ထိုင်လိုက်ပါသည်။ အမေ့ဒူးပေါ် လက်လေးတင်ရင်း ...





"အမေ ...၊ အမေ ပြောနေတဲ့စကားတွေက တစ်မျိုးပဲ၊ ဝမ်းနည်းစရာကောင်းသလိုပဲ၊ ဘာဖြစ်လို့ သမီးကို ခုလို တွေ သင်နေ မှာနေရတာလဲ"

"ဘာမှမဟုတ်ပါဘူး သမီးရယ်၊ စကားကြုံလို့ ပြောနေတာ လို့ ပြောပြီးပြီပဲ၊ သတိရတုန်း တစ်ခါတည်း စုပြောထားတာ ပါ၊ ဒေါ်တင်တင်က သမီးကို သီးသန့်မကြည့်ဖြုနိုင်ရတဲ့ အပြင်ကို ဝိုင်းနဲ့ယှဉ်ပြီး ဝိုင်းထက် အသာမခံနိုင်တဲ့ဝန်တိုမှု မျိုးလည်း ဖြစ်နေပြန်သေးတော့ သမီးအတွက် သူ့တစ် ယောက်ကိုပဲ အမေစိုးရိမ်တယ်၊ ဒါပေမဲ့ ငါ့သမီးလေးက ပါးနပ်ပါတယ်၊ ငယ်ငယ်လေးကတည်းက အစ်ကိုလုပ်သူ ကလည်းမရှိ၊ အဖေကဆုံး၊ အမေကမိုးလင်းကမိုးချုပ် ပိုက်ဆံထွက်ရှာနေရတော့ တစ်ယောက်တည်း ကျောင်းသွား ချိန်သွား၊ ပြန်ချိန်တန်ပြန် ကိုယ့်ဟာကိုယ်သော့ဖွင့်ဝင်၊ စားစရာရှိတာ ရှာဖွေစား၊ ကိုယ့်အသိစိတ်နဲ့ ကိုယ့်ဟာ ကိုယ်လေး ရပ်တည်တတ်ခဲ့တဲ့ သမီးပဲ၊ အမေ ဒီလောက် ပူစရာ မလိုပါဘူးလေ"

မိုးရေက ခုံတန်းလေးမှာ ပြန်ဝင်ထိုင်ရင်း ...

"အမေ ... အမေ့ကိုယ်အမေသာ ဂရုစိုက်ပါ၊ အမေနေ ကောင်းမှ မိုးရေလည်း အားရှိတာပေါ့၊ ခုဆို အမေနေမ ကောင်းတော့ စာကျက်ရတာတောင် စိတ်မဖြောင့်ဘူးပေါ့ အမေရယ်"



www.burmeseclassic.com

"စိတ်ဖြောင့်ဖြောင့်ကျက်ပါ သမီးရယ်၊ ငါ့သမီး စာကျ
နေတာတွေ့ရင်ကို အမေက စိတ်ထဲအားတွေရှိပြီး နေကောင်
နေတာ၊ ကဲ ... ကဲ ... ဒီဘက်မှာထိုင်ပြီး စာကျက်၊ စကာ
ပြောရပ်ကြမယ်၊ အမေက သမီးဘေးမှာ ဘုရားစာရွ
မယ်"

မိုးရေက စာအုပ်လေးကိုဖွင့်ကာ အမှတ်တမဲ့ ခေါ
ကိုမော့လှန်၍ ကောင်းကင်ကြီးဆီအကြည့် ဟိုးရှေ့က အပေါ်ထ
ဝရန်တာမှ သူတို့သားအမိထံ ခပ်စိမ်းစိမ်းကြည့်နေတဲ့ ကြီးကြ
ဒေါ်တင်တင်ကို ရင်ဆိုင်တွေ့မြင်လိုက်ရပါသည်။ မကြည်သာ
မနှစ်မြို့တဲ့ မလိုလားတဲ့ မျက်ဝန်းများအကြည့်ဟာ နုနယ်သေး
မိုးရေရဲ့နှလုံးသားလေးကို နာကျင်သော ဝေဒနာတစ်ရပ် ခံစာ
စေပါသည်။

စိတ်ချပါ ကြီးကြီးရေ။

ကြီးကြီး မလိုလားတဲ့ ကောင်မလေး မိုးရေစက်
နိုင်ခိုင်မာမာ အောင်အောင်မြင်မြင် ရပ်တည်ရှင်သန်နေဦးမှာ
ဘယ်လောက်ပဲ ကြီးကြီး မကြည်ဖြူပေမယ့်လည်း ကျွန်မဘဝ
ကြင်နာတတ် ကိုယ်ချင်းစာ သနားတတ်တဲ့ ကိုကိုသောင်းသ
ကိုလည်း သံယောဇဉ်တွေ တိုးတိုးချည်နှောင်သွားဦးမှာပဲ။





## ၉

"ကိုကို"

ထမင်းစားခန်းဘက် ကွေ့ဝင်လာတဲ့ သောင်းသက္က
ဝိုင်းက ရွှင်ရွှင်လေး လှမ်းနှုတ်ဆက်လိုက်ပါသည်။

"ဒီနေ့ ဘာသာတော့ ဒီပဲမဟုတ်လားဟေ့"

"ဒါပေါ့ ကိုကိုရဲ့ ... အဟဲဟဲ"

"မိုးရေရော ဒီပဲနော်"

"ဟုတ် ... ကိုကို"

သောင်းသက္ကက ဘယ်ညာလက်မနှစ်ဖက်လုံးထောင်
ကာ ခပ်ပြုံးပြုံး ခေါင်းဆတ်ကျေနပ်သွားပါသည်။ ရှေ့နှစ်ရက်
မာစာနေ့က နှစ်ယောက်လုံး ဂုဏ်ထူးရမယ် မရဘူး မသေချာ။
နှုန်းဆတတ်ပဲရှိကြကာ ဒုတိယနေ့ အင်္ဂလိပ်စာကျတော့လည်း
ကတော့ ဂုဏ်ထူးရနိုင်လောက်တယ်ဟု သူ့ကိုယ်သူထင်လျက်
ရေက ဒီနေ့လည်း on the margin ပဲလို့ မရွံ့မရဲ ရှိပြန်သည်။

www.burmeseclassic.com



စာမေးပွဲဖြေဖို့ အိမ်ကမထွက်ခင် နံနက်စောပိုင်းရှေ့မှာ အိမ်ထိရောက် လာအားပေးတတ်တဲ့ ကိုကိုကြောင့် ဝိုင်းရှေ့ မိုးရေပါ တက်ကြွအားပေး ရှိကြရပါသည်။

"မိုးရေကတော့ သချာတစ်ရာပဲ ထင်တယ်"

"အဟင်း"

မိုးရေက နှုတ်ခမ်းလေးစေ့ ပ. ခုံးလေးတွန့် ပြုံးလိုက်ပါသည်။

"မိဝိုင်း ... မရှုန်းနဲ့နော်"

"အင်းပါ ... ကိုကိုကလည်း"

"မေးခွန်း သေချာဖတ်ကြနော်၊ စိတ်အေးအေးနဲ့တွက် ကိုယ်ဟာ ဂုဏ်ထူးရဖို့ သေချာတယ်ဆိုပေမယ့် မတော်တဆ များ မေးခွန်းမှာ မျက်စိလည်စရာလေး ပါလာရင် စိတ်မ ပျာမသွားကြနဲ့နော်"

"ဟုတ်"

ဒေါ်သူဇာက ဝိုင်းနှင့် မိုးရေကို ဘရိတ်ဖတ်စ် ပြင်ဆင်ကျွေးနေရာမှ ကော်ဖီတစ်ခွက် ထပ်ထည့်လိုက်ရင်း ...

"သား ... မောင်သက္က၊ ကော်ဖီသောက်ပါဦး"

"ဟုတ်ကဲ့ ... အန်တီသူဇာ နေကောင်းရဲ့လား"

သောင်းသက္ကက နည်းနည်းထပ်ကာ ကိုယ်ရည်သေး ကျသွားတဲ့ ဒေါ်သူဇာကို စိတ်ထဲမကောင်းသော်လည်း အပေါ်ယံ ဟန်လုပ်၍ မျက်နှာမပျက်စေဘဲ သတင်းမေးလိုက်ပါသည်။





"ကောင်းတယ် မောင်သက္က၊ ခုတလော နေရထိုင်ရတာ ပေါ့ပြီး သက်သာလာပြီ"

သောင်းသက္က ရင်ထဲနင့်ရသည်။ ဒေါ်သူဇာ ဝေဒနာ ဟာ အလွန်ကြီးကင်ဆာ။ တခြားသော ကိုယ်တွင်းအင်္ဂါတို့ကိုလည်း ကူးစက်ပျံ့သွားပြီးဖြစ်ကာ ကုသဖို့ မျှော်လင့်ချက် မရှိတော့တဲ့ အတွက် မကြာခင်အချိန်အတွင်းမှာတော့ အိမ်မှာထက် ဆေးရုံမှာ တက်ပြီး နေရတော့မယ့် အခြေအနေတစ်ခုကို ရောက်လာတော့ မှာပါ။

လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက နောက် ငါးလ ခြောက်လလို့ အကြမ်းဖျဉ်း ခန့်မှန်းခံခဲ့ရတာ။

တကယ်တမ်းမှာ ခန့်မှန်းကာလထက် ကျော်လွန် နေသွားရတတ်သူတွေလည်း ရှိတော့ရှိပေမယ့် အဲဒီကာလလောက် မနေရတော့တဲ့သူက များပါသည်။ ဘာကြောင့်လဲဆိုတော့ ဆရာ ဝန်တွေလည်း စတင်ခန့်မှန်းချက်ပေးကတည်းက ကရုဏာနှင့် ယှဉ်လျက် ဖြစ်နိုင်ချေထဲက အမြင့်ဆုံးအချိန်ကာလကို ပြောလိုက် တတ်တာ များသည်ကိုး။

အချိန်ကာလ ဘာမှမကျန်တော့တာ သူလည်းသိ၊ ကိုယ်လည်းသိတဲ့ ဝေဒနာသည်တစ်ယောက်က သက်သာလာပြီ ရယ်လို့ အများရှေ့မှာ ဖုံးဖုံးဖိဖိ ပြောနေတာကို သိနေတဲ့ သူတစ် ယောက်အနေနှင့် သောင်းသက္က စိတ်မကောင်းနိုင်။



www.burmeseclassic.com

www.burmeseclassic.com



“အမေက သက်သာတယ်ဆိုပေမယ့် လူက နွမ်းနယ်ပြီး နုံးနေ ချည့်နေသလိုပဲ၊ မိုးရေစိတ်ထဲထင်တယ် ကိုကိုရဲ့၊ မိုးရေ စာမေးပွဲပြီးရင်တော့ အမေ့ကို ဆေးရုံမှာခဏအနားယူခိုင်းရင်ကောင်းမလား ကိုကို၊ ဟိုတစ်နေ့ကလည်း ဒက်ဒီက ဆေးရုံမှာခဏနားပါပြောနေသံ မိုးရေ ကြားတယ် ...

အမေက ငြင်းနေတာ၊ မိုးရေ စာမေးပွဲကြောင့် မိုးရေ သိတယ်၊ စာမေးပွဲပြီးရင် သမီး ဆေးရုံစောင့်လို့ ရပြီလေ အမေ၊ စာမေးပွဲပြီးဖို့လည်း နောက်သုံးရက်ပဲ လိုတော့တာ၊ ဆေးရုံတက်ရင် ကောင်းမယ်ထင်တယ်နော် ကိုကို”

“သမီး ... စာမေးပွဲတွင်းကြီး စာပဲခေါင်းထဲထားစမ်း”

“ထားပါတယ် အမေကလည်း”

“ဒါတွေ ကြိတ်တွေးမနေနဲ့၊ ဒီနေ့လည်း ဘာမှမလွဲစေနဲ့၊ ဝိုင်းလေးလည်း ဂရုစိုက်နော် သမီး”

“ဟုတ်”

ထိုနေ့က နှစ်ယောက်သား ထုံးစံအတိုင်း ဘုရားရှိခိုးပြီး စာမေးပွဲဖြေဖို့ ထွက်လာခဲ့ကြပါသည်။ ကားနောက်ခန်းထဲ နှစ်ယောက်ယှဉ်ထိုင်လာရင်းက မိုးရေက မမ္မဝိဋ္ဌာန်တွေ ပြန်လှန်ကြည့်လာကာ ဝိုင်းက ဘုရားစာတတွတ်တွတ် ရွတ်လာပါသည်။ ဘုရားစာတစ်ခေါက်အဆုံးမှာ ဝိုင်းက မိုးရေကို လှည့်ကြည့်ရင်း ...

“ဟဲ့ ... မိုးရေ၊ နင် ဘုရားစာ မဆိုဘူးလား”





“ဟင် ...၊ ငါ အိမ်ကနေ ဘုရားသေချာအာရုံပြု ရှိခိုးလာပါတယ်ဟဲ့”

“ငါ့ မမ္မဝိဋ္ဌာန်တွေ သိပ်မရလို့ စိတ်ပူနေတာဟ”

“စိတ်ပူနေရင် မမ္မဝိဋ္ဌာန်တွေ နည်းနည်းပြန်ကြည့်ပါလား ဝိုင်းရဲ့၊ အဲဒါက ပိုပြီးလက်တွေ့မကျဘူးလား”

ဝိုင်းက မိုးရေကို မျက်စောင်းတစ်ချက်ရွယ်ရင်း ...

“ခုချိန်မှာ ငါ စိတ်ပူပြီး စာတွေပြန်ကြည့်ရင် ရောကုန်တတ်ရော့”

မိုးရေက ပခုံးလေးတွန့်ပြီး ကိုယ့်စာကိုယ် ပြန်ငုံ့ကြည့်နေပါသည်။

“ဟဲ့ ... မိုးရေ”

“ဘာလဲဟ”

“ငါ ဒီနေ့ နည်းနည်း Excited ဖြစ်နေတယ်ဟ”

“မဖြစ်နဲ့လေ၊ စိတ်ငြိမ်ငြိမ်ထား”

“ဖြစ်နေတာကို”

“နင်ကလည်း သင်္ချာနေ့ကျမှဟာ”

“အရှေ့ထဲ ဦးဘိုစိန်ကလည်း ကားမောင်းတာ ဘာဖြစ်နေတာလဲ၊ ကားက လူးနေသလိုပဲ၊ ဦးဘိုစိန် ...”

“ဝိုင်းလေး”

“ဘာဖြစ်နေတာလဲ”

“ဝိုင်း ... ဝိုင်းလေး၊ ကားက ဘရိတ်မမိဘူး ဖြစ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

"ဦးဘိုစိန် တကယ်လား"

"တကယ်ပြောနေတာ၊ ဒုက္ခပါပဲ၊ ဘယ်လိုဖြစ်မှန်း မသိဘူး ကွယ်"

"ဟာ ... ဦးဘိုစိန် ကားရပ်၊ ကားရပ်၊ ကြောက်တယ် ဝိုင်းတို့ ကားပေါ်ကဆင်းပြီး ကားငှားသွားမယ်"

"ရပ်ဖို့တောင် မလွယ်သေးဘူး"

ကားပေါ်မှာ ဝိုင်းနှင့်မိုးရေသည် မျက်လုံးလေးတွေ ပြူးဝိုင်းကာ အလန့်တကြား အော်ကြဟစ်ကြ ဆူညံရှုပ်ထွေးနေရ ပြီး ဦးဘိုစိန်မှာလည်း ဘယ်လိုမှ ဘရိတ်မမိ အရှိန်မထိန်းနိုင်ဘဲ ဖြစ်နေသည့်ကားကို ချွေးသီးချွေးပေါက်ကျအောင် ကြိုးစားပမ်းစား ထိန်းမောင်းနေရပြီးနောက် ကားကိုရပ်နိုင်ရန် ကားရှင်းတဲ့လမ်း သွယ်လေးတစ်ခုသို့ ကွေ့အချ ထိုလမ်းသွယ်ထဲက ထွက်လာတဲ့ ကားတစ်စီးနှင့် မရှောင်နိုင် မထိန်းနိုင် ဒုန်းခနဲ အရှိန်ပြင်းပြင်း ဆောင့်တိုက်လိုက်မိပါတော့သည်။

"အား ..."

"အမယ်လေး သေပါပြီ"

တစ်ဖက်က ကားခေါင်းဟာ ဝိုင်းထိုင်နေတဲ့ဘက် ခြမ်းကို အရှိန်ပြင်းနှင့် ဆောင့်တိုက်မိပြီးတဲ့နောက် ကားထဲပြောင်း





ဆန်ကာ ဝိုင်းရော မိုးရေပါ ဘာတွေနှင့် ဘယ်လိုဆောင့်မိခိုက် မိတယ်မသိ၊ ထိုင်ခုံမှ ရှေ့ကိုလျှောကျသွားတဲ့ မိုးရေက ကုန်းထ ကာ နေရာတကျ ပြန်ထိုင်စဉ် ...

"မိုးရေ ... မိုးရေ"

"ဝိုင်း ... ဝိုင်း ... နင် ဘာဖြစ်သွားလဲ"

"မိုးရေ ... နာတယ်၊ ငါ့ခြေထောက် ... ခြေထောက်"

"ဝိုင်း"

မိုးရေက စိုးရိမ်တကြီးနှင့် ဝိုင်းကို ဆွဲထူသည်။ ဝိုင်းရဲ့ညာခြေထောက်ဟာ ဘယ်လိုလုပ်ပြီး ရှေ့ထိုင်ခုံအောက် ထိုးညပ်သွားတယ် မသိဘဲ ကျပ်ပြီး ပြန်ဆွဲထုတ်မရဖြစ်ကာ ဝိုင်း သည် မျက်ရည်တွေ ဒလဟော ပေါက်ပေါက်ကျလာကာ ...

"နာတယ် ... နာတယ် ... မိုးရေ"

"ဝိုင်း ... နင့်ခြေထောက်ကို ဆွဲထုတ်လေ ဆွဲထုတ်"

"အားဟား ... မရဘူး ... အား ... အီးဟီး ... ငါ့ခြေ ထောက် ကျိုးပါပြီ၊ အရမ်းနာတယ်"

သူတို့ကားနား တစ်ဖက်ကလူတွေလည်းဆင်းလာ လမ်းသွားလမ်းလာတွေလည်း ဝိုင်းအုံလာကာ ကားထဲကနေ သူ တို့ထွက်နိုင်ဖို့ ကူညီကြပါသည်။ ဦးဘိုးစိန်နှင့် မိုးရေကတော့ အလွယ်တကူ ထွက်နိုင်ကာ ဝိုင်းရဲ့ခြေထောက်က နာကျင်လှ၍ ခက်ခက်ခဲခဲ ဆွဲထုတ်ယူရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရေ ... ဒက်ဒီ့ကို ဖုန်းဆက်ပေးပါ ... အီး ဟီး"

ဝိုင်းရဲ့ဟဲန်းဒ်ဖုန်းက အမြဲပါပါသည်။ စာမေးပွဲဖြေ ဖို့ ကျောင်းထဲဝင်တော့မည် ဆိုရင်တော့ ဖုန်းကို ဦးဘိုစိန်ထံ အမြဲထားခဲ့နေကျပါ။

ယာဉ်ထိန်းရဲလည်း ရောက်လာကာ ကူညီဖြေရှင်းဆဲ မိုးရေက ဒက်ဒီ့ထံ ကိုကို့ထံ နှစ်နေရာကို ဖုန်းဆက်အကြောင်း ကြားလိုက်ပါသည်။

ဖုန်းဆက်ပြီးတဲ့နောက် မိုးရေက လက်ပတ်နာရီလေး ကို စိုးရိမ်တကြီးကြည့်မိလျှင် အချိန်က စာမေးပွဲဖြေဖို့ ဆယ့်ငါး မိနစ်သာလိုတော့တာ။

"ဝိုင်း"

"မိုးရေ"

"ငါ ကားငှားလိုက်မယ်၊ နင် ဦးဘိုစိန်နဲ့ ဆေးရုံကိုသွား လိုက်နော်"

"ဟင် ... နင် ... နင်ရော"

"ဝိုင်း ... ငါ စာမေးပွဲသွားဖြေလိုက်မယ်နော်၊ ငါဆေးရုံ ကို မလိုက်ခဲ့တော့ဘူးနော်"

"မိုးရေ"

ဝိုင်းသည် မိုးရေစကားကို ကန့်ကွက်ရခက် လက်ခံ ရခက်။ သူ့အခြေအနေကြောင့် သူ ဘယ်နည်းနှင့်မှ စာမေးပွဲ သွားဖြေဖို့ မဖြစ်နိုင်တော့တာကို ဝိုင်း သိသည်။ ကိုယ်မဖြေနိုင်





ဆော့တဲ့အတွက် မိုးရေကိုပါ တားဖို့ ဘယ်သင့်တော်ပါ့မလဲ။ ဝမ်း နည်းဘနည်းနှင့် ဝိုင်းက တအီးအီး ရှိုက်ငိုလေသည်။

"ဝိုင်း ... နော် ... နော်၊ ငါ စာမေးပွဲသွားဖြေမယ်နော် ဝိုင်း၊ နင် ... နင် ခြေထောက်တော့ ကျိုးသွားပုံရတယ်၊ ဒါပေမဲ့ ဘာမှတော့ ဆိုးဆိုးဝါးဝါး မဖြစ်နိုင်ပါဘူး ဝိုင်း ရယ် ... နော်၊ ငါ့အဖို့က နောက်တစ်နှစ်ဆိုတာ ဒက်ဒီ ကို တာဝန်ပိုကြီးစေရာကျတယ်၊ ငါပါမဖြေလို့လည်း နင့် အတွက် ဘာမှပိုပြီး ..."

"ကဲပါ ... တော်ပါတော့"

ဝိုင်းက ဝမ်းနည်းစိတ်တိုစွာ အော်ပစ်လိုက်ပြီး ...

"ကားငှားလိုက်"

မိုးရေသည် ချွေးတွေသံတွေနှင့် ယာဉ်ထိန်းရဲအကူ အညီနှင့် ကားနှစ်စင်း ငှားရသည်။ ပထမကားပေါ် ဦးဘိုစိန်နှင့် ဝိုင်းကိုတင်ကာ ယာဉ်ထိန်းပါ လိုက်ပါကူညီလျက် ဆေးရုံကို ထွက်ခွာသွားပြီးတဲ့နောက် နောက်ကားနှင့် မိုးရေက ကျောင်းကို အပြင်းမောင်းရပါတော့သည်။

မိုးရေ ကျောင်းရောက်တော့ ခေါင်းလောင်းတောင် ထိုးပြီးနေပါပြီ။ ကျောင်းထဲပြေးဝင်လာရင်းက တက္ကစီပေါ်ပါသွား ရင်း ငိုရှိုက်ရင်းက သူ့ကိုလှည့်ကြည့်သွားတဲ့ ဝိုင်းရဲ့မျက်ဝန်းများ ကို မြင်ယောင်နေပါသည်။ ဆောရီးပါ ဝိုင်းရယ်။ ရက်စက် သယောင်ရှိပေမယ့် ဒါက ပိုလက်တွေ့ကျပါတယ်ဟာ။



www.burmeseclassic.com

www.burmeseclassic.com

နင့်ခြေထောက် ကျိုးသွားမှာဖြစ်ပေမယ့် အသက်ဘေးနဲ့အဝေးကြီးပါဟာ။ ငါပါလိုက်လာလို့လည်း ငါ့ပါစာမေးပွဲကျတာကလွဲပြီး နင့်အတွက် ဘာမှပိုထူးပြီး မကောင်းနိုင်ပါဘူး။ ဒက်ဒီနဲ့ ကိုကိုလည်း ချက်ချင်းပဲ ဆေးရုံလိုက်လာမှာပါ။

✧ ✿ ✧





အောင်မယ်လေးလေး ... ရက်စက်နိုင်လိုက်တဲ့ ဟာမ၊ အသည်းနှလုံးမရှိတဲ့ဟာမ၊ ညည်းမို့ ဝိုင်းလေးကို မျက်နှာလွှဲခဲပစ် ရက်ရက်စက်စက် အငှားကားနဲ့ တင်လွှတ်ပစ်ရက်တယ်၊ သွား ... ညည်း လာစရာမလိုပါဘူး ... ထွက်သွား"

ဝိုင်းရဲ့လူနာခုတင်နားကနေ ခုနစ်သံချီ အော်ဟစ်[illegible]တဲ့ ကြီးကြီးရဲ့အသံကြောင့် အခန်းဝကိုရောက်လာတဲ့ မိုးရေ[illegible]သုမ်းများ ရှေ့ဆက်မတိုးဘဲ ရပ်တန့်သွားရပါသည်။

"ညည်းလောက် တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမမျိုး တစ်သက်နဲ့တစ်ကိုယ် မတွေ့ဖူးပါဘူးတော်"

"မမ"

"ဘာလဲ၊ ငါပြောတာ ဘာလွန်လဲ ... ပြော၊ ဒီဟာမ တစ်ကိုယ်ကောင်းမဆန်လွန်းဘူးလားဟင်၊ ဝိုင်းလေး ဒီလောက်ဖြစ်နေတာတောင် သူ့စာမေးပွဲကို သူလက်မလွှတ်နိုင်ဘူး၊ ဦးဘိုစိန်နဲ့ ကားပေါ်တင်လွှတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုစိန် ဆိုတာ မိုးရေထက်တောင် အိမ်မှာနှစ် ပေါင်းရှည်ကြာ လူယုံလူရင်း ဒရိုင်ဘာကြီးပဲမဟုတ်လား ကြီးကြီး ရယ်။ မိုးရေက ခေါင်းလေးငုံ့၍ ဝမ်းနည်းစွာ ရှေ့မတိုးဝံ့။ ခုတင် နားမှာ အမေလည်း ရှိပါသည်။ အမေကလည်း ခေါင်းငုံ့လျှိုးထား လျက်သား။ အမေ့ခံစားချက်ကို သိသည်။

မိုးရေအပေါ် ဒက်ဒီ စိတ်ခုစိတ်ကွက်မလား တစ်စ ကိုပဲ အမေ စိုးရိမ်ပူပန်နေတာ။

"ကဲပါ မမရယ်။ သမီးလေးလည်း ခြေထောက်ကျိုးရုံပါပဲ အခု ဘာမှ မဖြစ်ဘဲ၊ အနားယူလိုက်ရင် တစ်လ နှစ်လ ဆို အကောင်းပကတိ ဖြစ်မှာပါ"

"ဖြစ်တာ မဖြစ်တာနဲ့ မဆိုင်ဘူး၊ ဒီဟာမ မျက်နှာပြောင် တဖို့တည်းကြည့်တာကို ပြောနေတာ၊ တကယ်ဆို ညည်းက ဝိုင်းတစ်ယောက်တည်း ပိုင်ဆိုင်ရမယ့် သူ့ဒက်ဒီရဲ့ ဂရုစိုက် မှု ပြုစုစောင့်ရှောက်မှုကအစ ငွေရေးကြေးရေးပါ လာပြီး ခွဲဝေကပ်သုံးနေတဲ့သူပါ ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့ လား၊ နားလည်ရဲ့လားဟင်"

မိုးရေသည် ဖျစ်ညှစ်အားယူကာ ...

"ဟုတ်ကဲ့ ... သမီး သိပါတယ်"

"ဘာသိပါတယ်လဲ၊ သိရက်နဲ့ ဒီလောက်တောင် ညည်း တစ်ကိုယ်ကောင်း ဆန်ရဲလား၊ ဒီလောက်အတ္တကြီးရလား"





"ကြီးကြီး ... သမီးပါရောပြီး စာမေးပွဲကို ဖျက်လိုက်လို့ အကျခံလိုက်လို့လည်း ဝိုင်းအတွက် ပိုအကျိုးရှိစရာမရှိပါ ဘူး၊ ဝိုင်းအတွက် အကျိုးရှိမယ်ဆိုရင် သမီးပါ ဝိုင်းနဲ့အတူ စာမေးပွဲအကျခံမှာပါ ကြီးကြီးရယ်"

မိုးရေရဲ့ပါးပေါ် မျက်ရည်ဥလေး စီးကျလာပါသည်။ ဝိုင်းအပေါ် ခင်မင်စိတ်ရှိ၍ မိုးရေ တကယ်စိတ်မကောင်း ဖြစ်မိ တာပါ။

"တော်စမ်း၊ ပလီပလာတွေ ပြောမနေနဲ့၊ လျှာအရိုးမရှိတိုင်း ညည်းပြောတာကို ယုံစရာလား၊ သိတယ် ... ညည်း ဝိုင်း ကို ပြိုင်မှန်း ဆိုင်မှန်း ယှဉ်မှန်း သိတယ်၊ အခု ဝိုင်း စာမေးပွဲကျပြီး ညည်းကတော့ အောင်မယ်၊ ညည်းကျိတ် ဝမ်းသာနေတယ်ဆိုတာလည်း သိတယ်"

"ကြီးကြီး ... သမီးမှာ အဲသလို သဘောထား မရှိပါဘူး"

"မလိမ်နဲ့၊ ရှိတယ်၊ ဝိုင်းအပေါ် ညည်း စိတ်ကောင်းမရှိ ဘူး"

"မမ ... တော်ပါတော့ဗျာ၊ မမက လူကြီးပါ"

"ဟဲ့ ... လူကြီးဖြစ်တာနဲ့ပဲ လူငယ်က ပြောသမျှ လက်ခံ နေစရာလား"

"လူကြီးနေရာက ခွင့်လွှတ်ဖို့ ပြောနေတာပါ"

"မပြောနဲ့၊ ခွင့်မလွှတ်ဘူး၊ တစ်သက်လုံး ခွင့်မလွှတ်ဘူး၊ လုံးဝမကြေဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... မောင်သက္ကာ၊ သား ... မိုးရေတို့သား

ကို အိမ်ပြန်ပို့ပေးပါလားကွာ၊ အန်ကယ် အကူအညီတော

တာပါ"

"ဟုတ်ကဲ့ အန်ကယ်၊ ပို့လိုက်ပါ့မယ်"

ခုမှပဲ ခုတင်ဘေးတစ်နေရာမှာ ကိုကိုလည်း ရှိနေ

ကို မိုးရေ သတိပြုမိသည်။ ခုနက စိတ်တွေလည်းထူပူ မျက်

တွေလည်း မြာနမ်းကာ ကိုကို့ကို မမြင်မိပါ။

"သူ့စာလည်း လိုက်သွားတော့၊ မင်းလည်း သိပ်နေကော

တာမှ မဟုတ်တာ၊ မိုးရေလည်း နောက်နေ့ဘာသာ

ဆက်ကျက်ရဦးမယ်၊ ပြန်လိုက်ကြ၊ သွား ... သွား"

မိုးရေသည် မျက်ရည်များ ပိုစီးကျလာကာ ရှေ

သွက်သွက်လေး အပြေးကပ်လာမိပြီးလျှင် ဦးရဲလွင်အနီးရပ်ကာ

"ဒက်ဒီ ... သမီးကို ခွင့်လွှတ်ပါနော်၊ မိုး ... မိုးရေ

ဝိုင်းကို စိတ်မပူလို့ မဟုတ်ပါဘူး၊ မိုးရေအဖို့က တစ်

ကျတယ်ဆိုတာ ဝိုင်းတစ်နှစ်ကျရတာနဲ့ မတူပါဘူး အ

ရယ်၊ တစ်နှစ်စာပိုပြီး ဒက်ဒီကို တာဝန်ပေးရာ ကျ

လို့ တွေးမိပါတယ်၊ ပြီး ... ပြီးတော့ ... နှစ်ယောက်

ကျတာထက်စာရင် ..."

"ကဲ ... ကဲ ... သမီး ... တိတ် ... တိတ်၊ သမီး အ

လိုတွေးတယ်ဆိုတာ ဒက်ဒီ နားလည်ပါတယ်၊ ဒက်ဒီ သ





စိတ်ကို အားလုံးနားလည်တယ်၊ ဟုတ်တာပေါ့၊ တစ်ယောက်ကျရတာက မကောင်းတော့လို့လေ၊ နှစ်ယောက်ကျရမယ်ဆိုရင် ပိုဆိုးတာပေါ့၊ သမီး သွားဖြေလိုက်တာကိုပဲ ဒက်ဒီ သဘောကျပါတယ်၊ ဒီလောက် ကျက်ထား ဖတ်ထားရပြီး သားတွေ မဖြေလိုက်ကြရရင် နှမြောစရာကြီးပေါ့၊ အခု ဘာပဲဖြစ်ဖြစ် မိုးရေကတော့ ဖြေဖြစ်လိုက်သေးတယ်ဆိုတာ အမြတ်ပဲပေါ့၊ တစ်ယောက်ဖြေဖြစ်တာ ပိုကောင်းတာပေါ့ကွယ်"

"ဒီမှာ ... ညည်း စိတ်သဘောထား ပျော့ပျောင်းတဲ့ ငါ့မောင်နားကပ်ပြီး အိညက် အိညက် လုပ်လိုက်ရင် ပြီးပြီဆိုတဲ့ သဘောပေါ့ ဟုတ်လား၊ ငါ့စကား ဂရုစိုက်စရာမလိုဘူး၊ အိမ်မှာ အခရာက ဦးရဲလွင်ပဲဆိုတဲ့ သဘောပေါ့ ဟုတ်လား၊ လူလယ်မ ... အရွယ်လေးနဲ့မလိုက် လည်လွန်းတယ်၊ ခုတော့ ညည်းကိုယ်ညည်း ညည်းနိုင်တယ်လို့ ထင်နေမှာပဲ၊ ထင်ထားဦးပေါ့အေ"

"ကဲ ... ကဲ ... သွားတော့ ... သွားကြတော့"

ဒက်ဒီက မြန်မြန်လှစ်ကွဲစေချင်ပုံပေါ်သည်။ မိုးရေ ငိုထားတဲ့မျက်လုံးလေးတွေ မှိုအစ်နေတဲ့ ဝိုင်းကိုကြည့်ကာ ...

"ဝိုင်း ... ငါ့ကို ခွင့်လွှတ်ပါနော်"

"မလွှတ်ဘူး၊ ညည်း ငါ့တူမကို ဘာမှလာပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက ကြားကဝင်အော်လိုက်ပါသည်။
အမေနှင့် ကိုကိုတို့ အခန်းထဲက ထွက်လာပြီးသော် မိုး
လမ်းလျှောက်ရင်း မရုက်မကြောက် မျက်ရည်များကို သုတ်
သုတ်ကာ ရှိုက်ငင်လာသည်။

ကားနားရောက်လျှင် ...

"အန်တီ ... နောက်မှာ သက်သောင့်သက်သာ မှိုပြီး
မိုးရေ ရှေ့လာထိုင်"

"ဟုတ်ကဲ့"

သောင်းသက္ကက ကားမောင်းထွက်လာရင်း
ကြည့်မှန်မှာ ဒေါ်သူဇာကို အရင်လှမ်းကြည့်ကာ ...

"အန်တီ နေကောင်းရဲ့လား၊ အဆင်ပြေရဲ့လား"

"အင်း ... ကောင်းပါတယ် သား"

"မိုးရေ ... ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့ ညီမ

"မိုးရေ ခုလိုလုပ်တာ ဝိုင်းအပေါ် ရက်စက်ရာကျသွား
ဟင် ကိုကို"

"မိုးရေ လုပ်ရပ်က လက်တွေ့ကျပါတယ်၊ ဒီလိုပဲဖြစ်
တာပါ၊ မိုးရေမှ ကိုယ်တိုင်ဆေးရုံမပို့ရင် ဝိုင်းက
မြောပါး အသက်ပါသွားနိုင်တယ် ဆိုရင်တော့လည်း
မျိုးပေါ့၊ ခုအခြေအနေကတော့ မိုးရေက လက်တွေ့
ဆုံးဖြတ်ပြီး သတ္တိရှိရှိ ရွေးချယ်လုပ်လိုက်တာပဲ ...





ဒါပေမဲ့ ကြီးကြီးအဖို့ကလည်း ဒီလောက် သူ့သည်း
တဲ့ ဝိုင်းအတွက် စိုးရိမ်ပူပန်တာ မခံချင်တာတွေ ရောပေါင်း
ပြီး ဒီလိုပဲခံစားလိမ့်မယ်ဆိုတာ မိုးရေ နားလည်ပေးလိုက်ပါ"

"ကြီးကြီး ဒီလိုဖြစ်လိမ့်မယ်လို့ မိုးရေလည်း ကြိုမျှော်လင့်
ပြီးသားပါ ကိုကို"

"ဒါပေါ့၊ ဒီတော့ ကြီးကြီးကိုလည်း မိုးရေက တပြန်တလဲ
စိတ်မခုပါနဲ့"

"မခုပါဘူး ကိုကို၊ ဒက်ဒီပါ မိုးရေအပေါ် ကြီးကြီးလို
စိတ်ကွက်သွားမှာကိုပဲ မိုးရေ စိုးရိမ်တာပါ"

"အန်ကယ်က နားလည်မှုရှိပါတယ်၊ ပြီးတော့ သဘောထား
လည်း ကြီးတဲ့သူပါ၊ ဒီလောက် မစိုးရိမ်ပါနဲ့၊ ဝိုင်းတောင်
မိုးရေကို စိတ်ဆိုးစိတ်ခု မနေပါဘူး၊ ကြီးကြီးကတော့
ဒီလိုပဲ ရှိမှာပေါ့ မိုးရေရယ်"

မိုးရေက မျက်ရည်လေးတွေ သုတ်နေသည်။

"အန်တီကတော့ မိုးရေအမေမို့လို့ မိုးရေဘက်က ပြောတာ
မဟုတ်ပါဘူး သား၊ မိုးရေအဖို့ ဒီလိုလုပ်တာပဲ မှန်ကန်ပါ
တယ်၊ မိုးရေအတွက်မှာ နောက်နှစ်ဆိုတာက ..."

ဒေါ်သူဇာစကားသံက တိမ်သွားပြီးမှ ...

"ဒီတစ်နှစ် မိုးရေ ဆယ်တန်းကျလိုက်ရရင် နောက်နှစ်ဆို
တာ ဘယ်လိုအခြေအနေလာမလဲ ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အမေကလည်း၊ တကယ်လို့များ ဒီနှစ်မလွဲသာလို့ အကျခံလိုက်ရရင်တောင် နောင်နှစ်လည်း မိုးရေက ဒီတွေ့နဲ့ပဲ အောင်ရမှာ၊ အခုက မိုးရေပါလည်းပဲ ဝိုင်းအဖို့ဘာမှ ပိုအကျိုးမထူးဘူး ဆိုပြီးတော့ စာမေးပွဲကို မဖျက်လိုက်တာပါ"

"အင်းပါ သမီးရယ်၊ သမီး မှန်ပါတယ်၊ မောင်သက္ကလည်း အခြေအနေ အရပ်ရပ်အပေါ် နားလည်လိမ့်မယ် ထင်ပါတယ်"

"နားလည်ပါတယ် အန်တီရယ်"

"ကိုကို ... ဝိုင်းခြေထောက်က ဘယ်လိုလဲဟင်"

"ရှေ့ခုံထဲညပ်ပြီး အရိုးတချို့ အက်သွားတယ်၊ တစ်လကျော်ကျော်တော့ ကျောက်ပတ်တီးကြီးနဲ့ နေရမှာပေါ့၊ ပြီးရင်တော့ ကောင်းမှာပါ၊ ဘာမှဆိုးဆိုးဝါးဝါး မဖြစ်ပါဘူး၊ ကွဲသွားတဲ့ဒဏ်ရာ ချုပ်ရတာတွေလည်းရှိတော့ အနာရွတ်တော့ နည်းနည်းကျန်မှာပေါ့၊ ဒီလောက်ပါပဲ"

"တော်ပါသေးရဲ့ ကိုကိုရယ်"

"ခေါင်းထဲကနေ အားလုံးထုတ်ပြီး နောက်နေ့ဖြေမယ့် ဘာသာကို သေချာအာရုံစိုက်ကျက်ဦးနော် မိုးရေ"

"ဟုတ်ကဲ့ပါ ကိုကို"

"စာမေးပွဲပြီးမှ ဝိုင်းကို သွားစောင့်ပေးပေါ့"





"ဟုတ်ကဲ့ ... မိုးရေ ဆေးရုံမှာ စောင့်အိပ်ပေးမယ်၊ ဒါပေမဲ့ ကြီးကြီးက ခွင့်ပြုချင်မှ ပြုမှာပါ"

သောင်းသက္ကက မိုးရေ စိတ်မကောင်းဖြစ်နေတာ အာရုံပြောင်းကာ ...

"ဒီနေ့ သချာ်ာ ဘယ်လိုနေလဲ မိုးရေ"

"ပြန်တွက်သလောက်တော့ အကုန်မှန်တယ် ကိုကို"

အာဂကောင်မလေးကို သောင်းသက္ကက ဂုဏ်ယူ ...ပြုံး ကျေကျေနပ်နပ် ပြုံးမိသည်။

✧ ✺ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

အပြင်မှာ မိုးလေးက တဖွဲဖွဲ ရွာနေသည်။ ပြတင်းပေါက်ကိုဖြတ်၍ အပြင်မှာ မြင်နေရတဲ့ မြတ်လေးပန်းခြုံကလေးပေါ် မိုးရေစက်များ တပေါက်ပေါက် ကျနေပုံကလေးကိုက စိတ်အလျှင်ကို ပိုပြီးနွမ်းရိကြေကွဲစေသလိုပင်။

မိုးရေက ပြတင်းပေါက်ရဲ့အတွင်းဘက် သံပန်းကွက်လေးတွေဆီ နဖူးမှီကာ လက်ကလည်း သံပန်းကွက်လေးတွေကိုပဲ ဆုပ်ကိုင်ထားမိရင်း တမျှဉ်းမျှဉ်း ရှိုက်ငိုနေမိပါသည်။ ရင်ထဲမှာ နာကျင်လွန်း ကြေကွဲလွန်းအားကြီး၍ လူက အရုပ်ကြိုးပြတ်ဖြစ်နေပါသည်။

သူတို့သားအမိဘဝလေးက ကောင်းစားရတော့မလို့ရှိပြီးမှ ဘယ်လိုဝဋ်ကြွေးဆိုးက ပေါ်လာပြန်သလဲ။ အမေ့ခမျာအဖေနှင့်အတူတုန်းကလည်း ခံလိုက်ရတဲ့ဒဏ်တွေ။ ခုလို ကိုယ့်





အတွက်ကောင်းတဲ့သူနဲ့ ဘဝလေး တည်ငြိမ်ရမယ်ကြံပြန်တော့ ဒီဘဝလေးမှာ သက်ဆိုးရှည်ရဖို့ကံက ပါမလာ။ သူစိမ်းများအလယ်မှာ သမီးကို တစ်ယောက်တည်း စိတ်ချလက်ချ ပစ်ထားခဲ့တော့မလို့လား အမေရယ်။

ဒီပြတင်းပေါက်လေးဘေး ရပ်နေတော့ ဖွင့်ဟထားတဲ့ အမေ့အခန်းတံခါးမှ အခန်းတွင်းကို လှမ်းမြင်နေရသည်။ အမေ့ကို ဒက်ဒီနှင့်အတူ နှစ်ယောက်အိပ်ခန်းမှာ မဟုတ်ဘဲ ဒီတစ်ယောက်ခန်းလေးကို ရွှေ့ပြောင်းထားတာတောင် တစ်လကျော်ပြီ။

အချိန်မရွေး ဆရာဝန်ရောက်လာနိုင်ကာ အချိန်ပြည့်သူနာပြုဆရာမရှိနေရတဲ့ အမေ့အတွက် သီးသန့်ခန်းမှ သင့်တော်သို့ပင်။

"မိုးရေ"

မိုးရေက ဝိုင်းကို မျက်ဆံလေးရွှေ့၍ ပုံစံမပျက်ကြည့်လိုက်ပါသည်။ ဝိုင်းမျက်နှာလေးကလည်း မကောင်း။ သူ့အတွက် ကိုယ်ချင်းစာကာ စိတ်မကောင်း ဖြစ်နေသည်။

"ထမင်းစားကြရအောင်လေ"

"………"

မိုးရေက ခေါင်းလေးပဲ အသာယမ်းပြလိုက်ပါသည်။

"လာပါဟယ် … ငါနဲ့အတူတူ ထမင်းစားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ စားမှာပါ ဝိုင်းရယ်၊ ငါစားချင်စိတ်မရှိပေမယ့် လုံးဝကြီး မစားဘဲ မနေပါဘူး၊ အခုက တကယ် ရင်ပြည့်နေသေးလို့ပါ၊ နင် ငါ့ကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ် ဝိုင်းရယ်၊ နင် သွားစားနှင့်ပါနော်၊ ငါ တကယ်မစားနိုင်သေးလို့ပါ"

"အေး ... အဲဒါဆိုလည်း ပြီးရောလေ၊ ငါ စားနှင့်တော့မယ်"

တကယ်ဆို ညနေစာစားဖို့ နောက်တောင်ကျနေပြီ။ အမေ့အခြေအနေ သိပ်မကောင်းလှ၍ ဒက်ဒီလည်း ထမင်းမစားနိုင်၊ မိုးရေလည်း မစားနိုင်တော့ ဝိုင်းပါရောနှော ထမင်းစားနောက်ကျနေတာပါ။ ကြီးကြီးကတော့ စားနှင့်ပြီ။ ကြီးကြီးစားထုန်းက ဝိုင်းကိုခေါ်ပေမယ့် ဝိုင်းက မစားနိုင်သေးတဲ့သူတွေကို အားနာပြီး စောင့်နေတာပါ။

ဝိုင်းကို ကျေးဇူးတင်သည်။

"မိုးရေ"

မှိုင်းညို့ဆွေးလျသော ကြေကွဲမျက်ဝန်းများနှင့် အသာအယာငဲ့ကြည့်လိုက်မိချိန်နှင့် တစ်ပြိုင်နက်မှာ သူ့ပခုံးကို နမှုးတိုက်မိပြီး ရင်ခွင်ထဲ မှေးခိုငိုလိုက်ချင်တဲ့ဆန္ဒပါ ရင်ထဲတလိပ်လိပ် ပြည့်သိပ်လာသည်။ မိုးရေရဲ့မျက်ရည်ဥကြီးများက ပို၍ဒလဟော စီးကျလာခဲ့ပါသည်။





သောင်းသက္ကသည် သနားစရာကောင်းလှတဲ့ မျက်နှာလေးကို ပါးနှစ်ဖက်မှ ညှပ်ကိုင်မော့လျက် နဖူးချင်းတိုက်ချော့မော့ နှစ်သိမ့်လိုက်ချင်တဲ့ ဆန္ဒမျိုးနှင့် ရင်ထဲနင့်နေပါသည်။

သနားစရာကောင်းလိုက်တဲ့ ကောင်မလေး။ သူ့ဘဝလေးကို သောင်းသက္က ကရုဏာသက်လှပါသည်။

"ညီမလေး ... မနက်ကလည်း ဘာမှဟုတ်တိပတ်တိမစားပဲနဲ့"

"ကိုကို"

မိုးရေက ပြတင်းပေါက်ရှိရာ နံရံမှာပဲကပ်၍ လျှောကျကာ ဆောင့်ကြောင့်လေး ထိုင်လိုက်ပါသည်။ အုတ်နံရံကျောမှီ၍ ဒူးလေးပိုက်ကာ တရှိုက်ရှိုက် ငိုကြွေးနေတဲ့ မိုးရေရှေ့ သောင်းသက္ကကလည်း ဒူးထောက်ထိုင်ချရင်း ...

"မိုးရေ"

"အမေ့ကို ... အမေ့ကို မကယ်နိုင်တော့ဘူးလား ကိုကိုရယ်"

"ညီမလေး ... ဆရာဝန်ရော ဆရာမတွေရော အန်ကယ်ရော ကိုကိုပါ အန်တီ အသက်သာဆုံးဖြစ်အောင်တော့ ကြိုးစားနေကြတာပဲလေ ညီမလေး၊ နော် ... စိတ်အားတင်းပါ မိုးရေရယ်"

"မိုးရေ ... မိုးရေ အားတင်းပါတယ် ကိုကိုရယ်၊ ဒါပေမဲ့ တင်းလို့ မရလို့ပါ၊ စိတ်အားကို ဘယ်လိုလုပ်ပြီး တင်းရမလဲ မသိတော့လို့ပါ ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ငင်တကြီး ငိုလိုက်တဲ့ မိုးရေကြောင့် သောင်းသက္က ရင်ထဲက နှလုံးသားတွေပါ နာကျင်လာသည်။ ဆေးရုံမှာတောင် လူနာအသက်ဆုံးရှုံးတာ မြင်တွေ့ကြုံကြိုက်ရလျှင် သူ့စိတ်တွေ ညစ်နောက်မွန်းကျပ်ကာ စိတ်မကောင်းဖြစ်တတ်မြဲပါ။ ခုတော့ ငိုနေတဲ့သူက မိုးရေ ဖြစ်နေတဲ့အတွက် သူ့အသည်းနှလုံးတွေပါ ဆုပ်ညှစ်ခံရသလို ခံစားရသည်။

"ဖြေရမှာပေါ့ ညီမရယ်"

"ဟင့်အင်း... မဖြေတတ်တော့ဘူး၊ ဖြေလို့မရပါဘူး၊ မိုးရေမှာ အခုဆိုရင် အမေတစ်ယောက်တည်း ရှိတာပါ"

"မိုးရေရယ်၊ အန်ကယ်တို့ ဝိုင်းတို့ ကိုယ်တို့လည်း ရှိပါတယ်"

"မိုးရေအပေါ် ကောင်းကြပေမယ့် တကယ်တမ်းက သူစိမ်းတွေမဟုတ်လား ကိုကိုရယ်၊ အရေးကြုံရင် မိုးရေသာဘဝမှာ ဦးစားပေးနံပါတ်တစ်လို့ သတ်မှတ်မယ့်သူက ဒီအမေတစ်ယောက်ပဲ ရှိတာပါ၊ ခု ... ခုတော့ အမေမရှိရင် မိုးရေဘယ်လိုနေရမလဲ ကိုကိုရဲ့၊ အားကိုးစရာလည်း မရှိတဲ့တစ်ကောင်ကြွက်၊ နောက်မှာလည်းမရှိ ရှေ့မှာလည်းမရှိ၊ အား ... ဟား ... မိုး၏ ရင်မဆိုင်နိုင်ဘူး ကိုကိုရယ်"

"မိုးရေ ... မိုးရေ"

ဒူးပေါ်ကို လက်သီးဆုပ်လေး ထုကာ ထုကာ ရှိုက်ကြီးတငင် ငိုနေတဲ့ မိုးရေကို သောင်းသက္က မကြည့်ရက်ပါ။ မိုးရေရဲ့လက်လေးနှစ်ဖက်ကို ဖမ်းဆွဲဆုပ်ကိုင်ထားလိုက်ရင်း ...





"ညီမလေးရယ် ... တိတ်ပါ ညီမရယ်"

"ကိုကို ... မိုးရေကို ... မိုးရေကို ပစ်မထားပါနဲ့နော်"

"ပစ်မထားပါဘူး မိုးရေရယ်၊ ဘယ်ပစ်ထားပါ့မလဲ"

"မိုးရေကို တစ်သက်လုံး ပစ်မထားပါနဲ့ ... အီး ... ဟီး"

"ကိုကို ရှိပါတယ်နော်၊ မိုးရေ ... နော်၊ ကိုကို တစ်သက်လုံး မိုးရေအနားမှာရှိမယ်၊ အမြဲရှိပါ့မယ်"

သောင်းသက္ကသည် မိုးရေမျက်နှာ စောင်းငဲ့လှူပ်ရှားတဲ့အတိုင်း သူ့ခေါင်းကိုလည်းငဲ့ကာ စောင်းကာ မိုးရေ မျက်နှာလေးကို မျက်နှာချင်းတည့်တည့် ဆိုင်မိအောင် လိုက်ကြည့်ရင်း တိုးတိတ်လှတဲ့ အသံဖွဖွကလေးနှင့် ချော့မော့နေမိသည်။

"ပင့်ပန်းလှပါပြီ မိုးရေရယ်၊ တိတ်ပါတော့"

မိုးရေသည် သူ့လက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်ထားတဲ့ ကိုကို့လက်သီးဆုပ်ပေါ် မျက်နှာမှောက်ချလျက် တသိမ့်သိမ့် ရှိုက်ငင်နေမိသည်။ ခုလိုနှစ်သိမ့်ချော့မော့မည့်သူဟာ ကိုကိုတစ်ယောက်တည်းပါလား။ ဒက်ဒီသည်လည်း မိုးရေအပေါ် စိတ်ရင်းစေတနာကောင်း ထားနိုင်ပေမယ့် သူကိုယ်တိုင်လည်း ကြေကွဲဖိစီးနေတော့ မိုးရေကို လှည့်မကြည့်နိုင်ပေ။

အမေ့အနားသာထိုင်ကာ ဆွေးမြည့်စိတ်မကောင်းဖြစ်နေသည်။ ဝိုင်းသည်လည်း မိုးရေအပေါ် ကရုဏာစိတ်ထားတာ အမှန်ဖြစ်ပေမယ့် သေးကနေ တတွတ်တွတ် ချော့မော့နှစ်သိမ့် အဖော်ပြုပေးနေဖို့လောက် အထိတော့ ဘယ်တုန်းကမှလည်း အရောတဝင် မနေခဲ့ကြ၍ ခပ်တန်းတန်း ခပ်အမ်းအမ်း ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမေက ဘာဖြစ်လို့ ခုလို ကံဆိုးရတာလဲ၊ မိုးရေကော ဘာဖြစ်လို့ ဒီလောက်တောင် ကံဆိုးရတာလဲ ကိုကိုရယ်"

"ဒါတွေက လွန်ဆန်နိုင်တဲ့ ကိစ္စမျိုးတွေမှ မဟုတ်တာ ညီမရယ်၊ အန်ကယ်လည်း အစွမ်းကုန် ဂရုစိုက် ကုပေးရှာပါတယ်"

"ဒက်ဒီကျေးဇူးက အများကြီးပါ၊ အဲဒါကို နားလည်တာက သတ်သတ်၊ ဝမ်းနည်းတာက သတ်သတ်ပါ ကိုကိုရယ်၊ မိုးရေရဲ့အမေက တစ်သက်လုံး ဒုက္ခမျိုးစုံပဲ ခံစားခဲ့ရပြီး ရုန်းကန်ခဲ့ ကြိတ်ကြိတ်ခံခဲ့ရတာချည်းပဲ၊ အခု ဒက်ဒီနဲ့တွေ့မှ အမေ အနားရပြီ ကံကောင်းပြီလို့ ထင်မိတာ၊ ဒီအခြေအနေရောက်မှ အမေက ဘာဖြစ်လို့ လူ့ဘဝကြီးကနေ နှင်ထုတ်ခံရမှာလဲ"

"အဲဒီလိုလည်း မတွေးပါနဲ့ မိုးရေရယ်"

သောင်းသက္ကသည် နှစ်သိမ့်ပေးဖို့ပင် စကားစ,ရှာမရ။

"ကိုကိုရယ် ... အသက်ကယ်နိုင်တဲ့ဆေးများ မရှိဘူးလားဟင်၊ တကယ် မရှိဘူးလားဟင်"

"မိုးရေရယ်"

"မိုးရေကတော့ ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်၊ အမေ့ကို လခတွေအပ်မယ်၊ ဆေးကုပေးမယ်နဲ့ စိတ်ကူးတွေယဉ်ထားလိုက်ရတာ၊ နောက်တစ်ပတ်ဆိုရင် အောင်စာရင်းထွက်မှာဆို ကိုကို"





"အင်း ... ဟုတ်တယ်၊ ထွက်ဖြစ်မယ် ကြားတယ် မိုးရေ"

"မိုးရေ ဆေးကုပေးတာ ခံရဖို့ဝေးလို့ ဂုဏ်ထူးတွေ ဘယ်နှလုံးပါတယ်ဆိုတာတောင် အမေသိခွင့်ရပါ့ဦးမလားဟင်"

"သိမှာပါ၊ အန်တီ သိရမှာပါ ညီမရယ်"

"ဆရာဝန်ဖြစ်ရင်တောင် အမေ့ကိုတော့ ကုခွင့်မရတော့ဘူးပေါ့နော်"

"ကဲပါ မိုးရေရယ်၊ ဝမ်းနည်းစရာတွေချည်း လျှောက်တွေးမနေပါနဲ့၊ ထမင်းမစားချင်သေးလည်း အန်တီ့အနားသွားပြန်နေရအောင်လား၊ တော်ကြာ အန်တီက မိုးရေကိုရှာနေဦးမယ်၊ ခုနေ အနားမှာ မိုးရေမျက်နှာ မြင်ရမှ အန်တီအားရှိမှာပေါ့"

"အမေ့ကိုကြည့်ရမှာ စိတ်ဆင်းရဲလွန်းလို့ပါ"

"စိတ်မကောင်းဖြစ်လည်းပဲ အန်တီ့အတွက် နေပေးရမှာပေါ့၊ ပြီးတော့ မိုးရေကို မျက်လုံးတွေမို့အစ်ပြီး ခုလိုငိုထားတဲ့ပုံစံကြီး မြင်ရင်လည်း အန်တီ စိတ်ကောင်းမှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် အန်တီ စိတ်လျှော့မသွားအောင် မျှော်လင့်ချက်တွေ ကျမသွားအောင်တော့ နောက်ဆုံးအချိန်ထိ သေားကဟန်ဆောင်ပေးရမှာပဲ ..."

မျက်ရည်တွေသုတ်လိုက်၊ လိမ္မာတယ်နော် မိုးရေ၊ မိုးရေက လူကောင်းလေး၊ မိုးရေက ပိုအားတင်းပြရမယ်

www.burmeseclassic.com

သောင်းသက္ကရဲ့လက်ချောင်းများက မိုးရေရဲ့ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းတို့ကို ပွတ်ဖယ်သုတ်သင်ပေးနေပါသည်။ မေးစေ့လေးကို လက်တစ်ဖက်က ပင့်မလိုက်၊ ခေါင်းလေးဟိုဘက်စောင်းလှည့်လိုက်၊ ဒီဘက်စောင်းလှည့်လိုက် ...။ မိုးရေက သောင်းသက္ကရဲ့ တယုတယ အပြုအမူတို့ကို ငြိမ်သက်ပြီး အရှိန်ကြီးပြတ် ခံယူနေပါသည်။

အဲဒီမြင်ကွင်းက ဝိုင်းရဲ့ရင်ကို ဆို့နစ်နာကျင်စေသည်။ လှေကားမှ ပြန်တက်လာရင်း မိုးရေရဲ့ငိုသံ ရှိုက်သံကြေကွဲတဲ့ စကားသံတွေရော၊ ကိုကိုရဲ့ ကြင်နာယုယ တိုးဖွဖွနူးညံ့လှတဲ့ နှစ်သိမ့်ချော့မော့သံကိုရော ကြားနေရတဲ့ဝိုင်းက လှေကားထိပ်အရောက်မှာ အပေါ်ကို ချိုးကွေ့မတက်ခင် ခဏရပ်ပြီး နံရံကွယ်မှ မျက်လုံးကလေးတစ်လုံးသာထုတ်ပြီး ချောင်းငေးကြည့်နေမိတာပါ။

ဒိုင်း အပေါ်တောင် အဲသလောက်ထိ ကြင်နာယုယတဲ့ အပြုအမူမျိုး ကိုကို မပြသဖူးပါ။ မပြသဖူးဘူးဆိုတာကလည်း ဝိုင်းမှာကလည်း အဲသလောက်ထိ ကရုဏာသက်လောက်စရာ အပြစ်အပျက် အခြေအနေ မရှိဖူးသေးတာကိုး။

ဝိုင်းလည်းပဲ မာမီ ကွယ်လွန်တာကို ကြုံခဲ့ရပေမယ့် အဲဒီတုန်းက ဝိုင်းကိုယ်တိုင်က ငယ်ရွယ်သေးတဲ့အတွက် ဝမ်းနည်းပူဆွေးမှုကို ခံစားရပေမယ့် အခု မိုးရေ ကြေကွဲနေသလောက် ရင်ကွဲပက်လက် မဖြစ်ခဲ့သလိုပင်။ အဲဒီတော့ ကိုကိုသောင်းသက္က လည်းပဲ အခုလောက်ထိ ဝိုင်းကို တယုတယ ဖေးမ,မကြင်နာခဲ့ဖူး





"လာ ... ထ"

သောင်းသက္ကက သူ့အရင်ထရပ်၍ ခါးကိုကိုင်းကာ မိုးရေရဲ့ပခုံးနှစ်ဖက်ကို ဆွဲထူသည်။ မိုးရေသည် သူ့ခန္ဓာကိုယ်ကို အင်အားမစိုက်ထုတ်နိုင်ဘဲ သောင်းသက္ကရဲ့ဆွဲအထူကြောင့်သာ မှ ပါလာရသလို ပျော့ခွေမြောက်တက်လာသည်။ မတ်မတ်ရပ်နိုင်ဖို့အတွက် သောင်းသက္ကက ဖေးမထားရပါသည်။

ကြည့်ရင်းက ဝိုင်းရင်ထဲ အကြိတ်အခဲလေးပင်ဖြစ်လာပြီ။ မိုးရေ တစ်ဆိတ် ပိုလွန်းသည်ရယ်လို့ ရင်ထဲမျက်ရှုလာသည်။ ဒီလောက်တောင်မှလည်း ဖြစ်နေဖို့ မသင့်သေးပါဘူး၊ အန်တီသူဇာက သေမှမသေသေးပဲ။ သေတော့မှပဲ ဒီလောက်ဖြစ်ချင်ဖြစ်ပေါ့။

ကိုကို ဆွဲထူနေတာကို သူက ပျော့ခွေနေတော့ ရပ်တဲ့ထိအောင် ကိုကို့မှာ လွှတ်လို့မရသေးဘူးပေါ့။ သူ့ပခုံးကိုကိုင်ကာ ဖေးမထားရတဲ့ ကိုကို့ပခုံးစွန်းဆီ မိုးရေရဲ့နဖူးက တိုက်မလိုမိလို ထိလုထိခင် ... ထိလုထိခင်။

ဝိုင်းက ရင်ထဲနာကျင်ပူလောင်လာ၍ အံလေးပင်ကြိတ်ထားမိသည်။ ကိုကို့ကိုရော မိုးရေကိုရော မုန်းလာသည်။ ကိုကို့ကိုတော့ မုန်းတဲ့ကြားကပင် မမုန်းရက်၊ စိတ်တိုတဲ့ကြားကပင် တိုရက်။ ကိုကို့ကို စိတ်မခုရက်တော့ မိုးရေအပေါ် ပိုပြီးစိတ်ခုမိသည်။

"ကိုကို ... မိုးရေ ခေါင်းမူးတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ရှလား ... အရမ်းမူးလား၊ လာ ... ကိုကို့ကို မှီလိုက်လေ"

"........"

"ကိုကို့ခါးကို ဖက်လိုက်မလား"

ဝိုင်း မျက်ဝန်းထဲ မျက်ရည်ကြည်လေးများ ရစ်လည်လာပါသည်။ အမြင်ကတ်လိုက်တာ မိုးရေစက်ရယ်။ နင် ခေါင်းမူးတယ်လို့ ယုံကိုမယုံဘူး။ နင် ကိုကို့ကို မှီချင်လို့ ကိုကို့ခါးကိုဖက်ချင်လို့ မဟုတ်လား။

"ရရဲ့လား ... မိုးရေ ... မိုးရေ ... ညီမလေး"

"ဟုတ် ... မူးတယ် ကိုကို"

"ကိုကို ပွေ့ချီလိုက်ရမလား"

ဝိုင်းရဲ့ရင်ထဲ ရထားတွဲအစင်းတစ်ရာ အပြိုင်ခုတ်မောင်းသလို ဆူညံတုန်ခါပြီး ယောက်ယက်ခတ် ရှုပ်ထွေးလာချိန်မှာပဲ ကိုကိုသောင်းသက္ကက မိုးရေရဲ့ခန္ဓာကိုယ်လေးကို ဇွေ့ခနဲပွေ့ချီလိုက်ပါသည်။

ဝိုင်းသည် လည်ပင်းထဲ "အင်"ခနဲနင်ကာ ခြေမကိုင်မိ လက်မကိုင်မိ။ ကိုကို့လက်ထဲကပဲ သွားလုပွေ့ချီရတော့မလိုပြေးပြီး တွန်းချလိုက်ရမလို၊ ဂနာမငြိမ် အပူလောင်နေဆဲ သောင်းသက္ကက မိုးရေရဲ့အိပ်ခန်းဆီ ဦးတည်နေပြီ။ ဖြတ်လျှောက်သွားရင်းဒေါ်သူဇာ့အခန်းရှေ့က အဖြတ်၌ ...

"ဆရာမ ... ပရက်ရှာကာ့ဖ်နဲ့ လာပါဦး၊ ဒီမှာမူးလို့"





ခပ်အုပ်အုပ် လှမ်းအသံပြုလိုက်၍ သူနာပြုဆရာမက အွက်၍ လိုက်ပါလာသည်။

"ဟဲ့ ... ဝိုင်းလေး"

"အမယ်လေး ... လန့်လိုက်တာ ကြီးကြီးကလည်း"

"အပေါ်ဆက်မတက်ဘဲ ဘာချောင်းနေတာလဲ"

ကြီးကြီးက ပြောပြောဆိုဆို ဝိုင်းကိုကျော်တက်သိုက်ကာ မြင်ကွင်းကို စူးစမ်းလိုက်ပါသည်။

"ဟင် ... ဘုရား ... ဘုရား၊ မောင် ... မောင်သက္ကက ဟိုဟာမကို ဘာဖြစ်လို့ ပွေ့ချီသွားတာလဲ၊ ဘာလုပ်တာလဲ"

ကိုယ်တိုင်တော့ ဆတ်ဆတ်တုန်နေပေမယ့် ဝိုင်းသည် ကြီးကြီး အဲသလို မျက်သလဲဆန်ပျာ လုပ်တာကိုလည်း မနှစ်မြို့ပြန်ပေ။

"မိုးရေ မူးသွားလို့ပါ ကြီးကြီးရဲ့"

"ဟဲ့ ... မူးတာ ပွေ့ချီသွားစရာလား"

"ဩော် ... မူးပြီး လူက မမတ်နိုင်တော့တာ၊ မတ်တတ်ကို မရပ်နိုင်တာ"

"အမယ်လေးတော် ... မူးတာ အဲသလောက်ထိ မရပ်နိုင် မလျှောက်နိုင် ဖြစ်စရာလား၊ အသည်းကို ပိုလွန်းပါတယ်၊ ညည်းကကော ဘာဖြစ်လို့ ရပ်ပြီး ကွယ်ပြီး ချောင်းကြည့်နေရတာတုန်း မိဝိုင်းရဲ့၊ နလပိန်းတုန်းနဲ့ ညည်းတော့နော်၊ ပြေးပြီး ညည်းဝင်တွဲရမှာပေါ့၊ ဩော် ... ငါ့နှယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးသည် သူ့တင်ပါးကြီး သွားသယ်ကာ တလိမ့်လိမ့်နှင့် ခန္ဓာကိုယ်နဲ့ မလိုက်အောင်ပင် သောင်းသက္ကနောက်သို့ သုတ်ခြေတင်လိုက်လေသည်။ လျှောက်နေရင်းလည်း လှည့်ကြည့်ကာ ...

"ဟဲ့ ... လာ"

ဝိုင်းကိုဆွဲဆောင့်ချင်သလို မာန်မဲလိုက်သေးသည်။ ဝိုင်းက ကြီးကြီးနောက်မှ လိုက်ပါလာခဲ့ပါသည်။ မိုးရေ အခန်းထဲရောက်လျှင် မိုးရေက ခုတင်ပေါ်လှဲကာ၊ ကိုကိုက မိုးရေ့ပရက်ရှာဝိုင်းနေပါပြီ။

ဝိုင်းက ကြောင်တက်တက်လေးတံခါးဝ၌ ရပ်ကျန်ခဲ့ ကြီးကြီးက အခန်းထဲ အမြန်ဆုံး လှမ်းဝင်သွားကာ ...

"ဘာဖြစ်တာလဲ မောင်သက္က"

"မူးလဲမလို ဖြစ်လို့ပါ ကြီးကြီး"

"မူးလဲတယ်ဆိုတာ ကြမ်းပေါ်ပစ်လဲတာလား၊ လဲမလိုဖြစ်တာလား၊ ဘာဖြစ်တာလဲ"

"မတ်မတ်မရပ်နိုင်ဘဲ လဲမလိုဖြစ်တာနဲ့ ကျွန်တော် ချီလာခဲ့တာပါ ကြီးကြီး၊ ဆရာမ နိုင်းတိ စစ်စတိပဲရှိတယ်၊ ပရက်ရှာ တော်တော်ကျနေတယ်ဗျ၊ ကျွန်တော်တို့ အိုင်စီလေး ထိုးပေးရအောင်"

"ဟုတ်ကဲ့"





ဆရာမက အပ်တို့ ဆေးပုလင်းတို့ယူဖို့ တစ်ဖက်ခန်းဆီ ပြန်ထွက်သွားပါသည်။ ဒေါ်တင်တင်က ခုတင်နား တိုးကပ်ရင်း ...

"မိုးရေ ... ဟဲ့ ... မိုးရေ"

"ရှင်"

"ဘာဖြစ်လို့လဲ ဒီလောက်တောင် မူးလို့လား၊ လူနာကလည်း တစ်ဖက်နဲ့အေ၊ ကိုယ့်စိတ်ကိုတင်းမှပေါ့၊ ဟိုဘက်ခန်းတစ်ယောက် ဒီဘက်ခန်းတစ်ယောက် ဖြစ်နေပြီ၊ ညည်းတို့ဟာက အခု တကယ်မထနိုင်တာလား"

မိုးရေက ပြန်ဖြေသံ ထွက်မလာ။ သောင်းသက္ကကသာ ...

"ကြီးကြီး ... ပရက်ရှာလည်း ကျနေတာဆိုတော့ သူတော်တော်မူးနေမှာပါ၊ ငိုလည်း တအားငိုထားတော့ ခေါင်းတွေမူးနောက်နေမှာပေါ့"

"အဲ့ဒါပြောတာပေါ့၊ ဘာအတွက် တအားငိုနေတာလဲ၊ တိတ်စမ်းပါအေ၊ နိမိတ်မရှိ နမာမရှိနဲ့၊ တမင်တကာ မမူးမူးအောင် ဝေဒနာကို ဖိတ်ခေါ်နေသလိုပဲ"

ဒေါ်တင်တင်ကတော့ မျက်စောင်းတစ်ချီချီ၊ အသံစီစီနှင့် အခြေအနေကို ဘယ်လိုမှ လက်သင့်မခံနိုင်အောင်ဖြစ်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်သက္က ... ကဲ ... ကဲ ... မင်းလည်း မသူဇာအနား သွားကြည့်ပေးရင် ပေးလိုက်"

"အန်တီသူဇာနားမှာ အန်ကယ်ရော ဆရာမရော ရှိတာ တော့ ကျွန်တော့်မရှိလည်း ကိစ္စမရှိပါဘူး၊ မိုးရေနားမှာ ဘယ်သူမှ မရှိလို့ပါ ကြီးကြီး"

"အို ... ကြီးကြီးတို့ ရှိတာပဲဟာ၊ စောင့်ကြည့်နေလိုက်မယ် ကဲ ... မိုးရေ၊ ညည်းကလည်းအေ၊ ပျော့စိပျော့ဖတ်လုပ် မနေစမ်းပါနဲ့၊ ညည်းအဲသလောက်နုတဲ့ဘဝက လာတာ မဟုတ်ပါဘူး၊ တကတဲအေ ... တော်ရုံပေါ့၊ သိပ်လည်း အသည်းပိုမနေစမ်းပါနဲ့"

သောင်းသက္ကသည် အတော်ကို နားဒုက္ခသင့်ကာ ဘယ်လိုမှ ငြိမ်သက်၍ မဆိုင်သလို မနေလိုက်နိုင်ပဲရှိကာ ...

"ကြီးကြီး"

ဒေါ်တင်တင်ကို ဟန့်တယ် စောဒကတက်တယ် ရယ်လို့တော့ မဟုတ်ပေမယ့် သောင်းသက္ကရဲ့မျက်နှာမှာ ဒေါ်တင်တင်ရဲ့စကားလုံးတွေကို စိတ်ပျက်လက်ပျက် ဖြစ်သွားတဲ့ သရုပ်ကတော့ ထင်ထင်ရှားရှား ပေါ်လွင်သွားပါသည်။ ဒေါ်တင်တင်က သောင်းသက္ကရဲ့မျက်နှာရိပ် မျက်နှာကဲကို တစ်ပြန်စီး သဘောမကျကာ ...

"ဘာလဲကွယ့်"

"မိုးရေက တကယ်ဖြစ်နေတာပါ ကြီးကြီး"





"အလို ... မောင်သက္ကရယ်၊ မင်းက ရဲဖန်ရံခါ အိမ်လာတဲ့ ဧည့်သည်ပါ၊ အတူနေအိမ်သား မဟုတ်ပါဘူး၊ မင်းက သူ့အကြောင်း ဘယ်လောက်သိနိုင်တာမို့လို့လဲ၊ အတွင်းကျကျ သိရလောက်အောင် ရင်းနှီးတဲ့သူမို့လား၊ ဒီကောင်မလေး ဘယ်လောက် မူရာမာယာများတယ် ဆိုတာ မင်း ဘယ်လောက်သိလို့လဲ"

"ဟုတ်ပါတယ် ကြီးကြီး၊ အတူနေအိမ်သား မဟုတ်လို့ အစစအရာရာတော့ သူ့အကြောင်း မသိပါဘူး၊ ဒါပေမဲ့ မူးတယ် မူးတယ်ဆိုပြီးသာ အပေါ်ယံဟန်ဆောင်လို့ရမယ်၊ ပရက်ရှာကျနေတာကတော့ တမင်ဟန်ဆောင်လုပ်ယူလို့ မရပါဘူး၊ တကယ်ဖြစ်နေတာပါ"

"အို ... မိန်းကလေးအပျိုပေါက်အရွယ် သွေးအားနည်းတာ ပရက်ရှာကျတာတွေက ဖြစ်နေကျပါ၊ ဘာမှပုံကြီးချဲ့စရာ မဟုတ်ဘူး၊ သူ့သူ့ကိုယ်ကိုယ် ဖြစ်တတ်တာပဲ၊ ဒီလောက်ကတော့ ..."

ကဲ ... ဘာဆက်ပြောရမည်ကို မသိအောင် စကားကတ်နေတော့ ဘယ်လိုမှ မတတ်နိုင်။ အဲဒါမျိုးနဲ့မဆိုင်တာကိုလည်း တရှည်တလျား ရှင်းမပြနေချင်တော့ဘဲ သောင်းသက္ကမျက်နှာက အတော်ပျက်ကာ ငေးမှိုင်သွားပါသည်။ ဒေါ်တင်တင်လောက် ရှေးရိုးစွဲ တစ်ယူသန်မဆန်သော၊ အရိပ်အကဲ နားလည်သော ဝိုင်းကတော့ ဤအခြေအနေဟာ ကြီးကြီးဘက်က အနုတ်



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာတွေ တရစပ်တက်ကာ မိုးရေဘက်ကို အပေါင်းလက္ခဏာတွေ ဒလဟောထပ်တိုးဖို့ပဲ ဖြစ်နိုင်တာ ရိပ်စားမိသည်။

ကိုကို့ရဲ့မေတ္တာစေတနာ အကြင်နာတွေဟာ ကြီးကြီးအပေါ်ဟန့်ကြောင့် ကြောက်လန့်ရပ်တန့် အရှိန်သတ်သွားမှာမဟုတ်ဘဲ မိုးရေဘက်ကပိုပြီး ရပ်တည်ပေးလိုစိတ်ပေါက်ဖို့သာ ပိုသနားလာအောင်သာ ကြီးကြီးစကားတို့က တစ်ဖက်စီးနင်း ဖြစ်နေပြီ။

"ကြီးကြီး"

ဝိုင်းက စိတ်ရှုပ်ရှုပ်နှင့် ကြီးကြီးကို စိတ်ပျက်လက်ပေါက်ကာ ခေါ်လိုက်ပါသည်။

"ဘာလဲ"

"ကြီးကြီးကလည်း တကယ်ပဲ၊ မိုးရေ တကယ်မူးနေတာဖြစ်မှာပေါ့၊ ပရက်ရှာလည်းကျနေတဲ့ဟာ၊ ကဲ နောက်ဆုံးတစ်နေ့ သူ့ဟာသူ မူရာမာယာပဲများများ ကြီးကြီးရယ်ဟိုဘက်ခန်းမှာ အန်တီသူဇာလည်း အခြေအနေမကောင်းတာ သိသားနဲ့၊ ဒီလိုစကားတွေ မပြောပါနဲ့၊ သမီးတောင်ပန်ပါတယ်၊ သူ့ဟာနဲ့သူ စိတ်ဆင်းရဲစရာ ဖြစ်နေတာကြီးကြီးရယ်၊ ကြီးကြီးစကားတွေက ပိုပြီး စိတ်မချမ်းသာဖို့ကောင်းတယ်"

"ဘာ ... မိဝိုင်း၊ ညည်းလည်း အပိုတွေသိပ်ပြောမနေစမ်းပါနဲ့၊ ငါမပြောလိုက်ချင်ဘူး"





"မပြောချင်မပြောနဲ့ပေါ့ ကြီးကြီးရယ်၊ တကယ်ပဲ၊ တစ်ခါတစ်ခါ ကြီးကြီးက စိတ်ညစ်ဖို့ကောင်းတယ်၊ အခြေအနေအချိန်အခါလေး ကြည့်ဦးမှပေါ့ ကြီးကြီးရယ်၊ ခုချိန်မှာမိုးရေ ဘာဖြစ်ဖြစ် ဘာလုပ်လုပ်ပါ၊ ဖေးမဖို့ပဲရှိတယ်၊ ဝေဖန်ဖို့ ကန့်ကွက်ဖို့ မလိုပါဘူး၊ ကြီးကြီးလုပ်ပုံက ရက်စက်လွန်းရာ ကျနေတယ်"

"ဘာ"

ဟုတ်သည်။ တဖြည်းဖြည်းနှင့် အထုံအ,အမဟုတ်တဲ့ ကိုကိုဟာ ဒီဘက်ကို စိတ်ပျက်စိတ်ကွက် အထင်သေးလာတော့မည်။ ကြီးကြီးရဲ့ထိုးနက်တိုက်ကွက်တွေက ပညာသားလည်းမပါ၊ အဆင့်အတန်းလည်းမရှိဘဲ၊ အညံ့စား စိတ်ထားသေးသိမ်မှုတွေအဖြစ်သာ ပေါလောပေါ်လွင်နေသည်။

"တော်ပါတော့ ... သမီး ရှက်လာပြီ"

"ဘာ ... ဘာ၊ အောင်မလေးတော် ... မိဝိုင်း၊ ငါ့ကိုဘယ်လိုပြောလိုက်တယ်၊ ငါ့ကိုများအေ၊ ညည်းမို့ ဒီလိုဝေဖန်ရက်တယ်၊ ငါက ညည်းဘက်က နာနေတာအေ့၊ နားမလည်ဘူးလား၊ ဒီဟာမက ကဝေမ၊ ပထမညည်းအဖေရဲ့မေတ္တာကို ညည်းဆီကခွဲပြီး မှုယူတယ်၊ ကဲ ... အခု မောင်သက္ကရဲ့ဂရုစိုက်မှု အရေးပေးမှုကိုပါ ခိုးယူနေပြန်ပြီဆိုတာ ညည်းမမြင်ဘူးလား"

"တော်ပါတော့ဆို ကြီးကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း အသံပင်လျှင် ငိုသံပါလာပြီ။ သောင်းသက္က သည့် အတော်စိတ်ပျက်ကာ ခုတင်စွန်း၌ ထိုင်နေမိရာမှထပြီး နံရံဘက် မျက်နှာပြု ခေါင်းငုံ့ရပ်နေမိသည်။ စီးကျနေတဲ့ မျက်ရည်တို့ကို ခပ်ကြမ်းကြမ်းလေးသုတ်ကာ သုတ်ကာ ဝေဒနာတစ်ဖက်ကြားက နာကျင်နီမြန်းနေတဲ့ ဒဏ်ရာရမျက်နှာကြေမွလေးကိုပဲ မျက်လုံးထဲ မြင်ယောင်နေပါသည်။

ဒေါ်သူဇာလည်း မရှိတဲ့နောက် မိုးရေတစ်ယောက် ဘယ်လိုများ ရပ်တည်နေထိုင်နိုင်ရှာပါမလဲ။ အန်ကယ်က စိတ်ကောင်းရှိပေမယ့် စီးပွားထွက်ရှာနေရတဲ့ ယောကျ်ားတစ်ယောက်ဖြစ်၍ အိမ်တွင်းရေး အခြေအနေကို အသေးစိတ်ကအစ အာရုံလည်းမစိုက်နိုင်၊ နိုက်နိုက်ချွတ်ချွတ်လည်း မသိနိုင်။

ဆေးထိုးဖို့ ပြန်ဝင်လာတဲ့ ဆရာ မပင်လျှင် အခြေအနေကြောင့် ခြေလှမ်းတုံ့နေသည်။ ဝိုင်းကပင် ...

"ဆရာမ လာလေ၊ ရတယ်၊ မိုးရေကို အကြောဆေးထိုးမယ် မဟုတ်လား"

"ဆရာ ထိုးမလား"

သောင်းသက္ကကို အရင်ကတည်းက ဒေါ်သူဇာထံ ဝင်ထွက်မေးမြန်း၊ ဆရာဝန်နှင့်ပြောဆိုနေမှုများကြောင့် Final Part II ကျောင်းသားဆိုတာ ဆရာမက သိနေပါသည်။

"ဆရာမပဲ ထိုးပေးလိုက်ပါ"





သောင်းသက္ကက လှည့်တောင်မကြည့်ချင်ဘဲ ခြောက်ကပ်ကပ်ပြောမိကာ အခန်းထဲမှ ဖြည်းဖြည်းလှည့်ထွက်သွားတာမို့ ဝိုင်းမှာ မိုးရေလက်မောင်းကို ကူညီကိုင်ထားပေးရင်းက နောက်ဆံငင်က ခေါင်းငဲ့လိုက်ကြည့်နေမိသည်။ ဆေးထိုးပြီးသွားလျှင် ...

"မိုးရေ ... နင် ခဏနားနေလိုက် သိလား၊ ငါ မကြည်ကို နွားနို့လေးပို့ခိုင်းလိုက်မယ်၊ နွားနို့လေးတော့ သောက်လိုက်နော်"

ဝိုင်းရဲ့စကားကို ဒေါ်တင်တင်က မနှစ်မြို့ပါ။ မိုးရေကို ဝိုင်းက ခုလိုလေး ချော့မော့ပြောနေဖို့ မလိုဘူးလို့ပဲ ယူဆသူပင်။ ဘယ်လိုမှကို မိုးရေအပေါ် စေတနာထားမရသူမို့ ကြည်ကို ကြည်ဖြူ။ ပြီးတော့ ... ဒီအိမ်မှာ ဝိုင်းလေးသောက်ဖို့သာ အမြဲယတာဖြစ်တဲ့ နွားနို့ကို မိုးရေကိုတိုက်မည်လုပ်တာကိုပင်လျှင် မလိုတမာနှင့် ဝိုင်းကို မျက်လုံးပြူးပြီး ကြည့်မိသည်။

ဝိုင်းက ကြီးကြီးကို လက်မောင်းမှဆွဲကာ အပြင်ကို ခေါ်ထုတ်ခဲ့ပါသည်။

"ဖယ်စမ်းပါအေ၊ ညည်း အဲသလို သနားတတ်သလိုလို လုပ်နေ သိလား၊ သဘောကောင်းသလို ကြပ်ကြပ်လုပ်၊ မောင်သက္က မိုးရေလက်ထဲ ပါသွားတော့မယ်၊ ညည်း သဘောပေါက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကြီးကြီးလုပ်လို့ ပါမှာ၊ ကြီးကြီးကြောင့် ကိုကိုက မိုးရေကိုပို့ပြီး သနားကရုဏာသက်သက်လာတာ ကြီးကြီး သိရဲ့လား ... ဟင်၊ ဝိုင်းကြောင့် ပါသွားမှာမဟုတ်ဘူး၊ ကြီးကြီးကြောင့် ပါသွားမှာ"

ဝိုင်းအသံလေးက တုန်ခါရှိုက်သံပါနေသည်။ လှေကားကွယ်မှ ကြားနေရတဲ့ သောင်းသက္ကက သူ့ခေါင်းကိုသာ စိတ်ပျက်လက်ပျက် ယမ်းမိကာ သက်ပြင်းတစ်ရှိုက်နှင့် အောက်ကို ဆင်းလာမိသည်။ သူ့ရင်တွေလည်း မွန်းကျပ်ကာ မိုးရေမျက်နှာလေးကိုသာ မျက်လုံးထဲ တရစ်ဝဲဝဲ မြင်ယောင်ဖျောက်မရ ဖြစ်နေရပါသည်။

✧ ● ✧





၁၁

"ဟဲ့ ... သား၊ စောစောစီးစီးကြီးပါလား၊ ဘယ်ကပြန်လာတာတုန်း"

အိမ်ထဲလှမ်းဝင်လိုက်လျှင် ဖေဖေနှင့် မေမေက ထမင်းစားစားပွဲမှာ အတူရှိနေကြပြီး သောင်းသက္ကကိုလှမ်းမြင်ကာ အံ့အားသင့်သွားကြပါသည်။

"ဖေဖေ ဂေါ့ဖ်ရိုက်သွားမလို့လား"

"အေး ... ဟုတ်တယ် သား၊ မင်းကို မနိုးသေးဘူးထင်နေတာ၊ အခန်းထဲက ထွက်မလာသေးဘူးပဲ ထင်နေတာ၊ အစောကြီး ဘယ်ထွက်သွားပြီး ပြန်လာတာတုန်းကွ"

"သား အောင်စာရင်းသွားကြည့်ပြီး ပြန်လာတာပါ ဖေဖေ"

"အောင်စာရင်း ! ဪ ... ဆယ်တန်းအောင်စာရင်းလား၊ ဒီနေ့ ထွက်တာလား"

"ဟုတ်ကဲ့၊ မိုးရေအတွက် သွားကြည့်ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ"

"ဖိုက်ဖ်ဒီ ဖေဖေ"

"ဟား ... ဒီကောင်မလေးကတော့ ကျိုးနိုးယပ်စ်ပေ့၊ မင်းတို့သားအမိဆီက အသံတွေကြားနေရသလောက် ဒေါ်တင်တင်က ဟိုနိုင်းဒီနိုင်း စာမေးပွဲနီးတဲ့အထိပဲဆို၊ စာမေးပွဲနီးတော့လည်း သူ့အမေက အတော်အသည်းအသန် ဖြစ်စမြ ပြီကို ညစောင့်အိပ်လိုက်၊ ပြုစုလိုက်နဲ့ စာအုပ်တစ်ဖက်သေး ချ ကျက်ရတာဆို"

"ဟုတ်ကဲ့ ဖေဖေ"

"တော်တာပဲ ဒီကောင်မလေး၊ ချီးကျူးဖို့ကောင်းတယ်ကွာ အေးပေါ့ သားရယ်၊ ဒီနေ့ သူ့အမေရက်လည်ဆိုတော့ သူလည်း ဘယ်အောင်စာရင်း သွားကြည့်အားပါ့မလဲ၊ ဝိုင်းကလည်း မဖြေလိုက်ရတော့ ဒေါ်တင်တင်ကြီးက အောင်စာရင်းကြည့်ဖို့ ခေါင်းထဲလည်း ရှိမှာမဟုတ်ဘူး၊ လုံးပန်းပေးမှာလည်း မဟုတ်ဘူး၊ သား သွားကြည့်ပေးလိုက်တာ ကောင်းပါတယ်"

ဒေါ်ချိုချိုကတော့ သားဖြစ်သူရဲ့ မျက်နှာကိုအထဲ ခတ်နေမိသည်။

"ကောင်မလေး ဆေးတက္ကသိုလ် ဝင်မှာပဲ"

"အဲဒါကိုပဲ သားလည်း စဉ်းစားနေတာ"

"မင်းက ဘာကိုစဉ်းစားနေတာလဲ"





ဦးသောင်းထွန်းက နားမလည်သလို မေးသည်။

"မိုးရေက အမ်မ်စီဝင်မှာ သေချာပါတယ်၊ သူကဆရာဝန်လည်း အရမ်းဖြစ်ချင်တာ ဖေဖေ၊ အခုဆို သူ့မှာအမေဆုံးပြီ၊ အဖေမျက်နှာမရှိတော့ဘူးဆိုတော့ ဒီအိမ်မှာ သူနေရာလေးတစ်ခု ရပ်တည်ဖို့ဆိုတာတောင်မှ အားငယ်စရာဖြစ်နေတော့ အမ်မ်စီတက်ဖို့မှ အန်ကယ်ရဲလွင်ဆီ တောင်းဆိုရဲပါ့မလား၊ အန်ကယ်ကကော ဆေးကျောင်းထားပေးပါ့မလား၊ ဖေဖေ နည်းနည်းတီးခေါက်ကြည့်ပါလား ဖေဖေ"

"အို ... ရှုပ်ရှုပ်ယှက်ယှက် သားရယ်၊ သူများအိမ်တွင်းရေးကို နေရင်းထိုင်ရင်း သွားပါရမယ်လို့၊ မင်းအဖေ သွားမေးတော့ ဘယ်ကောင်းပါ့မလဲ၊ ကိုယ်နဲ့မှ မဆိုင်တာကို"

"ဟုတ်တယ် သား၊ ဖေဖေက သွားပြောလို့ ဘယ်ကောင်းပါ့မလဲကွ၊ ဦးရဲလွင်က ဆေးကျောင်းထားပေးမှာဆိုလည်း ဖေဖေ သွားတီးခေါက်ရင် ဒီလူဘာကိစ္စ ဝင်ပါတာလဲလို့ စနိုးစနောင့် ဖြစ်မှာပဲ၊ ဆေးကျောင်းထားပေးလိုစိတ်မရှိရင် ဖေဖေ မေးလိုက်မိတဲ့အတွက် သူ့မှာ ကိုးရိုးကားရား Guilty ဖြစ်မယ် ...

မေးဖို့ စပ်စုဖို့ မသင့်ဘူး၊ ဒါပေမဲ့ ဖေဖေ ယုံပါတယ်၊ ဦးရဲလွင် ဒီကောင်မလေးကို ဆေးကျောင်းပို့မှာပါ သား"

"တကယ်လို့များ ထားမပေးခဲ့ရင် ... ဟို ..."

"သက္က"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရှိုချိုက စကားမဆုံးခင် တစ်ခွန်းပြတ်ပြတ် ခေါ်လိုက်ရင်း ...

"သား ... မိုးရေရဲ့ကိစ္စတွေမှာ သင့်တင့်လျောက်ပတ် သလောက်ပဲ ပါပါသား၊ ထဲထဲဝင်ဝင် လေးလေးနက်နက် ဝင်ဝင်မပါစမ်းပါနဲ့"

"မေမေ"

"မပြောနဲ့ သား၊ ဒီကောင်မလေးကို မေမေ ခင်ပါတယ်၊ မိန်းမပျိုလေးတစ်ယောက်အနေနဲ့လည်း မျက်စိထဲကြည့်လို့ ရတယ်၊ ပြီးတော့ ကြိုးစားတာ တော်တာတွေကို အထင် ကြီးတယ်၊ ချီးကျူးတယ်၊ မမတင်ရဲ့ တစ်ဖက်စောင်းနင်း မတရားမှုတွေကို ခံရရှာတာကိုလည်း သေးကတွေ့တယ် သနားတယ် ...

ဒါပေမဲ့ သူ့အတွက်ကြောင့်နဲ့တော့ ဟိုးနှစ်ပေါင်း များစွာကတည်းက ရှိရင်းစွဲ ဦးရဲလွင်တို့ မမတင်တို့နဲ့ ခင်မင်မှု သံယောဇဉ်ကို ဖျက်ဖို့စိတ်ကူးမရှိဘူး"

"နေစမ်းပါဦးကွ၊ မိုးရေအတွက်နဲ့ ခင်မင်မှုဖျက်တာနဲ့ ဘာဆိုင်လို့လဲ"

"ရှင် အခြေအနေ အရပ်ရပ်ကို မသိပါဘူး အဖေကြီးရယ်"

"မသိလို့ မေးရတာပေါ့ မိန်းမရ"

"သား ... သဏ္ဍာ၊ မေမေ ဝိုင်းကို ချွေးမတော်ပါရစေ ခင်မာ ရှိကတည်းက နှစ်ကိုယ့်တစ်စိတ် သဘောတူထား





ကြတာနော်၊ နောက်သလို ပြောင်သလိုနဲ့လည်း ပြောခဲ့ဆိုခဲ့ နှားပေါက်နေတာ အခါတစ်ရာ မကဘူး"

"ဟား ... မေမေကလည်း၊ သား ဝိုင်းကို လက်မထပ်ချင် ပါဘူး"

"ဘာလို့ လက်မထပ်ချင်ရမှာလဲ၊ ဝိုင်းလေး မွေးကတည်း က မေမေ ရည်ရွယ်ခဲ့တာ၊ မင်းလည်း ဝိုင်းကို တောက် လျှောက် ချစ်ခဲ့တာပဲ"

"ဟာ ... ဝိုင်းကို ချစ်တာက ကိုယ့်ညီမရင်းကလေးလိုလေ"

"တော်တော့ သား၊ မင်းခေါင်းထဲ မင်းရင်ထဲ ဝင်လုတဲတဲ ဖြစ်နေတဲ့ မိုးရေကို အလျှဉ်းထုတ်ပစ်လိုက်စမ်း သား၊ မေမေ သူ့ကိုချွေးမ မတော်ဘူးနော်၊ ပြောပြီးသား"

"ဟ ... ဟ ... မင်းတို့ဟာတွေက ဘာတွေလဲကွ၊ ဘာလဲ သားက မိုးရေကို ကြိုက်နေလို့လား"

"ကြိုက်တဲ့အဆင့်ကို မရောက်ရဘူး"

သောင်းသဏ္ဍာက သက်ပြင်းတစ်ချက် ချလိုက်ပါ ည်။ မေမေရယ် ... ကြိုက်တဲ့အဆင့်ကို ကျော်တောင်ကျော်လွန် ပြီ။ သား မိုးရေကို ချစ်တာပါ။ သိပ်ချစ်နေမိတာပါ။

"နေကြစမ်းပါဦးကွာ၊ မင်းနဲ့ ဝိုင်းက ဘယ်လိုလဲ"

"ဘယ်လိုမှ မဟုတ်ဘူး ဖေဖေ၊ တစ်သက်လုံး ညီမရင်းလေး လို သဘောထားထားတာ"

"မိုးရေကိုရော"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီး၊ ဘာမှ သူ့ကိုပြောခွင့် လမ်းဖွင့်ပေးနေစရာမ ဘူး၊ ဘာတွေမေးနေတာလဲ ရှင်ဟာလေ၊ အခု ချိုပြော တာ ရှင်းရှင်းလေး၊ ဝိုင်းနဲ့ပဲ သဘောတူတယ်၊ မိုးရေ ထည့်တောင်မစဉ်းစားဘူး"

"အခု မင့်သားက ဝိုင်းကိုမှ မကြိုက်ဘဲ"

"ဩော် ... ရှင်နဲ့တော့ ခက်တော့တာပဲနော်၊ ကြိုက်ကြို မကြိုက်ကြိုက်"

"ဟ ... မင်းက ဇွတ်ပါလား မအေကြီးရယ်၊ ဒီကိစ္စတွေ ဒီလိုလုပ်လို့ ရလို့လား၊ မင်းနှယ်ကွာ၊ ဘာကဘယ်လိုရှိတ ဘယ်လိုကြောင့် ကောင်းတယ်၊ ဘယ်လိုကြောင့်မကော ဘူး၊ အကြံဉာဏ်ပဲ ပေးပါကွာ၊ သားသမီးကို မင်းကိုသ သဘောမတူနိုင်ဘူး ဆိုတာအထိက ဘာပဲဖြစ်ဖြစ် လ နိုင်ပါသေးတယ်၊ မင်း သူနဲ့ပဲယူရမယ် ဆိုတာက မဖြစ်သင့်တော့ဘူးကွ၊ လွန်သွားပြီ"

ဒေါ်ချိုချိုက ခင်ပွန်းသည်ဖြစ်သူကို မျက်စောင်းလှ ထိုးပစ်လိုက်ပါသည်။ သားကိုတောင် မနည်းကြီးပြောရမယ့် မှာ အဖေကတစ်မျောင့် ကိုးလိုးကန့်လန့် ဝင်ပါနေပြန်ပြီ။

"ကဲ ... ရှင့်ဟာရှင် ဂေါ့ဖ်ကွင်းသွားမှာ သွား နောက်ကျတော့မယ်"

"စောနေသေးလို့ ဆယ့်ငါးမိနစ်လောက် အချိန်ဖြုန်းမှာ ပါကွ"





ဒေါ်ချိုချိုက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဆိုင့်ငိုင်ရှိနေတဲ့ သားဖြစ်သူရဲ့မျက်နှာကိုကြည့်ကာ ရင်လေးလာ သည်။ သားဖြစ်သူရဲ့ ခံစားချက်တွေကို ထိန်းအုပ်နိုင်ဖို့ သူ့အချိန်မှ သေးရဲ့လား။ လွန်များကုန်ပြီလား။

သားဟာ မိုးရေကို အလွန်အမင်းကို သနားနေတာ ဒေါ်ချိုချို ရိပ်မိသည်။ သနားတာလည်း အပြစ်မရှိ။ မိုးရေဘဝက ည်း ဘေးအမြင်မှာပင် အလွန်သနားစရာ ဖြစ်နေပါသည်။ ဒေါ်ချိုချိုကိုယ်တိုင်လည်း သနား့ကရုဏာသက်တာပင်။ သို့ပေမဲ့ ကရုဏာကို ကိုယ့်ထံကသာ သက်ဆင်းကျရောက်လိုသည်။ သားထံကတော့ မသက်ဆင်း မကျရောက်စေလိုပေ။

ကိုယ်က မေတ္တာစေတနာ ကရုဏာထားရှိမိသော သည်း သားက ထားရှိမည်ကိုတော့ မကြိုက်၍ ကန့်ကွက်ဖို့ ဖျက် ဆီးဖို့ ကြိုးစားနေရရာ ကိုယ့်ရဲ့ရိုးရင်းစွဲမေတ္တာစေတနာတွေပင် ဗွက်ပေါ်လိုက် ပျောက်လိုက် ဆန့်ငင်ငင် ဖြစ်နေရသလိုပါပင်။

"သား"

"........."

"ဒီလောက်ကြီးလည်း လေးလေးနက်နက် စူးစူးရှရှ နက် နက်ရှိုင်းရှိုင်း တွေးမနေပါနဲ့ကွယ်၊ ကိုယ့်မျက်စိရှေ့မှာ သနားစရာတို့ မတရားတာတို့မြင်ရင် လူဆိုတာ နှလုံးသား ကို ထိခိုက်တာ ထုံးစံပဲ သဘာဝပဲ၊ သူ့ ဆေးကျောင်းတ



www.burmeseclassic.com

www.burmeseclassic.com



ရမှာပါ၊ တက်ခွင့်ရမှာပါ သားရယ်၊ ဦးရဲလွင်က ဒေါ်သူ
မရှိတော့လို့ ဒီကလေးပညာရေးကို ခါးပြတ်ရတယ်ဆို
မျိုး ဘယ့်အဖြစ်ခံ အပြောခံပါ့မလဲ၊ မဟုတ်ဘူးလား သား"

"ဒါတော့ မင်းအမေပြောတာ မှန်တယ် သား"

"မေမေတို့လည်း မိုးရေအပေါ် ကောင်းစေချင်တဲ့ စေတနာ
ရှိပါတယ်၊ မတော်တဆ တစ်ခုခုကြောင့် ဦးရဲလွင်
ဆေးကျောင်းတက်ဖို့ လုပ်ကိုင်ပေးဖို့ နှောင့်နှေးပျက်ကွက်
နေရင် စွက်ဖက်ရာမကျတဲ့နည်းနဲ့ မေမေ လှည့်ပတ်တိုက်
တွန်းကြည့်မှာပါ၊ ကဲ ... ကျေနပ်ပလား"

"ဟုတ်ကဲ့"

အင်း ...။ တော်ပါသေးရဲ့။ သားရင်ထဲက မေတ္တာ
စေတနာ အကြင်နာကို သူ့ဟာနဲ့သူ အထူးတလည် အမွှန်အမြင်
လို့ မတွေးထင်ဘဲ အများသူငါ သူလိုကိုယ်လိုလောက်ပဲလို့ ထင်
ယောင်ထင်မှားရှိအောင် အရင်ဆုံး လမ်းကြောင်းလွှဲရမှာပေါ့
လုံးဝ စေတနာမရှိရ၊ လုံးဝမသနားရလို့တော့ လုပ်ဖို့မှမဖြစ်နိုင်ပဲ

"ပြီးတော့ ဟိုရက်က ဝိုင်းလေး ရင်ဘတ်အောင့်လို့ ချက်
အပ်ပ်လုပ်ကြည့်တော့ နှလုံးအားနည်းတယ် သွေးကြောကျဉ်း
တယ်၊ သိပ်ပြီး စိတ်တွေဘာတွေ မဖိစီးပါစေနဲ့လို့ ဆရာဝန်
က ပြောတယ်ဆိုတာ သားကို ဦးရဲလွင် ပြောပြတယ်
မဟုတ်လား"





"အင်းပါ ... ပြောပါတယ် မေမေရယ်၊ ဒါပေမဲ့ ဝိုင်းမှာ နှလုံးရောဂါရှိတာနဲ့ပဲ သူ့ကို အလိုလိုက်လျော့ပြီး သားက ယူရမယ်လို့တော့ မဖြစ်သေးပါဘူး မဟုတ်လား၊ အဓိပ္ပာယ်လည်း မရှိဘူး"

"သူ နှလုံးရောဂါရှိလို့ မင်းကို ယူခိုင်းတာမှ မဟုတ်တာ၊ ဟိုးအစောကြီးကတည်းကိုက သဘောတူထားတာပဲဟာကို၊ ကဲပါ ... ဒါတွေထားပါဦး၊ မင်းကို တစ်ထိုင်တည်းအများကြီးပြောရင် မင်းလည်း နားငြီးတယ်၊ စိတ်လည်းထွေပြားပြီး ဟုန်ကုန်မယ်၊ အခု ဒီလောက်ပဲ တော်ပြီ၊ နောက်မှ ဆက်ပြောမယ်"

သောင်းသက္ကက ထိုင်ရာမှ ထလိုက်သည်။

"သား ... မိုးရေကို သွားပြောတော့မလို့လား"

"ဟုတ်ကဲ့"

"ဖုန်းပဲ အရင်ဆက်လိုက်ဦး သား၊ ဟိုဘက်အိမ်ကူးဖို့က မေမေ့ကို စောင့်ဦး၊ ခုလောက်ဆို ဘုန်းကြီးတရားနာ ပြီးသေးမယ် မထင်ဘူးလေ၊ ခဏနေမှ မေမေနဲ့ တူတူသွားရအောင်"

"ဟုတ်ကဲ့"

သောင်းသက္ကက အိမ်ရှေ့ထွက်သွားလျှင် ဒေါ်ချိုချို ခင်ပွန်းသည်ကို မျက်နှာထိ မျက်နှာထားနှင့် ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အဖေကြီး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သားကို အားပေး အားမြှောက်ပြုစေမယ့် စကားတွေ လုံးဝဝင်ဝင်မပြောစေနဲ့ ပါနဲ့၊ ဒီကိစ္စကို ချုပ်ပဲ ကိုင်တွယ်မယ်၊ ရှင် ဘာမှမပါနဲ့ တောင်းပန်ပါတယ်"

"မင်းကလည်း"

"ဘာမင်းကလည်းလဲ"

"မိုးရေစက် ဆိုတဲ့ ကောင်မလေးက တော်ရှာပါတယ်ကွ"

"ဘယ်သူက ညံ့တယ်ပြောနေလို့လဲ"

"ဒါများကွာ၊ ကိုယ့်သားက ကြိုက်ရင် ..."

"တော်တော့ ... ဘယ်လောက်တော်တော်၊ လူဆိုတာမျိုးရိုး ဇာတိ ရှိသေးတယ်"

"မျိုးရိုးက ဘာဖြစ်နေလို့လဲ"

"ဖအေက အရက်သမား၊ အမူးသမား၊ မိန်းမကိုသေအောင် နှိပ်စက်တဲ့လူစား"

"ဒါနဲ့ ဘာဆိုင်လဲကွ"

"အိုရှင် ... အဆင့်အတန်းမြင့်မြင့်တွေ မဟုတ်ဘူး"

"ဟိုးအောက်ခြေ အသိုင်းအဝန်းမှာ နေခဲ့ရတော့ ဘယ်လို လုပ် အဆင့်အတန်းမြင့်ပါ့မလဲကွာ အထက်တန်း အသိုင်း အဝိုင်းထဲ ကျင်လည်တာ ကြာလာရင် သူလည်း အဆင့် အတန်း မြင့်လာမှာပေါ့"





"အဲသလို ... လိုက်ပြီးပြောင်းလဲ မြင့်တက်မလာတဲ့သူတွေ လည်း ရှိတာပဲ"

"ဒါပေမဲ့ မိုးရေကတော့ သူ့အဆင့် သူမြှင့်မယ့် ကလေးမ မျိုးပါ၊ ခုလည်းကြည့်လေ၊ သူ့ပုံစံက အောက်တန်းမှမကျ တာ၊ နေတာထိုင်တာလေး ပိပိရိရိ သေသေသပ်သပ်နဲ့ အဆင့်ရှိသားပဲ၊ သူ့အမေနဲ့တောင် မတူဘူး၊ ရုပ်ရည်လေး ကအစ သန့်ပြန့်ပြီး အဆင့်အတန်းရှိတာ"

"အဲဒီလိုပဲ မြင့်တက်လာပါစေဦး၊ ဝိုင်းလေးကတော့ မွေး ကတည်းက အဆင့်မြင့်မြင့်လေး ကြီးပြင်းလာခဲ့ရတာလေ၊ သူ့ကို တကူးတက လုပ်ယူနေရတာ မဟုတ်ဘူး"

"ဝိုင်းက ဘယ်ကပေါ်လာပြန်လဲ၊ မင့်သားမှ မကြိုက်တာ"

"ရှင် အဲဒါကို လက်သင့်ခံ အားပေးအားမြှောက် လုံးဝမ လုပ်ပါနဲ့လို့ အခုပဲ ပြောနေရတာလေ"

"ကျွတ်"

"ဝိုင်းနဲ့က ဇင်မာရှိကတည်းက ..."

"ဘာဖြစ်လဲကွ၊ အခု ဇင်မာမှ မရှိတော့တာ"

"အို ... ဇင်မာသမီးလေးကိုပဲ ချွေးမတော်ချင်တာ"

"မင်းတို့မိန်းမတွေ သိပ်ခက်တာပဲ၊ မင်း ယူရမှာကျနေတာ ပဲ၊ မင်းအကြိုက် ရွေးနေလိုက်တာ၊ မင်း အဲလိုကြပ်ကြပ် ခြယ်လှယ်၊ နောက်ဆုံးတစ်နေ့ မင်းသားက မင်းသဘောတူ တဲ့ ဝိုင်းလည်းမယူ၊ မင်းသဘောမတူတဲ့ မိုးရေလည်းမယူ၊ တခြားတွေ့ကရာ ကြုံကရာနဲ့ ရသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဖွ ... ဖွ ... လွဲပါစေ ရှင်ဟာနော်၊ နိမိတ်မရှိနမာမရှိ"

"ခြော် ... ဟား ဟား ... မိန်းမ ... မိန်းမ၊ အတော်ခက်တဲ့မိန်းမ၊ ကဲပါကွာ၊ ငါလည်း သွားတော့မယ်"

"ကြွပါရှင် ... ကြွ၊ ရှင် ခပ်မြန်မြန်သွားမှ ကောင်းတယ်"

ဦးသောင်းထွန်း ထွက်သွားတဲ့ အချိန်မှာပင် သောင်းသက္က ပြန်ဝင်လာ၍ ဒေါ်ချိုချိုက အကဲခတ်ရင်း ...

"မိုးရေနဲ့တွေ့လား သား"

"မိုးရေ တရားနာနေတော့ ကြီးကြီးပဲ ဖုန်းကိုင်တယ် မေမေ၊ မိုးရေကိုပဲ အရင်ပြောချင်ပေမယ့် ကြီးကြီးက ဘာလဲ ... ဘာပြောမလို့လဲ လုပ်နေတော့ ကြီးကြီးကိုပဲ ပြောခဲ့လိုက်တယ်"

"ဆွမ်းကျွေးသွားစားမှပဲ မိုးရေကို ပြောတော့ပေါ့ သားရဲ့"

လောလောဆယ်တော့ စောလွန်းတာမို့ လင်းလင်းချင်းချင်း နေမြင့်လာတဲ့ နံနက်ကိုးနာရီခွဲကျော်ကျော်မှပင် ဒေါ်ချိုချိုနှင့် သောင်းသက္က ဟိုဘက်လမ်းဆီ ထွက်လာခဲ့ပါသည်။ ရက်လည်အိမ်မှာ လူကသိပ်တော့မများလှ။ လူရင်းလောက်ပဲ ရှိတာပါ။

အိမ်ရဲ့ဧည့်ခန်းထဲမှာတော့ ဦးရဲလွင်က စားပွဲတစ်ခုမှာ မိတ်ဆွေတစ်စုနှင့် ရှိနေသည်။ ဝိုင်းကလည်း ဧည့်သည်အမျိုးသမီးတစ်စုကို စားပွဲမှာ ဧည့်ခံနေပါသည်။ အခန်းရဲ့ထောင့်တစ်နေရာမှာတော့ နံရံကို ခပ်ခွေခွေမှီကာ မိုးရေ ရှိနေသည်။ ရောက်နေတဲ့ ဧည့်သည်တွေကိုလည်း သူ သိပုံမရသလို လှုပုံက





သည်း စိတ်ဓာတ်ဒုတ်ဒုတ်ကျပြီး ခွန်အားတစ်စက်မှ မရှိတော့ အရုပ်ကြိုးပြတ်ပုံစံနှင့်ပါ။

အိမ်ထဲ သူတို့သားအမိ ဝင်လာလျှင် တစ်နေရာမှ ကြီးကြီး ထွက်လာရင်း ...

"အမယ်လေး ... ချိုချိုရယ်။ လာများနေရသေးတယ်၊ ခဏနေ နောက်ခြေကို ချိုင့်ပို့ပေးလိုက်မှာပေါ့၊ အလကား ပင်ပန်းအောင်"

ဒေါ်ချိုချိုပင် ထိုအပြောအဆိုမျိုးကြောင့် နေရထိုင်ရ ခက်ရသည်။ လာတာတော့ လာရမှာပေါ့။ ချိုင့်ပို့လျှင်ပြီးကြေးဖြစ်ရအောင် စားရဖို့သက်သက် လာတာမှ မဟုတ်တာပဲလေ။

"လာတော့ လာရဦးမှာပေါ့ မမတင်ရယ်"

မိုးရေက သောင်းသက္ကတို့ သားအမိကိုမြင်တော့ မျက်လုံးလေးအနည်းငယ် အရောက်တောက်ကာ ခေါင်းကလေး ညိတ်နည်းထောင်လာပါသည်။ သောင်းသက္ကက မိုးရေရှိတဲ့နေရာနှင့် အနီးဆုံးစားပွဲကိုသာ သွားထိုင်လိုက်သည်။ လှည့်ကြည့်လိုက်တဲ့ ဝိုင်းကိုလည်း ခေါင်းလေးဆတ်ပြီး နှုတ်ဆက်လိုက်ပါသည်။

ဒေါ်ချိုချိုသည် ဝိုင်းထိုင်နေတဲ့စားပွဲမှ သူနှင့်ခင်နေတဲ့ အမျိုးသမီးတစ်ဦးကို ရပ်နှုတ်ဆက်ရင်းက သောင်းသက္ကရှိတဲ့စားပွဲကို သွားထိုင်ဖို့ပဲ အာရုံများနေပါသည်။ နှစ်ယောက်တည်းစကား ပြောခွင့်တွေရပြီး သူ့သားတစ်ယောက် ကရုဏာတာကျိုးပေါက်တဲ့ စကားတွေ ကျုံကုန်မိမှာ နောက်ဆံတင်းနေသည်။


www.burmeseclassic.com

www.burmeseclassic.com



"မိုးရေ ... စားပြီးပြီလား"

"ဟင့်အင်း ... ကိုကို"

"လာလေ၊ ကိုကိုနဲ့ တူတူစားမယ်"

မိုးရေက စားပွဲရှိရာ တိုးကပ်ထိုင်ရင်း ဝိုင်းထဲကြည့်မိကာ ...

"ဝိုင်းလည်း ကိုကိုလာမှစားဖို့ စောင့်နေတယ် ကိုကို ခုနက ကြီးကြီးက စားလိုက်တော့လို့ ပြောနေတာ၊ ဝိုင်းက ကိုကိုလာမှစားမယ်ပြောတယ်"

"ဝိုင်းလည်း လာမှာပေါ့၊ တူတူစားကြတာပေါ့၊ ရှော့ — ဒီပန်းကန်ထဲ ကိုကို အကြော်တို့ နံနံပင်တို့ ထည့်လိုက်တော့မယ်နော်"

"ဟုတ်"

ကြည်ကြည်က မုန့်ဟင်းရည်ချိုင့်နှင့် ရောက်လာကာ ဟင်းရည်ပူပူတွေ ထည့်ပေးသွားလေသည်။ မိုးရေက ချက်ချင်း ဆွဲစားမယ်ပြင်တာမို့ ...

"မိုးရေ ... နေဦးလေ၊ သိပ်ပူတယ်၊ အပူလောင်မယ်"

မိုးရေရဲ့ပန်းကန်ကို ပြင်ပေးရုံမက မွှေးပေး မှုတ်ပေးနေတဲ့ သားဖြစ်သူကြောင့် ဒေါ်ချိုချိုက စကားကို ရပ်ပျက်ပျက် ပင် တီခနဲ ဖြတ်ချကာ စားပွဲဆီ ရောက်လာသည်။ မျက်ကွင်းတွေ ညိုချောင်ကာ နွမ်းကြေလှတဲ့ မိုးရေမျက်နှာကိုမြင်လျှင် နဂိုစိတ် ကောင်းရှိသူမို့ ကရုဏာသက်ရပြန်ပါသည်။





"သမီး ... နေကောင်းရဲ့လား"

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီ ထည့်စားပါနော်၊ လာတာ ကျေးဇူးတင်ပါတယ်"

မကြာ မကြာ ငိုထား၍ နှာသီးဖျားလေးရဲကာ မျက်နှာလေး ပြောင်တင်းဖူးဝင်းနေသော မိုးရေရဲ့သဘာဝအလှ လေးက စွဲမက်စရာ ကောင်းနေလေသည်။

"ထည့်စားမယ် သမီး၊ သမီးရော ခုမှစားရသလား"

"ဟုတ်ကဲ့"

ညှိသည်စားပွဲ ရှင်းသွား၍ ဝိုင်းကပါ ဒီဘက်ဝိုင်း ကူးလာကာ ဒေါ်ချိုချို့နံဘေး ဝင်ထိုင်လိုက်ပါသည်။

"ဝိုင်းလေး ... ခုမှစားမှာလား၊ သား ... ဝိုင်းလေးပန်းကန် ထဲ အကြော်တို့ ဘာတို့ ထည့်ပေးစမ်း"

သောင်းသက္ကက မေမေ့သဘောကျ ဝိုင်းပန်းကန်ကို ပြည့်ပြည့်စုံစုံ ခပ်ထည့်ပေးလိုက်ပါသည်။ မုန့်ဟင်းခါးကို ငြိမ်ငြိမ် သက်သက်နဲ့ စားနေသော မိုးရေရဲ့မျက်နှာလေးက ဒဏ်ရာအနာ တရ ရနေတဲ့ ကြောင်ကလေးတစ်ယောက်လို ဖြစ်နေတာကိုမြင် ကာ ဒေါ်ချိုချိုက သားသမီးချင်းစာနာ စိတ်မကောင်းပြန်ပေ။ သားကသာ အကြင်နာတွေ ယိုင်ပြိုစိတ်ညွတ်နေတာဖြစ်ပြီး မိုးရေ ကတော့ အရိုးခံပဲရှိသေးတာ ထင်ပါရဲ့လို့ တွေးမိလျှင် ကရုဏာ ယိုဖိတ်လာပြန်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ကွန်ဂရက်ကျူးလေးရှင်းနော်၊ အမေနေမကောင်းတုန်း ဖြေရပေမယ့် ဂုဏ်ထူးငါးလုံးတောင် ထွက်တယ်ဆိုတော့ အရှုံးထဲက အမြတ်ပါကွယ်"

"ရှင် ... မိုးရေ ... ဂုဏ် ... ဂုဏ်ထူး ..."

"ဟာင် ... ခုန ကိုယ်ဖုန်းဆက်တာ ကြီးကြီးမပြောဘူးလား၊ မိုးရေ တရားနာနေတယ်ဆိုလို့ ကြီးကြီးကို ပြောခဲ့တာ"

မိုးရေ မျက်လုံးများထဲ ဝမ်းသာဝမ်းနည်း ကြေကွဲမျက်ရည်များ ပြည့်လျှံလာပြန်သည်။

✧ ✿ ✧





## ၁၂

တစ်နှစ်ဆိုတဲ့ အချိန်ကာလက ခပ်မြန်မြန်ပဲ ကုန်လွန်သွားခဲ့ပါသည်။ ပြေလည်မှုတွေနှင့်စာလျှင် မပြေလည်မှုတွေက သာများတဲ့ဘဝကို မိုးရေ စာဖွဲ့မနေအားပေ။ ကိုယ်မရနိုင်တဲ့ အခွင့်အရေးတို့အတွက် ဝမ်းနည်းပူဆွေးမနေဘဲ ရတဲ့အခွင့်အရေးတို့ကိုသာ တန်ဖိုးတကြီး ထားတတ်ခဲ့ပေပြီ။

ဒက်ဒီက မိုးရေ ကျောင်းတက်ဖို့ ကားသုံးခွင့်ပေးထားပေမယ့် ဒက်ဒီ အိမ်ကထွက်တဲ့အချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် တည့်တည့်တိုးနေတဲ့ တစ်လကို သုံးလေးရက်ကလွဲ၍ ကားသုံးခွင့်ရပါ။ ဒက်ဒီနဲ့ အချိန်မတိုက်,တိုက်အောင် တမင်တကာ ကားနဲ့သွားခွင့်ရအောင် ဖန်တယ်လို့ ကြီးကြီး ငြိုငြင်မှာစိုး၍ ဒက်ဒီ ရုံးသွားခါနီးအချိန်တွေဆိုလျှင် ခပ်လျှိုလျှိုလေး ပုန်းကာရှောင်ကာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီကြားထဲက ဒက်ဒီက သူ့ဟာသူ သတိတရ...
တတ်သည်။

"မိုးရေ ... ဘယ်မလဲ၊ မိုးရေ ဒီကိုလာစမ်း"

"ဟုတ်ကဲ့ ဒက်ဒီ"

"ကျောင်းမှာ ဘာလိုလဲ"

"ဘာမှမလိုပါဘူး ဒက်ဒီ"

"ကျူရှင်လခတွေ ပေးပြီးပြီလား"

"ဟုတ်ကဲ့ပါ၊ ပေးပြီးပါပြီ"

"ရော့ ... မုန့်ဖိုးယူထား"

"မိုး ... မိုးရေမှာ မုန့်ဖိုး ရှိပါသေးတယ်"

"အေးလေ ... မောင်ရဲကတော့၊ အိမ်ကလည်း ထမင်းဘူ... ထည့်နေတာ၊ မုန့်ဖိုးက ဘာကုန်မှာလဲ၊ ကလေးကို ရှ... များများသုံးတတ်အောင် ဖျက်ဆီးသလို ဖြစ်နေပြီ၊ တစ်ခါ... ပေးလိုက်ရင် လေး,ငါးသောင်း၊ လွန်နေပြီ"

"တက္ကသိုလ်ကျောင်းသူကျောင်းသားဆိုတာ ဘာကုန်မှန်း... မသိ ကုန်တတ်တဲ့ အသေးသုံးတွေ ရှိသေးတယ် မေ... ကျူရှင်ခတို့ ဝယ်ရတဲ့ စာရွက်စာတန်း စာအုပ်ဖိုးတို့... ရှိသေးတယ်၊ မိုးရေက ကျွန်တော်ကမှ ခေါ်မပေးရင် တစ်... ခါမှ ပိုက်ဆံလာတောင်းတယ်ဆိုတာ မရှိဘူး၊ မေးမိ... တစ်ခါတလေ လိုတာသိရတာ၊ ကဲ ... ရော့ ... ရော့ ... ယူထား သမီး"





ဒီလိုအချိန်မျိုးမှာ ကြီးကြီးရဲ့ မကြည်ဖြူတဲ့ မျက်နှာထားဟာ ပြာတောင် ကျသွားနိုင်လောက်သည်။ မကြည်ဖြူနေနှာလိုတဲ့ဘဝမှာ မိုးရေ ဂျူတီကုတ်ဝတ်ရတဲ့နေ့တွေ ဂျူတီကုတ်ခါးပုံတိုက်နေတာမျိုးတွေ့လျှင် ဆွေ့ဆွေ့ခုန်မတတ် မကြည့်နိုင်အောင်ဖြစ်ကာ မိုးရေကပဲ ဆေးကျောင်းသူမို့ ဂျူတီကုတ်ဝတ်ရပါတယ်ဟူ၍ မဏ္ဍပ်တိုင်တက်ပြတာလို အခံရခက် စိတ်ဆိုးမာန်ဆိုးရှုပ်ထွေးတတ်သည်။

ကြီးကြီးရန်ကြောင့် ဂျူတီကုတ် လျှော်တာ လုန်းတာ ခါးပုံတိုက်တာတွေကို မိုးရေမှာ ခိုးဝှက်လုပ်ရပါသည်။ ကြီးကြီးမစ္ဆရိယကြီးမားမယ်ဆိုလည်း နှိုင်းယှဉ်ကြီးမားချင်စရာဖြစ်အောင် လှုံ့ဆော်သည့်တစ်ချက်မှာ ဒီနှစ် ဆယ်တန်းဖြေမည့် ဝိုင်းဟာ စာကို ဖိဖိစီးစီး မလုပ်တော့ဘဲ စိတ်လေနေတာပင်။

ကျောင်းကြီးမတက်တော့ဘဲ အိမ်မှာပဲ ကျူရှင်ဝိုင်းနှင့် တစ်ယောက်တည်း သင်ပေးမယ့် မနှစ်ကတောင် ကျက်ပြီးသား ရပြီးသားစာတွေကို ဝိုင်း မရတော့။ အပတ်စဉ် အခန်းစဉ်စာမေးပွဲဖြေလျှင် အမှတ်တွေက ပစ်စလက်ခတ်။ ဘာမှလုပ်စရာမရှိ စာကျက်ချိန်တွေ ပိုလျက်နှင့်ကို ပေါ့ဆစိတ်လေ စာမကျက်ကာ စာမရတာ။

ဝတ္ထုဖတ်၊ ရုပ်ရှင်ဗီဒီယိုတွေကြည့်၊ Online chatting လုပ် သူငယ်ချင်းဟောင်းတွေနဲ့၊ ကိုကိုနဲ့ ဖုန်းပြော။ အဲဒီဝိုင်းကို စာကျက်ဖို့ပြောမရတိုင်း ကြီးကြီးက မိုးရေကို မဆီမဆိုင်ပိုမဲသည်။


www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအခြေအနေက ဒီနှစ် ဆေးကျောင်းဝင်ဖို့ မလွယ်တိုင်း မနှစ်က ဆေးကျောင်းဝင်သွားတဲ့ မိုးရေကို ကြီးကြီး ပိုကြည့်မရဖြစ်သည်။

ဒက်ဒီကတော့ သူ့အနည်းငယ် အလုပ်ရှင်း အားလပ်တဲ့အခါတိုင်း မိုးရေကို စိတ်ဝင်တစား ဂရုစိုက်ဖော်ရပါသည်။ ဒါပေမဲ့ အရာခပ်သိမ်းကိုတော့ မသိနိုင်။ မိုးရေတစ်ယောက် ဦးဘိုစိန်နဲ့ ကျူရှင်နှင့်ကျောင်းကို သက်သောင့်သက်သာ သွားနေရတယ် ထင်ပေမည်။

တကယ်က မနက်စော ကျူရှင်ရှိလျှင် အိမ်ကနေ ကျူရှင်ကိုဘတ်စ်၊ ကျူရှင်ကနေ သထုံလမ်း ဆေးကျောင်းကို ဘတ်စ်၊ ဆေးကျောင်းကနေ အိမ်ကို ဘတ်စ်။ ညနေပိုင်းကျူရှင်နေ ဆိုလျှင် ဆေးကျောင်းကဆင်း ကျူရှင်ကိုဘတ်စ်နှင့် ပြေးပြီးမှ ကျူရှင်ကနေအိမ်ကို ဘတ်စ်။

အဲလိုညနေတွေဆို ဘတ်စ်ကားကျပ်သည်။ အိမ်ပြန်နောက်ကျတတ်သည်။ အိမ်ပြန်နောက်ကျတိုင်း ကြီးကြီးအပြောနှင့် မလွတ်။

"ဟဲ့ ... ညည်း ကျူရှင်ဆင်းတော့ ဘယ်ဝင်သေးလဲ"

"ဘယ်မှ မဝင်ပါဘူး၊ ဝင်စရာ နေရာလည်း မိုးရေမှာမရှိပါဘူး"

"ငါ့ကို မညာနဲ့၊ နင် တစ်နေရာကို ဝင်ကိုဝင်တယ်၊ မဝင်ရင် ဒီလောက် နောက်မကျဘူး"





"ကားတွေကျပ်လို့ပါ၊ မီးပွိုင့်တွေဆိုရင် နှစ်ခါ သုံးခါ ပြန်မိလို့ပါ"

"ဒီလက်သုံးစကားမျိုး လူတိုင်းပြောတတ်တယ်၊ ညည်းပြောတိုင်း ယုံရအောင် ငါမအ,သေးဘူး၊ မှန်မှန်ပြောစမ်း၊ ဘယ်ဝင်လဲ"

"ဘယ်မှ မဝင်ဘူး"

ကြာတော့ ရှိသေယဉ်ကျေးဖို့လည်း ဝန်လေးခဲပြင်းလာသည်။ စိတ်ကမရှည်ကာ သံပြတ်နှင့် ဖြေမိသည်။

"အမယ်လေး ... အမယ်လေး ... အပြောအဆိုက ကြာလေ ပမာမခန့်။ မိုက်ရိုင်းတဲ့ဇာတိက ပြပြလာတယ်၊ ညည်းကို ကျုပ်က အချိန်ပိုလွန်းလို့ ပါးစပ်အားလွန်းလို့ ဆူနေရတာ မထင်နဲ့၊ ညည်းအမေ ခြေရာအတိုင်းနင်းပြီး လာမှာစိုးလို့ ပြောနေရတာ"

"အမေက ဘာဖြစ်နေလို့လဲ ကြီးကြီးရဲ့၊ မကောင်းတဲ့ခြေရာ ဘာရှိလို့လဲ၊ မရှိတော့တဲ့ အမေကို သပုပ်လေလွင့် နာမည်ဖျက်မနေပါနဲ့"

"အားအားယားယား ... ညည်းအမေကို နာမည်ဖျက်တော့ ကျုပ် စီးပွားတက်မှာမို့လို့လား၊ ညည်းအမေလည်း မောင်ရဲနဲ့ မရခင်က လမ်းပေါ်မှာချည်းပဲလေ၊ အဲဒါနဲ့ပဲ အိမ်ထောင် တစ်ဆက်ပြီးတစ်ဆက် ကျတာပေါ့၊ ညည်းကို အဲသလို ပျက်စီးမှာစိုးလို့ ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်တစ်ဆက်ပြီးတစ်ဆက်ကျတယ်ဆိုတော့ အမျ ကြီးလိုလိုဖြစ်အောင် ရောမပြောပါနဲ့ ကြီးကြီးရယ်၊ နှ ဆက်ပဲ ကျတာပဲ"

"နှစ်ဆက်ပဲ ! အမယ်လေး နှစ်ဆက်ပဲတဲ့၊ နှစ်ဆက် နည်းသေးတယ်ပေါ့ ... ဟုတ်လား၊ အိမ်ထောင်နှစ်ဆက် တာ ကောင်းတယ်ပေါ့ ... ဟုတ်လား"

"အိမ်ထောင်နှစ်ဆက်ကျလို့ မကောင်းဘူး ဆိုတယ်ဆို ဒက်ဒီလည်း အဲလိုပဲပေါ့ ကြီးကြီး၊ အိမ်ထောင်နှစ်ဆက် လို့ အမေ့သမီး ကျွန်မက ပျက်စီးကြေးဆိုရင် ဒက်ဒီသ ဝိုင်းကရော"

"ဘာ ..."

ချက်ကောင်းထိ ဆွေ့ဆွေ့ခုန်ကာ ထချတော့ ခေါင်းခေါက်တော့မလို လက်ကြီးတဝဲဝဲနှင့် ကြီးကြီး ဒေါသ လာလျှင် မိုးရေ ကမန်းကတန်း အခန်းထဲပြေးဝင် ပုန်းရှော သည်။

အစား,စားရာပဲဖြစ်ဖြစ် ကျောင်းကိစ္စဖြစ်ဖြစ် ရေးကြေးရေးဖြစ်ဖြစ် ကားသုံးတာနဲ့ပတ်သက်လို့ဖြစ်ဖြစ် အိမ် ကိစ္စ စာကျက်တဲ့ကိစ္စ တစ်နေရာမှ မကျန်အောင် ချောင်ပိတ် ကွပ်နေတဲ့ကြားက မိုးရေရဲ့စိတ်လေးကို ပြေသာအောင် ဘ နေပျော်စရာဖြစ်အောင် ဖန်တီးပေးတဲ့သူမှာ ကိုကိုပါလေ။





ကိုကိုနဲ့ စကားတစ်ခွန်းလောက် ပြောတာမြင်လျှင် ဆောင့်အောင့်စောင်းမြောင်း မပြီးနိုင်သော ကြီးကြီး မသိနိုင်သည် အား မိုးရေတို့တက်ရတဲ့ သထုံလမ်း ဆေးကျောင်းဘက်ကို အား င်အားသလို ကိုကို အမြဲရောက်လာတတ်ခြင်းကိုတည်း။ ရက် ခြား ရက်ခြား ကိုကိုက အမြဲလာသည်။

အဲဒါအပြင် ရံဖန်ရံခါ နံနက်ကျောင်းတက်အမီ ကျူရှင်ကနေ ဘတ်စ်ကားစီးဖို့ မိုးရေ အပြေးဆင်းလာလျှင် ကျူရှင်လမ်းထိပ်၌ ကိုကို့ကား ရပ်ထားတာကို တွေ့ရတတ်သည်။ မိုးရေကိုမြင်လျှင် ရှေ့ခန်းတံခါး ကြိုဖွင့်ထားနှင့်သည်။ မိုးရေသည် ကြည်နူးသော်လည်း စိုးရိမ်မကင်း စနောင့်စနင်း မျက်နှာလေးနှင့် ကိုကို့ကားထဲ ဝင်ထိုင်ရကာ ...

"ကိုကို ... မိုးရေ ဘတ်စ်ကားစီးသွားရင် နီးနီးလေးပါ၊ ကိုကို လမ်းမတော်ကျောင်းကို နောက်ကျနေပါဦးမယ်"

"မီပါတယ် မိုးရေရဲ့၊ တမင်လာချင်လို့လာတာ၊ ဘာမှ မပြောနဲ့"

ကိုကိုရေ ... ဘာကိုမှ မသိနားမလည်သေးတဲ့ ပိန်းတုံးလေးတော့လည်း မဟုတ်တော့တဲ့အတွက် ကိုကို့ ယောဇဉ်တွေ မေတ္တာတွေကို မြင်နေ သိနေပါတယ်။ မိုးရေ ဘက်ကရော ဘယ်လိုများ ဆန့်ကျင်ငြင်းကွယ်နိုင်မှာတဲ့လဲ။

ဒက်ဒီထက် အသေးစိတ် လဘ်မြင်တဲ့ ကိုကိုက ရာအတော်များများကို သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့"

"ကိုကို ... ဘာလဲ"

"အင်္ကျီလေးနှစ်ထည် လှလို့ဝယ်လာတယ်"

"ဟို ... ဝိုင်းဖို့ တစ်ထည်လား"

"ဝိုင်းဖို့က ဘာလို့ဝယ်ရမှာလဲ၊ ကြီးကြီးက မျက်စိရှေ့ သမျှ ဝယ်ပေးနေတဲ့ဟာ၊ အရမ်းပိုလျှံနေတာ၊ ဝတ်ပ မပြောနဲ့ လွှတ်ပစ်လို့တောင် လွယ်လွယ်မကုန်နိုင် မိုးရေမှာသာ အဝတ်အစား လိုတယ်ထင်လို့ ကိုကိုဝယ် တာ၊ မိုးရေက ကျောင်းလည်းတက်နေရတယ် မဟုတ်လား"

"မိုးရေမှာ ဝတ်စရာတွေ ရှိပါတယ် ကိုကိုရယ်"

"ဝတ်စရာတွေတော့ ရှိတာပေါ့၊ ရှိတာတွေက အဟောင်း တွေလေ၊ အဝတ်ဆိုတာ တစ်ကြိမ်ရှိပြီးရင် တစ်သက်လုံး ဝတ်လို့ ရနေတာမှ မဟုတ်ဘဲ၊ မိုးရေ ကျောင်းတက်နေ အဝတ်တွေက တစ်ခါတလေ မမကြည် အိမ်မှာနေရင်း ဝတ်တာတွေထက်တောင် ညှံ့သေး ဟောင်းသေးတယ် မမကြည်ကမှ ကြီးကြီးဆီက အကျတွေရနေတော့ အားလုံး အကောင်းစားတွေချည်းပဲ"

"........."

"ရော့ ... မိုးရေအနေနဲ့ အန်ကယ့်ကိုရော ကြီးကြီးကိုရော ပူဆာဖို့ခက်တာ ကိုကို သိပါတယ်"





"ဒက်ဒီက ပိုက်ဆံအမြဲ ပိုပိုလိုလို ပေးပါတယ်၊ မိုးရေက လည်း ဟို ... မဝယ်ချင်လို့ပါ၊ သိပ်မလိုလို့ပါ"

"ဘာသိပ်မလိုရမှာလဲ၊ ညီမလေးကို ကြည့်လိုက်ရင် နွမ်း ဖတ်နေတာ ကိုကို မမြင်ချင်ဘူး။ အန်ကယ်က မုန့်ဖိုးကို သတိရတိုင်း ပေးပေမယ့် အဝတ်အစား ဝယ်ဖို့တော့ တွေးမှမတွေးမိတာ၊ သိပ်လည်း မပိုပါဘူး မဟုတ်လား မိုးရေရယ်၊ မပိုလို့သာ မိုးရေ ဘာမှမသုံးဘဲ ခြစ်ကုပ်ပြီး နေရတာပေါ့ ...

အန်ကယ်က ကားခတွေ ဘာတွေလဲ ထည့်တွက်မိ မှာ မဟုတ်ဘူး၊ ဦးဘိုစိန်နဲ့ပဲ အမြဲသွားတယ် ထင်နေတာ မဟုတ်လား၊ မိုးရေ ဘာမှမငြင်းပါနဲ့ကွာ၊ ကိုကို ကျေနပ် အောင် စိတ်ချမ်းသာအောင် ယူပါနော်"

"ကိုကိုဝယ်ပေးတာကို ယူချင်ပါတယ်၊ ဒါပေမဲ့ ကြီးကြီး တွေ့လို့မေးရင် ..."

"သူငယ်ချင်းတစ်ယောက်က အမြင်မတော်လို့ ဝယ်ပေးတာ လို့ ပြောလိုက်"

ကိုကိုက အဲသလိုပြောကာ အလိုက်တသိ ဝယ်ပေး တတ်တဲ့ အင်္ကျီလေးတွေ၊ လွယ်အိတ်လေးတွေ၊ ဖိနပ်လေးတွေ နဲ့ မိုးရေ လူတန်းစေ့ရတာပင်။ ကြီးကြီးက ဒါတွေ ဘယ်ကရလဲ မေးတိုင်း သူငယ်ချင်း ဝယ်ပေးတာချည်းပဲပြောလို့လည်း ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဒက်ဒီမုန့်ဖိုးကပဲ ပိုလျှံလွန်းလို့ ကိုယ့်ဟာကိုယ် ဝယ်သုံး သလိုလို လှည့်ပတ်ပြောရပါသည်။ ဒီတော့လည်း တစ်မျိုးမကြည် ဖြူပြန်ကာ ဒက်ဒီကို ပိုက်ဆံသိပ်ပေးမသုံးဖို့ ချော့တစ်ခါ ခြောက် တစ်လှည့် နားချလေလျှင် ဒက်ဒီမှာလည်း ပေးခါနီးတိုင်း ကြီးကြီး နားပူမှာစိုးကာ လက်တွန့်ရလေသည်။

"မိုးရေ ... ဝိုင်း စာမေးပွဲနီးပြီ၊ သူ့ကို စာဝိုင်းကျက်ပေး စမ်း၊ စာမေးပေးစမ်း"

"မိုးရေက ဝိုင်းကို ဘာကူလုပ်ပေးရမလဲ မေးပါတယ် ဝိုင်းက မလိုဘူးတဲ့၊ သူ့မှာလည်း သူ့ဂိုက်ဒ်နဲ့သူရှိတော့ ရှုပ်ကုန်မယ်တဲ့"

"ဘာရှုပ်စရာရှိလဲ၊ စာဆိုတာ များများပြန်ဆိုလေ မှတ် လေပဲဟာ၊ တစ်ခါမေး တစ်ခါရ နှစ်ခါမေး နှစ်ခါရတာပဲ"

မိုးရေမှာ ဝိုင်း မလိုလားဘဲနှင့် စာတွေကူမေးပေး ပါသည်။ ဝိုင်း စာမရတာ မိုးရေက လက်တွေ့သိနေရသည်။

"ဝိုင်းရယ် ... စာကောင်းကောင်းကျက်ပါဟယ်၊ စာမေးပွဲ နီးကပ်နေပြီ၊ မနှစ်ကဆို ဒီအချိန် နင် စာအားလုံးရနေပြီ"

"နင် ငါ့ကို ဆရာမလုပ်ပါနဲ့ မိုးရေရာ၊ ငါမှ စိတ်မပါတာ"

"စာမေးပွဲ ဒီလောက်ကပ်နေမှတော့ စိတ်ပါမှဖြစ်တော့မှာ ပေါ့ ဝိုင်း"

"မကျနိုင်ပါဘူးဟာ"





"နင့်ကို ကြီးကြီးက မကျရုံ မှန်းထားတာ မဟုတ်ဘူးလေ၊ ငါ့ထက်တောင် ဂုဏ်ထူးများဖို့ မှန်းထားတာ နင်သိသားနဲ့"

"အို ... မဖြစ်နိုင်တာ၊ နင့်ထက်များဖို့ဆို ငါက All-D ထွက်နေရမှာပေါ့၊ လုံးဝမရနိုင်ဘူး၊ ကြိုပြောထားတယ်၊ ငါ့ဟာငါ ဘယ်လိုအောင်အောင်၊ ငါက နင့်လိုလည်း အသည်းအသန် ဆရာဝန်ဖြစ်ချင်တဲ့သူ မဟုတ်ဘူး၊ မကျ ဘူးဆိုရင် ပြီးတာပဲ မဟုတ်လား"

"ဝိုင်းရယ် ... နင် စာဒီလောက်တော်တာ၊ နမြောစရာကြီး ဟာ"

ဝိုင်းဟာ မိုးရေ ဘယ်လောက်နားချနားချ ပေါ့ဆဆ ခင်။

"မိုးရေ ... ဝိုင်းရဲ့ဂိုက်ဒ် ရေးရေးသွားတဲ့ မှတ်ချက်မှာ တစ်ရက်မှလည်း မှတ်ချက်ကောင်း မပါပါလား၊ စာမရ ဘူး၊ စာထုစ်တယ်ချည်းပဲ၊ နင် နေ့တိုင်း စာမေးနေပြီးတော့ ဘယ်လိုဖြစ်တာလဲ"

ဝိုင်း စာမရတာဟာလည်း မိုးရေအပြစ် ဖြစ်ရပြန် သည်။

"ကြီးကြီးရယ် ... မိုးရေ ဘယ်လောက်ပဲမေးမေး ဝိုင်း စာကျက်မှ စာရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ညည်းစာမေးလို့ သူ မရရင် ပြန်ကျက်ခိုင်းပေါ့၊ ချော့ပြောပေါ့၊ သူ စာမရလေ ညည်းကလည်း ကြိုက်လေပဲ မဟုတ်လား"

ကဲ ... ဘယ်လိုပြောရမလဲ။ ပြန်ပြောစရာစကားလုံး မရှိ။ စိတ်ပျက်လက်ပျက် ငြိမ်သက်၍ ကိုယ့်ကိုပြောတဲ့စကား မဟုတ်သလို သဘောထားလိုက်ပါသည်။ ဝိုင်းက ချော့ပြောလည်း ရမှမရဘဲလေ။

ကိုကိုက သူ ဒီအိမ်ကိုလာလျှင် ကြီးကြီးမျက်စိအောက်မှာ အနေကျဉ်းကျပ်၍ အိမ်ကိုလာခဲသွားပါသည်။ ကိုကိုလာလျှင် မိုးရေနှင့် စကားပြောဖြစ်ပါက အနားမှာ လာထိုင်နားစွင့်နေတတ်ပြီး စကားပြောနေရင်း ဖြစ်တာတောင် မိုးရေထ,သွားရအောင် တစ်ခုခု ချက်ချင်းရှာကြံခိုင်းလိုက်တတ်သည်။ ဝိုင်းနှင့်ပဲ စကားပြောစေသည်။

ကြာတော့ ကိုကိုက စိတ်ကျဉ်းကျပ်လာကာ ဝိုင်းရဲ့ စာအခြေအနေမေးဖို့လောက် ခဏတဖြုတ် ခပ်ကျဲကျဲမျှသာ အိမ်ဘက်ကူးလာတော့ပြီး မိုးရေကိုတွေ့ဖို့ ကျောင်းကိုသာ ရောက်လာလေ့ရှိပါသည်။

"ကိုကို ... ဘာဖြစ်လို့ ခုနောက်ပိုင်း အိမ်သိပ်မလာတော့တာလဲ"

"ဘာမှမဖြစ်ပါဘူး ညီမလေးရဲ့၊ လာသားပဲ"





"ကြီးကြီးကြောင့် မဟုတ်လား၊ ကြီးကြီးကို ကိုကို စိတ်ပျက်လို့ မဟုတ်လား"

"အဲသလို မဟုတ်ပါဘူး ဝိုင်းရယ်၊ ဝိုင်းလည်း စာမေးပွဲအရမ်းကပ်နေပြီဆိုတော့ စာကျက်ချိန်လျော့မှာ စိုးလို့ပါ၊ ဝိုင်း သေချာစာကို အချိန်ပေးကျက်ပါ၊ ကိုကို တစ်ခါတလေမှ လာတော့မယ်"

ကိုကိုသောင်းသက္က အဲသလို အလာကျဲသွားတဲ့အခါ ဝိုင်းက တစ်ဖက်ခြံကိုကူးပါသည်။ ကျူရှင်တွေ ဂိုက်ဒ်တွေလွှတ်သည့်အချိန်မှာ ကိုကိုတို့အိမ်ကို အပြေးရောက်ရောက်သွားတတ်သည်။ ကိုကိုမရှိရင်တောင် အန်တီချို့နှင့် အချိန်ဖြုန်းကာ ကိုကို့ကို စောင့်တွေ့လေ့ရှိသည်။

ဝိုင်း ရင်ထဲက ဖုံးဖိမရတဲ့ သံယောဇဉ်တွေ ချစ်ခြင်းမေတ္တာတွေကို မိန်းကလေးချင်းဖြစ်၍ မိုးရေ ရိပ်စားမိပါသည်။ အဲဒါကြောင့် ကိုကို့ကို မိုးရေ ရှောင်ရရင်ကောင်းမလားလို့လည်း အမြဲတွေးမိသည်။ သို့ပေမယ့် ကျူရှင်လမ်းထိပ် ကိုကို့ကားရောက်နေတဲ့အခါတွေမှာ သထုံလမ်းကျောင်းဝင်းထဲ ကိုကို့ကားရောက်လာတဲ့အခါတွေမှာ မမြင်ချင်ယောင်ဆောင်ဖို့လည်း မဖြစ်နိုင်သလို ရှောင်ကွေ့ကာ မတွေ့ဘဲနေဖို့လည်း မိုးရေ မဆုံးဖြတ်နိုင်ပါ။

ကိုကိုလာလျှင် မိုးရေကိုယ်တိုင်ကိုက ပျော်ရွှင်မိတာ မဟုတ်လား။ မိုးရေရဲ့ဘဝမှာ မိုးရေအပေါ် ဂရုစိုက်တာဆိုလို့


www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် ဒက်ဒီ ဒီနှစ်ဦးတည်းသာ ရှိတာပါ။ ဒီထဲမှာမှ အသေးစိတ်ပိုကာ ဂရုစိုက်ကြင်နာလှတဲ့ ကိုကို့ကို နုနယ်ငယ်ရွယ်တဲ့ မိုးရေရဲ့နှလုံးသား ဖူးငုံကလေးက မဝံ့မရဲ မြတ်နိုးတွယ်တာနေမိပြီ။

တခြား ဘာကိုမှ ထည့်စဉ်းစားဖို့ မလိုအပ်ဘူးဆိုလျှင် မိုးရေ ကိုကို့ကို ချစ်သည်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် လိမ်ညာမနေချင်။ သို့ပေမယ့် မိုးရေ အနေအထားက အစစအရာရာကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်နေတဲ့ ဘဝပါ။ စိတ်မောလှမော ရင်မောရင်းက နေ့ရက်တို့ကို တစ်ရက်ပြီးတစ်ရက် ဖြတ်သန်းခဲ့ရသည်။ တွေးလိုက်လျှင် ဘယ်သူမှ အားကိုးစရာမရှိတဲ့ဘဝမှာ ကိုကို့ကိုသာ ပိုတိုးကာ တွယ်တာအားကိုးမိခဲ့တာပါ။

မိုးရေ ဆယ့်ရှစ်နှစ်ပြည့်တဲ့ မွေးနေ့ဧပြီလ လေးရက်နေ့မှာတော့ ကိုကို့ထံမှ မမျှော်လင့်တဲ့ (သို့သော် အမျှော်လင့်ဆုံးလည်းဖြစ်တဲ့)စကားလေးတစ်ခွန်းကို လက်ခံရရှိပါသည်။ မိုးရေရဲ့မွေးနေ့ကို ဘယ်သူမှ သတိမရပါ။ ဒက်ဒီပင်လျှင် ကောင်းကောင်းမှတ်မိပုံ မပေါ်ပါ။

မိုးရေသည် ဘယ်သူ့ကိုမှ ဘာမှမပြောဘဲ အိမ်မှာပဲ ဘုရားသေချာစွာရှိခိုး၊ ဘုရားပန်းလဲကာ စိတ်ကလေးကို ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းလေး အာရုံညွတ်ကာထားသည်။ နံနက်စောပိုင်းမှာပင် ကိုကို ရောက်လာတော့ မိုးရေက အံ့အားသင့်နေမိသေးသည်။





"ဟက်ပီးဘတ်သ်ဒေး မိုးရေ"

"ဟင် ... ကိုကို ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲ သိတာပဲ၊ ဟိုးအရင်ကတည်းက မိုးရေဘာရယ်မဟုတ်ပြောတဲ့ စကားတွေထဲ မှတ်မိနေတာ၊ မနှစ်က ဒီအချိန် အန့်တီနေမကောင်းတော့ ကိုယ်လည်း မှတ်မှတ်ရရ ဘာမှ မစီစဉ်ဖြစ်ဘူး၊ အခု ဒီနှစ်တော့ မိုးရေအတွက် မွေးနေ့လက်ဆောင်လေး ဝယ်ထားတယ်"

"ဟင် ... မွေးနေ့လက်ဆောင် မလိုပါဘူး ကိုကိုရယ်"

"မလိုပေမယ့်လည်း ကိုယ်က ပေးချင်သေးတာပေါ့"

"ကိုကိုက မိုးရေကို အမြဲတမ်း အချိန်တိုင်း ပေးနေခဲ့တဲ့သူပါ၊ စိတ်ဓာတ်ခွန်အားတွေ ပျော်ရွှင်မှုတွေ လုံခြုံမှုတွေ စေတနာတွေ အို ... အစစအရာရာပါပဲ၊ တကယ်တော့ မိုးရေကို ကိုကို တစ်ခုခုမပေးခဲ့တဲ့နေ့ဆိုတာ မရှိခဲ့ပါဘူး"

"ပြောတတ်လိုက်တာ မိုးရေရယ်၊ ကိုကို ကြားရတာ ရင်ထဲမှာ နွေးသွားအောင်ကို ပြောတတ်ပါပေတယ်၊ မိုးရေအတွက် မွေးနေ့လက်ဆောင်လက်စွပ်လေးတစ်ကွင်း ဝယ်ထားတယ်၊ လက်ပေး ... ကိုကို စွပ်ပေးမယ်"

"ဟင် ... လက်စွပ်၊ ဟင့်အင်း ... တန်ဖိုးရှိတဲ့ ပစ္စည်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မိုးရေ ... ဒါက အမှတ်တရသဘောပါပဲ၊ ပိုက်ဆံပေးဝယ်လို့ရတဲ့ ပစ္စည်းတစ်ခုရဲ့တန်ဖိုးဟာ အတိုင်းအတာတစ်ခုအတွင်းပဲ ရှိတာပါ၊ ဒီထက် တန်ဖိုးကြီးတဲ့ အရာတွေတောင် မိုးရေကိုပေးဖို့ ကိုကို အသင့်ဖြစ်နေတယ်"

မိုးရေက ကိုကို့ကို ငေးကြည့်နေခဲ့မိသည်။ ဘယ်ဘက်လက်လေးကို ကိုကို ဆွဲယူလိုက်တဲ့အခါလည်း မငြင်းဆန်ခဲ့မိတော့။

လက်သူကြွယ်လေးမှာ စိန်ပွင့်သေးသေးလေးတစ်ပွင့်မြှုပ်ထားတဲ့ ရွှေမောင်းကွင်းလေး စွပ်ပေးလိုက်တော့လည်း မငြင်းဆန်ခဲ့မိတော့။ ငြိမ်သက် ခံယူနေလိုက်မိပါတော့သည်။

"မိုးရေ"

"ရှင် ... ကိုကို"

"တကယ်တော့ ကိုကိုပြောဖို့ စဉ်းစားနေတာ ကြာပြီ၊ ဒါပေမဲ့ မိုးရေရဲ့မွေးနေ့ကျမှပဲ အမှတ်တရပြောမယ်ဆိုပြီး ကိုကို အချိန်စောင့်ပြီး အောင့်ထားခဲ့တာ၊ ဒီနေ့တော့ ကိုကို ပြောကိုပြောမှဖြစ်မယ်၊ မိုးရေလေးလည်း ဆယ့်ရှစ်နှစ်ပြည့်ပြီဆိုတော့ စဉ်းစားဆင်ခြင်နိုင်တဲ့ အသိဉာဏ်ရှိပြီလို့ ကိုကို ထင်ပါတယ်လေ"

"........"

"မိုးရေ"





"ရှင်"

"မိုးရေကို ကိုကို သိပ်ချစ်တယ်၊ မိုးရေ ဘွဲ့ရရင် ကိုကိုတို့လက်ထပ်မယ်၊ မိုးရေ လက်ခံမယ် မဟုတ်လားဟင်"

"ရှင်"

နားရွက်တွေ ထူထဲကာ နားထဲက လေထွက်လာသလို တဒီဒီမြည်ကာ ဘာသံမှ မကြားရတော့တဲ့အထိ လူက ဆွံ့အသွားပါသည်။

"မိုးရေ ... မိုးရေ"

"ရှ ... ရှင် ... ကိုကို"

"ကိုကို့ကို ချစ်တယ်မဟုတ်လား၊ ချစ်ပါနော် မိုးရေ"

ကိုကို့တောင်းဆိုသံလေးဟာ ချစ်စရာပါလားကွယ်။ ချစ်ပါနော်ဆိုသူကို ချက်ချင်းပင် ခေါင်းကြီးညိတ်ချပြချင်လိုက်ဘာ။

"မိုးရေ"

"ကိုကို"

"စကားပြောဦးလေ"

"မိုး ... မိုးရေ ကြောက်တယ် ကိုကို၊ မဖြစ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟို ... ဟို ... ကြီးကြီး၊ ပြီးတော့ ... ဝိုင်း"

"ကြီးကြီးတို့ ဝိုင်းတို့နဲ့ ဘာဆိုင်လဲ"

"ကြီးကြီး ကြိုက်မှာ မဟုတ်ဘူး ကိုကို၊ ပြီး ... ပြီးတော့ ဝိုင်းက"

"ကြီးကြီး မကြိုက်တာ ကြိုက်တာ ကိုကို ထည့်မစဉ်းစားဘူး၊ ဝိုင်း သဘောကျမကျလည်း ကိုကို တွေးစရာမလိုဘူး မိုးရေ၊ ကိုကို စဉ်းစားတာက ကိုကို မိုးရေကို သိပ်ချစ်တယ်၊ မိုးရေ ကိုကို့ကိုချစ်လား ဒါပဲ"

"ကိုကို့ ဖေဖေနဲ့ မေ ..."

"အဘွားကြီးလေးလို အစစအရာရာကို လျှောက်ပူမနေစမ်းပါနဲ့ ညီမရယ်၊ မင်း ကိုကို့ကိုပဲ ခေါင်းထဲထည့်စဉ်းစား၊ ကိုကို မင်းကို အရမ်းချစ်တယ်ဆိုတာ တစ်ခုပဲ စဉ်းစား၊ ကိုကို ပြောပြီးပြီ၊ မိုးရေကို ကိုကိုလက်ထပ်မှာ၊ ဒါကိုယုံကြည်တယ်ဆိုရင် အဖြေပေးပါ"

မိုးရေသည် ရှိန်းနွေးကျင်ရှလာတဲ့ နှလုံးသားအလိုကို လွန်ဆန်နိုင်ဖို့ မနည်းတောင့်ခံထားရသည်။ ညိတ်ချလိုက်ချင်တဲ့ ခေါင်းကို ဇက်ခိုင်ထားရပါသည်။

"မိုးရေ စဉ်းစားလေ စဉ်းစားပါ၊ ကိုကိုနေ့တိုင်းနေ့တိုင်း တစ်နေ့တစ်ခါ မိုးရေကို မေးမယ်၊ မိုးရေ ဒီနေ့ အဖြေပေးမလားလို့၊ မိုးရေ စဉ်းစားပြီးပြီ၊ အဖြေရှိပြီဆိုတဲ့နေ့မှာ





အဖြေပေးပါမယ်ဆိုတာပြောပြီး ကိုကို့ကို အဖြေပေး၊ နော်"

"........."

"နော်"

မိုးရေသည် ရှက်ရှက်နှင့် ခေါင်းကိုငုံ့သလို ငဲ့သလို ညိတ်သလို ရောချလိုက်လေသည်။

✧ ✹ ✧


www.burmeseclassic.com

www.burmeseclassic.com



## ၁၃

တကယ်ဆိုတော့ ကြီးကြီးကြောင့်သာ မဟုတ်ဘူးဆိုလျှင် မိုးရေသည် ကိုကို့ကို အဖြေပေးဖြစ်မှာ မဟုတ်ခဲ့ပါတည်း။ ကျောထောက်နောက်ခံ ဘယ်သူမှလဲမရှိ။ (ဒက်ဒီ့ကိုပင်လျှင် နောင်ဘယ်အချိန်ကာလအထိ အားကိုးမှီခိုနိုင်မယ်ဆိုတာ မသိနိုင်လေရာ) အားကိုးအားထားစရာ ကိုယ့်ဘက်ကရပ်မည့်သူ တစ်ယောက်မှ မရှိတဲ့ဘဝမှာ ကိုကိုလို လူတစ်ယောက်ကို မိုးရေချစ်ဖို့မရဲပါ။

ခုချိန်မှာ မိုးရေက ဒက်ဒီ့အုပ်ထိန်းမှုအောက်မှာဖြစ်ပေမယ့် ဒက်ဒီနှင့် သွေးသားတော်စပ်ခြင်းမရှိတဲ့အတွက် ဒက်ဒီတို့အသိုင်းအဝိုင်းနဲ့ အခြေအနေအဆင့်အတန်းချင်း ညီမညီ မိုးရေမပြောတတ်၊ ကိုကိုလို လူတစ်ယောက်ကို မိုးရေ ချစ်သင့်မချစ်သင့် ဆုံးဖြတ်နိုင်စွမ်းမရှိပါ။

ကိုကိုက အစစအရာရာ ပြီးပြည့်စုံသူ။ မိုးရေဘဝကနေရာတကာမှာ အရပ်ဆိုးသော ကွက်လပ်တွေများစွာနှင့်။ ကိုယ့်





စိတ်ကို ကိုယ်ဘယ်လောက်ထိ တင်းမတ်အဖတ်ဆည်ထားရတယ်ဆိုတာ ကိုယ်ကိုယ်တိုင်သာ သိပါသည်။

မှုန်တေတေကလေး တင်းထားတဲ့ မျက်နှာရဲ့နောက်ကွယ်မှာ အားငယ်နေသော နှလုံးသားအစုံရှိသည်ဆိုတာ ဘယ်သူမှသိနိုင်ပါ။ ခုနေမှာ ကိုယ်ဟာ ဒီအခြေအနေ အနေအထားရှိနေပေမယ့် ဒီနေရာလေးကနေ ဘယ်တော့လွင့်ထွက်သွားမယ်ဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်။

- ကိုကို့ကိုချစ်သည်။

အထီးကျန်လေ ချစ်လေ။ အားငယ်လေ ချစ်လေ။ ကိုကို့မျက်နှာကို မြင်တွေ့ရလျှင် အားရှိ၍ လုံခြုံပြီး ပြည့်စုံသလိုခံစားရသည်။ အသေးစိတ် ခံစားချက်ချင်းတော့ မတူနိုင်ပေမယ့်ခိုင်းလည်းပဲ ကိုကို့ကိုချစ်သည်ဆိုတာ မိုးရေ သိနေပါသည်။

ခုတလော နောက်ပိုင်း ကိုကိုက ဝိုင်းကိုရှောင်ခွာခွာလေးနေ၍ ဝိုင်းတစ်ယောက် ပျာယာခတ်နေတာကိုလည်း ကိုယ်ချင်းစာနိုင်ပါသည်။ ကိုကို့ဆီ ဝိုင်းဖုန်းဆက်တာ တစ်ခါတစ်ရံမှာတွေ့ မျက်ရည်လည်နေတာတွေကို မလှမ်းကမ်းမှ သိမြင်နေရတာ တစ်ခါတလေ ဖုန်းဆက်ပြီးသည်နှင့် အိမ်ရှေ့ကိုပြေးထွက်ပြီး နောက်လမ်းထဲထိ တစ်ပတ်ကြီး ကိုကိုတို့ခြံဆီ ပြေးသွားတတ်တာမျိုးကိုလည်း စိတ်လှုပ်ရှားစရာ တွေ့မြင်ရတတ်သည်။

မိုးရေရဲ့အခန်းပြတင်းမှ နောက်ဖေးဘက်က ကိုကိုတို့ခြံထဲ ရင်တထိတ်ထိတ် လှမ်းကြည့်နေမိတုန်း ကိုကိုတို့ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



အပြေးရောက်လာကာ ကိုကို့ကို ဆွဲဆောင့်ရန်တွေ့ ထုရိုက်လို့ တာမျိုးကိုလည်း မြင်ရတဲ့အခါ ဝိုင်းကို မိုးရေကိုယ်ချင်းစာ ကရုဏာသက်မိသည်မှာ အမှန်ပါ။

"မိုးရေ"

"........"

"နင် စာကျက်နေလား၊ စကားပြောလို့ရလား"

"ငါ စာတော့ကျက်နေတာပဲ၊ ဒါပေမဲ့ စကားပြောလို့ရ ပါတယ်"

"ဒီနေ့ နင်တို့ကျောင်းကို ကိုကိုလာတယ်ဆို"

မိုးရေက မျက်လွှာပင့်ကြည့်ပြီး ...

"အင်း ... ဟုတ်တယ်"

"ဘာလာလုပ်တာလဲ"

"အတိအကျတော့ ငါ မသိဘူး"

"အတိအကျ မသိလည်းရတယ်၊ နင်ထင်တာကိုပြော"

ဝိုင်းရဲ့မျက်ဝန်းများက မိုးရေ မျက်ဝန်းများထဲသို့ စူးစိုက်ဖွေရှာနေသည်။

"ကိုကိုက ဒီလိုပဲ လာလေ့ရှိပါတယ်"

"ကိုကိုနဲ့ သထုံလမ်းတွေ လိပ်ခုံးတွေက ဘာဆိုင်တော့လို့ လဲ၊ ကိုကို ကောင်မလေးတစ်ယောက်ယောက်ဆီ လာနေ တာလား"

ဝိုင်းအသံကဆတ်နေသည်။





"နင် အဲဒါ ကိုကို့ကိုပဲ မေးကြည့်ပါလား ဝိုင်းရယ်"

"ကိုကို့ကိုမေးတာ မမေးတာ ငါ့ဆုံးဖြတ်ချက်ပါ၊ နင်သင် ပေးစရာမလိုဘူး၊ ငါ အခု နင့်ကိုမေးနေတာ၊ ဒီမေးခွန်းက နင့်အတွက်ဖြေဖို့ ဘယ်လောက်တောင် ခက်နေလို့လဲ၊ နင့်အမေ မရှိတော့ပေမယ့် နင့်ကို ဒက်ဒီက ဆက်စောင့် ရှောက်ထားပြီး ငါနဲ့တန်းတူ အိမ်မှာ သမီးတစ်ယောက်လို နေခွင့်ရနေတဲ့ ကျေးဇူးနဲ့စာရင် ဒီမေးခွန်းလေးဖြေဖို့ကို နင် ဝန်လေးနေစရာလား"

မိုးရေက ဝိုင်းကို အေးစက်စက်လေး စိတ်မကောင်းစွာ ကြည့်နေမိပါသည်။ ဝိုင်းလေသံက ဘယ်ဘက်ကိုရည်ညွှန်း နေတယ်ဆိုတာ အသိသာကြီးပင်။ မသိလို့ ထုကယ်သိချင်တဲ့ မေးခွန်းမျိုးကိုသာ မေးပါလား ဝိုင်းရယ်။ "နင့်ဆီလာတာလား" လို့ ပွင့်ပွင့်လင်းလင်းကြီး မေးဖို့ကျတော့ သူ့ကိုယ်သူ ဝိုင်းက ဒီလိုဖွင့်ပေးရတဲ့ အနေအထားထိ လျှော့မချလိုပြန်တာ။

"ဖြစ်နိုင်တာပဲ ဝိုင်း"

"ဘာ"

"ကောင်မလေးတစ်ယောက်ယောက်ဆီ လာနေတာမျိုးလဲ ဖြစ်ရင် ဖြစ်နေနိုင်တာပဲလို့လေ"

ဝိုင်းက ရင်လေးနိမ့်ချည်မြင့်ချည်နှင့် အသက်ရှူပြင်း ထန်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဖြင့်ရင် နင်တို့ကျောင်းက မိန်းကလေးတွေ အားလုံးသိအောင် နင် ကြေညာပေးထား၊ ကိုကိုက လက်ထပ်ရမယ့် မိန်းကလေး ရှိတယ်ဆိုတာ"

"........."

"ငါပြောတာ နင် ကြားလား"

မိုးရေက သက်ပြင်းတစ်ချက်နှင့် ခေါင်းညိတ်လိုက်သည်။ ဝိုင်းရေ ... နင့်ကို ငါနားလည်ပါတယ်ဟာ။ ငါလို တွေ့ဆုံရတာ ဘာမှသိပ်မကြာလှသေးတဲ့သူတောင် ကိုကို့ကို မြတ်နိုးစုံမက် ချစ်ခင်မိသေးတာပဲ။ နင်လို မွေးကတည်းက ရင်းနှီးတွယ်တာလာတဲ့သူအဖို့ ဘယ်လောက်ထိ စွဲမက်စရာ အားကိုးချည်နှောင်စရာ ဖြစ်နေခဲ့မလဲ ဆိုတာလေ။

"ကိုကို ဘယ်သူနဲ့မှ ငြိတွယ်မသွားဖို့ နင့်မှာလည်းတာဝန်ရှိတယ် မိုးရေ"

"ငါနဲ့ ဘာဆိုင်လို့လဲ ဝိုင်း"

"နင့်အနားတစ်ဝိုက်ကို ရောက်ရောက်လာနေတာမို့လို့လေ။ နင့် သိနေမှာလေ၊ ငါက မျက်ကွယ်ရာ၊ ငါသေချာမမြင်မသိနိုင်ဘူး"

"ဝိုင်းရယ် ... ကိုကို့ကို ထိန်းချုပ်နိုင်ဖို့မပြောနဲ့ ငါကိုယ်ငါတောင်မှ ဒီကိစ္စမျိုးက စိတ်ချလို့ မရနိုင်တာဟာ"

"ဘာ ... နင် ဘာပြောတယ်"





"နှလုံးသားရေးရာနဲ့ ပတ်သက်လာရင် ငါ့နှလုံးသားကိုတောင် ငါ ချုပ်ကိုင်နိုင်ဖို့ မလွယ်ဘူးလေ ဝိုင်း၊ ကိုကို့နှလုံးသားကိုဆိုရင် ပိုဝေးတာပေါ့လို့ ဆိုလိုတာပါ"

"ဘာပဲဖြစ်ဖြစ်ပါ၊ နင် ငါ့ဘက်က ရပ်တည်ရင် ပြီးပြီ"

ဝိုင်းစကားက မိုးရေကို ချုပ်ထားပြီးသား။ တကယ်ဆော့ ဝိုင်းကို မိုးရေ ငဲ့ညှာထောက်ထားခဲ့ပါသည်။ ဒါကြောင့်သာ ဘွက်လပ်လစ်ဟာနေတဲ့ အားကိုးရာမဲ့နေတဲ့ ရင်ခွင်နေရာလွတ်ထဲ ကိုကို့ကို တရားဝင် ဆွဲမထည့်ခဲ့တာပေါ့။

သို့ပေမယ့် ချုပ်တည်းနိုင်စွမ်းအားဆိုတာ အတိုင်းအတာတော့ ရှိသည်မဟုတ်လား။

တိုက်တိုက်ဆိုင်ဆိုင် မိုးရေရဲ့ ဆယ်တန်းအောင်စာရင်းထွက်ရက်ဟာ အမေ့ရက်လည်နေ့ ဖြစ်ခဲ့သလို ဝိုင်းတို့အောင်စာရင်းထွက်ရက်က အမေ့နှစ်လည်နေ့ ဖြစ်နေခဲ့သည်။ အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးတာမျိုးအထိ အကျယ်ချဲ့လျှင် ကြီးကြီး လုံးဝမကြိုက်မှာကိုသိ၍ မိုးရေက ဒက်ဒီ့ထံခွင့်ပန်ပြီး ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သာ ပို့ပို့စီစဉ်သည်။

နံနက်စောကြီး ဝေလီဝေလင်းထပြီး ကြည်ကြည့်အကူအညီနှင့် ငါးဆင့်ချိုင့်ဝစစ်ချိုင့်စာ ဆွမ်းဟင်းများ ချက်ပြုတ်နေဆဲ ...

"မိုးရေ ..."

"ရှင် ... ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းလေ ငါမပြောလည်းပဲ ညည်းစေတနာနဲ့ညည်း လုပ်ပေးဖို့သင့်တယ်၊ ဒီနေ့ အောင်စာရင်းတွေထွက်တာ နင် မသိဘူးလား၊ ဝိုင်းကိုယ်တိုင် သွားကြည့်ဖို့ စိတ်လှုပ်ရှားနေမှာ မသိဘူးလား၊ ကိုယ့်အသိစိတ်နဲ့ကိုယ် တကူးတက နိုင်းမနေရဘဲ သွားကြည့်ပေးလိုက်ပေါ့၊ ခုလို တမင်တကာ လာခိုင်းမှပဲ မလွဲသာမရှောင်သာ ထ,လုပ်တော့မှာလား"

"မိုးရေ ... ဒီနေ့ အောင်စာရင်းထွက်မှာ မေ့နေလို့ပါ။ အမေ့နှစ်လည်ချက်ဖို့ပြုတ်ဖို့ဘက် အာရုံရောက်သွားလို့ပါ"

"သေတဲ့လူက သေပြီးပြီ၊ သေပြီးတဲ့လူကိစ္စနဲ့ ရှင်နေတဲ့သူ ကိစ္စ ဘယ်ဟာက အရေးကြီးလဲ၊ ဆွမ်းချိုင့်က ဘုန်းကြီးကျောင်းကို မွန်းမလွဲမီရောက် ပြီးတာပဲ၊ စားချိန်မီရင်ပြီးရောပေါ့၊ အောင်စာရင်းသွားကြည့်မပေးချင်လို့ တမင်ဝိရိယ ပိုပြနေတာလား၊ သွား ... အောင်စာရင်းသွားကြည့်၊ ပြီးမှ ဟင်းပြန်ချက်"

"ကြီးကြီး ... ခုနစ်နာရီခွဲ ရှစ်နာရီလောက် ဦးဘိုစိန်ရောက်မှ ..."

"လျှာမရှည်နဲ့တော့ မိုးရေစက်၊ ဘတ်စ်ကားစီးသွား၊ တစ်လမ်းလုံး အောင်စာရင်းသွားကြည့်တဲ့လူတွေ အပြည့်ပဲ။ ညည်း စောစောစီးစီး ငါဒေါသဖြစ်ပြီး လာဘ်တိတ်အောင် ဝိုင်းလေးအဖို့ အတိတ်နိမိတ်မကောင်းအောင်တွေ လုပ်မ





နေနဲ့၊ မြန်မြန်သွားကြည့်စမ်းပါ၊ ငါ သိချင်လှပြီ၊ ဘယ်နှလုံးလဲ၊ ဘာတွေလဲ သေချာမှတ်ခဲ့၊ မမှားစေနဲ့"

မိုးရေသည် မမကြည်ကို ဟင်းအိုးဆက်ကြည့်ခိုင်းကာ တခြားပြင်လက်စအိုးတွေ ဘေးချပြီး အဝတ်အစားတောင် မလဲဘဲ လမ်းထိပ်အပြေးထွက်ခဲ့ပါသည်။ စောစောကြည့်ချင်လည်း ဦးဘိုစိန်ကို စောစောမှာလိုက်ရင် ရတာပဲ။ ဦးဘိုစိန်က လိုအပ်ရင် နောက်လေးနာရီ ငါးနာရီတောင် လာနိုင်တဲ့သူပါ။

ဝိုင်းဘာသာဝိုင်း သွားကြည့်တော့ရော ဘာဖြစ်လို့လဲ။ မိုးရေတုန်းကတော့ အမေ့အသုဘနှင့်မို့ ခေါင်းထဲကို မရှိလို့ပါ။ အမေ့နှစ်လည်မှာ လွမ်းဆွတ်ကြေကွဲချင်ချင်၊ အရည်ပျော်နေတဲ့ စိတ်ထဲ့ ကသိကအောက် မချင့်မရဲဖြစ်ကာ စိတ်ရှုပ်ထွေး တိုတောင်းခုတွေ လှိုက်ခနဲ ရင်ထဲပြည့်သိပ် ထူထပ်လာသည်။

မိုးကောင်းကောင်း မလင်းချင်သေးပေမယ့် အောင်စာရင်းသွားကြည့်သူတွေနှင့် လမ်းထဲမှာ လူတော့မပြတ်ပါ။ လမ်းထိပ်ဘတ်စ်ကားဂိတ်ရောက်အောင် မိုးရေက သုတ်သုတ်ကလေး ပြေးလာသည်။ ကားစီးလျှင် တစ်မှတ်တိုင်စီးပြီး ရှေ့ကိုနည်းနည်း ထပ်လျှောက်ရင်လျှောက်။ နှစ်မှတ်တိုင်စီးပြီး နောက်ကိုပြန်လျှောက်ရင်လျှောက်။ လမ်းသွယ်ထဲကထွက် လမ်းမကြီး ဘတ်စ်ကားဂိတ်ဆီ ဦးတည်လာနေသော မိုးရေသည် ...

"ပွမ်"



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး"

ရှေ့က မျက်နှာချင်းဆိုင်လာတာဖြစ်တဲ့ ကားကို သေချာမကြည့်ဘဲ လမ်းဘေးကပ်လျှောက်ကာ ကိုယ့်အာရုံနဲ့ကိုယ် အသော့နှင်နေရိုက် ဘေးကဖြတ်တဲ့ကားက ဟွန်းအကျယ်ကြီးတီး လိုက်၍ အလန့်တကြားဖြစ်ကာ စိတ်တိုတိုနှင့် လှည့်ကြည့်လိုက် သည်။

"မိုးရေ ... ကိုကို့ကားကိုတောင် မသိတော့ဘူး၊ ဘာတွေ စိတ်လောနေလဲ၊ အခု ဘယ်လဲ၊ မနေ့ကပြောတော့ ဒီမနက် ဆွမ်းဟင်းချက်ဖို့ အလုပ်များမယ်ဆို၊ အခုဈေး သွားမှာလား၊ ကိုကို ပို့မယ် တက်လေ"

ကြင်နာသောလေသံတွင် မိုနိုလိုစိတ်က ညွတ်ကျ ကာ အလိုလို အသံပျော့နွဲ့သွားရပြီး ...

"ဈေးဝယ်စရာမရှိပါဘူး ကိုကိုရယ်"

"ဒါဖြင့် ဘယ်လဲ၊ တစ်ယောက်တည်း"

"ကြီးကြီးက ဝိုင်းအတွက် အခုချက်ချင်း အောင်စာရင်း သွားကြည့်ဆိုလို့"

ဒေါသရယ်၊ မခံချင်စိတ်ရယ်၊ ဝမ်းနည်းတာရယ် ပေါင်းပြီး အသံလေးလည်းတုန်ကာ မျက်တောင်လေး ပုတ်ခတ် ခတ် ဖြစ်လာရသည်။

"ဟင် ... မိုးရေ တစ်ယောက်တည်း သွားကြည့်ရမယ် ! ! ဦးဘိုစိန် ဒီနေ့မလာဘူးလား"





"ရှစ်နာရီလောက်ဆိုလာမှာပါ၊ ဒါပေမဲ့ ကြီးကြီးက အခုပဲ စောစောသွားခိုင်းတာ၊ မိုးရေက အကျိုးအကြောင်း ပြန်ပြော ချင်ပေမယ့် ကြီးကြီးက သူ့ဒေါသဖြစ်လာရင် မနက်စော စောစီးစီး ဝိုင်းအတွက် လာဘ်တိတ်မယ်၊ နိမိတ်မကောင်း ဖြစ်မယ် ဆိုတာနဲ့ မိုးရေလည်း ဘာမှမပြောတော့ပါဘူး"

"ကျွတ်"

သောင်းသက္ကက မျက်ခုံးတွန့်တွန့်နှင့် ခေါင်းဖြည်း ဖြည်းယမ်းရင်း ...

"ကဲ ... လာ မိုးရေ၊ ကားပေါ်တက်"

"ကိုကို လိုက်ပို့ပေးမှာလားဟင်"

"ကိုကို ကြည့်ခဲ့ပြီးပါပြီ၊ ခုပဲကြည့်ပြန်လာတာ၊ မနှစ်က လည်း ဒီလိုပဲ ကိုကို အစောကြီးသွားကြည့်တာပဲ၊ ဒီနှစ် လည်း ဝိုင်းရှိတော့ ကိုကိုသွားကြည့်ပေးရမှာပေါ့၊ မိုးရေ သွားကြည့်မနေနဲ့တော့"

"ကိုကို ... ဝိုင်း ... ဝိုင်း ... ဘယ်လို ..."

မိုးရေက ကားဘေးက ပတ်ပြေးကာ တစ်ဖက်တံခါး မှ ဝင်ထိုင်ရင်း စိတ်လှုပ်လှုပ်ရှားရှား မေးမိသည်။ သောင်းသက္ကက မျက်ခုံးများမြှင့်ရင်း ပခုံးတွန့်ကာ ...

"ဝိုင်းက ရိုးရိုးပဲအောင်တယ် မိုးရေ၊ ဘာဂုဏ်ထူးမှမပါဘူး၊ ဒါပေမဲ့ သူ ဒီလောက်စာကျက်အားလျော့ပြီး ဒီနှစ်စိတ် လေလွင့်သွားတာနဲ့တွက်ရင် မကျတာပဲ ဝမ်းသာရဦးမှာ မိုးရေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ မိုးရေတို့ ခြံထဲပြန်ရောက်လာခဲ့ပါသည်။ ကားဝင်လာသံကြောင့် အိမ်တံခါးဝသို့ အိဖိုင့်ဖိုင့် ပြေးထွက်လာတဲ့ ကြီးကြီးက သောင်းသက္ကကာကိုမြင်လျှင် မျက်နှာက ကျေနပ်ဝင်းဝသွားပြီး ...

"မောင်သက္က ... စောစောစီးစီး အောင်စာရင်းကြည့်ပေးဖို့လား"

"ကြည့်ခဲ့ပြီ ကြီးကြီးရ"

ဟိုဘက်တံခါးမှ မိုးရေ ဆင်းလာတာမြင်လျှင် ကြီးကြီး မျက်နှာက ရှုပုပ်သွားကာ ...

"ညည်းက ဘာကိစ္စ ဒီကားနဲ့ ပြန်ပါလာတာလဲ"

"ဟို ... လမ်းတစ်ဝက်မှာ ကိုကို့ကားနဲ့ ..."

"ညည်းကို ငါ အောင်စာရင်းသွားကြည့်လို့ ခိုင်းလိုက်တာမဟုတ်လား၊ မောင်သက္က ကြည့်ပြီးရင် ညည်းမကြည့်နဲ့တော့လို့ ပြောလို့လား"

ကြီးကြီးဟာ ကိုကိုရောက်လာတာကို သူ့တူမအပေါ် ဂရုတစိုက်ရှိတဲ့အနေနှင့် ကျေနပ်သော်လည်း မိုးရေ ပြန်ပါလာတာကိုကျတော့ သူ့တူမဝိုင်းနှင့် မောင်သက္ကအကြား သာသနာဖျက်မည့်သူ ပါလာတာလို လုံးလုံးမကျေနပ်ပါ။

"ခြော် ... ကြီးကြီးရယ်၊ ကျွန်တော်က သူ့ကိုမသွားနဲ့တော့ဆိုပြီး တင်ခေါ်လာတာပါ၊ ကျွန်တော် ကြည့်ခဲ့ပြီဟာကို သူ သွားထပ်ကြည့်နေရင်လည်း အပိုပဲလေ၊ အချိန်ကုန်





အလုပ်ရှုပ်ရုံပဲပေါ့၊ သူ သွားကြည့်လည်း ကျွန်တော်မြင်ခဲ့တာပဲ မြင်မှာပဲလေ"

"ကိုကို"

လှေကားမှ အိပ်ချင်မူးတူးနှင့် ဆင်းလာတဲ့ ဝိုင်းက ဆံပင်ငါးထစ်ဆက်မဆင်းပဲ ရပ်နေကာ ...

"ဝိုင်း အောင်လား ကျလား ကိုကို"

"မကျပါဘူး၊ ကျစရာလား"

ဝိုင်းက ဒီလောက်ဆိုရင်ပဲ ကျေနပ်လက်ခံတဲ့ မျက်နှာလေးဖြစ်သွားကာ သောင်းသက္ကရှိရာ ဆက်ဆင်းလာဆဲ မိုးရေက မီးဖိုထဲ ရှောင်ထွက်လာခဲ့ဖါသည်။ မဖြေခင်ကတည်းက ဝိုင်းကိုယ်တိုင်လည်း "အောင်ရုံပဲ"ဆိုတဲ့ သူ့အခြေအနေမှန်ကို သူသိကာ မိုးရေတို့ ကိုကိုတို့ကိုလည်း ဒီအတိုင်းပဲ ပွင့်ပွင့်လင်းလင်း ပြောဆိုအသိပေးထားပေမယ့် ကြီးကြီးကိုတော့ ဘာမှမပြောဘူးလား မသိပါ။

ကြီးကြီးတစ်ယောက်ကတော့ အမျှော်လင့်ကြီးမျှော်လင့်နေကာ ဘာမှအခြေအနေမှန် သိပုံမရဘဲ ...

"မကျဘူးဆိုတော့ !! "

"ဟို ... ရိုးရိုးအောင်တယ် ကြီးကြီး၊ ဂုဏ်ထူးတော့မပါဘူး"

"ဘာ ... ဂုဏ်ထူးမပါဘူး၊ ဟုတ်ရဲ့လား မောင်သက္က"

"ဟုတ်ပါတယ် ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကစပြီး မျက်နှာပျက်ကာ စိတ်ပါဖောက်ပြန်သွားသလား ထင်ရအောင် ကြီးကြီး သောင်းကျန်းတော့တာပင်။ ကြီးကြီးကို ကြည့်ရသည်မှာ ဝိုင်းကို ဂုဏ်ထူးလေးငါးခြောက်လုံး မှန်းထားတာ ဖြစ်နိုင်သည်။ မိုးရေထက်သာဖို့အထိ ဆက်လက်မှန်းဆထားသေးပုံပါ။ တစ်လုံးမှမပါဘူးဆိုတာသည် စာမေးပွဲကျတာလောက်နှင့်တန်းတူ ကြီးကြီးကို အထိနာစေသည်။

"ညည်းက ကြိုသိနေတာလား"

"ရှင် ... သမီး ကြိုမသိပါဘူး၊ ဘာကိုကြိုသိရမှာလဲ ကြီးကြီး"

"ညည်း အံ့အားတသင့်မှ မဖြစ်တာ၊ သိပြီးသားကိစ္စလိုပဲ၊ ငါ့ကို မှန်မှန်ပြော"

ရှာကြံ ကြံဖန်ရစ်တာသက်သက်ပင်။ မိုးရေ စိတ်ပျက်ရသော်လည်း ကြီးကြီးခံစားချက်ကို နားလည်၍ သည်းခံနိုင်ပါသည်။

"ကြီးကြီးရယ် ... ဝိုင်းတောင်မှ အံ့ဩမသွားဘဲ ဒီလိုဖြစ်နေတော့လည်း ဒီလိုပဲ လက်ခံလိုက်ရတာပေါ့၊ အံ့ဩတယ် မအံ့ဩဘူး မဟုတ်ပါဘူး"

"ညည်း ဝိုင်းကို စာမေးနေကတည်းက သိနေမှာပေါ့လေ ဟုတ်လား၊ ဒါကိုပဲ ကျေနပ်နေတာနဲ့ ဝိုင်းကို ဖိဖိစီးစီး မကူညီခဲ့တာ မဟုတ်လား"





"ကြီးကြီး ... မိုးရေ ဘယ်လောက်စာမေးမေး ဘယ်လောက်ကူညီညီ ဝိုင်း စာကျက်မှ ဝိုင်းစာရမှာလေ"

"မဟုတ်ဘူး၊ ဝိုင်းကို စာသေချာလုပ်အောင်ကို နင် ဆွဲမခေါ်ခဲ့တာ၊ နင်က ဝိုင်းကို နင့်လောက် မအောင်မြင်စေချင်တာ၊ ဝိုင်းကိုမနာလိုလို့ ဝိုင်းဘဝကို အောင်မြင်မှုမရစေချင်တာ နိမ့်ကျစေချင်တာ မဟုတ်လား၊ ဝိုင်းကိုပဲ ညည်းလိုက်ပြိုင်နေတာ"

"ကြီးကြီး ... ကြီးကြီး စွပ်စွဲတာတွေက လွန်နေပါပြီ။ ဝိုင်းကို မိုးရေက မပြိုင်ပါဘူး၊ ဝိုင်းကလည်း မိုးရေကို မပြိုင်ပါဘူး၊ ကြီးကြီးကသာ မိုးရေကို ဝိုင်းနဲ့လိုက်လိုက် နှိုင်းယှဉ်ပြိုင်ဆိုင်နေတာပါ၊ ဝိုင်းနိမ့်ကျလို့ မိုးရေပိုအောင်မြင်မှာမှ မဟုတ်တာ၊ ဝိုင်းကို ဘာလို့နိမ့်ကျစေချင်ရမှာလဲ၊ ဝိုင်းရဲ့အခြေအနေက ဟိုးအမြင့်မှာပါ ကြီးကြီး ...

မိုးရေ ကိုယ့်ဘဝအတွက် ကိုယ်ကြိုးစားတာဟာ ဝိုင်းကိုပြိုင်တာမှ မဟုတ်တာ၊ ကိုယ့်ဘဝက ကြိုးစားမှဖြစ်မှာမို့ ကြိုးစားခဲ့တာပါ၊ ခုလို ဝိုင်း ဂုဏ်ထူးမပါလည်း မိုးရေ ဘာမှဝမ်းသာစရာအကြောင်းမရှိဘူး၊ ဝိုင်းကစာတော်တဲ့သူမို့ ဂုဏ်ထူးမပါဘူးဆိုတာ မိုးရေလည်း နှမြောတာပါပဲ"

"ညည်း ဘာမှအပိုတွေ ပြောမနေနဲ့၊ ညည်းဝမ်းသာနေမှာ၊ ညည်းကျေနပ်တယ် မဟုတ်လား၊ ငါ ခုလိုစိတ်ဆင်းရဲရတာကိုလည်း ညည်း ဝမ်းသာတယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး ဘာတွေလျှောက်ပြောနေတာလဲ"

ဝိုင်းက သူ့ကြီးတော်ကို လှမ်းအော်ရင်း မီးဖိုထဲ ဝင်လာသည်။ ဝိုင်းနောက်မှ ကိုကိုသောင်းသက္ကပါ ပါလာပါသည်။

"ဝိုင်းဟာဝိုင်း ဂုဏ်ထူးမပါတာ ဝိုင်းလည်း ဘာမှမဖြစ်ဘူး ကိုယ့်ဟာကိုယ်လည်း မှန်းပြီးသား၊ ဒီနှစ် စာမှသိပ်မကျက် ဖြစ်တာ၊ မိုးရေလည်း သူစာမေးပေးနေတာ ရိပ်မိမှာပေါ့၊ ဘာမှမဖြစ်ဘူး၊ ကြီးကြီး ခုလို မဆီမဆိုင် ပြဿနာရှာရှာ နေတာက ရှက်ဖို့ကောင်းနေတာ၊ တော်ပါတော့ ကြီးကြီးရာ"

ဝိုင်းမျက်နှာလေးက စိတ်ရှုပ်သည့်သဏ္ဌာန် ရှုံ့မဲ့နေ သည်။ သောင်းသက္ကကတော့ ဘာမှမဖြစ်သလို ထုံပေပေရုပ်နှင့် ဟင်းပဲသဲမဲချက်နေတဲ့ မိုးရေရဲ့ အေးစက်စက် ခံစားချက်မဲ့ကိုမှာ ကို ကရုဏာသက်နေပါသည်။

"ငါက ဘာလို့ ရှက်ရမှာလဲ"

"ကြီးကြီးက နေရင်းထိုင်ရင်း မဆိုင်တဲ့လူကို လိုက်ရစ်နေ တာ၊ သူများကြားရင် ဘာပြောကြမလဲ၊ သူ့တူမ ဂုဏ်ထူး မရတာနဲ့ မဆိုင်တဲ့လူ ဆွဲရစ်နေတယ်ပြောမှာပေါ့၊ ကိုယ့် ဂုဏ်ထူးမရတာ မရှက်ပါဘူး၊ ကိုယ့်အခြေအနေနဲ့ကိုယ် အဲလို အပြောခံရမှာ ရှက်ရမှာ"

"ဘယ်သူကပြောမှာလဲ ... ပြော၊ ဘယ်လူစိမ်းရှိလို့လဲ၊ သောင်းသက္ကပဲရှိတယ်၊ သောင်းသက္ကက ငါ့ကို အဲသလို ပြောမှာစိုးလို့လား ... ပြော"





"ကျွတ် ... ကိုကို့ပါ ဆွဲထည့်ပြန်ပြီ၊ ကြီးကြီးက စိတ်ရှုပ် ဖို့ကောင်းတယ်"

"အေးပါ ... ညည်းက ငါ့ကိုစိတ်ရှုပ်ပါ၊ ငါက ညည်းဘက် က နာလို့ပါအေ့"

"သမီးဘက်က နာရအောင် သမီးကို ဘယ်သူက မတရား သဖြင့် အနိုင်ကျင့်နေလို့လဲ၊ ကြီးကြီးက သိပ်ခက်တာပဲ ... ကျွတ်"

"ဟဲ့ ... ငတုံးမရဲ့၊ မိုးရေကို ပြောနေတာပေါ့အေ့"

"ဟာ ... မိုးရေက သမီးကို ဘာလုပ်လို့လဲ"

"ညည်း ခုလိုဖြစ်ရတာ သူ့ကြောင့်"

"ဟာ ... ကြီးကြီးကတော့ ပြောလေဆိုးလေ၊ ရှုးချင်လာ ပြီ တကယ်ပဲ"

"ညည်း ဆယ်တန်းကို နှစ်နှစ်ဖြေရလို့ နောက်တစ်နှစ်မှာ စိတ်ပေါ့ပြီး စိတ်လေတာ၊ ပထမနှစ်က ဖြေခွင့်ရရင် ဘာသာစုံဂုဏ်ထူးပဲ၊ သူလည်း ညည်းလိုသာမနှစ်ကမဖြေ ဖြစ်ရင် ဒီနှစ် ကျွမ်းထိုးမှောက်ခုံ ဖြစ်နေမှာပဲလေ"

"အဲဒါ ဘာဆိုင်လို့လဲ၊ မနှစ်က အက်ဆီဒဲန့်ထိဖြစ်သွား တာ သမီးက ဘယ်လိုလုပ် ဆက်ဖြေရမှာလဲ"

"အေး ... ညည်းကျ မဖြေရဘဲ သူကျတော့ မရမကဖြေ တာကို ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... တော်ပါတော့ ကြီးကြီးရယ်၊ ကားတိုက်အောင် မိုးရေက လုပ်တာလား ... ကဲ၊ သူ့ဟာသူ ကံကြမ္မာကဖြစ်တာ၊ သူ မဖြေလည်း သူပါကျရုံပဲ၊ သမီးအောင်မှာမှမဟုတ်တာကို၊ နှစ်ယောက်လုံး ကျသွားမှာအပြင် အကျိုးမရှိဘူး ...

ဒီမှာ ကြီးကြီး၊ ဆက်မပြောပါနဲ့တော့၊ ကြီးကြီးစကားတွေက မတရားသဖြင့် တစ်ဖက်စောင်းနင်းတွေဖြစ်နေတော့ သမီး ရှက်လာပြီ၊ ပြောလေဆိုးလေပဲ"

ကြီးကြီးရဲ့တစ်ဖက်စောင်းနင်း ရစ်မှုတွေကို ကိုကို့ရှေ့မှာ ဝိုင်းက ရှက်လာပုံရပါသည်။ မျက်နှာလေးပင် ငိုမဲ့မဲ့ဖြစ်လာသည်။ ကြီးကြီးဟာ ဝိုင်းပုံစံကြောင့် မကျေမချမ်း နှုတ်ဆိတ်လိုက်ရပေမယ့် မိုးရေကို အခြောက်တိုက် အခဲမကျေဖြစ်နေခြင်းမှ လျော့ပါးမသွားခဲ့။

ဝိုင်းကျတဲ့စာမေးပွဲကို မိုးရေပါ မအောင်စေချင်တာ၊ ဘယ်နေရာမှာမှ ဝိုင်းထက်သာလွန်တဲ့ အနေအထားတစ်ခုကို မိုးရေရောက်ဖို့အတွက် မကြည်ဖြူနိုင်( )၊ ဒါတွေသာ ကြီးကြီးရင်ထဲ အပြည့်အသိပ် ကျပ်ပိတ်၍ မရှုနိုင်မကယ်နိုင် ဖြစ်နေပုံမျိုးပင်။ ခက်များ ခက်ရချည်ရဲ့။ ကြီးကြီးကို စိတ်လည်းကုန် စိတ်လည်းပျက် မုန်းတီးနေခြင်းတစ်ဝက်ကြားထဲကတောင် သနားပင်သနားမိပါသေးရဲ့။





တစ်ဖက်သတ်ဆန်ဆန် အစွန်းရောက်ဆန်ဆန်ကြီး[illegible] မိုးရေကို မုန်းတီးမေတ္တာမဲ့နေပုံဟာ စိတ္တဇဖက်တောင် နွယ်[illegible]ပုံပင်။ မိုးရေကတော့ သူ့ရဲ့မူပိုင်စတိုင် ထုံပေပေရုပ်နှင့်သာ[illegible]နေလိုက်တာပါပဲ။ အဲဒီအောင်စာရင်းကတည်းကစသော ဘယ်[illegible] လက်သင့်မခံနိုင်တဲ့ ဝန်တိုမစ္ဆရိယဟာ ဘယ်လောက်တောင်[illegible]ကြီးရင်ထဲ အုံဖွဲ့ပြီး မြုံနေခဲ့သလဲမသိ။

ဘယ်လောက်တောင် အငြိုးတကြီး ပူပြင်းတောက်[illegible]သောင်နေခဲ့တယ်မသိ။ ကြီးကြီးရဲ့အကြည့်တွေဟာ အမြဲခက်ထန်[illegible]ပြီး စကားတွေဟာ အမြဲမာကျောလျက် ဟာကွက်ပျော့ကွက်[illegible]ရှောင်းမြောင်းနေသလား ထင်ရတဲ့ ကြီးကြီးနဲ့ တစ်နေ့မှာ တည့်[illegible]ည့်ဆုံတိုးရပြန်သည်။

✧ ❁ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အဲဒီနေ့က ကိုကို ကျောင်းကိုလာတဲ့နေ့။ မိုးရွာနေတဲ့နေ့တစ်နေ့။

ညနေကျောင်းဆင်းချိန်မှာ ကျောင်းကိုရောက်လာတဲ့ ကိုကိုက မိုးလည်းရွာနေ၍ တစ်ဆက်တည်း တန်းတက်ရမည့် ကျူရှင်ဆီ မိုးရေကို ပို့ပေးမည်ဆိုလာသည်။ အဲသလိုပဲ ကိုကို ရောက်လာကာ ပို့ပေးကြိုပေးသွားတတ်တာတွေကို ကြုံရင်ကြုံကြိုက်သလို မိုးရေ လိုက်သွားနေကျ ကိုကို့ကား စီးနေကျမို့ အဲဒီနေ့က လည်း ကိုကို့ကားနှင့် ပါသွားပါသည်။

ကျူရှင်ရှိရာလမ်းသွယ်ထိပ်မှာ ကားရပ်ကာ ကိုကိုက ကိုကိုပါဆင်းပြီး ကိုကို့ကားထဲက ထီးအကြီးကြီးနှင့် မိုးရေကို ကျူရှင်တိုက်ရှိရာ ပို့ပေးခဲ့တာပါ။ မိုးရေမှာလည်း ထီးပါပေမယ့် ကျူရှင်ခန်းမှာ ထီးလှန်းထားဖို့နေရာက အဆင်မပြေဘဲ ပုံးတစ်ခုထဲ ထီးတွေထိုးစိုက်ရေစစ်ထားရတာမျိုးမို့ ကိုကိုက မိုးရေထီးကို





ဖွင့်ဆောင်းမနေနဲ့တော့ဆိုကာ သူ့ကားထဲက ရောမထီးကြီးကို သူကိုယ်တိုင်မိုး၍ လိုက်ပို့ပေးနေတုန်း ...။

"ဟဲ့ ... ဒါက ဘာလုပ်တာလဲ"

ကြီးကြီးအသံက လူကိုတောင် လန့်တုန်စေသည်။ စိုက်စိုက်မိုးထားတဲ့ ထီးကိုပါ လှမ်း၍ဆွဲပင့်လှန်လိုက်ပါသည်။ ဖြစ်ချင်တော့ ကိုကိုလည်း အဲဒီအချိန်မှာ မိုးရေကို ထီးအလယ်ထဲ လုံလုံလဲလဲ တိုးဝင်ဖို့ ပခုံးတစ်ဖက်ကို လှမ်းပြီးသိမ်းဖက်ထားတဲ့ အချိန်။ မိုးရေက ကျောပိုးအိတ်လေး ရင်မှာပိုက်၍ စတီးထမင်းချိုင့်လေးဆွဲပြီး ကိုကိုနှင့် တိုးတိုးကပ်ကပ် ကုပ်ကုပ်ကျုံ့ကျုံ့လေး။

ထီးအတူမိုးကာ သွားဖြစ်တိုင်းတော့ ပခုံးကိုဖက်ထားဖြစ်တာ မဟုတ်ရပါ။ တစ်ခါတစ်ရံတော့လည်း မိုးကလည်းသည်းနေ၊ လေကလည်းပက်နေ၊ နှစ်ယောက်ပူးကာ ထီးအလယ်ကို တိုးဝင်ပူးကပ်ကြရတဲ့အခါ ကိုကိုနဲ့ပဲဖြစ်စေ၊ သူငယ်ချင်းမတစ်ယောက်ယောက်နဲ့ပဲဖြစ်စေ ပခုံးဖက်လိုက်မိတာမျိုးက အမှတ်မထင် ပေါ့ရွယ်ဘဲ ဖြစ်သွားမိတာမျိုးပါ။

မိုးရေရဲ့ပခုံးကို ကိုကိုကဖက်သလို လှမ်းကျော်ဆွဲဖိုင်ကာ ထီးအလယ်ထဲ ဆွဲသွင်းထားလိုက်တဲ့ အပြုအမူမျိုးမှာ အသားယူမှု မရိုးသားမှုမပါဘဲ ရိုးသားသော ဂရုစိုက်မှု အကြင်နာ တရားသာပါတယ်လို့ မိုးရေကလည်း ယုံကြည်မိသောအခါ ကိုကို့ဘက်ကို ဖယ်ပစ်တာ ရုန်းထွက်တာမျိုးတွေ ဘယ်တုန်းကမှမလုပ်ဖြစ်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အဲဒီအပြုအမူဟာ ကြီးကြီးမျက်စိမြင်ကွင်းထဲမှာ လူကြီးတွေကွယ်ရာ ဖောက်ပြန်ရိုင်းပျတဲ့ အပြုအမူကဲ့သို့ ဖြစ်နေသည်။

"ညည်း ... ညည်း ... သောင်းသက္ကနဲ့ ဘယ်တုန်းက ..."

ကြီးကြီးဟာ ခေါက်ထီးသေးသေးအောက် မလုံလှတဲ့ သူ့ခန္ဓာကိုယ်ကြီး မိုးတွေအပက်ခံနေရတာပင် အာရုံမရှိတော့ဘဲ ဆွေ့ဆွေ့ခုန် ဆတ်ဆတ်တုန် ဒေါမနသတွေ ဖိစီးပူလောင်သွားခဲ့သည်။ ရင်ဘတ်ကိုရိုက်ကာ ဖိကာ ...

"အမယ်လေးလေး ... အမယ်လေး၊ ထီးအောက်မှာ ဖက်လို့ ရက်လို့"

"ကြီးကြီး ... ကိုကိုက မိုးအရမ်းရွာနေလို့ မိုးရေကို ကျွန်မ လိုက်ပို့တာပါ"

"တော်တော့ သူ ဘယ်လောက်ခေါ်ခေါ် ညည်းလိုက်ရမှာလား၊ ညည်းက ခေါ်ရာလိုက်မယ့်အစားလား၊ မျက်နှာပြောင် လှချည်လား ... ဟင်၊ သောင်းသက္ကဟာ ဝိုင်းနဲ့ပေးစားဖို့ လူကြီးချင်းသဘောတူထားတဲ့သူဆိုတာ သိသိနဲ့ ... ညည်း"

"ကြီးကြီး"

"ဘာတုန်း မောင်သက္က"

သောင်းသက္ကသည် ပေါ်ဓာင်ကြီး ငြင်းပစ်လိုက်ရို့တော့ ရိုင်းရာကျသွားမှာလည်း စိုးရပြန်ကာ ဝိုင်းနှင့်ကိစ္စကိုတော့ ထည့်မပြောတော့ဘဲ ...





"မိုးသိပ်ရွာနေလို့ ကျွန်တော် လိုက်ပို့ပေးတာပါ ကြီးကြီး"

"ပို့ပါစေဦး၊ ဒီထိပ်ကားရပ်ပြီး ဆင်းလိုက်ရင် မလုံလောက်လို့လား၊ သူကကော ထီးမပါလို့လား၊ မင်းက ထီးပါမိုး ပခုံးပါဖက်ပြီး ပို့နေရအောင်၊ တောက် ... ရိုင်းလိုက်တာ မိုးရေစက်ရယ်၊ ညည်း ... ညည်း ... ဒါ ဝိုင်းကိုတမင်တကာ အနိုင်ယူတာ၊ ယုတ်မာတာပဲ မဟုတ်လား"

ပြောရင်းက အံကိုကြိတ်ကာ မိုးရေရဲ့နဖူးကို သူ့လက်ဆစ်လေးချောင်းပူးနှင့် ဂွပ်ခနဲ ဂွပ်ခနဲ သုံးလေးချက်ဆင့်ခေါက်ထုပစ်ရာ မိုးရေမှာ ရှုံ့မဲ့သွားရပြီး ...

"အား ... ကြီးကြီး နာလိုက်တာ။ အဲလိုမလုပ်ပါနဲ့"

"ဘာ ... လုပ်တယ်ဟယ်၊ လုပ်တာဘာဖြစ်လဲ၊ မြွေပွေးမ၊ သင်းကို ခါးပိုက်‚ပိုက်ထားရတာ အန္တရာယ်ကြီးလိုက်တာ၊ တစ်နေ့ ပြန်ပေါက်သတ်မဲ့ဟာမ၊ အမယ်လေး အရှက်မရှိ ဝိုင်းယူမယ့်ယောက်ျားနဲ့ လမ်းလယ်ကောင်တောင် ဖက်ရက်ပြီး"

"ကြီးကြီး"

သောင်းသက္ကက ဟန့်လိုက်၍ ပို၍အရှိန်မထိန်းနိုင်တာ ကြီးကြီးက မိုးရေရဲ့ရှေ့နဖူးထက် ဆံပင်စတွေကိုပါ ဆွဲဆုပ်ဆောင့်ခါလိုက်ပါသေးသည်။

"အား ... နာ ... နာတယ်"

"ကြီးကြီး ... မလုပ်ပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမပါနဲ့၊ ဒီဟာမ ငါဆုံးမခွင့်ရှိတယ်"

"ဒါပေမဲ့ အခု သူ့အပြစ် မပါပါဘူး ကြီးကြီး၊ အပြစ်ရှိရင် ရှိ ကျွန်တော့်အပြစ်ပါ၊ ကျွန်တော်က ချောခေါ်တာပါ သူက ပို့နိုင်းတာ မဟုတ်ရပါဘူး"

"မင်းလည်း မပြောနဲ့၊ မင်း ဝင်မပါနဲ့၊ ငါ ဒီဟာကို ဆုံးမနေတာ၊ လာခဲ့ ... ညည်းအခု၊ ငါ့ကားပေါ်တက် ညည်းကို ကျူရှင်ထုတ်လိုက်ပြီ၊ တက်စရာမလိုဘူး၊ ကျောင်း ပါထုတ်ပစ်မှာ၊ လူကြီးက ကျောင်းလွှတ်ထားတာကို သူက အပြင်မှာ နေချင်သလိုနေနေတယ်"

"ကြီးကြီး ကျောင်းကဆင်း ..."

"ပါးစပ်ပိတ်ထား ... ခုလာခဲ့"

မိုးရေရဲ့လက်မောင်းရင်းတစ်ဖက်မှ ဆောင့်ဆွဲခေါ် လိုက်၍ မိုးရေသည် ဇောင့်ခနဲနွဲ့ကာ ပါသွားသည်။

"ကြီးကြီး"

"မင်းနေခဲ့ပါ မောင်သက္က၊ မင်းကိစ္စမဟုတ်ဘူး၊ မင်းကို လည်း မင်းအမေနဲ့တိုင်ပြီး သေချာတစ်ခုခု စီစဉ်ရဦးမယ်၊ ဘယ့်နှယ်တော်၊ လာခဲ့ ... ဟိုဟာမ"

မိုးသည်းသည်းတွေကြားထဲ မိုးရေကို လက်မောင်း ရင်းတစ်ဖက်မှ ခပ်ကြမ်းကြမ်း ဆောင့်ဆွဲခေါ်ဆောင်ကာ ပလက် ဖောင်းစပ်မှာ ရပ်ထားတဲ့ကားနောက်ခန်းထဲ အတင်းတွန်းထည့် ပစ်လိုက်ပြီး ကြီးကြီးကပါ အတင်းဝင်ထိုင် တံခါးပိတ်လိုက်ပါ သည်။





"ကြီးကြီး ... မိုးရေ ကျူရှင်မပျက်ချင်ဘူး"

"ကျူရှင်ပျက်တာ မဟုတ်ဘူး၊ နောက်လည်းမတက်ရတော့ မှာ၊ တက်မနေနဲ့တော့၊ ဒီကျူရှင်တွေ ကျောင်းတွေ ထုတ် ကိုထုတ်ပစ်မှာ"

သောင်းသက္ကက ကြီးကြီးဘေးမှ မှန်တံခါးကိုလက် ဆစ်နှင့် တဒေါက်ဒေါက်ခေါက်ရင်း ခါးကိုင်းကာ ...

"ကြီးကြီး အဲသလို မလုပ်ပါနဲ့ဗျာ"

"မင်းနဲ့မဆိုင်ပါဘူး၊ ဦးဘိုစိန် ချက်ချင်းမောင်းတော့"

ဦးဘိုစိန် ကားမောင်းထွက်လာတဲ့ အချိန်မှာတော့ မိုးရေသည် ဒေါ်တင်တင်ကို အံ့ဩနာကျင်စွာ လှည့်ကြည့်နေမိ လျက် အသည်းထဲ အူထဲက တလိပ်လိပ်နှင့် ခါးတူးလာသည်။ ဒက်ဒီနှင့်အမေ ယူတဲ့နေ့ကစပြီး ယနေ့အထိ တစ်နေ့တစ်ရက် တစ်နာရီတောင် မိုးရေအပေါ် စိတ်ကောင်း စေတနာ မဝင်နိုင်တဲ့ ဒေါ်တင်တင်ကို အံ့တောင်ဩမိသည်။ အဖြစ်အပျက်ကလေးတစ်ခု လောက်တောင်မှ သူ့ဘက်က ကောင်းဖူးတာမရှိ။

ဒီလောက်တောင် မုန်းတီးခံရတာမျိုး လောဘကြီး မှာ လူတော်တော်များများ ခံယူဖူးမယ် မထင်ပါ။ စက္ကန့်မလပ် အငြိုးတကြီးနဲ့ကို ကြည့်မရအောင် ဖြစ်နေတာ။ မိုးရေ ဘာလုပ် မလဲ။ သူ့အမုန်းအငြိုးတွေကို လက်မြှောက်အရှုံးပေးပြီး ငွေနဲ့ခွာ ခဲ့ရမလား တန်ပြန်မှု တစ်ခုခု ပြုရတော့မလား။ ဒီအတိုင်းကြီးက တော့ မတရားတော့ဘူး ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး ... ဘာဖြစ်လို့ ကျွန်မကို ဒီလောက်မုန်းနေရတာ လဲ၊ ကြီးကြီးကို ကျွန်မ ဘာများလုပ်ခဲ့မိဖူးလို့လဲ"

"ဘာ ... အမယ်မယ် ... သင်းကလည်း အစွယ်ပေ ပေါက်တောက်နဲ့ပေါ့၊ သိပါတယ်၊ အဆိပ်မရှိသလို မခုတ် တတ်တဲ့ကြောင်လို ပုံဖမ်းထားတာ အပေါယ်ပဲဆိုတာ"

"ဟုတ်ပါတယ်၊ လူတိုင်းမှာ အဆိပ်ရှိသလို ကြောင်တိုင်း လည်း ခုတ်တတ်ပါတယ်၊ အလကားနေရင်း ရန်လိုမ တာပဲ ရှိမှာပါ၊ အကြောင်းမတိုက်ဆိုင်သေးလို့ ထုတ်မသုံး ကြတာသာ ဖြစ်မှာပါ"

"အောင်မာ ... ဒီတော့ ညည်းက ဘာလုပ်ချင်လို့တုန်း အခု ..."

"ကျွန်မအပြစ်က ဘာလဲ"

"နင့်အပြစ်က ငါ့တူမနေရာကို အပြိုင်ဝင်လုလာတာပဲ"

"ဝိုင်းကို ကျွန်မ ဘယ်တော့မှ နေရာမလုပါဘူး၊ ဝိုင်းက ဒက်ဒီသမီးရင်း၊ ကျွန်မက မယားပါသမီး ဆိုတာ အမြဲ နားလည်မှု ရှိပြီးသားပါ"

"မယားပါသမီးအဖြစ် ပါလာတာကိုက နေရာဝင်လုလာ တာ၊ ခုလောလောဆယ် ငါ့တူမနဲ့ ငါတို့ သဘောတူထား မှန်း ညည်းသိသိနဲ့ သောင်းသက္ကကို ဖြတ်ခုတ်ယူဖို့လုပ် နေတာက ဘာသဘောလဲ"

"ကိုကိုကသာ ချစ်ရေးဆိုထားတာပါ၊ ကျွန်မလက်မခံထား ပါဘူး ကြီးကြီး"





"ဘုရား ... ဘုရား၊ နားရှက်လိုက်တာ၊ ကိုကိုက ချစ်ရေး ဆိုထားတာတဲ့၊ ညည်းလက်ခံလို့ရော ရမလားဟဲ့၊ ပြော စမ်းပါဦး"

"လက်ခံရင် ရပါတယ်၊ ခေါင်းတစ်ချက်ညိတ်လိုက်ရုံပါပဲ ကြီးကြီး၊ လက်မခံခဲ့သေးတာပါ၊ ဝိုင်းနဲ့ ကိုကိုကလည်း ရည်းစားတွေ ချစ်သူတွေ မဟုတ်ကြသေးပါဘူး၊ ကိုကို့ကို ကျွန်မ လက်ခံလိုက်ရင်လည်း ကျွန်မ လုယုတ်မာမတော့ မဟုတ်သေးပါဘူး"

"ဘာ ... လက်ခံကြည့်လေ၊ ညည်းလက်ခံကြည့်လိုက်ပါ၊ အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းသွားရပြီဆိုတာ မှတ်ထားလိုက်၊ အမယ်လေးလေး ... ကျေးဇူးရှိလို့ ကျေးစွပ်၊ လှူပါးဝလိုက် တာများ၊ ညည်းလိုဟာမှ မယုတ်မာဘူးဆိုရင် ဘယ်သူယုတ် မာတယ် ပြောရမှာလဲ၊ ဝိုင်းနေရာဝင်လာ ပခုံးချင်းယှဉ် ဝိုင်းဆီက အားလုံးကို ဖြည်းဖြည်းချင်းဖဲ့ခွာချပြီး ညည်းအရ ယူလာခဲ့တာ အခု သောင်းသက္ကအထိ၊ သူနဲ့ယူမယ့်သူကိုမှ ညည်းက မူရာမာယာနဲ့ သိမ်းသွင်းထားတာ ညည်းမယုတ် မာရင် ဘယ်သူယုတ်မာလဲ"

"ကိုကိုကမှ ဝိုင်းကို လက်ထပ်ဖို့ မရည်ရွယ်ပဲ"

"ညည်းပါးစပ်ကိုပိတ် မိုးရေစက်၊ တစ်ခွန်းမခံ ပြန်ပြောနေ ရအောင် ဘာလဲ ညည်းက"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကျွန်မ ဘာမှလဲ မလုပ်ဘဲနဲ့ ရှန်းရင်းဆန်ခတ်ဆွဲခေါ်လာတာ၊ ကျောင်းထုတ်မယ်ပြောတာ၊ ဘာအဓိပ္ပာယ်မှမရှိဘူး ကြီးကြီး၊ ကျွန်မမှာ အပြစ်မရှိဘဲနဲ့ အပြစ်ပေးမခံနိုင်ဘူး၊ ကျောင်းလည်း မထွက်နိုင်ဘူး၊ ကျွန်မအပေါ် မတရားမညှာမတာ မဆက်ဆံပါနဲ့"

"ညည်းကို ငါ ဘယ်လိုဆက်ဆံမယ် ဆိုတာ ငါ့သဘောပါ"

ကားက အိမ်ကိုပြန်ရောက်လာပါသည်။ ပေါ်တီကိုအောက် ရပ်ရပ်ချင်းပင် ကြီးကြီးက ရှေ့မှဆောင့်ကြီးအောင့်ကြီးဆင်းသွားကာ မိုးရေကလည်း အပြေးကပ်၍ လိုက်ပါလာသည်။ ခြံထဲကို ရှေ့ဆင့်နောက်ဆင့် လိုက်ဝင်လာတာကတော့ ကိုကို့ကား။

"ကြီးကြီး ... ကျွန်မ ကျောင်းမထွက်နိုင်ဘူး၊ ဒီဆေးကျောင်းက ကျွန်မရဲ့မျှော်လင့်ချက်၊ ကျွန်မရဲ့အိပ်မက်ပါ"

"ညည်းတောင် ဝိုင်းရဲ့အိပ်မက်တွေ မျှော်လင့်ချက်တွေကို ဖျက်ဆီးသေးတာပဲ"

အော်ကျယ်ဟစ်ကျယ် အသံတွေ ဆူဆူညံညံကြောင့် ဝိုင်းက ချက်ချင်းပဲ အပေါ်ထပ်မှ ဆင်းလာကာ အံ့အားတသင့်နှင့် ...

"ဘာဖြစ်ကြတာလဲဟင် ကြီးကြီး၊ ဟင် ... ကိုကိုရော ဘယ်ကပါလာတာလဲ"





"သင်းတို့နှစ်ယောက်က ထီးတစ်ချောင်း နှစ်ယောက်ပူးဆောင်းပြီး ထီးအောက်မှာဖက်လို့၊ ဒီဟာမ အရှက်မရှိတာ၊ ယောကျ်ားဆိုတာကတော့ အခွင့်အရေးပေးရင် ယူမှာပဲ၊ သူက အခွင့်အရေးပေး မြူဆွယ်တာကိုး၊ ငါက တိုက်တိုက်ဆိုင်ဆိုင် သူ့ကျူရှင်လမ်းထိပ်က ဆေးဆိုင်မှာ ဆေးဆင်းဝယ်မိပြီးအပြန် သူတို့ကိုတွေ့တာပဲ"

"ကြီးကြီး ... ကိုကိုက ကျူရှင်ပို့ပေးမယ်ဆိုလို့ ကျွန်မလိုက်လာခဲ့တာပါ၊ အဲဒါ ဘာအပြစ်ရှိလို့လဲ၊ ကိုကိုနဲ့ ဘာမှမပတ်သက်ရသေးပါဘူး"

"ဖြန်း"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြီးကြောင့် အားလုံး အံ့သြကြောင်တက် ငြိမ်သက်တိတ်ဆိတ်သွားပါသည်။ ကြီးကြီးရဲ့အားနဲ့ လွဲရိုက်ပစ်လိုက်တဲ့ လက်သံပြောင်ပြောင်ကြောင့် မိုးရေဟာ တစ်မျက်နှာလုံး လည်ထွက်သွားကာ လူ့ပါယိုင်ပြီး နောက်ဘက်မှ ဆိုဖာတွေကြား တွန်းတိုက်လဲကျသွားပါသည်။ ရုတ်တရက်မထနိုင်ဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငြိမ်သက်နေတဲ့ မိုးရေထံ ဦးစွာလှုပ်ရှားပြီး ရောက်ရှိသွားသူက သောင်းသက္ကပင်။

"မိုးရေ ... မိုးရေ"

သောင်းသက္ကက မိုးရေကို ပွေ့ထူကာ မျက်နှာပေါ် အုပ်ကျနေတဲ့ ဆံပင်တွေကို သပ်ဖယ်ရင်း မိုးရေ မျက်နှာကိုငြင်



www.burmeseclassic.com

www.burmeseclassic.com



ရဖို့ ကြိုးစားသည်။ ဤမြင်ကွင်းကို ပါးစပ်လေးဟပြီး အငေးသား ကြည့်နေမိသူ ဝိုင်းမှာ ရင်ထဲလှိုက်ကာတက်ကာ ပူလောင်လာသည်။ မိုးရေကို ဘာကြောင့် ဒီလိုရက်ရက်စက်စက်လုပ်ရတာလဲ ကြီးကြီး ရယ်။ အားလုံးကို ပိုမိုဆိုးဝါးစေမယ်ဆိုတာ မသိရှာသလား။

"ကြီးကြီး ... မိုးရေမှာ အပြစ်မရှိပါဘူးဗျာ၊ ကျွန်တော်က ပို့ပေးမယ်ဆိုပြီး ခေါ်လာတာပါ၊ မိုးတွေရွာနေလို့ ထီးတူတူ ဆောင်းတာပါ"

"မင်း ဘာမှမပြောနဲ့ မောင်သက္က၊ ဒီဟာမကို ငါကြည့်နေ တာ ကြာနေပြီ၊ ကြာဆို စ,မြင်ကတည်းကပဲ၊ သူ့ကိုစ တွေ့ကတည်းက သူဟာ ငါတို့ဆီက အစစအရာရာကို ခိုးယူတော့မယ့်သူဆိုတာ သိနေတာ၊ အခုလည်း မင်း ကရုဏာမသက်, သက်အောင်လုပ်နေတာ၊ ဒီအမေကမွေး ထားတာပဲအေ၊ ယောကျ်ားတစ်ယောက်ကို ဘယ်လိုသိမ်း သွင်းရ ဆွဲဆောင်ရမယ်ဆိုတာလည်း သူတို့အသိဆုံး ဘယ်လိုမြူဆွယ်ရမလဲဆိုတာလည်း ..."

ဆံပင်တွေ မျက်နှာပေါ် အုပ်ကျနေရာမှ ဆတ်ခနဲ ခါ၍ လှန်ပင့်ကာ ကြီးကြီးကို လှမ်းကြည့်လိုက်တဲ့ မိုးရေရဲ့အကြည့် ရူးရူးခါးခါး စိမ်းစိမ်းဝါးဝါးမှာ လက်နက်တွေတပ်ဆင်ပစ်လွှတ် လိုက်သလို ကျရောက်ခံယူလိုက်ရတဲ့ ဒေါ်တင်တင့် အသားတွေ ပင် နာကျင်သွားသလောက်နီးနီး ခံစားရစေကာ ပြောလက်စ စကားပင် အငိုက်မိ၍ တိခနဲ ရပ်သွားရပါသည်။





"ဟုတ်ကဲ့ ... ဟုတ်တယ် ကြီးကြီး၊ ယောကျ်ားတစ်ယောက် ကို သိမ်းသွင်းဆွဲဆောင်တာ မခက်ပါဘူး၊ ကျွန်မအသက် လည်း ဆယ့်ရှစ်နှစ်ကျော်ပြီ၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ဘယ်ယောကျ်ားကို ဆွဲဆောင်ဆောင် သိမ်းသွင်းသွင်း လက်တွဲတွဲ လုပ်ခွင့်ရှိနေပါပြီ၊ လူတစ်ယောက်က မျက်နှာ ထောက်စရာတွေရှိနေရင်တော့ မျက်နှာထောက်ပြီး ဆင် ခြင်စရာရှိတာ ဆင်ခြင်နေဦးမှာ ...

မျက်နှာထောက်စရာ ဘာမှမရှိဘူး မျက်နှာထောက် အပ်တဲ့ အခြေအနေတစ်ခုလည်း ပျက်ပြားသွားပြီဆိုရင် ကိုယ့်ရင်ထဲ အသည်းနှလုံးထဲ ရှိနေတာတွေကို ဖိနှိပ်ထိန်း ကွပ် ဆင်ခြင်နေစရာ မလိုတော့ပါဘူးထင်တယ်၊ ကိုကို့ကို ကျွန်မနှလုံးသားထဲက မြတ်မြတ်နိုးနိုး နှစ်နှစ်ကာကာ အားကိုးတကြီး ချစ်ခဲ့တာပါ ...

ကျွန်မမှာ ကျွန်မအပေါ် ရာနှုန်းပြည့်စေတနာမေတ္တာ ထားတဲ့သူဆိုလို့ ကိုကိုနဲ့ ဒက်ဒီပဲ ရှိတာပါ၊ ကျွန်မအားကိုး ချစ်မိတာ မဆန်းပါဘူး၊ ဒါပေမဲ့ ကျွန်မ ခုချိန်ထိ ကိုကို ချစ်ရေးဆိုထားတာကို ခေါင်းမညိတ်ခဲ့ဘူး၊ ဖက်ကျိုးလု အောင် ညိတ်ချင်ပေမယ့် မညိတ်ခဲ့မိအောင်းတာက ဒီအိမ်သား တွေအပေါ် တစ်ခုခု အမှားလုပ်မိတာမျိုး မဖြစ်စေချင်လို့ပဲ ...

အခု ကြီးကြီး ကျွန်မအပေါ် အမှားကျူးလွန်ခဲ့ပြီ၊ တစ်သက်လုံး တစ်ခါမှ မခံယူခဲ့ဖူးတာကို ခံယူခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘယ်တော့မှ မမေ့တော့ဘူး၊ မျက်နှာထောက်တယ်ဆိုတာ တစ်ဖက်တည်းကနေ ထောက်နေလို့ ဘာအကျိုးမှ ဖြစ်မလာပါဘူး၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် ထောက်ထားမှု ဆင်ခြင်မှုဆိုတာ မရှိမှတော့ တစ်ဖက်တည်းက ဘာမှဆင်ခြင်ထောက်ထားနေစရာ အကြောင်းမရှိဘူး"

မိုးရေရဲ့ဆက်တိုက်ပြောဆိုနေတဲ့ စကားတို့ဟာ တုန်ခါဆတ်တောက်နေသော လေသံတို့ကြားမှာ တစ်လုံးချင်း စီးစီးပိုင်ပိုင် နှာနှာကြည်းကြည်း ထွက်ပေါ်နေပါသည်။

"ကိုကို"

မိုးရေက သူမရဲ့လက်သူကြွယ်လေးမှာ ဝတ်ဆင်ထားတဲ့ သောင်းသက္က ပေးထားသော မွေးနေ့လက်ဆောင်လက်စွပ်လေးကို ကိုင်လိုက်ရင်း ...

"မိုးရေ အရမ်းမြတ်နိုးတဲ့ ဟောဒီကိုကိုရဲ့ချစ်သက်လက်ဆောင် လက်စွပ်လေးကို တိုင်တည်ပြီး မိုးရေ သစ္စာစကားပြောပါတယ်၊ ကိုကို့ကို မိုးရေသိပ်ချစ်ပါတယ်၊ ကိုကို့အချစ်ကို လက်ခံပါတယ်၊ ကိုကိုနဲ့တူတူ လက်တွဲပြီး ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်ပါတယ်"

"မိုးရေ"

ဝိုင်းရဲ့အသံက တုန်ခါစူးရှစွာ ထွက်ပေါ်လာကာ ဒေါ်တင်တင်ကတော့ အနီးဆုံးနေရာက ဆိုဖာပေါ် ဒူးမခိုင်သလို ပစ်ထိုင်ကျသွားပါသည်။ ဒေါ်တင်တင့် မျက်နှာပေါ်က ခံစားချက်





တို့မှာ တစ်မျိုးတည်း အမည်တပ်လို့မရနိုင်အောင် အရိပ်အယောင်မျိုးစုံ ယှက်ဖြာရှုပ်ထွေးနေလျက်။ သေချာတာတစ်ခုကတော့ ကြီးမားသော သောကအစိုင်အခဲကြီးတစ်ခု မမျိုနိုင် မထွေးနိုင် လည်ချောင်းဝ၌ နင်နေသကဲ့သို့ မျက်နှာပေါ် ဝေဒနာတစ်ရပ် ပြင်းပြဖိစီးလာတာပင်။

"မိုးရေ အပေါ်တက်တော့မယ် ကိုကို"

မိုးရေက သောင်းသက္ကလက်အတွင်းမှ သူ့လက်လေးကိုဖြုတ်ယူကာ အသာအယာ ထရပ်လိုက်ပြီး အပေါ်ထပ်ကို တစ်လှမ်းချင်း လှမ်းတက်သွားသည်မှာ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ။ ဣန္ဒြေမရ ကျန်ရစ်ရသူမှာ ဝိုင်းနှင့် ကြီးကြီးပင်။

ဝိုင်းက သောင်းသက္ကထံ ဆတ်ခနဲကြည့်ရင်း တူးတူးခါးခါး အော်သည်။

"ကိုကို"

"ဝိုင်း"

"ဘယ်လိုဖြစ်နေကြတာလဲ၊ ပြဇာတ်ကျနေတာပဲ၊ ဝိုင်းလုံးဝအသိအမှတ်မပြုဘူး ဆိုတာ ကိုကို နားလည်ထား၊ အန်တီချို့ကိုလည်း လုံးဝအသိအမှတ်မပြုဖို့ ဝိုင်း တားမှာ သိရဲ့လား၊ သိရဲ့လား"

သောင်းသက္ကက စိတ်ရှုပ်ထွေးစွာ သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း ...

"ကိုကို သွားလိုက်ဦးမယ် ဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲက ခပ်သွက်သွက် လှမ်းထွက်သွားသော သောင်းသက္က ကျောပြင်ကို ကတုန်ကယင် လိုက်ကြည့်နေမိရာမှ ဝိုင်းက လက်သီးလေးနှစ်ဖက်ဆုပ်၍ ကြီးကြီးကို ငုံ့ကြည့်ကာ —

"ကဲ … ဘယ်လိုလုပ်မလဲ၊ ခု ဘယ်လိုလုပ်မလဲ … ဟင်၊ အဲဒါ ကြီးကြီးကြောင့် သိရဲ့လား၊ ကြီးကြီးကြောင့်"

ဝိုင်းသည် ကြီးကြီးကို စူးစူးဝါးဝါး အော်ပစ်ခဲ့ပြီး အိမ်ပေါ်ထပ်ကို အပြေးအလွှား တက်လာခဲ့ကာ မိုးရေရဲ့အခန်း တံခါးကို လက်ကိုင်ဘုလှည့် ဖွင့်လိုက်သည်။ အတွင်းကသော့ချ ထား၍ တံခါးကမပွင့်။

"မိုးရေ … ဒုန်း … ဒုန်း … မိုးရေ၊ တံခါးဖွင့်စမ်းပါ"

အတွင်းက ဖွင့်ပေးလိုက်တဲ့ တံခါးဝမှာ မိုးရေ ရေစိုနေတဲ့ သူ့အဝတ်တွေ လုံလှယ်လက်စနှင့် ရပ်နေသည်။ ခု ဘာမှဖြစ်မထားသလို မျက်နှာသေနှင့် …

"ဘာလဲ ဝိုင်း"

"နင် ဘာလုပ်တာလဲ … ဒါ"

"ငါ ဘာလုပ်လို့လဲ ဝိုင်း"

"နင်က ကိုကို့ကို ချစ်တယ် ကြိုက်တယ် ပြောစရာလား — ဟင်၊ နင် မရှက်ဘူးလား"

"ငါ ဘာမှရှက်စရာမရှိပါဘူး ဝိုင်း၊ ငါက စ,ပြောတာလည်း မဟုတ်ပါဘူး၊ ငါ့မွေးနေ့ကတည်းက ကိုကိုက ငါ့ကိုချစ် ရေးဆိုခဲ့တာပါ၊ ငါကသာ အခုမှ ပြန်လက်ခံတာ"

www.burmeseclassic.com



"ရမလား … လက်ခံလို့ ရမလား၊ ကိုကိုနဲ့ ငါနဲ့က တစ်နေ့ လက်ထပ်ကြမယ့်သူတွေဆိုတာ နင် မသိဘူးလား"

"နင်ပြောလို့ ကြားဖူးပေမယ့် ကိုကိုကတော့ ငါ့ကိုပဲချစ်တယ်လို့ ပြောတာလေ၊ ငါ့ကိုပဲ လက်ထပ်မယ်လို့ ကတိ ပေးထားတယ်"

ဝိုင်းရဲ့လက်တစ်ဖက်က မိုးရေရဲ့မျက်နှာကို ရိုက်ချ ဖို့ လွဲမြောက်တက်လာသည်။ မိုးရေက ထိုလက်ကို လက်ဝါးစောင်း နှင့် ပုတ်ခါထုတ်ပစ်လိုက်၍ ဝိုင်းက လက်ကောက်ဝတ်နာကျင်သော မျက်နှာရှုံ့မဲ့သွားရပါသည်။ နှစ်ဦးသား တစ်ဦးကိုတစ်ဦး ဘောက်လောင်ပူပြင်း စူးရဲစွာ စိုက်ကြည့်နေကြသည်။

"ငါ့ပါးကို ကြီးကြီး ခုနရိုက်လိုက်တဲ့အတွက် အခြေအနေတွေ ဘယ်လိုပြောင်းသွားသလဲ၊ နင် မမြင်ဘူးလား၊ ငါ့အသားကို နင်တို့ထပ်ထိဖို့ မကြိုးစားနဲ့၊ ငါသည်းခံမှာ မဟုတ်ဘူး၊ နင့်ကို ငါ စိတ်ထိခိုက်အောင် မလုပ်ချင်ပါဘူး ဝိုင်းရယ်၊ ဒါပေမဲ့ မရတော့ဘူး၊ ကြီးကြီးကလွှန်လာပြီ၊ လမ်းမကြီးပေါ်မှာ ငါ့ကို ဆံပင်ဆွဲ ထုရိုက်ခဲ့ပြီးပြီ၊ အခုလည်း ငါ့ကို သူက ကျောင်းထုတ်မယ်တဲ့၊ ဟား … ဟား၊ တကယ်လို့များ ကြီးကြီးက ဒက်ဒီ့ကို မဟုတ်မမှန်တွေ ကုန်းတိုက်ပြီး ငါ့ကို ပညာဆက်မသင်ရအောင် ရပ်ဆိုင်းစေမယ်ဆိုရင် ငါ ပညာဆက်သင်ရဖို့အတွက် ကိုကို့ အထောက်အပံ့ အကူအညီကိုပဲ ယူစရာရှိတော့တယ်၊ နင် သဘောပေါက်ပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို မုန်းတယ်"

ဝိုင်းက တူးတူးခါးခါး အော်ပစ်လိုက်ကာ ရင်ဘ
လေးဖို၍ မိုးရေ ခုတင်ပေါ် ပစ်ထိုင်ကျသွားပါသည်။

✧ ✺ ✧





၁၅

"ဟိုမှာ ... ဟိုတစ်နေ့ကလူ လာနေပြီ မိုးရေ"

အတူတွဲတွဲသူငယ်ချင်း မင်းမင်းစိုးက ပြောလိုက်ပါသည်။ ဒုတိယနှစ်မို့ မိုးရေတို့ လိပ်ခုံးဘက်ရောက်ပြီ။ ဟိုဘက်သထုံလမ်းထက် ပိုအဆင်ပြေတဲ့ ဒီဘက် ကဲင်တင်းမှာ မိုးရေဘာမှသိပ်ဝယ်စားဖူးတယ်မရှိ။ ခုလို ထမင်းစားချိန်ဆို ပါလာတဲ့ ထမင်းဘူးကိုပဲ ကဲင်တင်းမှာဖွင့်ကာ စားရတာ။ သူငယ်ချင်းက ကဲင်တင်းက ဝယ်စားလို့သာ အတူလိုက်ထိုင်ဖြစ်တာ။

ကိုကိုက ဟောက်စ်ဆာဂျင်ဆင်းနေရပြီဖြစ်၍ အရင်လောက် မိုးရေတို့ကျောင်းဘက် မလာနိုင်။ ဟောက်စ်ဆာဂျင် (အလုပ်သင်ဆရာဝန်)ဘဝက အင်မတန် အလုပ်ရှုပ်လှတယ်လို့ဆိုသည်။ အိမ်မှာတွေ့ကြဖို့လည်း အနှောင့်အယှက် အဖျက်အဆီး အငြိုအငြင်တွေက များလှ၍ ကိုကိုက နည်းနည်းလေး အားတာနဲ့ဆော့ ပြေးလာတာပါပင်။ ကျောင်းဆင်းချိန်တွေလည်း တစ်ခါတစ်ရံ ရောက်တတ်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က ကိုကိုလာတုန်း ဒီကျောင်းကဲင်တင်းမှာ မထိုင်ချင်၍ ဟိုးဘက် ဘီအီးဒီကဲင်တင်းဘက် သွားထိုင်တုန်း မိုးရေကို လူတစ်ယောက်လာမေးတယ်လို့ မင်းမင်းစိုးက သတင်းပေးသည်။

"ဘယ်ကဘဲလဲ မသိဘူး၊ ရုပ်ကတော့ ခပ်မိုက်မိုက်ပဲ မျက်နှာက ခပ်တည်တည် ပေကတ်ကတ် ဂျစ်ကန်ကန်နဲ့ လီဖြောင်ဟွန်းလိုရုပ်မျိုးဟဲ့ ... အဟီး၊ ဒါပေမဲ့ မသားနားဘူးဟ ခပ်စုတ်စုတ်ပဲ၊ မိုးရေစက် ဘယ်အတန်းမှာတက်လဲတဲ့၊ ငါက အပြင်သွားတယ် ပြောလိုက်တော့ နောက်ထပ်လာမယ်ပြောပြီး ပြန်သွားတယ်"

ဘယ်သူရယ်လို့ မစဉ်းစားတတ်။ တွေတွေငေးငေးလေးနှင့် အဖြေမပေါ်။

"ငါ့ကိုတွေ့လို့ ဒီဘက်လျှောက်လာနေပြီ"

မိုးရေက ကျောခိုင်းထားရာဘက်သို့ ခေါင်းလေးလှည့်ပြီး ငဲ့ကြည့်လိုက်ပါသည်။ နွမ်းစုတ်ပျော့ဖတ်နေသော ဂျင်းဘောင်းဘီတစ်ထည်နှင့် စာပို့ရုပ်အနက် ဖောင်းဖောင်းမှိုင်းမှိုင်းတစ်ထည်ကို ဝတ်ထားတဲ့ ခေတ်လူရွယ်တစ်ယောက်ဟာ နေကာမျက်မှန် အပေါ်စားတစ်လက်တပ်ကာ ကျောပိုးအိပ်အနွမ်းတစ်လုံးကိုလွယ်လျက် ဒီဘက်လျှောက်လာနေသည်။ ဆေးကျောင်းထဲ လူဝင်လာလျှင် ကိုယ့်ကျောင်းက ဟုတ်,မဟုတ် အရမ်းသိသာတတ်ရှိ အထဲဒီလို ပုံစံကတော့ သိသိသာသာကြီးပင် ကျောင်းသားတွေနဲ့ ပုံစံကွဲထွက်နေသည်။





"နင် သိလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာကိစ္စလဲ မသိဘူးနော်"

မိုးရေက ခပ်တည်တည်ပင် ဆက်ငဲ့ကြည့်နေပါသည်။

"နင့်ကို စိတ်ဝင်စားလို့၊ နင့်ကိုလိုက်ဖို့ လာတာပဲနေမှာ၊ သူမို့လို့ ဒီလို တစ်ယောက်တည်း အူကြောင်ကြောင်ကျောင်းထဲဝင်လာပြီး ချဉ်းကပ်ရဲတယ်"

မင်းမင်းစိုး အပြောက ဖြစ်နိုင်တာပဲမို့ မိုးရေက မျက်မှောင်နှစ်ဖက်ကိုပါ တွန့်ထားလိုက်ပါသည်။ ထိုလူရွယ်ဟာ ချက်ချင်းပဲ အနီးကပ်လာကာ မိုးရေနှင့် မင်းမင်းစိုး နံဘေး ပိုနေတဲ့ ပလတ်စတစ်ခုံတစ်ခုကို ဆွဲထိုင်လိုက်ပုံက ကျူးကျူးကျော်ကျော် ပိုင်စိုးပိုင်နင်းဆန်လှ၍ မိုးရေက စားပွဲပေါ်တင်ထားတဲ့ သူ့လက်ကို ဝေးရာသို့ရုတ်ကာ လိုအပ်ရင် ထ,ထွက်သွားနိုင်အောင် စားလက်စ ထမင်းဘူးကိုပါ ပိတ်၍သိမ်းလိုက်သည်။

ဒီလူကို အနီးနား စားပွဲတွေက ကျောင်းသားကျောင်းသူတွေက အကဲခတ်နေကြပါသည်။ ထိုလူက သူ့ကို မျက်ခုံးချီးပြီး ခပ်စိမ်းစိမ်းကြည့်နေတဲ့ မိုးရေဘက် တည့်တည့်လှည့်စေ့စေ့ကြည့်ရင်း သူ့ရဲ့အပေါ်စားမျက်မှန်ကို ဆွဲဖြုတ်ဖယ်ပစ်လိုက်သည်။ မျက်မှန်အောက်က မျက်လုံးများက နီကျင်ကျင်၊ ဆံပင်တွေက ခြောက်ဖွာဖွာ၊ သူ့မျက်နှာမှာ ဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေ သပ္ပ အရိပ်ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းလား မိုးရေ"

"ဟင်"

မိုးရေသည် ရုတ်တရက် တုန်လှုပ်ပြီး လန့်သွားကာ တစ်ယောက်တည်း ရှန်းရင်းဆန်ခတ် လှုပ်ရှားလိုက်မိ၍ စားပွဲပေါ်က ရေနွေးကြမ်းပန်းကန်လုံးလေးကို လက်နှင့်တိုက်မိကာ ပန်းကန်လုံးက ခွမ်းခနဲ ပြုတ်ကျကွဲသွားပါသည်။

"နင်နဲ့ စကားပြောလို့ ရလား"

"ရှင် ... ဟို ... ဟို ..."

မိုးရေက ဘေးပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပြီး မင်းမင်းစိုးကိုပါ ဖျတ်ခနဲကြည့်ကာ ...

"ဟို ... အပြင်သွားပြောမယ်၊ မင်းမင်း ... ငါ ခဏအပြင် ထွက်သွားလိုက်ဦးမယ်၊ ပြန်လာခဲ့မယ်"

မင်းမင်းစိုးက အံ့အားတသင့်နှင့် ...

"နင်တစ်ယောက်တည်း ရလား၊ ငါ လိုက်ခဲ့ပေးရမလား"

"ရတယ် ... ရတယ်"

မိုးရေက ဆတ်ခနဲ ထ,ရပ်လိုက်ကာ ...

"လာ"

သံပြုတ်တစ်ခုပြုရင်း ရှေ့ကထွက်လာခဲ့သည်။ ရင် ထဲ ကတုန်ကယင်ဖြစ်ကာ ဝမ်းသာတာလိုလို ဝမ်းနည်းတာလိုလို ခံစားချက်တွေ ဖြောင်းဆန်ယောက်ယက်ခတ်သည်။ အမေ ... အမေရေ ...။ အစ်ကိုလေ ... ဘယ်ကမှန်းမသိ ပေါ်လာတယ်။





ကျောင်းဝင်းအပြင် ကားမှတ်တိုင်မှာ ကျောင်းဆင်း ချိန်မဟုတ်၍ လူရှင်းနေလေသည်။

"ဟဲ့ ... မိုးရေ၊ နင် ဘယ်အထိသွားမလို့လဲ၊ နင်ကလည်း ရုပ်ပျက်လိုက်တာ၊ သရဲတစ္ဆေတွေ့တာ ကျနေတာပဲ၊ ဘာ ဖြစ်တာလဲ"

"ဟုတ်တယ်လေ၊ သေလားရှင်လားမသိ ပျောက်နေပြီးတော့ မှ သရဲတစ္ဆေပေါ်သလို ပေါ်လာတာပဲဟာ၊ အစ်ကို လူလိုခံစားချက်မှ ရှိရဲ့လား၊ ကိုယ့်မှာ မိသားစုကျန်ခဲ့တယ် ဆိုတာမှ ပြန်တွေးသေးရဲ့လား၊ လုံးဝငဲ့မကြည့်တော့ဘဲ အဖေ ဘယ်လိုနေလဲ၊ အမေ ဘယ်လိုနေလဲ၊ ငါ့ညီမလေး ဘယ်လိုနေနေလဲမှ စိတ်မဝင်စားဘဲ ဆယ်နှစ်လုံးပျောက် နေတာကို သေစာရင်းပဲသွင်းမထားလို့ ဘာလုပ်ရမှာလဲ၊ လူပျောက်တိုင်ရမှာလား"

မိုးရေသည် ရှိုက်သံပလုံးပထွေး စကားလုံးတွေ တုန်ခါလျက် ဆက်တိုက် ရင်နာနာ ရေရွတ်ပြောဆိုနေမိသည်။

"ဟာ ... ခုပဲပြန်တွေ့တယ်၊ ခုပဲ ရန်စကားတွေက မရပ် နိုင်အောင်ပဲ၊ ငါ အိမ်ကထွက်မသွားလို့ ရမလား၊ အဖေ့ အချိုးအချိုတ်နဲ့ ဘာမှလူမွေးလူတောင် ပြောင်စရာအကြောင်း မရှိတာကို"

"ဪ် ... ခုကော တော်တော်လူမွေးလူတောင်ပြောင်နေ ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ပါးစပ် ပိတ်ထားစမ်း၊ နင် ရန်တွေ့တာတွေခံဖို့ ရောက်လာတာ မဟုတ်ဘူး"

မိုးရေက အစ်ကိုချမ်းအေးကို စိမ်းစိမ်းကြည့်ရင်း —

"ဒါဖြင့် ဘာလုပ်ဖို့ ရောက်လာတာလဲ"

"နင်က တော်တော်ပြောင်ယောင်နေပါလား … အဟား ဟား၊ ငါ့ညီမက ကြီးလာတော့လည်း လှသားပဲ၊ ဆေးကျောင်းတက်နေတယ်ပေါ့လေ၊ အေးပါဟာ၊ နင့်ဘဝကြီးကတော့ ရှေ့လျှောက်ကောင်းစားသွားပါပြီ၊ ငါ့ဘဝသာ စုတ်ပြတ်ရွဲပြဲနေတုန်းပဲ၊ နင် အခု ဆရာဝန်ဖြစ်ဖို့ ဘယ်လောက်လိုသေးလဲ"

"စိတ်လည်းမဝင်စားဘဲ လျှောက်မေးမနေပါနဲ့ အစ်ကို၊ လိုရင်းပြောပါ"

"ဩော် … နင်က ဒီလိုလား၊ နင်က 'တည့်'ဆိုရင် ငါက လည်း 'တည့်'ပဲပေါ့ဟာ"

ချမ်းအေးက ခေါင်းကို သုံးလေးချက် ဆက်တိုက် ကုတ်ဖွလိုက်ပြီး …

"ငါ့ကို ပိုက်ဆံနည်းနည်းချေးစမ်း"

"ချေးစမ်း … ဟုတ်လား"

"အေးဟာ … မချေးနဲ့၊ ပေးစမ်း ပါသလောက်"

မိုးရေ မျက်ဝန်းအိမ်ထဲ မျက်ရည်တွေ လဲ့လာသည်။ အိမ်ကထွက်သွားလိုက်တာ ဆယ်နှစ်လုံး တစ်ကြိမ်မှ မတွေ့ကြရဲ



ပထမဆုံးပြန်အတွေ့မှာ အဖေ အမေ သတင်း တစ်ခွန်းမမေးတော့ဘဲ ငွေတန်းတောင်းတဲ့ အစ်ကို။ ရင်နာဖို့ ကောင်းလှသည်။

"အစ်ကို … အဖေတို့ အမေတို့ကိုကော ခေါင်းထဲရှိရဲ့လား"

"အဖေက သေပြီပဲ၊ ငါ သတင်းတွေ မကြားဘူးထင်နေလား၊ ငါသွားပြီး ဘာမှမကြားဘူး အဖေသေတာ ငါကြားတယ်"

"ဒါတောင် အမေနဲ့ညီမလေး ဘယ်လိုများ ခိုကိုးရာမဲ့နေလဲ အစ်ကို မတွေးခဲ့ဘူးပေါ့နော်၊ ပြန်လှည့်မကြည့်ခဲ့ဘူးပေါ့နော်"

"ငါလည်း အဆင်မှမပြေသေးတာ၊ ဘယ်လိုလုပ် နင်တို့ကို လှည့်ကြည့်မလဲ၊ ဒါပေမဲ့ အဖေဆုံးပြီး သုံးလေးနှစ်လောက်လည်းရှိရော အမေ သူဌေးတစ်ယောက်နဲ့ ယူသွားတယ်ဆိုတာ ငါ ကြားတယ်လေ၊ ဒီတော့ ပြီးပြီပေါ့၊ နင်တို့သားအမိဘဝက ကောင်းသွားပြီပဲ၊ ငါ ဘာငဲ့ကြည့်နေစရာလိုသေးလို့လဲ"

"ငဲ့ကြည့်ဖို့ဆိုတာက ကိုယ့်အမေ ကိုယ့်ညီမ သွေးသားရင်းချာတွေအဖြစ်နဲ့ စိတ်ဓာတ်ခွန်အားလေးပဲရရ၊ အဆက်အသွယ်မပြတ် သံယောဇဉ်မပြတ် နီးစပ်ဖို့ကိုပြောနေတာ အစ်ကိုရဲ့၊ ရှာကျွေးဖို့ ပြောနေတာ မဟုတ်ဘူး"

"ကဗျာတွေ ရွတ်မနေစမ်းပါနဲ့ဟာ၊ နင်က သူဌေးရပ်ကွက်မှာ တိုက်ကြီးနဲ့နေရလို့ ဒီကဗျာမျိုးတွေ ရွတ်တတ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝက ကြမ်းတယ်၊ ဒါတွေမရှုတ်တတ်ဘူး၊ နားလည်းမယဉ်ဘူး၊ နင်တို့သားအမိကကော သူဌေးကတော်၊ သူဌေးမယားပါသမီးဖြစ်ပြီး နင်က ဆေးကျောင်းသူတောင်ဖြစ်နေတာ၊ ဟိုးအထက်ဘဝ တက်ကပ်နေကြပြီဖြစ်တာတောင် ငါတို့သား ငါတို့အစ်ကို ဘယ်ရောက်ဘယ်ပေါက် ဘယ်လိုဝတ်နေမလဲဆိုပြီး လိုက်ရှာဖွေကြည့်ရှုခဲ့လို့လား”

“ဘယ်လိုရှာဖွေရမှာလဲ၊ ရေမြောကမ်းတင် ရောက်ချင်ရာရောက်နေတဲ့သူကို ဘယ်လိုရှာရမှာလဲ၊ မိုးရေတို့က နေရာအတည်တကျ နေနေတာ၊ အစ်ကိုပဲရှာပြီး လာရမှာ”

“အခု လာပြီလေ”

“ဒါ ဒုက္ခရောက်လို့ ငွေလိုလို့ လာတာမဟုတ်လား”

“တောက် ... နင် တော်တော်စကားများပါလား မိုးရေ စာတွေဖတ် စကားတွေတတ်နေတယ်ပေါ့ ... ဟုတ်လား၊ ကဲ ... ဟုတ်တယ်ဟဲ့၊ ဒါကြောင့်လာတာမှန်းသိရင် ပိုက်ဆံထုတ်”

မိုးရေသည် အံလေးကြိတ်ကာ လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ပြားလေးကို ဆောင့်ကြီးအောင့်ကြီး ဆွဲထုတ်လိုက်သည်။ ဒီထဲမှာ ငွေနှစ်သောင်းအခေါက်နှင့် အကြွေအပြည်က တစ်ထောင်ကျော်ပဲရှိ၍ ကဲင်တင်းမှာ ထမင်းဘူးဖွင့်စားရင်း အအေးတောင် မသောက်ပါ။ လဲကုန်ဖို့ သုံးရက်သာလိုပြီး လကုန်ရှင်ပေးရမည့် ကျူရှင်လခသုံးဘာသာစာထဲမှာ တစ်ဘာသာဖိုးထက် နည်းနည်းပဲ





ပိုတော့တဲ့ပိုက်ဆံ။ အကြွေ ရာတန် နှစ်ရာတန်တွေက ဘတ်စ်ကားခသုံးနေရတာပါ။

“ဒါအကုန်ပဲလား၊ ဘယ်လောက်လဲ”

“နှစ်သောင်းပဲရှိတယ် အကုန်ပဲ၊ ဒါ ကျူရှင်လခပေးဖို့ အစ်ကို”

“ဒါက ကျူရှင်လခဆိုရင် နင့်မှန့်ဖိုးရော”

“ကျူရှင်လခတောင် မနည်းလို့ လကုန်ရင်တောင်းရတာ အရမ်းမျက်နှာပူတာ အစ်ကို၊ ဒက်ဒီထုတ်ပေးမှပဲ လိုချင်တာ၊ မတတ်သာလွန်းမှ ပါးစပ်က ဖွင့်တောင်းတာ”

“နင် ဘာကို ဒီလောက် အားနာနေတာလဲ၊ ငါတို့အမေတစ်ယောက်လုံးကို ဒီသူဌေးက ယူထားတာလေ”

ငွေနှစ်သောင်းကိုနှိုက်ကာ သူ့ဘောင်းဘီအိတ်ထဲ ထိုးသွင်းလိုက်တဲ့ ချမ်းအေးကို ခပ်စောင်းစောင်းကြည့်ရင်း မိုးရေ ပါးပြင်ပေါ် မျက်ရည်စီးကြောင်းတွေ ပြုတ်ကျလာသည်။ ရင်ထဲမှာလည်း အသည်းနှလုံးကို ထုချေခံရသလိုနာကျင်လှသည်။ အစ်ကိုရင်း ဘွားခနဲပြန်ပေါ်လာတာတောင်မှ အားကိုးလို့မရနိုင်တဲ့ဘဝ။

“အမေသေတာ နှစ်နှစ်တောင်ရှိပြီ အစ်ကို”

“ဘာ”

“အခု ဘာမှမတော်တဲ့ ပထွေးရဲ့အိမ်ပေါ်မှာ မိုးရေတစ်ယောက်တည်း မျက်စိသူငယ်နဲ့ ကုပ်ကပ်နေနေတာပါ၊ ပထွေးတစ်ယောက်ကာလွဲရင် ဘယ်သူကမှ မကြည့်ဖြူတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုသိသိနဲ့ အရှက်မရှိ ဒူပေဒါပေခံနေတာပါ၊ ပညာရေးလည်း တစ်ပိုင်းတစ်စနဲ့ ဒီလိုနေဖို့ကလွဲရင် တခြားရွေးချယ်စရာ ဘာလမ်းမှမရှိတော့လို့ ဇွတ်မှိတ်နေနေရတာပါ၊ အစ်ကို ထင်နေသလို ရွှေပုံပေါ်မှာ စံနေရတာမျိုး မဟုတ်ပါဘူး"

ချမ်းအေးက တစ်ခဏငိုင်သွားပြီးတဲ့နောက် ခေါင်းကို ဆတ်လိုက်ရင်း ...

"အေးလေ ... ဘာပဲဖြစ်ဖြစ်၊ နင်က ရွှေပုံပေါ်စံမနေရပေမယ့် အမှိုက်ပုံပေါ်တော့ မရောက်သေးပါဘူး၊ ငါက အမှိုက်ပုံနောက်ချေးပုံပေါ်ကကောင် ဆိုတော့ နင့်ထက် အခြေအနေ ဆိုးနေတာ သဘောပေါက်တယ် မဟုတ်လား"

"ဒါပေမဲ့ အခု အဲဒီအမေ့ယောက်ျား သူဌေးရဲ့အိမ်မှာ အမေလည်းမရှိတော့ဘဲနဲ့ ကျန်တဲ့လူတွေလည်း မကြည်မဖြူ ပြုစုနေတဲ့ကြားက ပြေးစရာမြေမရှိလို့ မိုးရေ ကုပ်ကပ်ပြီး ဇွတ်နေနေရတဲ့ အခြေအနေကို အစ်ကိုသိတော့ အစ်ကို့မှာ ဘာခံစားချက် ဘာဆုံးဖြတ်ချက်မှ ရှိမလာဘူးလား ... ဟင်"

"မရှူးစမ်းပါနဲ့ ညီမလေးရာ၊ နင် ဒီလိုပဲအဆင်ပြေအောင် ကြည့်ကျက်နေရမှာပဲ၊ ငါကလည်း နင့်ကို တာဝန်ယူနိုင်ဖို့ နေနေသာသာ ငါ့တာဝန်တောင် ငါအနိုင်နိုင်၊ နင် အဲဒီမှာ ကုပ်ကပ်နေတာကမှ ခုလိုအခြေအနေမကောင်းရင် ငါလိုတဲ့ အကူအညီလေး ရနိုင်သေးတယ်၊ နင်ဘာမှစိတ်ကူးတွေ





မယဲဥ်နဲ့၊ ကဗျာမဆန်နဲ့၊ အဆင်ပြေအောင်ကြည့်နေ၊ ပထွေးကိုလည်း နည်းနည်းပါးပါး ချွဲနွဲ့ပြီး ကျအောင်လုပ်ပေါ့ဟ"

မိုးရေ့ မျက်နှာနိုရဲတင်းမာသွားရကာ ...

"အစ်ကို ဘယ်လိုပြောလိုက်တာလဲ"

"ဒီလိုပဲလေ၊ ဒီလူကြီးမှာ အရင်အိမ်ထောင်က ကလေးတွေ ဘာတွေရော ရှိလား"

"မိုးရေနဲ့ ရွယ်တူသမီးတစ်ယောက်ရှိတယ်"

"ဟုတ်လား ... လှလား"

မိုးရေသည် အစ်ကိုဖြစ်သူ ချမ်းအေးကို စိတ်ပျက်အထင်သေးစွာ ရင်မောစွာ စိုက်ကြည့်နေမိပါတော့သည်။ သူ့ရဲ့ အစ်ကိုအရင်း တော်စပ်သူဟာ ဒီလိုလူမျိုး ဘာကြောင့်ဖြစ်နေပါလိမ့်။ အသက်အစိတ်အရွယ်ရှိကဲ့ အရွယ်ကောင်း ယောက်ျားတစ်ယောက် ဖြစ်နေပြီး ကြိုးစားပမ်းစား ခါးချိုးအလုပ်လုပ်လိုစိတ်မျိုး ဘာကြောင့် မရှိပါလိမ့်။ မျှော်လင့်ချက် ရည်မှန်းချက်ဆိုတာတွေ ဘာကြောင့်မရှိပါလိမ့်။

ညီမဖြစ်သူက ကျူရှင်လခပါလို့ ပြောနေတဲ့ ငွေနှစ်သောင်းကို ဘာကြောင့် အလွယ်တကူ နှိုက်ယူရက်ပါလိမ့်။ အစ်ကို့ကိုသာ ကြီးကြီးသိသွားမြင်သွားလို့ကတော့ နှစ်ပြားမတန် ပြောဆိုဝေဖန်ခံရမှာအပြင် ယုံကြည်လောက်တဲ့ အသွင်အပြင်လည်း လုံးဝမရှိတဲ့ အစ်ကို့ကြောင့် မိုးရေပင်လျှင် ရောနှောအယုံကြည်ကင်းမဲ့ခံရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အိမ်က ဖုန်းနံပါတ် ငါ့ကိုပေးထား"

"အစ်ကို ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲ၊ နင့်ကို ဆက်သွယ်ဖို့ပေါ့"

"ဒီကျောင်းကိုပဲ လာလိုက်ရင် ရတယ်"

"အမြဲတမ်း ကျောင်းကိုပဲ လာနိုင်ပါ့မလား၊ ဖုန်းဆက်လိုက်ရင် ပြီးမယ့်ကိစ္စကို ပေးစမ်းပါ ဖုန်းနံပါတ်၊ နင်က ဖုန်းမဆက်စေချင်တဲ့ သဘောလား၊ နင့်အိမ်ကို ငါသိတယ်နော်၊ အိမ်ကို ဒီတိုင်းတက်လာရမှာလား"

"မလာနဲ့"

မိုးရေက ဖုန်းနံပါတ် ပေးလိုက်ရပါသည်။ အစ်ကိုချမ်းအေးကို တွေ့လိုက်ကတည်းက မိုးရေအဲ့တွက် ဘယ်လိုမှ ကောင်းကျိုး မဖြစ်စေနိုင်ဘူးဆိုတာ ချက်ချင်းသိလိုက်ပေမယ့် ဒီလောက်မြန်မြန်ကြီး ရိုက်ခတ်မှုက ရောက်လာမည် မထင်ခဲ့။ အဲဒီညနေ အိမ်ပြန်ရောက်ရောက်ချင်းပင် ကြီးကြီးရဲ့အစစ်အဆေးကို ခံလိုက်ရတဲ့အခါ အံ့အားသင့်သွားရပါသည်။

"နေ့လယ်က ညည်းတို့ကျောင်းရှေ့ ကားမှတ်တိုင်မှာ ဘယ်က အပေအတေကောင်နဲ့ ချိန်းတွေ့နေတာလဲ ... ပြောစမ်း"

တစ်ခါပဲ တွေ့ရသေးသည်။ ဒီတစ်ခါပဲ မိတော့တာပင်။ မိုးရေက ဖွတ်ပင်တိုးကာ မိတ်ညာရပါတော့သည်။ အစ်ကိုတစ်ယောက် ရှိသေးတာ ဒက်ဒီသိမသိတော့ မိုးရေမသိပေမယ့်





ကြီးကြီးတို့ ဝိုင်းတို့တော့ မသိပါ။ တကယ်လို့များ သိသွားခဲ့ရင် အားကိုးအားထားစရာ ရှိသားပဲဆိုတဲ့ အတွေးနှင့် ဤအစောင့်အရှောက် အရိပ်အောက်မှ ဖယ်ခွာရမှာကို မိုးရေ အကြောက်ဆုံးပါ။ အစ်ကိုနဲ့နေလို့ကတော့ ဆရာဝန်ဖြစ်ဖို့ဝေးလို့ ထမင်းနပ်မှန်ဖို့ကို အရင်မနည်းရုန်းကန်ရဦးမှာပါ။

"မတွေ့ပါဘူး၊ ကြီးကြီး လူမှားတာ ဖြစ်လိမ့်မယ်"

"ဘာ ... ဗြောင်လိမ်တယ် ဟုတ်လား၊ ညည်းကို ကျုပ်က လူမှားစရာလား ... ဟင်၊ ညည်းမှ ညည်းအစစ်ဖြစ်လိုက်သမှ အကျီကလည်း ဒီတီရှပ်ပန်းနုရောင်ပဲ၊ မှန်မှန်ပြောစမ်း၊ ဘယ်က အောက်တန်းစားကောင်နဲ့ အပြင်ကိုလိုက်သွားဖို့ ကားစောင့်နေတာလဲ"

"မိုးရေ လုံးဝမဟုတ်ဘူး"

ကြီးကြီးတစ်ယောက် အသည်းတယားယား ဒေါ့ဒေါ့ခုန်သွားရလောက်အောင် မိုးရေက မျက်နှာသေနှင့် ဗြောင်လိမ်ပစ်တာဖြစ်သည်။ ဘယ်လိုမှကို စစ်မေးမရတော့ ကြီးကြီးက ဒက်ဒီ့ကိုတောင်တိုင်သည်။ မိုးရေကတော့ မိုးရေမဟုတ်ဘူးချည်းသာ တွင်တွင်ခေါင်းခါပါသည်။

"မမရယ် ... သူ ဒီလောက်တောင် ငြင်းနေတာ သူမဟုတ်လို့ပေါ့၊ ခက်တော့တာပဲ"

ကြီးကြီး လုံးဝမယုံကြည် လက်မခံနိုင်ဘဲ ဒေါသူပုန်ထနေခဲ့တာ မိုးရေ သိသည်။ သူ့ကိုရှေ့လျှောက် မျက်စိဒေါက်



www.burmeseclassic.com

www.burmeseclassic.com



ထောက် ထောက်လှမ်းတော့မည်ဆိုတာလည်း ရိပ်မိသည်။ ကျဉ်းထဲကျပ်ထဲ ကျနေခဲ့တဲ့ မိုးရေသည် တတ်နိုင်သမျှ အမူအရာမပျက်အောင် ဆင်ခြင်ကာ ဟန်ဆောင်ရမည်လို့ နားလည်ကာ ဟန်မပျက်နေဖို့ ကြိုးစားသော်လည်း အစ်ကိုချမ်းအေးဟာ အကူသိုလ်ထုပ်ကို ထမ်းပိုးကာ ရောက်လာခဲ့သူပင်။

နောက်တစ်နေ့ကစပြီး ညနေတိုင်း အိမ်ကိုဖုန်းခေါ်သည်။ သူများနဲ့တိုးပြီး စကားအလွဲတွေ ပြောချင်တိုင်း လျှောက်ပြောကုန်မှာစိုး၍ ဖုန်းလာလျှင် မိုးရေမှာ ဝင့်ကြွေးတစ်ခုလို ပြေးကိုင်နေရတော့တာပင်။ ဘာမှအရေးမပါတဲ့ ရောက်တတ်ရာရာ စကားတွေ လျှောက်ပြောနေတာကို သည်းခံအချိုသတ်၍ ချော့မော့ဖုန်းချရသည်။

"ခုတလော ညည်းဆီ ဖုန်းတွေလာလှချည်လား"

"ဟုတ်ကဲ့ ... စာမေးပွဲတွေရှိလို့ သူငယ်ချင်းတွေဆက်တာပါ ကြီးကြီး"

"ညည်းပုံစံကြည့်ရတာ ဖုန်းကို သူများကိုင်မသွားအောင် အတင်းပြေးလုကိုင်နေတာ သိသာတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ညည်းသူငယ်ချင်းဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး။ အိမ်ကလူတွေကို အသိမပေးချင်တဲ့သူတစ်ယောက်ယောက်ပဲ ဖြစ်ရမယ်"

အင်း ...။ စီအိုင်အေသာ လုပ်ပါတော့ ကြီးကြီး ဒေါ်တင်တင်ရယ်။





"ညည်း လုံးဂကို မရိုးဘူးဆိုတာတော့ ရိပ်မိတယ်၊ ဘာမှန်းသာ မသိတာ၊ လက်ပူးလ ်က်ကျပ် မမိသေးခင်ပေ မှာ ရှိစေပေါ့အေ"

အစ်ကိုဖြစ်သူကလည်း ညီနှင်းနှာ ချမ ့ကဲ့လှ ့ဟို ။ မိုးရေ စိတ်ဆင်းရဲလှသည်။ ဖုန်းထဲကနေ ရန်ဖြစ်နေပုံမျိုးလည်း ရိပ်မိမခံနိုင်၍ ဟန်မပျက် သာမန်စကားမျိုးတွေသာ ပြောလို့ရ ့ ... ှာ အစ်ကို့ကို လှည်းတန်းက တစ်နေရာဆီ ကျောင်း ... ... စ်ရက်မှာ ချိန်းလိုက်ရပါသည်။

"အစ်ကို ဖုန်းဆက်ဆက်နေတာကို ကြီး့ကြီးတို့က သ ... ဝင်နေကြတယ်၊ အရေးလည်းမပါဘဲနဲ့ ဘာဖြစ်လို့ အလကားနေရင်း ဖုန်းဆက်နေရတာလဲ အစ်ကို၊ အစ်ကိုအဲသလို လုပ်နေရင် မိုးရေပါ ဒုက္ခရောက်တော့မယ်၊ အစ်ကိုကသ် ယောက် လောက်လောက်လားလား ရှိနေပြီ၊ အဆ ... အသွယ်လည်း ပြန်ရနေကြပြီဆိုတာ သိကာနဲ့ ... မိုးရေကို သူတို့ ဆက်တာဝန်ယူချင်တော့မှာ မဟုတ်ဘူး၊ အစ်ကိုလည်း မိုးရေကို တာဝန်မယူနိုင်ဘူးဆို"

"ဘယ်လိုလုပ် တာဝန်ယူနိုင်မှာလဲ၊ ငါကတောင် နှင့်ဆီက အကူအညီ ပြန်တောင်းချင်တာ၊ တစ်ခါတလေ ငွေပြတ်ရင် နှင့်ဆီလှမ်းတောင်းဖို့ ကြံထားတာ"

မိုးရေသည် ရင်နာတာတွေကို မျိုချရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနဲ့ အဆက်အသွယ်ရမှန်း သိတာနဲ့ ကြီးကြီး မိုးရေကို အိမ်ပေါ်ကနေ ကန်ချပြီး အစ်ကိုနဲ့ ထည့်လိုက်မှာ သေချာတယ်"

"အေးပါလေ၊ ဒါဖြင့်လည်း လိုမှပဲ ဖုန်းဆက်ပါမယ်၊ ပြီး တာပဲ၊ ကဲ … အခု ငါ့ကို ငွေသုံးသောင်းလောက်ပေးစမ်း"

"ဘာ … ငွေသုံးသောင်း၊ ဘယ်လိုလုပ်ပြီး ပိုက်ဆံဒီလောက် အများကြီး တောင်းရဲရတာလဲ၊ ဘယ်လိုလုပ်ကော ရှိမှာ လဲ၊ အစ်ကို … မိုးရေကို နည်းနည်းပါးပါးများ ညာတာ ဦး၊ မိုးရေက သူများအိမ်မှာ ကပ်ကပ်နေရတဲ့ဘဝပါ"

"နှင်ကလည်း ငြင်းတာက အရင်ပဲ၊ ငါလည်း မဖြစ်လို့ တောင်းရတာပေါ့ဟာ"

"ဘာမဖြစ်တာလဲ၊ အစ်ကိုယောကျ်ားပဲ၊ ဒီအရွယ်မှာ ကိုယ့် ထမင်းတော့ ကိုယ်ရှာစားနိုင်သင့်ပါတယ်"

"ထမင်းကတော့ စားနိုင်တာပေါ့ဟ၊ ကြွေးတင်နေလို့ ပြောရတာပါ ညီမလေးရာ၊ ကြွေးက ပူနေပြီ၊ ငါက ပြန် မဆပ်နိုင်တော့ တစ်ချိန်လုံး ရန်ရှာခံနေရတာ ပတ်ပြေး နေရတာဟ၊ ဘယ်နေ့ အသတ်ခံမရလဲ မသိပါဘူးဟာ"

"ကြွေးက ဘာကိစ္စ တင်ရတာလဲ"

"ဒီလိုပေါ့ဟာ၊ နှင့်ကို ငါက အသေးစိတ်ကအစ အစီရင် ခံဖို့လိုလား၊ ကြွေးရှင်ကလည်း တစ်ယောက်တည်းမဟုတ် ဘူး၊ လောလောဆယ် အန္တရာယ်ကြီးတဲ့သူ၊ ရန်ရှာတဲ့သူ





ရှောင်မရတဲ့ဘကိုပဲ အရင်ပေးရမှာ၊ သုံးသောင်းဆိုတာ အကြွေးရှင်းကို ဆပ်ရမှာများ ထင်နေလား၊ လောလော ဆယ် ကြွေးပူနေတဲ့သူ တစ်ယောက်တည်းကို အတိုးပဲပေး ရမှာ"

"ဟင်"

ကြွေးရှင်ကလည်း အများကြီး၊ ကြွေးကလည်းအများ ကြီး။ အဲဒါတွေထဲကမှ တစ်ယောက်ရဲ့အတိုးပဲ သုံးသောင်းတဲ့။ မိုးရေသည် စိတ်ညစ်ကာ ဒေါသလည်းဖြစ်ကာ မွန်ထူမျက်ရည် လည်လာသည်။ အံလေးကြိတ်ပြီး အစ်ကို့ကို စိမ်းစိမ်းကားကား ကြည့်နေမိပါသည်။ ရတ်တရက် ဘွားခနဲ ဒုက္ခပေးဖို့ ပေါ်လာကာ ညီမရင်းကို ငွေညှစ်သလိုလုပ်နေ၍ မုန်းတီးခါးသက်သော်လည်း အတိုးမပေး အကြွေးမဆပ်၍ သူ့ကို ရန်ပြုသွားမှာမျိုးကိုတော့ ဒီးရိမ်ပါသေးသည်။ တလောကလုံးမှာ ဘယ်ဘက်ကလှည့်ရှာရှာ ဒီအစ်ကိုတစ်ယောက်တည်းသာပဲ သွေးရင်းသားရင်း ရှိတော့တာ ဟုတ်လား။

သွေးသားသံယောဇဉ်ကြီးရယ်လို့ ဒီတစ်ချောင်း လေးပဲ ခနော်နီ ခနော်နဲ့ ချည်နှောင်ကျန်ရစ်တော့တာ မဟုတ် လား။

ကိုယ့်ဟာနှင့်ကိုယ်တောင် ဒက်ဒီ မေ့လျော့ကာ ဆုံက်ဆံမပေးဖြစ်သေးရင် ခြစ်ကုတ်သုံးစွဲနေပြီး မဖြစ်လွန်းအောင် ကျပ်ရှင်လခနောက်ကျနေတဲ့မျိုးကျမှ "ဒက်ဒီ ကျူရှင်ခပေးရတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်"ဆိုတာမျိုး ညှစ်ဖြစ်တောင်းမိလျှင် ဒက်ဒီက အားနာစိတ်မကောင်း ဖြစ်သွားတတ်ပြီး ...

"ဟာ ... လကုန်တာတောင် တော်တော်ကြာပြီး နောက်ကျနေပြီပဲ၊ တောင်းမှပေါ့ မိုးရေရယ်၊ ဒက်ဒီက အလုပ်များတဲ့အခါ လုံးလုံးမေ့သွားတတ်တယ်၊ ခုတလောဆိုရင် မပေးမိတာ အတော်တောင်ကြာပြီ၊ ဒက်ဒီ မအားဘူးဖြစ်နေလည်း ကြီးကြီးကိုဖြစ်ဖြစ် ပြောမှပေါ့"

အမြဲပဲ မိုးရေအတွက် တွန့်တွန့်တိုတိုမရှိတဲ့ ဒက်ဒီကို ခုတော့ အစ်ကိုဖြစ်သူအတွက် ပေးနိုင်အောင်ပါ မုန့်ဖိုးတောင်းရတော့မလိုပင်။ ဒက်ဒီကိုလည်း မလောက်ကြောင်း အသိပေးသင့်သလောက်ပေးပြီး ကိုယ်တိုင်လည်း အပြင်မှာ ကိုးတန်းဆယ်တန်း ကလေးတချို့ကို စာကျက် Guide လုပ်ရင်ကောင်းမလားတွေးမိသည်။ အားမွေးပြီးသော ညတစ်ညမှာတော့ မိုးရေက ဒက်ဒီရှိနေသော စာကြည့်ခန်းထဲ တံခါးခေါက်ဝင်သွားလိုက်သည်။ မိုးရေကိုမြင်မှ ဒက်ဒီက နဖူးကိုရိုက်ကာ ...

"ဟော ... ကဲ ... ဒက်ဒီ မုန့်ဖိုးပေးဖို့ နောက်ကျနေပြန်ပြီ"

အံဆွဲ ဆွဲဖွင့်ကာ အလွယ်တကူ ထည့်ထားတတ်သည့်ထဲက ငါးသောင်းတစ်အုပ်ဆွဲယူကမ်းပေးရင်း ...

"ရော့ ... ရော့ ... သမီး၊ အဆင်ပြေရဲ့လား၊ စာလိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ဒက်ဒီ"





"အေး ... အေး ... စာကြိုးစား၊ သမီး ပြောစရာရှိလို့လား"

ပျက်နေတဲ့ မိုးရေ မျက်နှာက သိသာလှတယ်ထင်သည်။

"ပြောလေ သမီး၊ ဝိုင်းအကြောင်းများလား"

"ရှင် ... ဝိုင်းအကြောင်း မဟုတ်ပါဘူး ဒက်ဒီ"

"ဩော် ... သမီး ပြောရခက်ပုံပေါ်နေလို့ ဝိုင်းကိစ္စများလားလို့၊ ဒါဖြင့် ဘာလဲ"

"ဒက်ဒီကို မိုးရေ ပြောရမှာ အားနာပေမယ့် ခုနောက်ပိုင်းကျောင်းနဲ့ကျူရှင်ကူးရတာတွေ၊ ကျူရှင်အချိန်ပိုတွေ၊ တစ်ခါတလေ လိုတဲ့စာအုပ် မြို့ထဲသွားပတ်ရှာရတာတွေအတွက် လမ်းစရိတ်လည်း ပိုကုန်လာပြီး သမီး ပိုက်ဆံသိပ်မလောက်လို့ပါ၊ စာအုပ်တွေဆိုလည်း သမီး ကော်ပီပဲဝယ်ပါတယ်၊ ဈေးကြီးလွန်းလို့ပါ၊ တစ်ခါတလေ ကော်ပီဆွဲထားတဲ့စာအုပ်တောင် သောင်းချီနေတော့ သမီး မဝယ်တော့ဘဲ သူငယ်ချင်းဆီက သင်တဲ့တစ်ခန်းချင်းပဲ ပြန်ပြီးလက်ရေးနဲ့ ကူးယူတာမျိုး ..."

"အို ... အဲဒါတွေ ဒက်ဒီ မသိပါလား၊ စောစောပြောရောပေါ့ မိုးရေရယ်၊ လိုတဲ့စာအုပ်က ဝယ်ရမှာပေါ့၊ ဟိုတလောကတောင် တစ်ခါ နှစ်ခါ သမီးတို့ကြီးကြီးကိုပဲ မေးမိတယ်၊ မိုးရေ အဆင်ပြေရဲ့လား လိုတာဘာရှိလဲပေါ့၊ ဒက်ဒီက အမေ့မေ့ အလျော့လျော့ပေးတဲ့ ပိုက်ဆံတွေတောင် ပိုလျှံတယ်လား ထင်မိနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက အဲသလိုပဲပိတ်ပြောထားမှာ သိပြီးသားပါ။

"ကားခတွေကလည်း ကုန်တယ် ... ဟုတ်လား၊ သမီး ကျောင်းကိစ္စမဟုတ်ဘဲ တခြားသွားစရာရှိလည်း ကားအား နေရင် တောင်းပြီးသုံးလို့ ရပါတယ်"

"ဒက်ဒီ ... ဒက်ဒီ့ကို မပြောချင်ဘူး ဆိုပေမယ့် သမီး ပြောပါရစေ၊ ဒက်ဒီ ဘယ်လိုမှ သဘောမထားပါနဲ့၊ အစ္စတာသင်နှစ် နှစ်နှစ်လုံး ကျောင်းနဲ့ကျူရှင်ကို အိမ်ကကားနဲ့ သွားဖြစ်တာ၊ တစ်လနှစ်ကြိမ်လောက်ထက် မပိုပါဘူး။ သမီး လိုင်းကားပဲ စီးလိုက်ပါတယ်၊ ဟိုးအရင်ကတည်း ကပဲ လိုင်းကားစီးလာတာပဲ၊ စီးတတ်ပါတယ် ဒက်ဒီ။ ကျူရှင်ကိုတစ်ဆင့်၊ ကျူရှင်က ကျောင်းကိုတစ်ဆင့်၊ ကျောင်း ကနေ ညနေ ကျူရှင်ကိုတစ်ဆင့်၊ ကျူရှင်ကအိမ်ကိုအပြန် အဲဒီအဆင့်ဆင့်မှာ ကားခက ငါးရာကနေ ရှစ်ရာလောက် တစ်နေ့ကို ကုန်ပါတယ်"

အံ့အားသင့် နှုတ်ဆိတ်သွားတဲ့ ဦးရဲလွင် မျက်နှာကို မကြည့်ဘဲ မိုးရေက ခေါင်းကိုငုံ့ထားလိုက်ပါသည်။

"နောက်နှစ်ကျရင်လည်း မြို့ထဲအထိ ကျောင်းတက်ရမှာ အပြင် စာအုပ်စာတမ်းတို့၊ ခရီးထွက်ရတဲ့စရိတ်တို့ ပိုကုန် လာမှာဆိုတော့ ရတ်တရက် အများကြီးတိုးမြင့်သွားရင် ဒက်ဒီ အံ့အားသင့်သွားမှာစိုးလို့ ခုကတည်းက ပြောတာ





ပါ၊ သမီး ကျောင်းစရိတ်က ကြီးတဲ့အတွက် ဒက်ဒီ့ကိုလည်း အရမ်းအားနာပြီးတော့ ဟို ... အခွင့်အရေးလည်း ဂျလေ ယူလေ မဖြစ်ချင်တဲ့အတွက် ဒက်ဒီ့ဆီ ခွင့်တောင်းပြီး သမီး ကိုးတန်း ဆယ်တန်း ကလေးနှစ်ယောက်လောက် စာကျက် Guide လုပ်ချင်ပါတယ်၊ ကျောင်းကသူငယ်ချင်း တချို့လည်း အပိုဝင်ငွေရအောင် လုပ်ကြပါတယ်၊ အဲဒါ လုပ်ရင် သမီး ညအပြန်မိုးချုပ်မှာမို့ ဒက်ဒီ့ကို ကြိုခွင့် တောင်း ..."

"တော်တော့ သမီး"

ဦးရဲလွင်က ခေါင်းကို အသာအယာယမ်းရင်း ...

"ဒက်ဒီ ရှိုင်နားလည်ပြီ၊ သမီး ဘယ်လိုခံစားရမလဲဆိုတာ လည်း ဒက်ဒီနားလည်ပါတယ်လေ၊ ဒါပေမဲ့ ဒီလိုမလုပ်ပါ နဲ့၊ ကျောင်းတစ်ဖက် အလုပ်တစ်ဖက် ဒက်ဒီ မမြင်ချင်ပါ ဘူး၊ သူများလုပ်လည်း သမီးကတော့ မလုပ်ပါနဲ့၊ အမြင် မှာမတူပါဘူး၊ ဆရာဝန်ဖြစ်တဲ့အထိ အေးအေးချမ်းချမ်း စာပဲကြိုးစားပါ၊ သမီး ပညာစုံပြီးရင်လည်း ထိုက်သင့်သလို သမီးဘဝလေးကို ထူထောင်ပေးဖို့ ရည်ရွယ်ထားပြီးသား ပါ၊ မသူဇာနဲ့လည်း ခဏပဲပေါင်းစည်းလိုက်ရတယ်ဆိုပေ မယ့် ရေစက်ပါလာကြလို့သာ ဒက်ဒီတို့ မသူဇာတို့ သမီး တို့ ဆုံစည်းကြရတာပဲ သမီး ...



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလိုက်ရတဲ့အချိန်ကာလ တိုတောင်းပေမယ့် သမီးအမေ မသူဇာဟာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနေ သွားတာပါ၊ တခြားအပြင်မှာတောင် တကူးတက အလှူ ဒါန လုပ်ရသေးတာပဲ သမီး၊ သမီး လူတစ်လုံး သူတစ်လုံး ဖြစ်ဖို့အရေး ဒက်ဒီ တာဝန်ယူထားတဲ့အပေါ် သမီး ဘာမှ အားမနာနဲ့၊ ဒက်ဒီ စိတ်ကူးတစ်ခုရပြီ၊ သမီးကို သတိ ရမှ မုန့်ဖိုးထပေးတာမျိုး ဒက်ဒီလုပ်လို့ သိပ်အဆင်မပြေ ဘူး ...

ဒက်ဒီ မသိနိုင်တဲ့ စရိတ်စကတွေလည်း ရှိမှာဆို တော့ အခု သမီးလည်း ဆယ့်ရှစ်နှစ်ကျော်နေပြီပဲ၊ ဒက်ဒီ သမီးအတွက် သီးသန့် Bank account တစ်ခု လုပ်ထား ပေးမယ်၊ အဲဒီထဲ ပိုက်ဆံများများ သွင်းထားပေးရင် တော်ရုံ သတိမရလည်း အခက်အခဲမရှိ သမီးသုံးစွဲနိုင်မှာ ပေါ့"

ဒီလောက်ထိတောင် မမျှော်လင့်ထားတာမို့ မိုးရော အတိုင်းမသိ ဒက်ဒီ့ကို ကျေးဇူးတင်မိသည်။

"သမီးက တော်ပါတယ်၊ ဒက်ဒီစောင့်ရှောက်ရကျိုးလည်း နပ်တယ်၊ အင်း ... အခြေခံကြီးပြင်းခဲ့ရပုံချင်း မတူညီလို့ လားတော့ မသိဘူးကွယ်၊ သမီးက စိတ်ဓာတ်မာပြီး ဇွဲရှိ သလောက် ဝိုင်းကတော့ စိတ်ပျော့တယ်၊ စိတ်ဓာတ်မခိုင်



မာဘူး၊ ဝိုင်း ခုနောက်ပိုင်း အပေါင်းအသင်း ပေါင်းတာ တွေလည်း ဒက်ဒီမကြိုက်ဘူး၊ စိတ်လေနေသလိုပဲ၊ ကြည့် လိုက်ရင် ဘာမှအကျိုးရှိတာ လုပ်မနေဘူး၊ ဒက်ဒီ စိတ် ပျက်မိတယ် ...

ပြောလိုက်ရင်လည်း လောကကြီးကိုပဲ အရွဲ့တိုက် ချင်သလိုလို လေသံထွက်လာသေးတယ်၊ အိမ်မကပ် အပြင် လျှောက်ထွက် တွဲချင်ရာလူတွေနဲ့တွဲ၊ ဖြစ်ချင်သလိုကိုဖြစ် နေတာပဲ၊ ဝိုင်းအခြေအနေ ခြေလှမ်းတွေကို မိုးရေလည်း တစ်ဖက်တစ်လမ်း ကူကြည့်ပေးပြီး လိုသလို ထိန်းမတ် အကြံပေးပါဦးကွယ် ...

ဒက်ဒီက ဆုံးမမယ်ကြံရင် သူ့ကြီးကြီးက ရှေ့က ကာဆီးကာဆီး၊ သူကပါ ရောဖွံ့ပေး အုပ်ပေးထားတာတွေ နဲ့ မြှောက်ပေးသလို ဖြစ်နေတာ ဝိုင်း တဖြည်းဖြည်းပျက် စီးတဲ့လမ်းစပေါ်ရောက်မှာ စိုးရိမ်မိတယ်၊ ခုကိုပဲ တော်တော် စိတ်လေနေတော့ သမီးလည်း ဝိုင်းကို ကူပြီးတည့်မတ်ပါ ဦးလို့ ဒက်ဒီ အကူညီတောင်းချင်တယ်"

"ဟုတ်ကဲ့ပါ ဒက်ဒီ၊ ဝိုင်းကို ကူကြည့်ပါ့မယ်၊ မကောင်း တာမြင်ရင်လည်း ဒက်ဒီ့ကို အသိပေးပါ့မယ်"

"အေးကွယ်၊ ကဲ ... သမီး လုပ်စရာရှိတာလုပ်၊ နက်ဖြန်ပဲ သမီးအတွက် Bank account လုပ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်ခန်းထဲက မိုးရေ တံခါးဖွင့် ထွက်လာချိန်မှာတော့ ဒက်ဒီမေတ္တာ စေတနာကို လေးစားကျေးဇူးတင်စိတ်နှင့် မိုးရေရဲ့မျက်နှာက ပီတိနှင့် ကြည်မြနေခဲ့သည်။

"ဟင် ... ညည်း စာကြည့်ခန်းထဲ ဘာဝင်လုပ်တာလဲ၊ အထဲမှာ မောင်ရဲ ရှိတယ်မို့လား"

ရုတ်တရက်ပေါ်လာတဲ့ လူရိပ်၊ လေသံကျယ်ကျယ်လောင်လောင်တို့ကြောင့် မိုးရေက လန့်သွားရကာ ...

"မိုးရေ ... ဒက်ဒီကို စကားပြောစရာရှိလို့ ခဏဝင်ပြောတာပါ ကြီးကြီး"

"ဟဲ့ ... စကားပြောစရာရှိတာ မနက်ခင်း ထမင်းစားခန်းမှာတွေ့တုန်းတို့ ဘာတို့ ပြောပေါ့၊ ညကြီးမင်းကြီး စာကြည့်ခန်းထဲ လိုက်ဝင်ပြီး ပြောစရာလား၊ ညည်းအနေအထိုင်မတတ်ပါလား၊ ဟင် ... မိုးရေစက်၊ ကဲ ... ပြောစမ်းပါ ဘာစကားသွားပြောတာလဲ"

"မမ"

နောက်က တံခါးပွင့်ဟလာသံနှင့်အတူ ဒက်ဒီထွက်လာကာ ...

"မမ ... သေးသေးကွေးကွေးကိစ္စလေးတွေကအစ ကလေးကို ချောင်ပိတ်မနေပါနဲ့ဗျာ"

"ဟဲ့ ... မင်း ဘာသိလို့လဲ မောင်ရဲ၊ ဘာကလေးလဲ၊ သင်းက အရွယ်နဲ့မမျှ လူလယ်မဲ၊ သောင်းသက္ကကို လက်ညှိုး





လေးပေါ်တင်ပြီး လှည့်ထားနိုင်ရင်းနဲ့ တစ်ပြိုင်နက် အပြင်မှာလည်း ရှုပ်တီးရှုပ်တုတ် လုပ်ချင်နေသေးတာ၊ ငါသတင်းရပြီးပြီ၊ လက်ပူးလက်ကြပ် မတွေ့သေးလို့သာ"

"ကဲ ... တော်ပါတော့ မမရာ"

ဒက်ဒီက စိတ်ရှုပ်သလို မြည်တမ်းသည်။

✧ ❁ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ဒီနေ့နဲ့ဆို နှစ်ခါရှိပြီ၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကလည်း ကိုကို ကျောင်းကို တစ်ခါလာတာ မိုးရေ မရှိဘူး၊ ဒီနေ့ ကတော့ ကဲင်တင်းမှာ ဝင်းနိုင်ရဲ့ညီမ လဲ့လဲ့နဲ့တွေ့လို့ မိုးရေကို တွေ့မိလားလို့ မေးလိုက်တာ။ ဧည့်သည်လာလို့ ထင်တယ်တဲ့၊ ထွက်သွားတယ်တဲ့"

ဒန်းပေါ်မှာထိုင်ရင်း ကိုကို့မျက်နှာကိုကြည့်တစ်ချက် မကြည့်တစ်ချက် ရင်တထိတ်ထိတ်နှင့် နားထောင်နေရပါသည်။ ဒန်းရှေ့မှာ လက်ပိုက်ရပ်နေတဲ့ ကိုကို့မျက်နှာက ခပ်မှုန်မှုန်လေး စိတ်အနှောင့်အယှက် ဖြစ်နေသလိုပင်။

"သူက မပြောပါဘူး၊ ကိုကိုက မေးလိုက်တာ၊ ဧည့်သည်က ယောကျ်ားလား မိန်းမလားလို့"

မိုးရေက ခေါင်းကိုငုံ့လိုက်ပါသည်။

"ယောကျ်ားတဲ့၊ အဲဒါ ဘယ်သူလဲ မိုးရေ"





"ဟိုးအရင်က အသိပါ"

မိုးရေက ခပ်သွက်သွက် ဖြေလိုက်သည်။

"အသိလောက်ဆိုရင် သူနဲ့ဘာဖြစ်လို့ အပြင်ကိုလိုက်သွားရတာလဲ"

"အပြင်လိုက်မသွားပါဘူး၊ ကျောင်းဝင်းအပြင်နားတင် စကားရပ်ပြောတာပါ"

"ဧည့်သည်လာရင် ကဲင်တင်းမှာတင် ဣန္ဒြေရရ စကား ထိုင်ပြောလို့လည်း ရတာပဲ၊ မိုးရေ အတန်းတွေရောပျက် နေလား၊ နောက်ပိုင်း ကိုကိုကလည်း ကျောင်းကိုသိပ်ရောက် မလာနိုင်တာနဲ့ မိုးရေ အပြင်တွေ ထွက်ထွက်နေတာလား"

"မိုးရေ အတန်းပျက်ခံပြီး အပြင်မထွက်ပါဘူး ကိုကို၊ မုန့်စားဆင်းချိန်တွေပါ"

"နေစမ်းပါဦး၊ အဲဒီကောင်က ခဏ ခဏ ဘာလာလုပ်နေ တာလဲ၊ ရှီးရှီးအသိက ဘာလာလည်စရာအကြောင်းရှိလဲ၊ မနှစ်က ကတည်းက ကြီးကြီးပြောပြောနေတဲ့ လှည်းတန်း မှာလည်းတွေ့တယ်၊ လမ်းတွဲလျှောက်သွားတာလည်း တွေ့ တယ်ဆိုတာ ဒီကောင်ပဲလား"

"ဟင့်အင်း ... အဲဒါတွေက ကြီးကြီး လူမှားတာပါ၊ မိုးရေ မဟုတ်ဘူး"

မိုးရေက ဇွတ်မှိတ်ညာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထားပါတော့၊ ဒီကောင်က ဘာလို့ အကြိမ်ကြိမ် လာနေတာလဲ"

"ဟို ... ဟို ... သူက အဲဒီနားမှာ သူ့အလုပ်နဲ့နီးလို့ပါ"

"ကျွတ် ... အလုပ်နဲ့ပဲနီးပါဦး၊ အသိမိတ်ဆွေက အလကား နေရင်း လာလည်နေစရာ အကြောင်းမရှိပါဘူး၊ ဘာလဲ မိုးရေကို ကြိုက်နေတာလား"

"အာ ... မဟုတ်ပါဘူး"

မိုးရေသည် အစ်ကိုချမ်းအေးကိုသာ စိတ်ထဲကကျိတ်ကာ ကျိန်ဆဲနေမိပါတော့သည်။ ခုနောက်ပိုင်း အစ်ကိုချမ်းအေးဟာ မနစ်ကထက်ပင် ပိုလာသည်။ မိုးရေကလည်း မြို့ထဲက လမ်းမတော်ဆေးကျောင်းတက်နေရပြီဆိုတော့ လမ်းပိုကြုံရသည်။ ငွေသောင်းဂဏန်းလောက်လိုမှ လာတာမဟုတ်။ လမ်းစရိတ်မရှိလို့ တစ်ထောင်လောက်ပေးလိုက်စမ်းပါ ဆိုတာမျိုးနှင့်လည်း လာ တောင်းတတ်သည်။ မတောင်းဘဲနဲ့တော့ မလာပါ။ အဲဒါဟာ အစ်ကိုရင်းပါလို့လည်း ဘယ်သူ့ကိုမှ မိုးရေ အသိမခံချင်ပါ။

နဂိုကပင် သဘောမတူဘူးဆိုတဲ့ အန်တီဖြူထံမှာ ကိုကို့ခမျာ အတင်းအဓမ္မတိုက်ပွဲဝင်နေရကုန်း ကလေကချေအစ်ကို ဟစ်ယောက် ရုတ်တရက် ပေါ်ပေါက်မလာစေလိုတာ တစ်ချက်။ အစ်ကိုရင်းပါလို့ ပြောလိုက်ရင် အိမ်ကကော ကိုကိုကပါ "သြော် အင်း"လို့ ပြီးသွားကြမှာ မဟုတ်။ တွေ့ဆုံမေးမြန်း အတည်ပြု





တာတွေ ရှိလာမှာပေါ့။ အဲဒီကျရင် လမ်းစပွင့်သွားမယ့် အစ်ကို ချမ်းအေးဟာ ဒက်ဒီ့ထံလည်းကောင်း၊ ကိုကို့ထံလည်းကောင်း ဝင်ကာထွက်ကာ တောင်းကာရမ်းကာနှင့် အရှက်မရှိ လိုချင်မျက်စိ တွေ ဖြစ်နေမှာ မိုးရေ အသိဆုံးပါ။

အဲသလို ကိုယ့်သိက္ခာနဲ့ကိုယ်မနေဘဲ တောင်းလား ရမ်းလား ချေးလား ငှားလား လုပ်နေမယ့် အစ်ကိုတစ်ယောက်ကို ကိုယ်တိုင်တောင် မိခိုကပ်ရပ်နေရတဲ့ဘဝမှာ ပွဲထုတ်မိတ်ဆက်ခြင်း ပြုမထားလိုပါ။ အို ... လုံးဝကို အသိခံဖို့ စိတ်ကူးမရှိ။

"ဒါဖြင့် နောက်ကို ဒီကောင်လာရင် မိုးရေ ဘာမှအပြင်ထွက် တွေ့စရာ မလိုဘူး၊ နောက်ပြီး ကျောင်းကိုလာမလည်ဖို့ ပြောထားရင်လည်း ရတာပဲ"

"ဟုတ်ကဲ့ပါ ကိုကို၊ မိုးရေ ပြောလည်းပြောထားပါတယ်"

"ဒါဖြင့်လည်း ပြီးတာပဲ၊ စာမေးပွဲက ဘယ်နှရက်မှမလို တော့ဘူး၊ စာရရဲ့လား။ သာ့ဒ်အမ်ဘီက စက္ကန်းအမ်ဘီ လောက် စာမေးပွဲမကျဘူးဆိုပြီး ပေါ့လျော့မနေနဲ့နော် မိုးရေ"

"ဟုတ်ကဲ့ပါ ကိုကိုရယ်"

"မကြာခင် ကိုကိုတို့ ပို့စတင်တွေလည်း ထွက်တော့မှာ၊ နယ်တောင်မှ ခပ်နီးနီးမြို့ကျပါစေလို့ ဆုတောင်းနေရတယ်၊ မိုးရေကိုလည်း စိတ်မချပါဘူး၊ ခုတလောလည်း မိုးရေ



www.burmeseclassic.com

www.burmeseclassic.com



အရိုပ်အကဲက တစ်မျိုးပဲ။ ကိုကို့မှာ အိမ်ကိုအရမ်းအတိုက်အခံ ရှင်ဆိုင်ဟားတယ်ဆိုတာ မိုးရေ အသိနော်၊ အရေးကဲမှာ ကြီးကြီးက မိုးရေ မကောင်းသတင်းများဆို မေမေ့ကို မိနစ်မဆိုင်း အသိပေးချင်တာ၊ ကြီးကြီး ဘာတွေပြောထားလဲ အတိအကျ အကုန်မသိပေမယ့် မိုးရေအပေါ် မေမေက ပိုပိုအမြင်မကြည်လာတာလေးတွေ ကိုယ်ကြုံနေရတော့ အိမ်မှာလည်း စိတ်မချမ်းသာဘူး မိုးရေရယ်၊ လိမ်လိမ်မာမာ နေစမ်းပါ”

မိုးရေက ကိုကို့ကို အားနာကြင်နာစွာ ငေးစိုက်ကြည့်မိရင်း ရင်လည်းနာမိသည်။ အိမ်မှာမျက်နှာသာရစေပြီး အိမ်က ကိုကို့မိဘ လိုလားကြည်ဖြူနိုင်မည့် မိန်းကလေးတစ်ယောက် မဖြစ်ခဲ့မိတာအတွက် တောင်းပန်ပါတယ် ကိုကိုရယ်။ ကိုကို့အမေ မကြည်ဖြူ ကန့်ကွက်နေတဲ့ကြားက နောက်မဆုတ်လိုက်ဘဲ ခုချိန်ထိ မိုးရေဘက်က ရပ်တည်ကာ ချစ်နေပေးသေးတဲ့ ကိုကို့ကိုလည်း ကျေးဇူးတင်မဆုံးပါဘူး ကိုကိုရယ်။

“တီ … တီ … တီ”

မိုးရေက ခြံဝင်းအပြင်ဘက်က တီးလိုက်တဲ့ ရေသန့်ကားရဲ့ဟွန်းသံကြောင့် အိမ်ထဲဘက်လှည့်ကာ “မမကြည်ရေ” လို့ အသံပြုတော့မည် ပြင်ပြီးမှ ခြံပြင်ကို ခေါင်းနပန်းကြီးကာ နောက်တစ်ကြိမ် ထပ်ကြည့်လိုက်မိပါသည်။ ဆယ့်ငါးပေလောက်ဝေး





ကျယ်တဲ့ လမ်းသွယ်ရဲ့ ဟိုဘက်ခြမ်း မျက်စောင်းထိုးခြံရဲ့အဝင်ဘက်ထုတ်ကာ ဒိုက်ထားသော ဂျားဖားအုန်းပင်ကြီးရဲ့နံဘေး ရပ်နေတဲ့သူကို မယုံကြည်နိုင်လောက်အောင် လှမ်းတွေ့လိုက်ရပြင်။

အံ့လည်းသြ လန့်လည်းလန့်၊ မျက်နှာလည်းပျက်တာ ကမန်းကတန်း ထရပ်မိလျက် …

“ကိုကို … ခဏလေး၊ ရေသန့်ဖိုး သွားယူလိုက်ဦးမယ်”

“မကြည် မရှိဘူးလား”

“သူ … ဟို … သိပ်မအားလို့”

အိမ်ပေါ်အပြေးတက်၊ ရေသန့်ဘူးဖိုး၊ ဂျာနယ်ဖိုး၊ သတင်းစာဖိုး စသဖြင့် အလွယ်တကူ ယူပေးနိုင်ဖို့ အသင့်ထည့်ထားတတ်တဲ့ ရှိုးကေ့စ်အံဆွဲလေးထဲက ပိုက်ဆံတစ်ထောင်ကိုယူပြီး ဟိုးခြံဝအထိ အပြေးထွက်ခဲ့သည်။ တကယ်တော့ ရေသန့်ကားပေါ်က အလုပ်သမားတွေက နေ့စဉ်ယူနေကျ ရေသန့်နှစ်ဘူးဆိုသယ်ကာ အိမ်ရဲ့ဘေးတံခါးပေါက်၊ ထမင်းစားခန်းဝအထိ ပို့ပေးမြဲပါ။

သူတို့လက်ထဲ ပိုက်ဆံတစ်ထောင်ထည့်လိုက်ရင်ပြီးတာပဲ ဖြစ်ပေမယ့် မိုးရေမှာ ကိုယ်တိုင်ကိုယ်ကျ ခြံပြင်ထွက်မှဖြစ်တော့မည့် အခြေအနေကိုး။ ဘာလာလုပ်ပြန်တာလဲ အစ်ကိုချမ်းအေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

မိုးရေသည် ရေသန့်ကားကြီးနှင့် ကွယ်ရပ်ကာ ခြံထဲမှ ကိုကို လှမ်းမမြင်အောင် နေရာယူပြီးမှ ချမ်းအေးကို လက်ယပ်ခေါ်လိုက်သည်။ လေးတွဲ့လေးကန် ရောက်လာလျှင် ...

"အစ်ကို ဘာလာလုပ်နေတာလဲ"

"နင် ငါ့ကို ပိုက်ဆံသုံးသောင်းလောက် အခုပေးနိုင်မလား"

"လာပြန်ပြီလား သုံးသောင်း၊ မပေးနိုင်ဘူး၊ အိမ်အထိ လိုက်လာတာ အစ်ကိုလွန်ပြီနော်၊ အခုပြန်ပါ"

"အေး ... နင့်ကိုပြောရင် ငွေလေးသုံးသောင်းလောက်ကို ဂျီဂျအီအ လုပ်နေမယ်ဆိုတာ သိပြီးသား၊ ဒါကြောင့် ဒီတစ်ခါ နင့်ဆီကတောင်းဖို့ ရည်ကိုရည်ရွယ်မထားဘူး"

"တောင်းဖို့မရည်ရွယ်ရင် ဘာလို့လာရပ်နေသေးလဲ"

"သူများဆီက တောင်းမှာ"

"ဘာ ... အစ်ကိုနော်၊ ဘာစကားပြောနေတာလဲ၊ မိုးရေတို့ ဘာဖြစ်လို့ ဒုက္ခပေးချင်ရတာလဲ၊ မိုးရေကိုယ်တိုင် သူများအိမ်မှာ မှီခိုနေရတယ်ဆိုတာ ..."

"တော်စမ်းပါဟာ နားငြီးလိုက်တာ၊ ငါ နင့်ဆီက တကယ်တောင်းမလို့ မဟုတ်ဘူး၊ နင်က သုံးသောင်းလောက်တောင်ရင်ကိုပဲ ကမ္ဘာပျက်မလို ဖြစ်နေတာ၊ ငါ ဝိုင်းတုန့်သည်းဆီက တောင်းဖို့လာတာ"

"ဘာ ... ဘာပြောတယ်"





မိုးရေ ဆတ်ဆတ်တုန်သွားကာ အော်ပစ်လိုက်ဆဲ ဝိုင်းမောင်းလာတဲ့ ပြိုင်ကားနီနီရဲရဲကလေးက မိုးရေတို့နံဘေးမှ ဖြည်းဖြည်းဖြတ်ကာ ခြံထဲမောင်းဝင်သွားပြီး ကားပေါ်မှ ဝိုင်းက မိုးရေတို့ကို လည်ပြန်လှည့်ကြည့်သွားပါသည်။

"ဝိုင်း ... ဝိုင်းတွေ့သွားပြီ၊ အစ်ကို ပြန်တော့"

"နင် ဘာတွေ ဒီလောက်ကြောက်နေတာလဲ၊ ဘာဂရုစိုက်ရမှာလဲ၊ ချမ်းအေးညီမ မဟုတ်တာ ကျနေတာပဲ၊ ဘာမှ ဒီလောက်ကြောက်လန့်မနေနဲ့"

"လူဆိုတာ ဘာမှအပြစ်မရှိရင် ဘာမှကြောက်စရာမလိုဘူး အစ်ကို၊ အခု မိုးရေက အပြစ်ရှိတဲ့သူမို့လို့ ကြောက်နေတာ သိရဲ့လား"

"ဘာအပြစ်လဲ"

"ဒက်ဒီက မိုးရေကိုပဲ တာဝန်မကင်းလို့ တာဝန်ယူထားတာ၊ ဒက်ဒီအဲသလိုထုတ်ပေးထားတဲ့ ပိုက်ဆံထဲက ဒက်ဒီတို့မသိအောင် အစ်ကို့ကို ခိုးပေးနေတာ ခိုးထောက်ပံ့နေတာ အပြစ်ပေါ့၊ ဒက်ဒီ့ပိုက်ဆံတွေ အလွဲသုံးနေရသလိုပဲ"

"သွားစမ်းပါဟာ။ နင် အဲသလောက်ဖြစ်နေလို့ နင့်ဆီကလည်း ငါက မတောင်းချင်တော့တာ၊ ဝိုင်းဆီကပဲ တောင်းမယ်လို့ ပြောပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဝိုင်းဆီက တောင်းရမှာလဲ၊ အစ်ကိုနဲ့ ဝိုင်းနဲ့ သိလည်းမသိဘဲနဲ့"

"သိတယ်၊ ဘာလို့မသိရမှာလဲ ... ကျွတ်"

မိုးရေသည် အံ့အားသင့်ပြီး ချမ်းအေးကို မျက်လုံးပြူးနှင့် စိုက်ကြည့်နေမိသည်။ အစ်ကိုဟာ လူက ကလေကချေဖြစ်ပေမယ့် ညာတော့မပြောတတ်တာ မိုးရေ သိသည်။ ဝိုင်းနဲ့တကယ်ပဲ သိနေတာဖြစ်မှာ။ ဒါဆိုရင် အခု မိုးရေနဲ့ အစ်ကိုချမ်းအေးကို ဝိုင်း မြင်သွားပြီဆိုတော့ ပြန်ထွက်လာနိုင်သည်။

"ဟို ... ဟို ... မိုးရေနဲ့ မောင်နှမဆိုတာ ဝိုင်း ... ဝိုင်း သိလား"

"မသိပါဘူး ... ပူမနေစမ်းပါနဲ့"

"ဒါဖြင့် အစ်ကို ခုပြန်တော့၊ ခုချက်ချင်းပြန်ပါ၊ နက်ဖြန် ပိုက်ဆံသုံးသောင်း အစ်ကို့ကိုပေးပါ့မယ်၊ တကယ်ပေးပါ့မယ်၊ အခုတော့ ညီမလေးကို သနားရင်ပြန်ပါနော် ... အစ်ကို ... နော်၊ ဝိုင်းဆီက မတောင်းပါနဲ့ အစ်ကိုရယ်၊ တောင်းပန်ပါတယ်၊ သွားတော့နော် အစ်ကို၊ ဒီကားထွက်သွားရင် သူတို့ တွေ့သွားလိမ့်မယ်"

ချမ်းအေးက မိုးရေကို မကျေမချမ်း မကြည်မလင်ကြည့်နေရင်းက မှုန်တေတေရုပ်နှင့် ချာခနဲ လှည့်ထွက်သွားလေသည်။ မိုးရေက ရေသန့်ကားဆီ ပိုက်ဆံတစ်ထောင်လှမ်းပေးပြီး





ခြံထဲခလုတ်တိုက်လဲမတတ် ပြန်ပြေးဝင်လာသည်။ ကိုကိုကဒန်းပေါ်မှာထိုင်နေပြီး ဝိုင်းက ကိုကိုနှင့်မလှမ်းမကမ်းမှာ လက်ပိုက်ရပ်လျက် မိုးရေ ဝင်လာတာကို ခပ်တည်တည် လှမ်းကြည့်နေသည်။ မိုးရေ နီးကပ်လာလျှင် ...

"အဲဒီလူက နင်နဲ့ ဘယ်လိုပတ်သက်နေလဲ"

"ဘယ် ... ဘယ်သူလဲ"

"ခုန နင်နဲ့ စကားရပ်ပြောနေတဲ့သူ"

"ငါ ... ငါ ရေသန့်ဖိုး သွားပေးတာလေ"

"မိုးရေ ... နင် ခုတလော ဘာဖြစ်လို့ ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်နေရတာလဲ"

ဝိုင်းအသံက ကျယ်လောင်နေတာမို့ မိုးရေ ကိုကို့ကို အလန့်တကြား ကြည့်မိသည်။ ကိုကို့မျက်နှာကလည်း မှုန်မှိုင်းနေလေသည်။ မိုးရေကို စေ့စေ့ကြည့်နေတဲ့ မျက်ဝန်းများထဲမှာ ဝေခွဲမရတဲ့ ရှုပ်ထွေးခြင်းတွေ အရိပ်ထင်နေသည်။

"နင် ငါနဲ့ပတ်သက်သမျှလူတွေအားလုံးကို လိုက်ပတ်သက်ပါမယ်လို့ သစ္စာအဓိဋ္ဌာန်ပြုထားသလား ... ဟင်၊ နင့်စိတ်ကူးတွေကို ငါ လိုက်မမီတော့ဘူး၊ မွေးကတည်းက ငါနဲ့ချစ်ခင်ရင်းနှီးလာတဲ့ ကိုကို့ကိုလည်း နင် အလွယ်တကူလေး သိမ်းပိုက်လိုက်တယ်၊ အခု ဒီလူက ဘာမို့လို့ နင်က လိုက်ပတ်သက်ချင်ရပြန်တာလဲ ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ ... သူက ... ဘယ်သူလဲ၊ နင်နဲ့ ဘယ်လို ..."

"သူ ဘယ်သူလဲ နင်သိမှာပေါ့၊ ခုန နင်နဲ့စကားပြောနေတာ ငါမျက်စိနဲ့ တပ်အပ်တွေ့တယ်၊ ဘာတွေပြောနေတာလဲ မှန်မှန်ပြော၊ နင်နဲ့သိတယ် မဟုတ်လား"

"ဟင့်အင်း ... သူ ... သူက ဒါ အိမ်နံပါတ်(...)မဟုတ်လားမေးလို့ ငါ ပြောတာပါ"

ဝိုင်းက မျက်ဝန်းများကို မှေးကျဉ်း၍ မိုးရေကို ကြည့်နေပါသည်။

"သူ ငါ့ဆီလာတာပဲနေမှာပေါ့၊ နင် ဘာပြောလိုက်လို့ လှည့်ပြန်သွားရတာလဲ"

"နင့်ဆီ သူက ဘာ ... ဘာလာလုပ်တာလဲ၊ နင့်အသိလား ဟင် ... ဝိုင်း"

"ဟုတ်တယ် ... ငါ့အသိမိတ်ဆွေ"

"ဘယ်လိုလုပ် သိတာလဲ"

"ဘယ်လိုသိသိ နင့်အပူလား၊ နင်က ဘာကိစ္စမေးရတာလဲ"

"ဟို ... သူ ... သူ့ပုံစံက နင့်မိတ်ဆွေလို့ ယုံစရာမရှိလို့ပါ ဝိုင်းရယ်"

"သူက ကားဝယ်ရောင်းလုပ်တဲ့လူ"

"ဟင်"



"ငါ ကားစ,မောင်းမောင်းချင်း ဒက်ဒီ ဝယ်ပေးတဲ့ကားကို ငါ ဒီပြိုင်ကားနဲ့လဲတော့ ကားပွဲစားတန်းမှာ ကားသမားတွေ ပွဲစားတွေနဲ့ ဆက်ဆံရရင်းက ငါနဲ့သိတာ၊ နင်နဲ့သိစရာအကြောင်းတော့ စဉ်းစားလို့တောင် မရဘူး၊ ခုနက နင်တို့စကားပြောနေတာ ငါတွေ့တယ်၊ ငါထွက်လာမလို့ပဲ၊ ဒါပေမဲ့ ဘာမဟုတ်တဲ့ ယောကျ်ားလေးမိတ်ဆွေတစ်ယောက်အတွက်နဲ့ ငါနဲ့နင် အခြေအတင် သူ့ရှေ့မှာ စကားပြောရတာ မဖြစ်ချင်လို့ ထွက်လာတော့တာ၊ သိရဲ့လား မိုးရေ၊ နင် ကိုကို့မျက်နှာလေး ဘာ့လေးလဲ ထောက်ဦး"

ဝိုင်းက သူ့နားထင်ကို လက်ညှိုးလက်မလေးနှင့် ညှပ်ကာ ခေါင်းကိုက် ခေါင်းနောက်လာသလို အိမ်ထဲလှည့်ဝင်သွားပါတော့သည်။ မိုးရေသည် ကိုကိုရှေ့မှာ ငူငူကြီးရပ်ရင်း ပူပူထူထူကျန်ခဲ့ကာ ငိုချလိုက်ချင်စိတ်နှင့် တလှိုက်လှိုက် ဖြစ်လာသည်။ စိတ်ရှုပ်နေပုံရတဲ့ ကိုကို့မျက်နှာထားကြောင့် ဝမ်းနည်းရသည်။

မိုးရေ ဘာကြောင့် ဒီလောက် ကံတွေဆိုးပါလိမ့်။ ဟိုးငယ်ငယ်ကတည်းက ကံကောင်းလှတယ်ရယ်လို့ ဘယ်တုန်းကမှမရှိခဲ့တာ၊ အမေနှင့် ဒက်ဒီယူဖြစ်တော့ ကံများကောင်းလာမလား မှတ်သည်။ ဒက်ဒီအိမ်သားတွေက သိပ်မကြည်ဖြူတာကို ခံရတဲ့အပြင် အမေကလည်း သက်ဆိုးမရှည်ဘဲ စောစောစီးစီး ကွယ်လွန်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးရေ ဘဝလေးဟာ တည်ငြိမ်သာယာရမယ်လို့ကို မရှိဘဲ ကံအဆိုးကပဲ အမြဲလှုပ်တစ်ပြက် ဖောက်ဖောက်ဝင်လာတော့တာပါပဲ။

"ကဲ ... ကဲ ... မိုးရေ၊ အိမ်ထဲဝင်တော့၊ ကိုကိုလည်းပြန်မယ်၊ မင်းထင်ရာတွေ စိတ်ကူးပေါက်တာတွေကို တိမ်တိမ်လေးတွေးတွေးပြီး လျှောက်လုပ်မနေစမ်းပါနဲ့ကွာ"

မိုးရေ မျက်ရည်လည်၍ ငြိမ်သက်နေမိသည်။



## ၁၇

"ဟယ်လို"

"ဝိုင်းတုန်လား"

အသံကြောင့် မိုးရေသည် အသက်ရှူပြင်မှားသွားကာ ...

"ဟင် ... အစ်ကို ... အစ်ကိုချမ်းအေး မဟုတ်လား"

"ကျုတ် ... နင်ဟာ တကယ်အရှုပ်ပဲ၊ အရေးထဲ နင်ကိုင်တာနဲ့မှ တိုးရသေးတယ်"

"ဝိုင်းက အိမ်ဖုန်းကိုင်ခဲတာပဲဟာ၊ သူ့ဟဲန်းဒ်ဖုန်းပဲ သူကိုင်တာ"

"အောင်မာ ... နင်က သူ့ဟဲန်းဖုန်းနံပါတ် ငါသိခွင့်မရထားဘူးများ ထင်နေလား၊ သိတယ်၊ ငါ အကြိမ်ကြိမ်လည်း ဆက်ဖူးတယ် နားလည်လား၊ အခုက သူ့ဖုန်းပါဝါပိတ်ထားလို့ ငါက ဒီကိုဆက်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ... ဝိုင်း ... ဝိုင်းကို မနှောင့်ယှက်ပါနဲ့၊ မိုးရေ တောင်းပန်ပါတယ်"

"ငါက နှောင့်ယှက်နေတယ်လို့ နင့်ဝိုင်းက ထင်နေလိမ့်မယ်လို့ နင်ထင်လား မိုးရေ၊ ငါနဲ့ပေါင်းသင်းဆက်ဆံရတာ ခင်မင်ရတာကို နင့်ဝိုင်းက ပျော်နေတာ ... ဟား ဟား၊ သူ မရောက်ဖူးတဲ့နေရာတွေရောက်ရ၊ သူ မကြုံဖူးတာတွေ ကြုံရ"

မိုးရေသည် စိတ်တိုလာကာ ...

"အစ်ကို ... ဝိုင်းကို ဘာရည်ရွယ်ချက်နဲ့ ပတ်သက်နေတာလဲ၊ အစ်ကိုနဲ့ ဝိုင်းနဲ့ အဆင့်ချင်း အဝေးကြီးဆိုတာ အစ်ကိုနားလည်ထား၊ အစ်ကို့လို ကိုးတန်းတောင်မအောင်၊ ဝင်ငွေရယ်လို့ မယ်မယ်ရရရှိအောင်တောင် အလုပ်အကိုင်မရှိတဲ့ လူစားကို ဝိုင်းက .အတည်တကျ စိတ်ကူးထဲထည့်မယ် ထင်နေလား"

"ဟား ဟား ... ငါကလည်း သူ့ကို အတည်တကျ စိတ်ကူးထဲ မထည့်ပါဘူး၊ သူကသာ ငါ့ကို ဟိုချိန်းဒီချိန်း ဟိုပို့ခိုင်း ဒီပို့ခိုင်း လုပ်နေတာ၊ တကယ်တမ်းက ငါ့ဘော်စ်က သူ့ကိုကြိုက်နေတာပါဟာ၊ ငါနဲ့သူက အလွမ်းသင့်နေတော့ ငါ့ဘော့စ်က ငါ့ကို တစ်တန်းတန်း တွဲခေါ်နေတာ"





"အစ်ကိုဘော့စ်ဆိုတာ ဟိုတစ်ခါ မိုးရေဆီလာတုန်းက လိုက်ပို့တဲ့ ကားပေါ်ကလူလား၊ ပိုက်ဆံရှိပြီး အဆင့်မရှိတဲ့ ဟာကြီး။ အစ်ကိုရယ် ... ဝိုင်း ပျက်စီးရာ ပျက်စီးကြောင်းဖြစ်မယ့်ကိစ္စတွေမှာ မပါပါနဲ့၊ ဘယ်သူ့ဘာလုပ်လုပ် မိုးရေရဲ့အစ်ကို ချမ်းအေးကတော့ ဝိုင်းအပေါ် မကောင်းမကြံပါနဲ့ အစ်ကိုရယ်"

"ကျွတ် ... မိုးရေစကား၊ နင်ဟာ နင့်အတွက်ပဲ နင်ကြည့်တဲ့ အတ္တကြီးတဲ့ မိန်းမပဲ"

"မိုးရေရဲ့အခြေအနေ ပျက်ပြားမှာစိုးတာ တစ်ခုတည်း စိုးရိမ်ပြီး တစ်ကိုယ်ကောင်းတွေးနဲ့ ပြောတာမဟုတ်ဘူး အစ်ကို၊ ဘယ်ဘက်ကတွေးတွေး ဝိုင်းက မိုးရေ ကာကွယ်ပေးရမယ့်သူပါ"

"ဟား ... နင်နဲ့တွေ့ရင် သောင်ညို သောင်ညိုနဲ့ တကယ်နားငြီးတယ်၊ တော်ပြီဟာ၊ နင် ဝိုင်းကိုပြောလိုက်၊ နက်ဖြန်ချိန်းထားတဲ့ အစီအစဉ်ကို မအားလို့ သန်ဘက်ခါရွှေ့လိုက်တယ်လို့ ... ဒါပဲ"

"အစ်ကို ... အစ်ကို"

တစ်ဖက်က ဖုန်းကျသွားပြီမို့ မိုးရေက ဖုန်းကိုစိတ်ညစ်ညစ်နှင့် ပြန်တင်လိုက်ရကာ ဖုန်းဘေးက ထွက်ခဲ့သည်။ အိမ်ပေါ်မှာ ဝိုင်းမရှိ။ ဝိုင်းကိုလိုက်ရှာရင်း ခြံထဲဆင်းခဲ့သောအခါ ဟိုးနောက်ဘက် ခြံစည်းရိုးစပ်က မြက်ခင်းပြင်မှာ ထိုင်နေသော



www.burmeseclassic.com

ဝိုင်းကို လှမ်းမြင်ရပါသည်။ မြက်ခင်းပေါ် ခြေဆင်းကာ အေးအေး လှလှထိုင်ရင်း ဝိုင်းက ခြံစည်းရိုးသံတိုင်များကို မှီထားသည်။ အဲဒီခြံစည်းရိုးသံတိုင်များမှာ ပန်းရောင်ပန်းပွင့်ကလေးများ ပွင့်နေသည့် နွယ်ပင်လေးတွေ နွယ်ယှက်လျက်။

မိုးရေက ဝိုင်းနှင့် မလှမ်းမကမ်းတွင် ရပ်လိုက်ရင်း —

"ဝိုင်း ... နင့်ဆီ ဖုန်းလာတယ်"

"မရှိဘူးလို့ ပြောလိုက်"

"ဖုန်းချသွားပါပြီ"

"ဒါဆိုလည်းပြီးရောပေါ့၊ ဘယ်သူလဲ"

"ကိုချမ်းအေး ဆက်တာ"

"ကိုချမ်းအေးဆိုတာ ဘယ်သူလဲ"

ဝိုင်းရဲ့ဇဝေဇဝါမျက်နှာကို မိုးရေက အံ့အားတသင့် ကြည့်နေမိသည်။

"ဩော် ... နင် ကိုချမ်းကိုပြောတာ၊ သူ့နာမည်က ကိုချမ်းအေး တဲ့လား၊ ငါတောင် မသိဘူး၊ နင် ဘယ်လိုလုပ်သိလဲ"

"သူပြောလို့ သိတာပေါ့"

ဝိုင်းက သံတိုင်များကိုမှီထားသော ခေါင်းလေးကို မတ်ကာ ပြုံးစစနှင့် ...

"ဟုတ်ရဲ့လား မိုးရေ၊ နင် သူ့ကိုမသိဘူးဆိုတာ၊ သူ့ကို ငါက မိုးရေစက်ကို သိလားလို့ မေးကြည့်တော့ သူကသိ သွားပဲလို့ ဖြေတယ်"





"ဝိုင်း ... နင် သူ့ကို မပတ်သက်ပါနဲ့ဟာ၊ သူက နင့် အတွက် ကောင်းတဲ့လူတစ်ယောက် မဟုတ်ဘူး၊ ဘယ်နည်း နဲ့မှ ပေါင်းဖို့မသင့်ဘူး"

"နင် ဘယ်လိုလုပ်ပြီး ပြောနိုင်လဲ၊ နင်ပြောတာ ယုတ္တိရှိ တယ်၊ လက်ခံလောက်တယ် ထင်ရင် ငါလက်ခံမှာပေါ့၊ ခုထိတော့ သူက ခင်ဖို့ကောင်းသားပဲ၊ သူနဲ့ခင်ရတာ ပျော်စရာကောင်းပါတယ်။ နင်တို့ ဘာတွေပူနေကြတာလဲ"

"ကောင်းပြီ ဝိုင်း၊ ယုတ္တိရှိဖို့လိုရင် ငါပြောမယ်၊ ငါ သူနဲ့ သိတယ်"

မိုးရေက မျက်စိမှိတ်၍ ဝန်ခံလိုက်ရပါသည်။

"ဟား ဟား ... ငါ သိသားပဲ၊ မသိဘူးဆိုရှာ နင်ညာညာ ပြောနေတာ၊ ငါနဲ့ခင်နေမှန်းသိပြီးတဲ့နောက်ပိုင်း နင်လည်း ဒီလူကို လိုက်ပတ်သက်နေတယ် မဟုတ်လား၊ အေး ... ငါ နားမလည်တာက • နင် ဘာဖြစ်လို့ ဒီလောက်တောင် ငါ့ကို ပြိုင်နေ တုနေတယ်ဆိုတာပဲ၊ ကြီးကြီးပြောပြောနေ တာကို ငါက မယုံခဲ့တာ၊ ခုတော့ ယုံလာပြီ မိုးရေ၊ ကိုကို့ ကို နင် အပိုင်စီးပစ်လိုက်တာကတော့ ထားပါတော့ဟာ၊ ကိုကိုက ဆရာဝန်လောင်း သူဌေးသား လူတော်ဆိုတော့ နင်လည်း ပုထုဇဉ်မို့ မက်မိမှာပေါ့လေ၊ အခု ဒီလို ဘာမှ မဟုတ်တဲ့ သာမန်လူတစ်ယောက်ကိုလည်း ငါနဲ့ပတ်သက်

www.burmeseclassic.com



တယ် သတင်းကြားတာနဲ့ နင် လိုက်ပတ်သက်ပြန်ပြီ၊ ငါ လုံးဝမစဉ်းစားတတ်တော့ဘူး မိုးရေ”

မိုးရေက သက်ပြင်းတစ်ချက် စိတ်ပျက်လက်ပျက် မှုတ်ထုတ်ရင်း ...

“ဝိုင်း ... ကိုချမ်းအေးကို နင်နဲ့ပတ်သက်မှန်း ငါသိတာ မကြာသေးပါဘူး၊ ငါက သူနဲ့ ဟိုးအစောကြီးကတည်းက သိ ... သိပြီးသားပါ”

“ဩော် ... ဩော်”

“နင် မယုံလည်း မတတ်နိုင်ဘူး ဝိုင်း၊ ဒါပေမဲ့ သူ့အကြောင်းတော့ ငါ-ကောင်းကောင်းသိတယ်၊ သူက ကိုးတန်းတောင် မအောင်သေးဘူး၊ ပြီးတော့ နင်ထင်နေသလို ကားဝယ်ရောင်းလုပ်နေတဲ့ အဆင့်လောက်လည်း မရှိဘူး၊ ကားဝယ်ရောင်းလုပ်တဲ့ လူတစ်ယောက်ရဲ့တပည့်အဆင့်ပဲ၊ ငယ်ကတည်းက ရပ်ကွက်ထဲမှာ လူဆိုးဂျပိုးပါ၊ အိမ်ပြေးတစ်ယောက်ပါ၊ အရင်က ငါတို့နဲ့ ... ငါတို့နဲ့တစ်ရပ်ကွက်တည်းပါ”

မိုးရေသည် ရင်ထဲ မောကျပ်လာပါသည်။ လိမ်ရညာရတာတွေ များနေပြီကော။

“ဩော် ... ငယ်ငယ်က ရပ်ကွက်ထဲက နင့်ရည်းစားထင်တယ်”





“လုံးဝမဟုတ်ဘူး”

“မဟုတ်ရင် သူ နင့်ကို ဘာဖြစ်လို့ ကျောင်းမှာလာလာတွေ့နေလဲ၊ အပြင်မှာ ဘာကြောင့် ချိန်းတွေ့ကြလဲ၊ နင်တို့ အကြိမ်ကြိမ် တွေ့ကြတာကို ငါ ကောင်းကောင်းသိတယ်၊ နင့်ဖြောင်လိမ်ပြီး ဘူးကွယ်နေတာကို မဖော်နိုင်သေးပေမယ့် ငါသိနေတယ်၊ အေး ... ပြောရရင်တော့ ငါ သူနဲ့ဆက်ဆံ ခင်မင်ပေါင်းသင်းနေတာထဲမှာ အဲဒါလည်း တစ်ကြောင်းပါတယ်၊ နင်တို့ပတ်သက်မှုကို ဖော်ချင်လို့၊ နားလည်လား မိုးရေ”

မိုးရေက ဝိုင်းကို စိုက်ကြည့်ရင်း မျက်ရည်ရစ်လည်လာသည်။ ဟိုးအရင်က ကြီးကြီးက တစ်စုံတစ်ရာ ဖိနှိပ်လျှင် မိုးရေဘက်က ဝင်ဝင်ကာကွယ်ပေးတတ်ခဲ့သေးတဲ့ ဝိုင်းဟာ နောက်ပိုင်းမှာ ကိုကိုနှင့် မိုးရေ ချစ်သွားကြပြီးတဲ့နောက်မှာတော့ မိုးရေအပေါ် ဇေတနာထားနိုင်မှု အကောင်းမြင်နိုင်မှုတွေ တဖြည်းဖြည်း လျော့ပါးလာခဲ့တာ။

ဒါဟာလည်း တကယ်တော့ သဘာဝပဲပေါ့။ ဝိုင်းကို ကိုယ်ချင်းစာပါသည်။ သူ ငယ်ငယ်ကတည်းက စွဲလမ်းချစ်ခင်ခဲ့သူက မိုးရေကိုမှ ချစ်သွားခဲ့ကာ မိုးရေကလည်း လက်ခံခဲ့တာကိုး။ ဝိုင်းရဲ့အသည်းနှလုံးများ နာကျင်ပေမည်။ ဒါပေမဲ့ ဝိုင်းရယ်၊ နင့်ကိုပြိုင်ဖို့၊ နင့်ကိုနိုင်ဖို့၊ ကိုကို့ကို အပိုင်စီးခဲ့တာ မဟုတ်ကြောင်းတော့ နင် ယုံပေးသင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာကော ချစ်တတ် မြတ်နိုးတတ်တဲ့ အသည်းနှလုံးဆိုတာ မရှိရတော့ဘူးလားဟင်။ ဆင်းရဲပေမယ့် မိဘမဲ့ပေမယ့် အမေဖြစ်သူက မရှိတော့ဘဲ ဒီအိမ်မှာ မယားပါသမီးအဖြစ်သောင်တင်ကာ မှီခိုကပ်ရပ်နေနေရပေမယ့် ငါ့ရင်ထဲမှာလည်း မြတ်နိုးတွယ်တာတတ်တဲ့ စစ်မှန်သော သံယောဇဉ် ရှိပါသေးတယ်။ ငါ့အသည်းနှလုံးထဲမှာလည်း ရဲနီနေတဲ့သွေးတွေနဲ့အတူ လှည့်ပတ်စီးဆင်းနေတဲ့ အချစ်တွေ ရှိပါသေးတယ်။

"ငါထင်တာတော့ ဒီလူဟာ နင့်ငယ်သံယောဇဉ်ပဲ"

"........."

"ကိုကိုရော ဘယ်လိုထင်လဲ"

"ဟင်"

မိုးရေက ခေါင်းနပန်းကြီးသွားကာ ဝိုင်းနောက်က ခြံစည်းရိုးသံတိုင်တွေအကြားကို ဖျတ်ခနဲကြည့်လိုက်မိသည်။ အနွယ်အခက်အရွက်လေးတွေက နေရာမလပ် ပူးကျပ်နေတော့ ဒီစည်းရိုးရဲ့ ဟိုတစ်ဖက်မှာ ကိုကို ထိုင်နေလိမ့်မယ်လို့ လုံးဝမရိပ်မိခဲ့တာ။

"အဟင်း ဟင်း ... ကိုကိုရှိတယ်ဟဲ့၊ ကိုကိုက အခုပဲ ငါ့ကို အဲဒီအုပ်စုနဲ့ မပတ်သက်ဖို့ လှမ်းခေါ်ပြောနေတာ"

မိုးရေသည် ရောက်ရာနေရာမှာပဲ မြက်ခင်းပေါ် ဒူးထောက်ထိုင်ချလိုက်ရပါသည်။ ဒူးတွေ တုန်လာပြီလေ။

"ဟုတ်တယ် မိုးရေ၊ ကိုကို ဒီနေ့ ဝိုင်းကို ဒီကောင်တွေနဲ့ အမှတ်မထင် တွေ့လိုက်လို့ ခုပဲ ခေါ်ပြောနေတာ၊ ဒီလို





ကောင်မျိုးတွေနဲ့ မပတ်သက်ဖို့၊ ဝိုင်းက ဒီလူတွေနဲ့ သူပေါင်းနေတယ် ခင်နေတယ်ဆိုတာ ပွင့်ပွင့်လင်းလင်း အသိပေးထားတော့ မပေါင်းပါနဲ့ဆိုတာကိုလည်း ပွင့်ပွင့်လင်းလင်း နားချလို့ရတယ် ...

မင်းက ခုချိန်ထိ ဘူးခံငြင်းနေခဲ့တော့ ဟိုးတစ်ရက်က မင်းနဲ့ ဒီကောင် ရပ်စကားပြောနေတာကို လမ်းထိပ်မှာ တွေ့ခဲ့တာတောင် ငါ ပွင့်ပွင့်လင်းလင်း မတားမြစ်ဖြစ်ဘူး၊ ငါပြောရင် မင်း ငြင်းမယ်၊ အဲဒီအခါ ငါခံစားရမယ့်စိတ်သောက ဒေါသကို ရင်မဆိုင်ချင်လို့ မင်းကို မတားမြစ်ခဲ့တာ ...

အခုတော့ ဟိုးတုန်းကတည်းက သိတ်ချယ်ဆိုတဲ့ မင်းဆီက ဝန်ခံစကားကို ကိုယ်လည်း ကြားရပြီ၊ မင်းကိုလည်း ကိုယ်တားမြစ်ချင်တယ်၊ နားချချင်တယ်၊ မပတ်သက်ပါနဲ့၊ ယောကျ်ားချင်း ရပ်မြင်လိုက်တာနဲ့ ဘယ်လိုစိတ်ဓာတ်၊ ဘယ်လိုအဆင့်အတန်း။ ဘယ်လိုကောင်စားမျိုးတွေလဲဆိုတာ နီးနီးစပ်စပ် ခန့်မှန်းလို့ ရပါတယ် ...

ဟိုးအောက်ခြေ အတန်းအစားထဲက လူရောစိတ်ရော အဆင့်မရှိတဲ့ကောင်တွေပါ၊ ကုန်ကုန်ပြောမယ်ကွာ၊ မင်းတို့နှစ်ယောက်လုံးဆီက လူဖြစ်စေ၊ ငွေကြေးဖြစ်စေ ပိုင်းလုံးလုပ်ဖို့ကလွဲရင် တခြား ဘာရည်ရွယ်ချက်မှ ဒီကောင်မျိုးတွေမှာ မရှိနိုင်ပါဘူး၊ ဒီကောင်မျိုးတွေနဲ့ ပတ်သက်မိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် မင်းတို့ဘဝ စွန်းကွက်နာကျင်သွားရရုံကလွဲလို့ ဘာအကျိုးမှ မရှိနိုင်ပါဘူး”

ဝိုင်းရော မိုးရေရော ခေါင်းလေးတွေငုံ့ကာ ငြိမ်သက်နားထောင်နေရာမှ ဝိုင်းက ခေါင်းလေးမော့လာကာ ...

“ကိုကို ... ဝိုင်း ကတိပေးပါတယ်၊ ဝိုင်း ဒီကရှေ့လျှောက်လုံးဝမပတ်သက်တော့ပါဘူး၊ ဝိုင်း လုံးဝရှောင်လိုက်ပါ့မယ်”

မိုးရေရဲ့ငုံ့ထားတဲ့ မျက်နှာလေးပေါ် မျက်ရည်ကြောင်းလေး လျှောကျလာပါသည်။ တင်းတင်းစေ့ထားမိတဲ့ နှုတ်ခမ်းနှစ်လွှာကြားမှ ဘာသံမှ ဘာစကားမှ ထွက်မလာနိုင်။ မိုးရေလည်း ကိုကို့ကို ကတိပေးချင်ပါတယ်။ ဒါပေမဲ့ ကတိမပေးနိုင်ပါဘူး ကိုကိုရယ်။

“ကိုကို ပို့စတင်ကျပြီ”

“ဟင် ... ဘယ်ကိုလဲ ကိုကို”

“ထားဝယ်”

“ဟယ် ... ထားဝယ်မှာ မာမီ့အမျိုးတွေ ရှိတယ်လေ၊ ကိုကို သိတယ်မဟုတ်လား။ ဘဘအောင်တို့၊ အန်တီချစ်ချစ်တို့လေ၊ အန်တီချိုတောင် သိသေးတယ်၊ ဟာ ... ကိုကို ထားဝယ်ကျတာ အရမ်းကံကောင်းတာပဲ၊ ဝိုင်း လာလည်လို့ရတာပေါ့၊ အမျိုးအိမ် သုံးအိမ်လောက်တောင်ရှိတာ၊ တစ်အိမ်တစ်လ နေရင်တောင် သုံးလလောက် ဆက်တိုက်နေလို့ရတယ်၊ ဟား ဟား ... ပျော်လိုက်တာ”





“ကိုကို မင်းတို့ကို ရှေ့လျှောက်စောင့်ကြည့်ပြီး ပြောဆိုဆုံးမနေနိုင်တော့မှာ မဟုတ်ဘူး၊ မျက်ကွယ်ရာမှာထားခဲ့ရမှာ၊ အခု ကိုကို ဘယ်လောက်တောင် ရင်မောနေလဲဆိုတာ မင်းတို့သိမှာ မဟုတ်ဘူး၊ မိုးရေ ... ဝိုင်းပေးသလိုကတိမျိုး ကိုကို့ကို မပေးနိုင်ဘူးလား”

မိုးရေ ကိုယ်ခန္ဓာလေးက ရှိုက်သံနှင့် တုန်ခါလာသည်။

“ဝိုင်း ... ဝိုင်းလို ခုမှ အပေါ်ယံသိကြတာ မဟုတ်လို့ အဲဒီကတိမျိုးပေးဖို့ ခက် ... ခက်ပေမယ့် ကိုကို့ကို မိုးရေ စိတ်မဆင်းရဲစေချင်ပါဘူး ကိုကိုရယ်”

ဝိုင်းအသံလေးကလည်း ဆို့နစ်နေခဲ့ကာ ကိုကို့အဖို့တော့ ပဟေဠိတစ်ခု ဖြစ်နေစေခဲ့မှာပင်။

✧ ✿ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

မိုးရေက စာရေးစားပွဲပေါ်မှာ လွယ်အိတ်စစ်နေရင်း မျက်လုံးလေးက ပြတင်းပေါက်မှတစ်ဆင့် နောက်ဘက်ခြံထဲ ငေးခနဲ ဝဲခနဲ လှမ်းလှမ်းကြည့်နေမိပါသည်။ ခြံထဲမှာတော့ ကိုကို့ အရိပ်အယောင် မမြင်ရ။ ဟိုးဘက်ထောင့်အခန်းလေးကတော့ ကိုကို့အခန်းလေးလေ။

ဘာလိုလိုနှင့် ကိုကို နယ်ကိုသွားရတော့မှာ ရက်တွေ တဖြည်းဖြည်း နီးကပ်လာလိုက်တာ သန်ဘက်ခါဆိုရင် ကိုကို သွားရတော့မှာပဲ။ ဒီကြားထဲရက်တွေမှာ သူ့အပေါ် မကြည်မသာ ရှိနေတဲ့ ကိုကို့ကြောင့် မိုးရေရဲ့နှလုံးသားတွေလည်း ညှိုးနွမ်းနေရ သည်။ ကိုကို ချစ်တာကိုလည်း သိပါတယ် ကိုကိုရယ်၊ စိတ်မချ တာကိုလည်း မိုးရေ သိပါတယ်။ မိုးရေနဲ့ ပတ်သက်ပြီး ပဟေဠိ တွေနဲ့ ကိုကို အတွေးတွေ ရှုပ်ထွေးနေတာကိုလည်း သိပါတယ်။





ကိုကို့ကို သိပ်ချစ်တာပါ ကိုကိုရယ်။ ကိုကိုဟာ မိုးရေဘဝရဲ့ တစ်ခုတည်းသော လင်းရောင်ခြည်ကလေးပါ။ တစ်ခု တည်းသော မျှော်လင့်ချက် ထွက်ပေါက်လေးပါ။ ဆုံးရှုံးလိုက်ရ မှာ အရမ်းစိုးရိမ်မိပါတယ် ကိုကိုရယ်။

"ဒုန်း"

ဆောင့်ပွင့်လာတဲ့ အခန်းတံခါးက တံခါးရွက်နံဘေး ဗီရိုစွန်းနှင့်ရိုက်ကာ အသံကျယ်ကြီး မြည်သွားတာမို့ မိုးရေက အလန့်တကြား လှည့်ကြည့်လိုက်ပါသည်။

"ဝိုင်း"

ဝိုင်းမျက်နှာက စိတ်အနှောင့်အယှက်နှင့် ခက်ထန် တင်းမာနေသည်။

"ဘယ်လိုဖြစ်နေလဲ ဟိုကောင်က"

"ဘယ် ... ဘယ်ကောင်လဲ ဝိုင်း"

"နင့်ရဲ့ချမ်းအေးဆိုတဲ့ ကောင်ပေါ့"

ဝိုင်းရဲ့စကားရိုင်းရိုင်းကြောင့် မိုးရေ မျက်နှာလေးက တင်းဆန့်သွားပါသည်။

"တစ်မနက်လုံး ဖုန်းခေါ်နေတာ ဘာမှကို မလုပ်ရတော့ ဘူး၊ မဆက်ပါနဲ့ပြောလည်း မရအောင် ဖြစ်နေတယ်"

မိုးရေက ဝိုင်းကို ခပ်စိမ်းစိမ်းကြည့်ကာ ...

"နင်ပဲ သွားအရောဝင်ထားတာကိုး၊ နင်ပဲ ဖုန်းလက်ခံပြော ပြောနေခဲ့တာပဲလေ၊ အဲဒီတော့ ဆက်မှာပေါ့၊ ခါတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေကျကို၊ နင် ရှုတ်တရက်တော့ ချက်ချင်းရပ်ဆိုင်းလို့ ရမလား၊ အရင်ကတော့ ရယ်ကာမောကာနဲ့ စကားတွေ ပြန်ပြောနေတော့ သူက ဆက်နေမှာပဲ၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"အရင်က ပြောတာက အရင်ကပြောတာပဲ၊ အခုမှမပြောချင်တာ၊ တစ်ခါ ဆက်ဆံဖူးတာနဲ့ပဲ တစ်သက်လုံး ဆက်ဆံရမှာလား၊ အစကတည်းက သူ့ကိုခင်တာကနည်းနည်းနင့်အကြောင်းသိချင်လို့ ပြန်ရောထားတာ၊ အခု ကိုကိုမကြိုက်ဘူးဆိုလို့ ငါ မပတ်သက်ချင်ဘူးဟာ၊ အဲဒါ ငါ့လွှတ်လပ်ခွင့်၊ ငါ့ဆန္ဒပဲ"

"အဲဒါ သူ့ကို နင်ရအောင်ပြောပေါ့၊ သူနဲ့ဆွေးနွေးပေါ့၊ ငါ့ကို ဘာလို့လာအော်နေရတာလဲ ဝိုင်း၊ နင့်ပြဿနာ နင်ရအောင်ရှင်း ... ဒါပဲ"

"နင်ရှင်းပေး"

"ဟင် ... တရားကျတယ်၊ သူနဲ့ နင့်ကို ငါ မိတ်ဆက်ပေးထားတာ မဟုတ်ဘူး"

"ဒါပေမဲ့ နင့် ငယ်ဇာတ်လမ်းကြီး မဟုတ်လား၊ နင်ပိုင်တာ ငါသိတယ်"

"အဲဒါ မဟုတ်ဘူးလို့ အကြိမ်ကြိမ် ငြင်းထားတယ်နော်၊ ငါနဲ့ အဲသလို လုံးဝမပတ်သက်ဘူး၊ စွတ်ပြောမနေနဲ့၊ မဟုတ်ပါဘူးဆိုတာကို ထပ်ခါ ထပ်ခါ ပြောနေရင် ငါ





စိတ်တိုလာတော့မယ်နော်၊ သူနဲ့ပတ်သက်ပြီး နင် ငါ့ကို ဘာမှလာရမ်းနေစရာ အကြောင်းမရှိဘူး"

ဝိုင်းက သက်ပြင်းချရင်း ...

"အေး ... နင်ပြောတာတော့ ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ရှင်းရှင်းပြောရရင် ငါ့ဇာတ်ငါ မနိုင်တော့ဘူး မိုးရေ၊ ငါက ခြေလှမ်းတွေ ရုပ်သိမ်းချင်ပြီ၊ ဒီလူက ဖြုတ်ချမရ ဖြစ်နေတယ်၊ အဲဒါ နင်ကလည်း သူနဲ့သိတယ်ဆိုတော့ နင် ကူညီပါ၊ ကူပြောပေးပါဟာ"

အဲသလို ပြေပြေလည်လည် ပြောလာတော့ မိုးရေက သက်ပြင်းလေး ချရပြန်သည်။

"တီတီ ... တီ ... တီတီ"

"ဟော ... လာပြန်ပြီ"

ဝိုင်းလက်ထဲက ဟဲန်းဒ်ဖုန်းလေးက မြည်လာသဖြင့် ဝိုင်းက ဖုန်းပေါ်ကနံပါတ်ကိုကြည့်ရင်း ရှုံ့မဲ့လိုက်ကာ ...

"တွေ့လား ... ဒီကောင်ပဲ၊ ဒုက္ခပဲ၊ ခွာချလို့ကို မရတော့ဘူး ... တောက်"

ဝိုင်းက ဖုန်းကိုဖွင့်လိုက်ကာ ...

"ဒီမှာ ... ရှင့်ကို ထပ်မဆက်နဲ့တော့လို့ ပြောနေတယ် မဟုတ်လား၊ ကျွန်မ မပြောချင်တော့ဘူး၊ ဘာမှမဖြစ်ဘူး၊ လူဆိုတာ စိတ်ပြောင်းလဲတတ်တာပဲ၊ အိမ်ကလည်း ရှင်တို့နဲ့ ခင်မင်နေတာကို မကြိုက်ဘူး၊ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ရင် ကောင်းမယ် ကိုချမ်း၊ ရှင်လွန်နေပြီ၊ မလာနိုင်ဘူး၊ လုံးဝမလာဘူး၊ ကျွတ် ... စိတ်ရှုပ်လိုက်တာ၊ ကဲ - ဒီမှာ ရှင် မိုးရေနဲ့ ခဏပြောဦး"

မိုးရေက စိတ်ရှုပ်စိတ်ပျက်နေမိဆဲ ဝိုင်းက သူ့လက်ထဲကဖုန်းကို မိုးရေရဲ့ မွေ့ရာပေါ် လှမ်းပစ်တင်လိုက်ကာ ...

"အဲဒီမှာ ပြောလိုက်ဦး၊ နည်းနည်းပြောပေးဦး"

မိုးရေက ခဏငြိမ်နေပြီးမှ မွေ့ရာပေါ်ကဖုန်းကို ကောက်ယူလိုက်ပါသည်။ ဝိုင်းကို ခပ်တည်တည်ကြည့်ရင်း -

"နင် အပြင်ထွက်နေ"

ဝိုင်းက ပခုံးကို တစ်ချက်တွန့်ကာ မိုးရေ အိပ်ခန်းထဲက ထွက်ခွာပြီး တံခါးကို စေ့ပေးလိုက်ပါသည်။ မိုးရေသည် အပေါ်သွား အောက်သွားတွေ တင်းကျပ်အောင်စေ့ကာ ...

"နည်းနည်းမှ အရှက်မရှိတော့ဘူးလား အစ်ကို"

"တောက် ... ဘာတွေလာပြောနေတာလဲ၊ ဟိုမိန်းမကို ဖုန်းပြန်ပေးလိုက်စမ်း"

"သူက ဖုန်းကိုမွေ့ရာပေါ် ပစ်ပေါက်ခဲ့ပြီး ထွက်သွားပြီ ထားလိုက်ပါတော့ အစ်ကိုရာ၊ ဘာဖြစ်လို့ ကိုယ့်ကိုအဖက်မလုပ်ချင်တဲ့သူကို ကုပ်ကပ်တွယ်နေချင်ရတာလဲ"

"သူက ငွေတွင်းလေ၊ နင် နားမလည်ဘူးလား"

"သူနဲ့ပြေလည်နေရင်တောင် အဲဒီကိစ္စကို အစ်ကို့ခေါင်းထဲက ထုတ်ပစ်ရမှာ၊ သူကမှ မပတ်သက်ချင်တော့တာ၊ သူ





က ဆက်ပတ်သက်နေရင်တောင်မှ အစ်ကို သူ့အပေါ် ငွေညှစ်ယူဖို့ဆိုတာ လုံးဝမစဉ်းစားထိုက်တဲ့ကိစ္စ၊ မိုးရေကိုလည်း သနားပါဦး အစ်ကိုရယ်"

"သူက ဆက်ပတ်သက်နေရင် ငါက သူ့ကို ငွေညှစ်စရာလား၊ အတည်ကြိမှာပေါ့၊ ရွှေဥ,ဥနေတဲ့ ငန်းကို သတ်စားစရာလား၊ ငန်းသေတဲ့အထိ ရွှေဥ ထိုင်သိမ်းနေရုံပေါ့"

"အစ်ကို နည်းနည်းပါးပါး ရှက်ဦး၊ ဝိုင်းဟာ ဘယ်တော့မှ အစ်ကို့လောက်လူတစ်ယောက်ကို စိတ်ကူးထဲမထည့်ဘူး၊ ခုဖြုတ်မချလည်း အစ်ကို့ကို တော်ကြာဖြုတ်ချမှာပဲ၊ အစ်ကို နောက်ဆုတ်လိုက်ပါတော့၊ ရှေ့ဆက်တိုးမနေပါနဲ့တော့၊ ဖုန်းလည်း ထပ်မဆက်နဲ့တော့"

"တောက် ... ငါ ခုလောလောဆယ်ကို ငွေလိုနေတာ၊ နားလည်လား၊ ပိုက်ဆံအရမ်းလိုနေတယ်၊ ဒီနေ့ ပိုက်ဆံတစ်သိန်းလောက်ရမှဖြစ်မယ် ညီမလေးရာ၊ နို့မို့ ငါအသတ်ခံရမှာမို့ပါဟာ"

"ဘုရား ... ဘုရား၊ ငွေတစ်သိန်း"

"သူလာရင်လည်း သူ့ဆီက ငါရအောင် ချေးရင်ချေး၊ တောင်းရင်တောင်း လုပ်ရမှာ၊ သူ မလာရင်လည်း ပိုက်ဆံချေးဖို့တော့ တောင်းပန်ကြည့်မလို့ ငါ ဖုန်းဆက်တာပါဟ"

မိုးရေသည် ဒေါသလည်းဖြစ် ဝမ်းလည်းနည်း၊ အံလေးတင်းတင်းကြိတ်ကာ မျက်ရည်ကျမိပါသည်။ အစ်ကိုဟာ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းကလေးမှကို အရက်သိက္ခာမရှိနိုင်တော့ပြီပဲ။ "ဒါ ... မိုးရေရဲ့အစ်ကိုအရင်း ခေါက်ခေါက်ရယ်ပါ"လို့ ဒက်ဒီတို့ ကိုကိုတို့ ဝိုင်းတို့ထံ ကြေညာလိုက်မလားလို့ စိတ်ကူးယဉ်ကြည့်ထားမိတာလေးက ဆပ်ပြာမှုန်စီဖောင်းလေးလို ဖျတ်ခနဲ ကွဲကြေပျောက်ပျက်ရလေသည်။

"လုပ်ပါဟာ ... နင် ကူပြောပေးပါဦး၊ ဒါက ဖဲကြွေးဟ၊ မဆပ်ရင် အသတ်ခံရမှာ"

မိုးရေက သက်ပြင်းကြီးတစ်ချက်သာ ပင်ပန်းခဲယဉ်းစွာချရင်း ...

"ကဲ ... အစ်ကို၊ နောက်တစ်နာရီလောက်မှာ ရွှေဂုံတိုင်မီးပွိုင့်နားက '......'ဆိုင်က စောင့်နေပါ၊ ပိုက်ဆံလာပေးမယ်"

"ဟာ ... တကယ်နော်၊ နင် တကယ်လာပေးနော်၊ မလာရင် ငါ နင့်ကျောင်းအထိ လိုက်လာရလိမ့်မယ်"

မိုးရေက ဖုန်းကိုပိတ်ကာ အခန်းဖြင်ထွက်က ဝိုင်းထံ သွားပေးလိုက်ပါသည်။ တံခါးဟစေ့ရုံရဲ့အပြင်မှာ ဝိုင်းက ကပ်ရပ်နေလျှက်သား။ ကြားရင်လည်း မတတ်နိုင်တော့ပါဘူးလေ။ စိတ်ဓာတ်တွေကျကာ ရှူးတောင်ရှူးချင်နေပါပြီ။ ဒီဓာတ်လမ်းကြီးကို ဘယ်လိုအနေအထားနှင့် ဆက်စခန်းသွားမလဲ။ မကြာမကြာ ငွေလိုနေ တောင်းနေမည့် ကိုချမ်းအေးကိုလည်း မတောင်းဖို့ ဘယ်လိုမှ မတတ်နိုင်။ ဝိုင်းဆီလည်း ရှေ့ကို သူဆက်ချင်ဆက်၊ မဆက်ချင်နေ၊ ဘာမှမတတ်နိုင်။ မောင်နှမရင်းတွေဆိုတာဟာလည်း တစ်နေ့မပေါ် တစ်နေ့ပေါ်မယ့်ကိစ္စပဲ မဟုတ်လား။ ခေါင်းငွေ့မှူးနောက်ပြီး ရင်ထဲတလှပ်လှပ် ဖြစ်လာကာ မိုးရေက ခုတင်မှာ ခဏလာမှီလှဲနေလိုက်ပါသည်။





အပြင်မှာတော့ ဝိုင်းသည် ချီတုံချတုံ ဖြစ်နေပြီးမှ ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်ပါသည်။ ခေါင်းထဲမှာတော့ ကြားလိုက်ရတဲ့စကားလုံးတချို့ကို မသဲမကွဲ အဓိပ္ပာယ်ဖော်နေမိသည်။ "အစ်ကို"။ မိုးရေကိုလည်း သနားပါဦး။ ငွေတစ်သိန်း။ နောက်တစ်နာရီ။ ရွှေဂုံတိုင်မီးပွိုင့်။ "......"ဆိုင်။ တစ်ဖက်က ဖုန်းဖွင့်ထူးလိုက်၍ ဝိုင်းက အလောတကြီးလေး ...

"ကိုကို ... ဝိုင်းပါ"

✧ ❁ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဘဏ်ခွဲရှိတာမို့ အစ်ကို့ကို ဒီကိုချိန်းရတာပင်။ ဘဏ်ထဲမှ ပိုက်ဆံထောင်တန်အုပ်လေးကိုင်ကာ ထွက်လာတဲ့ မိုးရေသည် လမ်းမကူးသေးဘဲ ရှေ့နားထိ ဆက်လျှောက်သွားကာ မျက်စောင်းထိုးယွန်းယွန်းက "......"ဆိုင်ကိုကြည့်သည်။ ယော ... ဆိုင်ရဲ့အပေါက်ဝစားပွဲမှာပဲ အစ်ကိုချမ်းအေး ဝီရိယကြီးကြီး ရောက်နေပြီပဲ။

ကားတွေရှုပ်ယှက်ခတ်နေ၍ မိုးရေကရပ်ကာ လမ်းကူးဖို့ စောင့်နေဆဲ၊ မလှမ်းမကမ်းမှာ ရပ်ထားတဲ့ ကိုကို့ကားကို ဘွားခနဲ လှမ်းမြင်လိုက်လေသည်။ ဟင် ... နံပါတ်လည်းအမှန်ပဲ။ ကားထဲမှာတော့ ဘယ်သူမှ မရှိတာကို ကားမှန်ချပ်တွေဖောက်၍ မြင်ရသည်။ မိုးရေသည် ဘယ်ညာ ဟိုဘက် ဒီဘက် ကျိုးကန်းတောင်းမျှောက် ရှာဖွေမိသည်။

ကိုကို ခုမှထွက်လာတာသိသည်။ မနက်က ပြတင်းပေါက်ကနေ ကိုကို့အခန်းဘက် ကြည့်နေမိတုန်းကတောင် ကိုကိုတို့ခြံထဲမှာ ကိုကို့ကား ရပ်ထားတာ တွေ့သေးသားပဲ။ အခု ဘာကြောင့် တိုက်တိုက်ဆိုင်ဆိုင် ရွှေဂုံတိုင်မီးပွိုင့်နားရောက်နေလဲ။ မိုးရေက ရင်ထဲ တဖျပ်ဖျပ် တလှပ်လှပ် တုန်ယင်ထိတ်လန့်ကာ အားငယ်ဝမ်းနည်းလာမိသည်။

www.burmeseclassic.com



မိုးရေကို လှမ်းမြင်သွားတဲ့ အစ်ကိုချမ်းအေးက မိုးရေလမ်းမကူးလာတာမို့ သူလာဖို့ထင်သည်။ ထ,ရပ်ကာ ပိုက်ဆံ ရှင်းနေသည်။

"မိုးရေ"

"ဟင်"

မိုးရေက ထိတ်ခနဲ တုန်သွားကာ အသံပေါ်လာတဲ့ ခပ်လှမ်းလှမ်းဆီ ကြည့်လိုက်လျှင် လမ်းဘေးဂျာနယ်ဆိုင်နဲ့အား လက်ပိုက်ရပ်နေတဲ့ ဝိုင်းကို မြင်လိုက်ရသည်။ ဝိုင်းမျက်နှာမှာ ပဟေဠိ မေးခွန်းတွေနှင့်။

"ဟင်"

ဝိုင်းရဲ့ဟိုးနောက်ဘက်နားက ဘစ်စ်ကားမှတ်တိုင်က ဖိုင်ဘာခုံလေးတွေမှာတော့ ကိုကို ထိုင်နေတာ လှမ်းမြင်လိုက်ရသည်။ စိတ်ပျက်လက်ပျက်နှင့် မတ်တတ်တောင်ရပ်နေနိုင်ပုံမရဘဲ ကိုကို့မျက်နှာက အေးစက်နေသည်။ ကိုကို့ကို ဝိုင်းခေါ်လာခဲ့တာပေါ့။ နှင့် ရက်စက်မှု အောင်မြင်ပါတယ် ဝိုင်းရယ်။

မိုးရေသည် ဟိုဘက်ကနေလည်း ကူးလာတော့ဖို့ ပြင်နေပြီဖြစ်တဲ့ အစ်ကို့ကို လက်လှမ်းကာလိုက်ရင်း ဝိုင်းနှင့်ကိုကိုကို ကျောခိုင်း၍ ဖျတ်ခနဲ လမ်းမပေါ် အပြေးတက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးရေ"

ဝိုင်းရဲ့အသံက စူးစူးဝါးဝါး။

"မိုးရေ"

ဒါကတော့ ချစ်မြတ်နိုးရလွန်းပါသော ကိုကို့အသံ။

"မိုးရေ ... ကား ... ကားတွေနဲ့"

"မိုးရေ ... နောက်ဆုတ်၊ ဟာ ..."

ဟင့်အင်း။ နောက်မဆုတ်ရဲဘူး။ ဝိုင်းတို့ ကိုကိုတို့နဲ့ မျက်နှာချင်းမဆိုင်ချင်ဘူး။ မေးခွန်းတွေကိုလည်း ရင်မဆိုင်ရဲဘူး။ ဒီနေရာကနေ အဝေးဆုံးကို ချက်ချင်းရောက်သွားလိုက်ချင်လွန်းလို့ပါ။

"ညီမလေး"

"မိုးရေ ... မိုးရေ"

ဖျတ်ခနဲ ပေါ့ပါးလွင့်မြောသွားခြင်းအဆုံး၌ နာကျင်မှုလိုလို ပူနွေးမှုလိုလို မပီဝိုးတဝါးအသိနှင့် မိုးရေက အနက်ရောင်ဟင်းလင်းပြင်တစ်ခုထဲ တိုးဝင်မိလိုက်သလိုပင်။ လွတ်မြောက်ပြီထင်ပါရဲ့။

✧ ✿ ✧





လောကကြီးက မတရားဘူး။

ဘဝဆိုတာ အနိမ့်အမြင့် အတက်အကျ၊ အဆိုးအကောင်း၊ အနိုင်အရှုံး၊ အပြုံးအမဲ့၊ အားလုံးရောစပ်ထုံမွှန်းထားတဲ့ ပြိုင်ပွဲတလင်းမြင်တစ်ခု ဖြစ်ခဲ့တယ်ဆိုရင် ကျွန်မနဲ့ပတ်သက်ထိစပ်နေတဲ့ အဲစိတ်အပိုင်း အခန်းကဏ္ဍအားလုံးက အနိမ့်၊ အကျ၊ အဆိုး၊ အရှုံး၊ အမဲ့ ဆိုတာတွေဘက်ကချည်း ဘာကြောင့်ဖြစ်ခဲ့ရတာလဲ။

ကျွန်မက ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းကောင်းအောင် တော်အောင် ကြိုးစားတည်ဆောက်နေခဲ့တဲ့သူပါ။ တစ်နေရာမှာ မြင်နေရတဲ့ ပန်းတိုင်ကို မရောက်သေးခင် အနှောင့်အယှက်အဟန့်အတားတွေက ကျွန်မအတွက်မှ ဘာကြောင့်များပြားလွန်းတာလဲ။ ဆူးညှောင့်ခလုတ်တွေကကော ဘာကြောင့် ဒင်းကြမ်းပြည့်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကပဲ မျှော်လင့်ချက်လောဘတွေ ကြီးနေတာလား။

လှပသာယာတဲ့ လောကကမ္ဘာကပဲ ကျွန်မနဲ့မထိုက်တန်လို့လား။

✧ ❁ ✧

လမင်းမိုမို

BURMESE CLASSIC .com
www.burmeseclassic.com